www.burmeseclassic.com

# ခင်မျိုးချစ်

# ကောလိပ်ကျောင်းသူ



လွန်ခဲ့သော
နှစ်ပေါင်း ခြောက်ဆယ်ကျော်က
စာရေးသူ၏ ပထမဦးဆုံး လုံးချင်းဝတ္ထု
(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်ပုံနှိပ်ခွင့်ပြုအမှတ်များ
စာမူ–၆၃၆/၂၀၀၀(၉)
မျက်နှာဖုံး–၁၄၃/၂၀၀၁(၂)

●

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

●

ထုတ်ဝေကာလ
ဒီဇင်ဘာ၊ ၂၀၀၁ ခုနှစ်

●

အုပ်ရေ
၁၀၀၀

●

အဖုံးပန်းချီ
သန်းငွေအောင်

●

စာအုပ်ချုပ်-ကိုမြင့်

●

စာစီ-AY COMPUTER

●

အတွင်းဖလင်
A Z

●

ပုံနှိပ်သူ
(မျက်နှာဖုံး+အတွင်း)
ဦးမြင့်ဦး (၀၁၅၈၃)
သိန်းသန်းဦးအော့ဖ်စက်၊ အမှတ်–၁၁၉/၁၂၁၊ ၃၄–လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၅၂၆၂၀

●

ထုတ်ဝေသူ
ဦးဝင်းမြင့်၊ ဝင်းမြင့်အောင်စာပေ၊ အမှတ်(၈၅)
စံပယ်(၉)လမ်း၊ ၄–ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

တန်ဖိုး- 600 ကျပ်

စိစစ်ထုတ်လုပ်မှု
ချမ်းငြိမ်းမုံ

ဖန်တီးမှု
ခင်ဖော်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မေမေ(ဒေါ်ခင်မျိုးချစ်)၏ ကောလိပ်ကျောင်းသူ

## ဒေါက်တာ ခင်မောင်ဝင်း

'ကောလိပ်ကျောင်းသူ'စာအုပ်နှင့် ပတ်သက်၍ ပထမဆုံး အတိအကျသိရသည်မှာ ၁၉၉၅ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် စိန်ရတု အမှတ်တရ အင်းလျားဆောင်မဂ္ဂဇင်းတွင် ဖြစ်ပါသည်။ ကျွန်တော့်ဇနီး မိမိ(တက္ကသိုလ်ရွှေရီဝင်း)သည် ဤစာအုပ်ကို ကြားဖူးရုံဖြင့် စိတ်ဝင်စား ခဲ့သော်လည်း ကျွန်တော့်အမေ ဒေါ်ခင်မျိုးချစ်က ထိုစာအုပ်ကို မဖတ်စေချင်၍ တားခဲ့ပါသည်။ အဘယ်ကြောင့် မဖတ်စေချင်သည်ကို နောက်ကျမှ သိရပါသည်။

အင်းလျားဆောင်အမှတ်တရ စာစောင်တွင် မေမေသည်လည်း အင်းလျားဆောင်ကျောင်းသူဟောင်း ဖြစ်ခဲ့သဖြင့် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသည်။ ထိုမဂ္ဂဇင်းတွင် စာကြည့်တိုက်မှူး ဒေါ်ကျော့ကျော့က မေမေ၏ 'ကောလိပ်ကျောင်းသူ' စာအုပ်အကြောင်းကို စာတမ်း အကျဉ်းချုပ်မှအစ ရေးသားထားသည်ကို ဖတ်ရပါသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com

မေမေနှင့် မိမိတို့နှစ်ယောက်အတွက် ရှေးဖြစ်ဟောင်းအကြောင်းတွေ ပြောစရာ ရသွားကြပါသည်။ ထိုဆောင်းပါးကို မေမေအား ဖတ်ပြသောအခါ၊ မေမေက 'ပြော်၊ သူက ဒီလိုပဲ ရေးသလား'ဟု ဆိုပြီး ဝမ်းသာသွားပါသည်။

သူ အသက်နှစ်ဆယ်မပြည့်မီက ရေးသားခဲ့သော စာအုပ်ကို အသက် ရှစ်ဆယ်နီးနေသော မေမေ့အနေဖြင့် စိတ်တိုင်းမကျ ဖြစ်သည်မှာ အဆန်း မဟုတ်ပါ။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်က ကိုယ်ရေးခဲ့သော အကြောင်းအရာများကို ပြန်ဖတ်ရသည့် မေမေ့အနေဖြင့် မိတ်ဆွေဟောင်းတစ်ဦးနှင့် ပြန်တွေ့ရသလို ဖြစ်ပါလိမ့်မည်။

BURMESE CLASSIC

မေမေ ဒေါ်ခင်မျိုးချစ် အတ္ထုပ္ပတ္တိနှင့် ချိန်ကိုက်ကြည့်လိုက်သောအခါ မေမေသည် 'ကောလိပ်ကျောင်းသူ'ဝတ္ထုကိုရေးသည့် အချိန် (၁၉၃၆)တွင် ရန်ကုန်တက္ကသိုလ်၌ တစ်နှစ်မျှသာ (၁၉၃၂-၃၃) နေဖူးသေးသည်ကို တွေ့ရပါသည်။ မေမေသည် ဤမျှလောက် အတွေ့အကြုံ ရှိရုံဖြင့် ကောလိပ်ကျောင်းသူဘဝကို မည်ကဲ့သို့ ရေးနိုင်ပါမည်နည်းဟူ၍ စဉ်းစားမိပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်[illegible]နှင့် ဆွေးနွေးကြည့်သောအခါ သူက ဤသို့ ပြောသည် "ဒါ[illegible]တော့ ရှင်[illegible] ကိုယ်နဲ့ နှိုင်းပြီး ပြောနေတာကိုး၊ ရှင့်အမေက ငယ်ငယ်ကတည်းက ပင်ကို အသိပညာ၊ ရူးစမ်း လေ့လာတတ်တဲ့ ပညာ၊ အတွေးအခေါ်တွေ ရှိတယ်။ ရှင့်အမေ ခုနစ်တန်းလောက်က ဖတ်ဖူးတဲ့ အင်္ဂလိပ်စာအုပ်တွေကို ရှင်ကိုယ်တိုင် ကောလိပ်ရောက်တာတောင် မဖတ်ဖူးသေးဘူး မဟုတ်လား။ သူ့အနေနဲ့ ဒီလောက် အတွေ့အကြုံကို သူ့ကိုယ်ပိုင်ဉာဏ်[illegible]နဲ့ ပေါင်းစပ်ပြီး ရေးနိုင်လို့ပေါ့"။

မေမေ၏ 'ကောလိပ်ကျောင်းသူ'သည် မေမေ၏ စာပေခရီး အစပိုင်း (၁၉၃၆)က ရေးခဲ့သော လုံးချင်းဝတ္ထုတစ်ခု ဖြစ်ပါသည်။ မေမေ၏ ပထမဦးဆုံး လုံးချင်းဝတ္ထုဟုလည်း ဆိုနိုင်ပါသည်။ ဤစာအုပ် အကြောင်းကို ရေးလျှင် မေမေ၏ ငယ်စဉ်ဘဝ ၁၉၁၀ ဖနှစ်လောက်က [illegible]ဖွဲ့အ[illegible]ည်းအကြောင်းကို မပြောဘဲဖြစ် ပြောရပါလိမ့်မည်။ ဤတွင် [illegible]ကိုယ်တိုင် အင်္ဂလိပ်[illegible]သာဖြင့် ရေးသားခဲ့သော ကိုယ်ရေးအတ္ထုပ္ပတ္တိ

www.burmeseclassic.com

www.burmeseclassic.com

The Quest For Peace ထဲတွင် ရေးသားထားချက်အရ ထိုခေတ်သည် လူကြီးများက မိန်းကလေးများကို နှိမ်၍ ယောကျ်ားလေးများကိုသာ မြှောက်သော ခေတ်ဖြစ်ပါသည်။ မိန်းကလေးများကို ပညာသင်ပေးသော်လည်း ကိုယ့်ကျေးဇူးဆောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် မဟုတ်ဘဲ ဂုဏ်အတွက်သာ ဖြစ်ပါသည်။ မမေ၏ ဆောင်းပါး 'စာရေးသက်ရှေ့ရတုနှစ်ပတ်လည်' (မိုးဝေမဂ္ဂဇင်း၊ ၁၉၈၂)တွင် ဤသို့ ရေးခဲ့ပါသည်။

'ငယ်စဉ်ကတည်းက စပြီး ကျောင်းမှာ စာတော်တယ်၊ စာမေးပွဲကို ထိပ်တန်းက အောင်တယ်ဆိုရင် ကြားရတဲ့စကားတွေက မိန်းကလေးပဲ၊ စာတော်လို့ ဘာအသုံးကျမှာလဲ၊ သို့မဟုတ်ရင်လည်း အင်း အခုလို စာတော်တာများ ယောကျ်ားလေးသာဆိုရင် သိပ်ဟန်ကျမှာပဲ၊ အဲသလို ချိုးနှိမ်းစကားတွေသာ ဖြစ်တယ်'

၁၉၃၂–၃၃ တွင် တက္ကသိုလ်မဂ္ဂဇင်း၊ ဝသန္တ စာစောင်ကို ပို့ခဲ့သော မျိုးချစ်စိတ်ဓာတ်ဆိုင်ရာ တေးထပ်ကို အမှီပြု၍ ကလောင်အမည် ခင်မျိုးချစ်ကို ရရှိပြီး၊ မမေသည် ဒဂုံမဂ္ဂဇင်းတိုက်သို့ ဝတ္ထုတိုများ ရေးပို့ခဲ့ပါသည်။ သို့သော် ရရှိသော စာမူခများကို သူ့မိဘများက အမြဲတမ်း ဖြတ်ယူသဖြင့် ထိုစာမူခများကို မသုံးခဲ့ရပါ။ လူကြီးမိဘများ၏ အဆိုအရ 'အဲဒီစာမူခတွေကို သူ့ကို ယူခွင့်ပေးလိုက်ရင်၊ သူ့ကို အိမ်မှာ ကျွန်လို ခိုင်းလို့ ရတော့မှာ မဟုတ်ဘူး' ဟူ၍ ဖြစ်ပါသည်။ နောက်ပိုင်းတွင် စာရေးတာကို တွေ့လျှင်ပင်လျှင် စာရွက်များကို ယူ၍ ဆုတ်ပစ်၊ မီးရှို့ပစ် လုပ်ကြပါသည်။

ဤသည်ကား မမေ 'ကောလိပ်ကျောင်းသူ' ရေးခဲ့သော ခေတ်နှင့် ပတ်ဝန်းကျင်အခြေအနေ ဖြစ်ပါသည်။ မမေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ဆက်လက်၍ ဤသို့ ရေးသားထားပါသည်။

'နောက် မကြာခင်ပဲ သူရိယသတင်းစာနဲ့ အဆက်အသွယ်ရှိတဲ့ မိတ်ဆွေတစ်ယောက်က ဓဝနရဲ့ 'ကောလိပ်ကျောင်းသား' ခေတ်စားနေတာမို့ 'ကောလိပ်ကျောင်းသူ' ဝတ္ထုရှည် တစ်ပုဒ်ရေးဖို့

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ပေးတယ်။

အဲဒီဝတ္ထု ရေးတုန်းကများ အိမ်က လူကြီးတွေက စာရေးတာ တွေ့ရင်၊ စက္ကူတွေ ယူလွှတ်ပစ်၊ ကြိမ်းမောင်းလွန်းလို့၊ ညည လူတွေအိပ်မှ တစ်ညလုံး ထိုင်ရေးရတယ်။ ရေးပြီးသားတွေကို လည်း မတွေ့အောင် ဝှက်ရတာ အမောပါပဲ။'

'ကောလိပ်ကျောင်းသူ' ဝတ္ထုအပေါ်တွင် မေမေကိုယ်တိုင်၏အမြင်ကို ဤကဲ့သို့ ပြောခဲ့ဖူးပါသည်။

'တကယ်တော့ အဲဒီတုန်းက မေမေဟာ မျက်စိကန်း တစ္ဆေ မကြောက်မို့သာ ရေးမိတာပါ။ ယောက်ျားတစ်ယောက်က ကောလိပ်ကျောင်းသား ဝတ္ထုရေးတော့ကာ အမျိုးသမီးအနေနဲ့လည်း ကောလိပ်ကျောင်းသူ ဝတ္ထုရေးရင် ကောင်းမယ်ဆိုပြီး အားကျမခံ ရေးခဲ့တာပါ။ မြှောက်ပင့်ပေးတဲ့ လူကလည်း ရှိတာကိုး။ တကယ်တော့ မေမေ့ဝတ္ထုက ဆရာဇဝနရဲ့ ဝတ္ထုကို လုံးဝမမီပါဘူး'

ကျွန်တော့ဇနီး မိမိက ကောလိပ်ကျောင်းသူ မဖတ်ဖူးသဖြင့် မေမေ့အား ထိုစာအုပ်ရှိလျှင် ပေးဖတ်ရန် ပြောသောအခါတွင်လည်း မေမေက "သမီးကြီးရယ်၊ ဒါတော့ မဖတ်ပါနဲ့ကွာ။ မေမေ ငယ်ငယ်တုန်းက လူများ မြှောက်ပေးလို့ လျှောက်ရေးထားတာတွေပါ။ အခုခေတ်လူတွေ ဖတ်မှာ စိုးလွန်းလို့ မေမေ ဘယ်လို လုပ်ရမှန်းတောင် မသိပါဘူး"။

ဤသို့ဖြင့် သား၊ သမီး မြေးများ အထိ ဤစာအုပ်ကို မဖတ်ဖူး ခဲ့ပါ။ ယခု ငြိမ်းငြိမ်းချမ်းချမ်း စာအုပ်တိုက်၏ ကျေးဇူးကြောင့် အားလုံး ဖတ်ခွင့်ရပါသည်။

ဒေါက်တာ ခင်မောင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

# ကောလိပ်ကျောင်းသူ

## တက္ကသိုလ်ရွှေရီဝင်း

မေမေဟာ သူရေးခဲ့တဲ့စာအုပ် ဝတ္ထု၊ ဆောင်းပါး၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ...ဘာပြောချက်များ စသည်တို့အနက်မှ ချွေးမဖြစ်သူ စာရေးသူကို ...တ်ရန် အားမပေးသော စာအုပ်မှာ 'ကောလိပ်ကျောင်းသူ' စာအုပ် ...ပါသည်။ "သမီးကြီးရယ် မကောင်းပါဘူး၊ ဟိုတုန်းက ဇဝနရဲ့ ...ကောလိပ်ကျောင်းသား'နဲ့ အပြိုင်ရေးဖို့ တိုက်တွန်းလို့ ရေးတာပါ။ ...ကို မမီပါဘူး"လို့ ပြောခဲ့ပါသည်။

မေမေက မဖတ်နဲ့လို့ ပြောတာကြောင့် မဖတ်ဖြစ်တာချည်းပဲ ...တ်ပါ။ အဲဒီစာအုပ်ဟာ မေမေနဲ့ ဘဘတို့ သိမ်းဆည်းထားတဲ့ ...အုပ်ပုံထဲမှာ ပျောက်နေတာကြောင့်လဲ ပါပါသည်။

မေမေ အဲဒီစာအုပ်ရေးစဉ်က ၁၉၃၆ ခုနှစ်မှာ ဖြစ်ပါသည်။ ...မေ့အသက် ၂၁-နှစ် ဖြစ်ပါသည်။ ယခု သူ့အသက်အရွယ် ရလာသည့် ...ချိန် လူကြီးလို တွေးလာတဲ့အခါမှာ ဒီစာအုပ်ကို ကလေးကလားနိုင်တဲ့ ...ဘောနဲ့ ပြောတာလဲ ဖြစ်နိုင်ပါသည်။ နောက်တစ်ခုမှာ မေမေနှင့် ...သည် မာနကင်းကြတာလဲ ပါပါသည်။ သူတို့ကိုယ်သူတို့ ငါသိတယ်၊ ...တ်တယ်၊ ငါအတော်ဆုံး၊ ငါအတတ်ဆုံး စတဲ့စကားများနှင့် လုံးဝ ...ဟု ယူဆကြပါသည်။ အမြဲပင် နှိမ့်ချတဲ့စိတ် ရှိကြပါသည်။ ...ခြင်း သူတို့သည် သူတစ်ထူးကို ချီးမွမ်း ထောမနာပြုဖို့ကို ...လက်မနှေးကြခြင်း ဖြစ်ပါသည်။ တော်လိုက်တာ၊ တဈာလိုက်တာ၊ ...ရေးနိုင်တာ သိပ်ရှားတာပေါ့နှင့် ချီးမွမ်းခန်းတွေ ဝေနေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို ဖိတ်ခေါ်၍ ထမင်းကျွေးပြီး စကားပြောသည်မှာလည်း မကြာမကြာ ဖြစ်ပါသည်။ ကိုယ့်အိမ်ကို ဖိတ်ခေါ်သည်ဆိုတာကို ကြည့်ခြင်းဖြင့် သူတို့ ဖိတ်သည့်ညှော်သည်၊ ချီးမွမ်းသည့် ညှော်သည်သည် သူတို့ထက် အသက်ရော၀ါပါ ငယ်သူများဖြစ်တာ သိသာပါသည်။ ကိုယ့်လမ်းစရိတ် ကိုယ့်အကျွေးအမွေး အားလုံး စိုက်ပြီး ချီးမြှင့်ကြခြင်း ဖြစ်ပါသည်။

မေမေ့ 'ကောလိပ်ကျောင်းသူ'ကို အစဖော်လိုက်သည့်အဖြစ်မှာ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော အင်လျားဆောင် (၁၉၂၀- ၁၉၉၅)၏ ၇၅ နှစ်မြောက် စိန်ရတုအဖြစ် ထုတ်ဝေသော ရွှေစင်မဂ္ဂဇင်း ဖြစ်ပါသည်။ ထိုမဂ္ဂဇင်းတွင် မေမေရေးသော 'စာရေးသက် ရွှေရတု နှစ်ပတ်လည်'ပါလာပါသည်။ ထိုစာအုပ်ကို မေမေနှင့် ဘဘတို့၏ မိတ်ဆွေ မမအင်နီက လက်ဆောင်လာပေးပါသည်။

မေမေ့ဆောင်းပါးမှာ မေမေ ၁၉၃၆ ခုနှစ် မေမေအသက် ၂၁-နှစ် က ရေးခဲ့တဲ့ 'ကောလိပ်ကျောင်းသူ'စာအုပ်ရဲ့ မျက်နှာဖုံးပုံ၊ အခန်း(၁)ထဲ စာတချို့ကို ဒီဇိုင်းလုပ်ထားပါသည်။ စာရေးသူတို့ ပထမဆုံး မေမေ့စာအုပ် မျက်နှာဖုံးကို တွေ့ရခြင်း ဖြစ်ပါသည်။

မေမေ့ဆောင်းပါးနဲ့ ကပ်လျက်က ပါလာတာက ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဒေါ်ကျော့ကျော့ရဲ့ 'မြန်မာ့ ပြန်လည် ဆန်းသစ်ကြစို့' ဆောင်းပါး ဖြစ်ပါသည်။ ထိုဆောင်းပါးထဲတွင် မေမေရေးတဲ့ 'ကောလိပ်ကျောင်းသူ'စာအုပ်အကြောင်း ရေးထားသည်ကို ဖတ်ရပါသည်။ အဲဒီတုန်းက မေမေရော ဘဘပါရှိသေးတာမို့ မေမေ့ ဝမ်းသာအားရ ကောလိပ်ကျောင်းသူနှင့် ပတ်သက်ပြီး ရေးထားသည်ကို ဖတ်ပြပါသည်။

ဆောင်းပါးဖတ်ရင်း မေမေက ပြုံးပြီး "ဒီလိုပဲရေးသလား၊ သူတို့ ဒီလို မြင်တယ်ဆိုတော့ ကောင်းတာပေါ့"လို့ ပြောပါသည်။ ဒေါ်ကျော့ကျော့ ကို မေမေက ခင်မင်ပြီးသားဖြစ်၍ သူ့ ဝမ်းသာ သွားပါသည်။ ဒေါ်ကျော့ကျော့၏ ဆောင်းပါးထဲတွင် မေမေ့ကောလိပ်ကျောင်းသူနှင့် ပတ်သက်၍ ရေးသားချက်ကို ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကလောင်သွားသည် ဓားသွားထက် ထက်သည်ဆိုသည့် အတိုင်း တက္ကသိုလ်ပညာသင်စဉ် အစွဲလမ်းဆုံးစာအုပ် (၃)အုပ် ရှိခဲ့ပါသည်။ ဆိုခဲ့သည့် မြန်မာမိသားစု Burmese Familyစာအုပ်' ဒေါ်ခင်မျိုးချစ်၏ 'ကောလိပ်ကျောင်းသူ' ဝတ္ထုနှင့် ပါမောက္ခချုပ် ဒေါက်တာထင်အောင် ၏ 'မြန်မာပြဇာတ်' Burmese Drama စာအုပ်တို့ ဖြစ်သည်။

တက္ကသိုလ် မရောက်မီကာလ အိမ်စာအုပ်စင်မှ ဆရာဇဝန ၏ 'ကောလိပ်ကျောင်းသား'ဝတ္ထု (၄)အုပ်၊ ၁၉၃၅ မှ ၁၉၃၇ ခုနှစ်တိုင် သူရိယတိုက်စာစဉ် ၁၊ ၄၊ ၆နှင့် ၉ဟူ၍ ထုတ်ဝေခဲ့စဉ်က ၁၉၃၆ ခုနှစ်တွင် အင်းလျားအဆောင်သူ ဒေါ်ခင်မျိုးချစ်မှ 'ကောလိပ်ကျောင်းသူ' ဝတ္ထုကို သူရိယတိုက်မှပင် စာစဉ်(၅)၌ တစ်အုပ် ၁၂ ပဲနှင့် ထုတ်ဝေခဲ့သည်ကို ဖတ်ခဲ့ရပါသည်။ ယင်းစာအုပ်ဖတ်ပြီး အင်းလျားဆောင်ဆိုမှ အင်းလျားဆောင်၌သာ နေရန် စွဲလမ်းနှစ်သက်ခဲ့ပါသည်။

ကောလိပ်ကျောင်းသူ ဝတ္ထုတွင် အင်းလျားဆောင်သူတို့၏ နေ့စဉ်လှုပ်ရှားမှု၊ ချစ်မြတ်နိုးဖွယ် မြန်မာအမျိုးသမီး ပိသမှုဟန်တို့ကို ပီပြင်စွာ ခံစားဖတ်ရှုရပါသည်။ စာပေသည် ပညာရှာမှီးသူတို့၏ တက်လှမ်း၊ လှမ်းရမည့်လမ်းကို မီးရှူးတန်ဆောင်သဖွယ် ညွှန်းသည် ဆိုသည်မှာ မလွဲကေန် မှန်ကန်လှသည့် တရားဖြစ်သည်။

ကောလိပ်ကျောင်းသူဝတ္ထုတွင် ပထမကျောင်းသား လှုပ်ရှားမှုကာလ၊ အမျိုးသားရေး ဦးဆောင်မှုပေးရန် နိုးကြား တက်ကြွသည့် ကျောင်းသူ ကျောင်းသားတို့ ပါဝင်ခဲ့သည်ကို ဖတ်ရှု လေ့လာနိုင်ပါသည်။ မြန်မာစာသည် တို့စာ၊ မြန်မာစကား သည် တို့စကား၊ မြန်မာစာကို တို့ချစ်သည်ဟူသော အမျိုးသားရေး လက္ခဏာများ ပီပြင်စွာ ဖော်ဆောင်သည့် အင်လျားဆောင်သူ ခင်မကြီး၊ ခင်ခင်စော၊ စုစု၊ ခင်ခင်သီ စသည့် ဇာတ်ဆောင်များနှင့် အင်းဝဆောင်သား မောင်ခင်မောင်၊ မောင်သန်းဆော၊

www.burmeseclassic.com

www.burmeseclassic.com

မောင်ကိုကြီးလေးတို့ အင်းလျားနှင့် အင်း၀ မောင်နှမဆောင် နောက်ခံဓာတ်လမ်းဓာတ်ကွက်တို့မှာ ဖတ်၍ပင် အားမရပေ။ မြန်မာစာသည် ထိုစဉ်က မျက်နှာငယ်ခဲ့သည်ကို မြန်မာတို့ အလေးပေး သင်ယူခြင်းဖြင့် မိမိနိုင်ငံ ယဉ်ကျေးမှု၊ အနုစာပေတို့ကို အလေးဂရုပြု သင်ယူရန် သဘော နားလည်နိုင်ခဲ့ပါသည်။ ဝတ္ထုပါ ဓာတ်ဆောင်ဖြစ်သည့် ရွှေမန်းသူခင်မကြီး၊ ရွှေမြိုင်သား မောင်ခင်မောင်တို့အပြင် မြန်မာစာဂုဏ်ထူးတန်းမှ မောင်သန်းဖေ၊ မြန်မာစာ ဥပစာတန်းမှ ခင်ခင်စောတို့ စာပေဂီတ၊ ယဉ်ကျေးမှုကို မည်မျှ မြတ်နိုး တန်ဖိုးထားပုံ၊ ဘာသာ သာသနာအရေး မလစ်ဟင်းပုံ၊ လူကြီးမိဘများ မည်သို့ မည်ပုံ ရိုသေကိုင်းရှိုင်းပုံ တို့သည် ယနေ့ခေတ်လူငယ်တို့ အတုယူဖွယ် လှုပ်ရှားမှု ဓာတ်ဝင်ခန်းများဖြစ်၍ မည်သည့်အခါမဆို ဖတ်၍ အားမရနိုင် ဖြစ်သည်။

ကောလိပ်ကျောင်းသူ ဝတ္ထု၏ အခန်းတစ်ခန်း၌ ကျောင်းပိတ် ရက် မြို့ရွှေမန်းသို့ပြန်သူ ခင်မကြီးသေတ္တာနှင့် မော်ရွှေမြိုင်သို့ ပြန်သည့် မောင်ခင်မောင်တို့၏ ပုံသဏ္ဌာန်တူ သေတ္တာများကို မောင်ကိုကြီးလေးက နောက်ပြောင်ပြီး လဲလိုက်သည့် ဓာတ်ကွက်မှာ ဝတ္ထုဖြစ်သော်လည်း ၁၉၅၃–၅၇ ကာလ တက္ကသိုလ်သို့ စုပေါင်း ရထားစီးလာကြသည့် ရှမ်းပြည်နယ် ကျောင်းသား ကျောင်းသူတို့မှ အင်လျားဆောင်သူ ခင်စန်းမြင့်မှာ ကိုကျံကြီး၏ သေတ္တာနှင့် မှားခဲ့ဖူးသည်ကို ပြန်ပြောင်း သတိရမိပါသည်။

ယင်းကောလိပ်ကျောင်းသူဝတ္ထုတွင် ကျောင်းတက်ရန် နံနက်စောစောထပြီး ဘီးဆံထုံးထုံးကြပုံ၊ ထဘီအနားပန်းဖော်၊ ပန်းထိုးတို့ဖြင့် မြန်မာပီပီ သိမ်မွေ့စွာ ဝတ်စားဆင်ယင် သွားလာ လှုပ်ရှားပုံ၊ အားကစားကျလျှင်လည်း သူ့နေရာနှင့်သူ ဘောင်းဘီတို၊ ရှပ်ဖျင်ဖိနပ်၊ အင်္ကျီလက်တိုနှင့် ဝတ်ဆင်ကစားပုံ၊ စာပေတွင်မက အနုပညာဂီတတို့တွင် သီချင်းကြီး၊ သီချင်းခံတို့ဖြင့် အင်းလျား

www.burmeseclassic.com

www.burmeseclassic.com

ဆောင်၏ နှစ်ပတ်လည် ညစာ ထမင်းစားပွဲတွင် အင်္ဂလိပ်ကျောင်းအုပ်ဆရာကြီးကို ညှော်ခံခဲ့ပုံ၊ ထမင်းစားပွဲအပြီး ဒွိစုံ အနောက်တိုင်းကပွဲတွင် အင်္ဂလိပ်ကပြား ကျောင်းသူများသာ ယောကျ်ားလေးနှင့် ကကြပြီး မြန်မာပီသသူများသည် ကုလားထိုင်လုပွဲ(Musical Chairs)ကစားနည်းတွင်သာ ပါဝင်ခဲ့ပုံတို့မှာ စိတ်ဝင်စားဖွယ် ပိတ်ကားပေါ်တွင် မြင်မယောင် ဖတ်ရှုရင်း လှပသည့်ရသကို ခံစားမိပါသည်။

စာရေးသူတို့.မှာ အထက်ဖော်ပြပါ ဆောင်းပါးမှ မေမေရေးခဲ့သော ကောလိပ်ကျောင်းသူ စာအုပ်ကို မြည်းစမ်းခွင့် ရခဲ့ပါသည်။ ဆောင်းပါးရှင် ဒေါ်ကျော့ကျော့ကိုလည်း ကျေးဇူးတင်မိပါသည်။

ယခုအခါတွင် ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်မှ မေမေ့စာအုပ်ကို ထုတ်ဝေခဲ့ပါပြီ။ နှစ်ပေါင်း ၆၄–နှစ် သက်တမ်းရှိခဲ့ပြီဖြစ်သော စာအုပ်ကို ယခုမှ အစအဆုံး ဖတ်ကြည့်ကြရပါတော့မည်။ တစ်ယောက်ကို တစ်ယောက် ဖေးမကူညီပြီး အားကိုးကြသောစိတ်နှင့် ရှင်သန်ကြတဲ့ စာရေးသူတို့ မိသားစုအဖို့ သတိရစရာ၊ ချီးကျူးစရာ မေမေ့လက်ရာကို ဖတ်ပြီး ကြည်နူးရသလို စာဖတ်သူတို့လည်း ကျေနပ် နှစ်သက်ကြမည်ဟု မျှော်လင့်မိပါသည်။

စာအုပ်ဖြစ်မြောက်အောင်လုပ်ေ သူ အားလုံးကို ကျေးဇူးတင်ပါသည်။

တက္ကသိုလ် ရွှေရိဝင်း
(၂၅၊ ၁၊ ၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁ ]

ယူနီဗာစီတီအက်စတိတ်ဝင်းထဲတွင် အဆင်ပြေ အချိုးအစား နုပြေပြစ်ချောမောဆုံးဟု ချီးမွမ်းခံရသော အင်းလျားကျောင်းဆောင် ကြီး၏ရှေ့၌ကား မြရည်လိမ်းသည့် စိမ်းစိုသာယာသော သစ်ပင် န်းပင်တို့၏အကြားမှ ကွက်ကျားကွက်ကျားမြင်ရသော အင်းလျားကန် ပြင်ပေါ်တွင် YACHT ခေါ် ရွက်လှေများ တဖွေးဖွေးဖိုက်နေသည် ကိုလည်းကောင်း၊ တစ်ပင်ပြန်သွားတစ်ပင်နား၍ ဘာသာဘာဝ ပျော်မြူး သော "သာရကာလားတမာလား" ခွဲခြား၍မရနိုင်သော ငှက်အမျိုး းတို့၏ ကြူးရင့်သံကိုလည်းကောင်း တွေ့မြင်ကြားနိုင်ပေ၏။

တစ်ဘက်၌တည်ရှိသော အင်းလျားကျောင်းဆောင်ကြီး၏ ဝင်းခြံ င်းမှာကား သေချာစွာပြုစု အလှပြင်ဆင်ထားသော မြက်ခင်းပန်းခင်း ဖြင့် တင့်တယ်ပေ၏။ အထက်ထပ် အောက်ထပ်အခန်းများမှ ပြာပြူတချို့၊ ဝါဝါတစ်ချို့၊ နီနီစိမ်းစိမ်း စသော အရောင်စုံအခန်းဆိုး များလည်း လေယူရာ တလွင့်လွင့်ရှိကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်၏ အညွန့်အဖူး ပညာရှာမှီး ဆည်းပူးကုန်သော သမီးကောင်း သမီးရတနာတို့၏စံရာ အင်းလျားကျောင်းဆောင်ကြီး သည် ခမ်းနားသိုက်မြိုက် သာယာပျော်မွေ့ဖွယ်ပင်။ အပျင်းပြေ အညောင်းဖြေကစားရန် ရာသီအလိုက် ကစားမျိုးလည်းစုံပါ၏။

* * *

ထိုနေ့ကား ဇွန်လ ၁၅–ရက်နေ့တည်း။ မနက်ဖြန်ခါ ကျောင်း တက်ရပေတော့မည်။ စိနီယာကျောင်းသူများကား များစွာမထူး သော်လည်း 'ဖရက်ရှာ'လူသစ်ကလေးများကား အိပ်၍ပင်မပျော်နိုင် တက္ကသိုလ်ကောလိပ်ဆိုတာ ဘယ်လိုသွားလို့ဘယ်လိုလာ၊ ဘယ် ရာမှာ ဘယ်လိုစာသင်ရပါလိမ့်ဟူ၍လည်းကောင်း၊ နက်ဖြန်ခါ ဆံထုံး ထုံးဖြစ်ပါ့မလား၊ မဖြစ်ရင်တော့အခက်ပဲ၊ ဘယ်အကျီနှ ဘယ်လုံချည်ဝတ်ရကောင်းမလဲ၊ သူတို့ကောလိပ်က 'ဖက်ရှင်'အဆ တွေက ပေါသနဲ့၊ ငါ့မှာ တောသူကြီးနှင့်များ တူနေမလားဟု တစ်သွယ်၊ ယောကျ်ားကလေးကျောင်း မနေဖူး၊ မိန်းကလေးကျောင် သာ နေဖူးရှာသူ မိန်းကလေးများမှာ ကျောင်းတော်သားများန ပခုံးယှဉ်ခါ ပညာသင်ရမည့်အရေးကို တွေးကြောက်ရှာကြသ မတော်တဆ ငနဲတွေ ငါ့ဆံထုံးထဲ စာဖြစ်စေ၊ မဟုတ်တဲ့အမှိုက်တွေ နောက်ကနေ ထည့်လိုက်မလား။ ရှေ့ကလည်း ယောကျ်ား၊ နောက် လည်း ယောကျ်ားတွေ၊ ဘယ်လိုလုပ် လမ်းလျှောက်ရမ ကိုယ့်ကိုယ်ကို မလုံ၊ ကိုယ့်လုံချည်စ ကိုယ်တက်နင်းမိပြီး လဲ အိမ်ကိုပြန်ပြေးမှာဘဲဟု တစ်မျိုး စသည်ဖြင့် အနည်းနည်း အ တွေးတောကာ စိတ်မောနေကြပေ၏။ နက်ဖြန် ကျောင်းတက်

www.burmeseclassic.com

www.burmeseclassic.com



မည့်အရေးကို မင်္ဂလာဆောင်ရမည့် သတို့သမီးထက်ပင် အသည်းလှိုက်ဖိုခါ ဝမ်းသာစိတ်မောနေကြတော့၏။

နံနက် ၆-နာရီထိုးလျှင် 'ဂလိုင်ဂလိုင်၊ မလိုင်အရှင်း၊ နို့မဆင်းတဲ့၊ သင်းပျံ့ကော်ဖီ၊ သတိမိန်စွာ၊ ပေါင်မုန့်လွှာနှင့်၊ သုံးဆောင်လှလော့'ဟု ခေါ်သကဲ့သို့ နံနက် 'ချိုတားဟာဇရီ' ခေါင်းလောင်းထိုးလျှင် တိတ်ဆိတ်နေသော ကျောင်းဆောင်ကြီးသည် အသက်ဝင်လာဘိသကဲ့သို့ ခြေသံ၊ စကားပြောသံ၊ မျက်နှာသစ်အခန်းမှ ရေကျသံတို့ ဖြင့် တည်ညံ့ရှိတော့၏။ မဟူရာသွေး အဆင်းရှိသော ကော်ဖီနှင့် ရေခဲခလောက်ထားသဖြင့် ပုလဲဥပမာ ဖြူဖွေးသော ထောပတ်နှင့် သုတ်သော ပေါင်မုန့်ချပ်တို့ကို နံနက်စောစော ဆာဆာနှင့် ကျောင်းတော်သူများမှာ လျှာအရသာကို ပမာမထားဘဲ အာဟာရမှ ဖြစ်စေတော့ဟု သုံးဆောင်ရတော့၏။

၆-နာရီနှင့် ၇-နာရီကြားတွင် မျက်နှာသစ်၊ ကော်ဖီသောက်၊ ရေချိုး၊ ခေါင်းဖြီးအလှပြင်ရန် အလုပ်သည်ကား များစွာမလွယ်ကူချေ။ 'သေမင်းငင်သလို လုပ်ရတာပဲကွယ်ရို့'ဟု ကျောင်းသူတစ်ဦး ပြောသည်ကိုသာ သတိရမိလေတော့၏။ ရေကို ဖြုန်းဒိုင်းဖြုန်းဒိုင်း နှင့်ချိုးကာ ကပျာကယာဆံထုံးထုံးရ၊ သနပ်ခါးလိမ်းရ၊ ၇-နာရီ ခေါင်းလောင်းထိုးလျှင် စာကျက်ချိန်ဖြစ်၍ မြန်မြန်လောတိုက်၍ လုပ်ရတော့၏။ သို့သော် ပထမနေ့ဖြစ်၍ စာကျက်ချိန်၌လည်း ပြင်ဆင်နိုင်သေး၏။ သို့နှင့် စိတ်မောကိုယ်မော ပြင်ဆင်ရင်းပင် ၈-နာရီခွဲလျှင် နံနက်စာမော်င်းထုသဖြင့် 'ဒိုင်းနင်း'ဟောသို့ ဆင်းရ၏။

လေးယောက်တန်းစားပွဲ စီတန်းထားသည့် အဆုံး စားပွဲမြင့်ကြီး ပေါ်တွင် ဒုတိယအဆောင်မှူးထိုင်စားရာ နောက်ကျသောသူများမှာ ၎င်းထံ Excuse နှင့်တောင်းပြီးမှ မိမိနေရာတွင် ထိုင်စားရ၏။



www.burmeseclassic.com

www.burmeseclassic.com


အင်္ဂလိပ် 'အက်တီကက်' ထုံးစံပေတကား။

ထမင်းစားရပုံကား ဗမာမကျ ဘိုမဆန်။ တစ်ခါစားမိလျှင် တစ်သက်လုံးပြောမပြီး၊ ကမ္ဘာကျော်သော်လည်း ဥဒါန်းမကျေမည့် ဟင်းထမင်းများကို 'လည်ချောင်းခြေလှန် စုံကန်မျှော' ပြီးနောက် ကျောင်းသွားရန် ပြင်ဆင်ရတော့၏။ ကျောင်းတော်သူ အသစ်ကလေးများမှာ ကိုယ်စီကိုယ်ငှ အသက်ရှုမှားမတတ် တလှုပ်လှုပ်ရင်ခုန်ကာ တစ်စုတဝေးကြီး တက္ကသိုလ်ကျောင်းတော်ကြီးသို့ လာခဲ့ကြလေ၏။

အင်းလျားကျောင်းဆောင်နှင့် ဝင်းသာခြားသဖြင့် မြေပြင်စခန်းခြေတင်လှမ်းကာ လာခဲ့ကြရာ ကျောင်းတော်ကြီး၏ 'ကော်ရစ်ဒါ' စင်္ကြံတွင်ထား၍ L.C.R ခေါ် ကျောင်းတော်သူများ ကျောင်းတော်မတက်မီ စတည်းချရာ အခန်းသို့ရောက်မှ သက်ပြင်းချနိုင်တော့၏။

အပန်းဖြေ အနားနေအခန်းတွင်း၌ကား နေ့ကျောင်းသူများစုရုံးကာ မိမိတို့အသီးသီးအပေါင်းအသင်းများနှင့် တွေ့ရာလေးပါး စကားပြောနေကြကုန်၏။ မြန်မာပြည်ထိပ်သီး အချောအလှအပေါင်းစုဝေးရာ ဖြစ်သဖြင့် အချို့ယောကျ်ားများက မိမိတို့၏ ပန်းကုံးစွပ်ပွဲသဘင် ခံရာဟု မှတ်ယူခံရလေသည်။ ပန်းမျိုးပေါင်းစုံသော ဂန္ဓမာဒနတောင်တွင် 'ရွှေပင်ဆင့်၊ ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်' စသည်ဖြင့် အမျိုးမျိုးသော နတ်ပန်းများသည် အလှယဉ်အနုမှာ တစ်မျိုးစီဖြစ် သကဲ့သို့လည်းကောင်း၊ နဝရတ်ကိုးပါး တစ်ပါးနှင့် တစ်ပါးမတူ တစ်မျိုးစီ အရောင်ထွက်သကဲ့သို့လည်းကောင်း ရွှေမန်းသူ ယဉ်စစကလေး၊ မော်လမြိုင်သူ ဖြူဖြူဝဝကလေး၊ ရန်ကုန်သူ စတိုင်ထွားထွား အမျိုးမျိုးသော အလှအယဉ်တွေကို တွေ့မြင်နိုင်ပေ၏။ တော်ရုံတန်ရုံ လှသည်ဖြစ်စေ၊ တော်ရုံအရုပ်ဆိုးသည်ဖြစ်စေ 'ငါးသိုင်းများဟင်းဟုံ' ကာ အသိအမှတ်အပြု မခံရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ခေါင်းလောင်းမထိုးမီ နို့တစ်ဘုတ်တွင် မည်သည့်ဘာသာ၊ မည်သည့်အခန်း သင်ရမည်ကိုကြည့်ရှုရင်း ဘယ်ဘာသာယူရင်ကောင်းမည်၊ မကောင်းမည်ကို ဆွေးနွေးနေကြလေ၏။

၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

"ဖျပ်လပ် ဖျပ်လပ်"ဟု ရှပ်တေးမ,ပိပိ ဖိနပ်ကို ရှပ်တိုက် ဝင်လာသောအသံကြားရလျှင် ဓာတ်သိမျှားက -

"ဟော... ဟင်းလေးအိုး ခင်မကြီးလာပြီ"

ဟုပြောကာ လှည့်ကြည့် လိုက်ကြလေ၏။

"ကိုယ့်လူတို့၊ ကိုယ်ကနေ့ အိပ်ရာထ နေမြင့်နေလို့ ကပျာကသီ လုပ်လာရတယ်၊ ဆံထုံးကောင်းရဲ့လား၊ ကြည့်ကြပါဦး"

ဟု ရွှေမန်းသူပိပိ ယဉ်စစကိုယ်လုံးကလေးကို ကိုယ်လုံးပေါ် မှန်ကြီးထဲ ရှေ့နောက်ကြည့်ရင်း သူငယ်ချင်းများဘက်သို့ ထာဝစဉ် ချိုပြုံးနေသော မျက်နှာကလေးနှင့်မေးလိုက်ရာ သူငယ်ချင်းများက

"လှပါရဲ့၊ နည်းနည်းအရုပ်ဆိုးနေတယ်"

ဟုပြောကာ ရယ်မောကြလေ၏။

ခင်မကြီးသည် ဆံမြိတ်ကလေးကို ခပ်ဖွာဖွာဖြစ်အောင်ပြင်၍ ဆံလျှဉ်ကလေးကို ပြင်ချပြီးလျှင် မိမိကိုယ်ကို အထူးကျေနပ်စွာ

www.burmeseclassic.com

www.burmeseclassic.com


နံထဲတွင်ကြည့်လျက် အနီးရှိစားပွဲခုံပေါ် လွှားကနဲတက်ထိုင်လိုက်ပြီး ကင်ပျဉ်ချိတ်ကာ   လက်မကလေးနှင့် မိမိရင်ဘတ်ကို ထိုးရင်း

"စောစောရေ၊ ခင်မကြီးတို့တော့ ဒီနှစ် 'ဖရက်ရှာ' ဘဝက 'စီနီယာ'ဘဝရောက်ကြပြီ။ မနှစ်ကလို 'ချာတိတ်'ကလေးတွေ မဟုတ်ဘူး။ ဒီနှစ်တော့ စီနီယာကွဲ့နော်"

ဟု ဟိတ်ထုတ်နေရာ မော်လမြိုင်သူ၏ ဖြူဖြူဖွေးဖွေး ကလေးသဖွယ် အပြစ်ကင်းမဲ့သော မျက်နှာကလေးသည် ပြုံးရွှင်လာပြီးလျှင်

"ခင်မကြီးဟာ ဒီလိုအပြောတွေကြောင့် ကျတာ။ စောတို့ စီနီယာ လူကြီးဖြစ်ကြတော့ နောက်လာတဲ့ ဖရက်ရှာကလေးတွေ စောင့်ရှောက်ရဦးမယ်"

ဟု နီမြန်းသောနှုတ်ခမ်းကလေးကို လက်မနှင့်ပွတ်သပ်ရင်း ပြောလေ၏။ ခင်မကြီးသည် ဖရက်ရှာကလေးများရှိရာ စူးစိုက်ကြည့်ရင်း

"ခင်ကလည်း ဒါပြောမလို့ပဲစောရဲ့။ နုနု၊ စုစု၊ မခင်သိန်းတို့ ဒီမှာပြောစရာရှိလို့ လာနားထောင်ပါဦး"

ဟုခေါ်လိုက်ရာ ကျစ်ဆံမြီး တစ်မျိုး၊ ဖဲပြားစီးတသွယ်၊ ဆံတောက်တိုတစ်ဖုံ၊ လူမမယ်ချာတိတ်မ ကလေးတွေ ခါချဉ်အုံပျက်သကဲ့သို့ ခင်မကြီးအနား ဝိုင်းလာကြလေ၏။ ၎င်းတို့ ခင်မကြီးနှင့် သိသည်မှာ သုံးရက်သာရှိသေးသော်လည်း ရှုးနှမ်းနှမ်း အထူးအဆန်းတွေ ပြောတတ် လုပ်တတ်သဖြင့် အလွန်ပင် ခင်မင်ကြလေသည်။

"နုနု၊ စုစုတို့ ဒီနေ့တော့ 'လက်ချာ'သွားလိုက်ရတော့မယ်။ မလိုက်ခင် ခင့်လက်ချာ နားထောင်ကြဦး၊ ပြောရမှာ အစောကိုလည်း အားနာပါရဲ့။ မနှစ်က ဟောဒီ စာကြမ်းပိုးရိုးလှတဲ့ မခင်စောကြီးသည် ဘားလို့ဆိုလျှင် (မမ္မကထိကသံပါပါနှင့် ဗလာစာအုပ်ကို ယပ်တောင်


www.burmeseclassic.com

www.burmeseclassic.com



သဖွယ်ပြု၍)ဥပစာတန်း ပထမ၊ ဒုတိယ နှစ်နှစ်လုံးသင်ရမယ့်စာအုပ်တွေ အကုန်လွယ်အိတ်နှင့်ထည့်၊ မိုးတွေကလည်းရွာ၊ ပုသိမ်ထီးကြီးချိုင်းကြားညှပ်၊ ခင်တို့ဖရက်ရှာတွေကို ရှေ့ဆောင်ပြီး ကောလိပ်စကြံ ကော်ရစ်ဒါတစ်လျှောက် လက်ချာလိုက်ရမယ့်အခန်း လိုက်ရှာကြသကိုး"

"အဟာမ်း... အဟာမ်း"

ဟု ရှုတည်တည်နှင့်ပြောပြီး မခင်စောမျက်နှာကို ကြည့်ကာ

"ဘယ့်နှယ် ရှေ့ဆက်ပြီး ပြောလိုက်ရမလား"

ဟု မေးရာ၊ မခင်စောက

"သဘောအတိုင်းပါဘုရား"

ဟု ဆိုသည်နှင့် နဂိုမူအတိုင်း ဆက်၍•'

"အဲဒီတော့ အခန်းတစ်ခန်း ကျောင်းသားတွေ ထိုင်နေကြတာတွေ့တော့၊ 'ဟာ– ခုမှတွေ့တော့တယ်၊ ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောလို့' ဆိုပြီး အတန်းထဲဝင်သွား၊ စာအုပ်လွယ်အိတ်ကြီး ခုံပေါ်ချပြီး၊ နောက်က မဝင်ဝံ့လို့ရပ်နေကြတဲ့ ခင်တို့လူစုကို 'ဟော့လာ...ဒီကို' ဟု လက်ရပ်ခေါ်နေတုန်း၊ ဖိနပ်တစ်ဂေါက်ဂေါက်နဲ့ ဆရာဝင်လာပြီး 'အင်–ဖရက်ရှာတွေ အခန်းမှား တက်မလို့ကိုးလို့' ရွှေဉာဏ်တော်နဲ့ အတတ်သိသဖြင့်ပေါ့လေ။ မင်းတို့ ဘယ်အခန်းသွားရမယ်လို့ လမ်းညွှန်လိုက်တော့ အစောလည်းရှက်၊ ခင်တို့လည်းမျက်နှာမဖော်ရဲ ကသုတ်ကရက် ပြေးခဲ့ရတယ်"ဟုပြောပြီး အတော်မောသွားသကဲ့သို့ စာအုပ်တစ်အုပ်နှင့် ယပ်ခတ်နေလေ၏။

"ကိုယ်တို့လည်း ထိုနည်းလည်းကောင်း ဖြစ်ကြဦးမယ်"

"အို၊ ခုလိုကြားဖူး နားဝရှိလျက်သားနှင့် 'အိုင်'တို့မှားရင်တော့ မှားပေစေ"

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် စာစာစာစာနှင့်ပြောနေကြစဉ်ပင် ခေါင်းလောင်းထိုးသည်နှင့် လူစုကွဲတော့၏။

ဖရက်ရှာကလေးများ သွားကြသော်လည်း စီနီယာများမှာ အချိန်လိုသေးသဖြင့် ကျန်ခဲ့ကြ၏။ ခင်မကြီးမှာ လူနည်းသွားသည်နှင့် ပျင်းပျင်းရှိသော်လည်း ခင်ခင်စော စာဖတ်နေသည်ကို မနှောင့်ယှက်လိုသဖြင့် တောင်ငေးမြောက်ငေးနေစဉ်

"ခင်မကြီး–ရောက်မှကိုး၊ တယ်စော"

ဟုခေါ်သံကြားလိုက်မှ

"ဩော်၊ ခင်ခင်သီပါကလား။ ဖရက်ရှာကလေးတွေ လိုက်စောင့်ရသေးတယ်၊ ဒီနှစ်ဟာလေးတွေထဲမှာ သီသီကိုမီတာ တစ်ယောက်မှမပါဘူး"

"ကိုယ် ဒါလောက်ပဲချောသလား ခင်မကြီးရယ်၊ မြှောက်တာကို အဟုတ်ထင်တတ်လွန်းလို့ပါ"

"အို–အပိုမပြောဘူး၊ ဖွဲ့နွဲ့စာချိုးလို့လည်း မတတ်နိုင်၊ ခင်ခင်သီ တစ်ခါပြုံး တစ်ကမ္ဘာလုံး ကျလောက်ပါရဲ့လို့သာ ဆိုနိုင်မယ်"

"ဖရက်ရှာထဲက ခင်သန်းရွှေဆိုတာလေးဟာ လှလည်းလှတယ်၊ စိန်တွေရွှေတွေလည်း အိနေတာပဲ"

"စိန်ရွှေဆင်လို့ယဉ်နေတာ ဘာလှတယ်ခေါ်မလဲ၊ အဲလေ–လှတော့လှပါတယ်၊ ဖြူဖြူ သေးသေးသွယ်သွယ်ကလေးပဲ"

"ဟို–လုံးကြီးပေါက်လှ ခင်အေးကော ဖြူဖြူဖွေးဖွေး ရေဆေးငါးလိုပဲ"

"အို– သီသီလောက်တော့ မဟန်ပါဘူး၊ ဒါထက် တင်တင်တစ်ယောက်ကော၊ အရာရာ့မှာ အလယ်အလယ် ပျော်ပါးသွားလာစာကျက်လို့ မချိမဘွဲ့ပေးထားတယ်၊ သူ့မမြင်ပါကလား"



www.burmeseclassic.com

www.burmeseclassic.com


"စောသေးလို့ထင်ပါရဲ့ခင်ရယ်၊ သူ့ 'ပေါလစီ'ကမှ တကယ် နေရာကျတာ၊ သူ့နည်းကို လိုက်ဖို့ကောင်းတယ်"

"ဟုတ်ပါရဲ့၊ အံမယ်…ခင်လေးဟန်လည်း မတွေ့သေးဘူး၊ ခင်တို့ထွက်လာတော့ ဆံထုံး ထုံးနေရစ်တယ်၊ ဒီနှစ် ဟိုကျူတာ မောင်မောင်လှလဲ အိုင်စီအက်ဝင်မယ် ပြောသံကြားတယ်"

"ခင်မကြီး– တိုးတိုးပြော၊ သူများကြားမယ်၊ တယ်လည်းကဲ ပါလား"

"ဟုတ်တာပြောတာပဲ သီသီ၊ ခင်လေးဟန်မှာ သိပ်ပြီး အကပ် ဝါသနာပါတာပဲ၊ စကားအကပ် ပြောတာမဟုတ်ဘူး၊ သူကပ်တာက တစ်မျိုး"

"နားလည်ပါတယ်၊ သူများကြားပါ့မယ် မချောကြီးရဲ့၊ တယ် လည်း အတင်းပြောချင်းတာကိုး၊ ဒါတွေခက်တာပဲ"

ထိုအခိုက် 'ဘဲလ်'ထိုးသည်နှင့် ဒုတိယမွိနစ်ကြိမ်မြောက် လူစု ကွဲကြပြန်လေ၏။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃ ]

ရုတ်ရုတ် ရုတ်ရုတ်နှင့် တရုတ် ရုပ်သေးပြသလို၊ ဟိုကနေသည်ကူး၊ သည်ကနေ ဟိုကူးနှင့်ပင် နာရီပြန်တစ်ချက်ထိုးခဲ့ရာ နေ့လယ်စာစားခန်းထဲတွင် တစ်ဖန် အားလုံး ဆုံမိကြပြန်သဖြင့်၊ ခင်မကြီးမှာ ဟိုနေရာရှုပ်ရှုပ်၊ ဒီနေရာရှုပ်ရှုပ်နှင့်

"ဘယ့်နှယ်လဲဟေ့– အခန်းမှ တော်တော်မှားခဲ့ကြပါလေစ၊ ပြောစမ်းပါဟရို့"

ဟုမေးနေလေ၏။

"ဘာပြောကောင်းမလဲ၊ အတန်းထဲအဝင်မှာ ငနဲတစ်ယောက်က ဖိနပ် တက်နင်းထားလို့၊ ကံကောင်းလို့ မှောက်ထိုးမလဲတယ်၊ သူ့ကို ရှက်လဲရှက်၊ ကြောက်လဲကြောက် တုန်နေတာပဲ"

"ရှေ့ကသွားတဲ့လူတွေ အမြန်လိုက်ရတာ၊ ကော်ရစ်ဒါမှာချော်သွားတာ၊ လဲလိုက်ရင်တော့မသက်သာဘူး၊ ဒါတောင် နောက်က အကောင်တွေက ရယ်ကြသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com


"အိုင်တို့ဖြင့်ဆရာ၊ လမ်းလွဲပြီး ဘိုယိုလိုဂျီ(တိရစ္ဆာန်ဗေဒ) ဘလောက်ရောက်သွားလို့ မပြောပါနှင့်တော့၊ ကံကောင်းလို့ 'ဖား' တစ္ဆေခြောက်မလွှတ်လိုက်တယ်"

စသဖြင့် တစ်ယောက်တစ်ပေါက် ပြောကာ ရယ်မောရင်းပင် စားသောက်ကြလေ၏။

ခင်မကြီးသည် လက်ဖက်ရည်မှ ဖြောင့်အောင်မသောက်နိုင်၊ နားအရသာခံကာ နားထောင်ပြီး "ဒါတွေဟာ ထုံးစံပဲဟာရို့ရဲ့၊ မနှစ်ကများ ခင်မကြီးတို့ ဘာပြောကောင်းမလဲ၊ အတန်းထဲအဝင် ခင်ခင်စောကလဲ ခင့်နောက်က ကပ်ကပ်ပြီးလိုက်လာတတ်လို့ ကျပ်ကျပ်တည်းတည်း လမ်းသွားလို့မဖြစ်၊ စိတ်က မောလည်းမော၊ ကျွဲမြီးတိုပြီး 'အစောကလည်း လူနား သိပ်ကပ်တာပဲ'လို့ ပြောပြီး တံတောင်နှင့်တအားတွက်လိုက်တာ၊ 'သေပါပြီဗျ' ဆိုသံကြားလို့ လှည့်ကြည့်လိုက်မှ၊ လားလား- ဘလေဇာအစိမ်းနှင့် ဘောင်းဘီတိုဝတ်လို့ ဘသားချောကိုမြင်မှ နှစ်ယောက်စလုံးရှက်၊ မျက်နှာတွေပျက်လို့၊ ကံကောင်းလို့ အနူရုံမရောက်တယ်"

ဟု လက်ဟန်ခြေဟန် နှင့်ပြောလျှင်၊ ဖရက်ရှာကလေး စုစုက

"အနူရုံတော့မရောက်ကြပါနှင့်၊ သောတ္တိသေနနှင့် သမ္ဘူလထုံးနှလုံးသွင်းပြီး၊ မြိုင်ရပ်ကို စုံတွဲညွှန့် ကြွပါတော့လား ခင်မကြီးရဲ့"

"နောက် အဲဒီငနဲကို မမြင်တော့ဘူး စုစုရဲ့၊ တစ်ခါလည်း ဒီလိုပဲ၊ Class အတန်းသွားရာမှာ ခင်ခင်သီက ခင့်နောက်နားက လိုက်လာနေကျ၊ ပါတယ်မှတ်လို့၊ ခု မြန်မာစာအချိန်ပြီးရင် ဟော်စတယ်လ်ကို မပြန်သေးဘူး၊ ကွန်မွန်းရှူးနားက စောင့်ခံနေနော်လို့ပြောတော့၊ နောက်က 'အင်း'တဲ့၊ ခင်က မသင်္ကာတာနှင့်လှည့်ကြည့်တော့ အကောင်တစ်ယောက်တွေ့တယ်၊ ခင်ခင်သီဖြင့် နောက်

www.burmeseclassic.com

www.burmeseclassic.com



းက အတော်ဝေးသေးတယ်၊ သူကလည်း 'အင်း'လိုက်သံကြား
ဲ့ တစ်ခါမှားပြန်ပြီးဟဲ့လို့ ကျိတ်ရယ်နေသတဲ့။ ဒါနဲ့ အတန်း
င်းတော့ ကွန်မွန်းရှူးထဲပြန်လာပြီး ဟော်စတယ်လ်ကို ပြန်မယ်လို့
က်တော့ ခုတင်က ဘကြီးသားက အပြင်ကစောင့်နေတာတွေ့ရ
ယ်၊ 'ဟိုက်–တစ်ခါတော့ ကိုယ်ကျိုးနည်းပြီပေါ့'ဆိုပြီး ခေါင်း
ပြီး အလစ်သုတ်ခဲ့ရတယ်၊ အအက်ရှုမှားပြီး ဖတ်ဖတ်ကိုမောလို့"

"ကြဲကြဲဖန်ဖန် ခင်မကြီးဖြစ်လိုက်ရင် အဆန်းချည့်ပဲ၊ ရှေ့ကိုယ်
ာက်က သူ့များ ချိန်းချက်ပေးတယ်မှတ်လို့ ထင်ပါရဲ့"

"ထင် ထင်ပါလွန်းတယ် နုနုရယ်"

ထိုအချိန် အခန်းတံခါးကြီးမှာ တစ်စုံတစ်ယောက် အရေးတကြီး
်းခနဲတွန်းလိုက်သည်နှင့် ခင်မကြီးသည် စကားကို ရုတ်တရက်
ပ်ကာ လှည့်အကြည့်တွင်၊ မည်သူက ချောက်တွန်းလိုက်သည်မသိ
အိမ်အမှတ်ဖြင့် လုံချည်ကို လက်တစ်ဖက်ဖြင့် မ,ကာ ကပျာကသီ
င်တော့မည့် ကျောင်းတော်သားတစ်ဦးနှင့် ရင်ဆိုင်တိုးနေလေ၏။
င်မကြီးမှာ ရယ်ချင်လှသော်လည်း ဣန္ဒြေဆယ်၍ တံခါးကိုပြန်ပိတ်
က်ရာ၊ ကျောင်းတော်သားခမျာမှာ ပူထူရှက်ကြောက်စွာနှင့် "ဆော
"ဟုသာပြော၍ ပြေးရှာတော့၏။

ခင်မကြီးတို့လူစုမှာ အူတတ်မတတ်ရယ်မောပြီး

"တံခါးတွေကလည်း အစိမ်းသုတ်ထားတာချည်းဆိုတော့
နေတာကိုး၊ သနားပါတယ်၊ ဘယ်သူက တမင်ချောက်တွန်း
က်တယ်မသိဘူး။ ခင်တို့ စားတဲ့သောက်တဲ့အခန်းကို ရေအိမ်နဲ့
ားခံရတာ နာတာပဲ။ မှားတဲ့ ဖိုးစောလဲ ရှက်သွားတာသေလုရော။
ဘာဟုတ်သေးသလဲ၊ မနှစ်က ခင်ရယ်၊ ခင်ခင်သီရယ်၊ အစောရယ်
ယောက်သား ယောက်ျားရေအိမ်ကို ဒီအခန်းမှတ်လို့ ဆာ...နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်တော့မလို့ နည်းနည်းပဲ လိုတော့တယ်။ အပေါက်ဝ နားတောင် ရပ်နေကြပြီ။ အစောကနောက်ကျနေလို့ ရပ်စောင့်နေတုန်း အခန်းထဲက လူတစ်ယောက်ထွက်လာတာမြင်မှ မနည်း ဣန္ဒြေဆည်ပြီး လာရတယ်။ မရိုပ်မိပေဘူးလား အောက်မေ့ပါတယ်၊ မောင်မောင်က ဒါ 'တစ်ဖင်ရှုး' မဟုတ်ဘူး၊ ဟိုရှေ့မှာလို့ ပြောလိုက်တော့ ရယ်လည်း ရယ်ချင်၊ ငိုလည်း ငိုချင် အတော်ရှက်သွားတာပဲ။ ခင်ကတော့ အညွှံ့မခံပါဘူး၊ နောက်ကလူ စောင့်နေတာပါ၊ ဒါလောက်လဲ မအ,သေးပါဘူးလို့ ထ,သတ်တော့မလို ဒေါခပ်ပါပါနှင့် ပြောလိုက်သေးတယ်"

"တကတည်းမင်၊ သူကလဲ မှားမှန်းသိ၊ ရှက်ရှာလိမ့်မယ်ဆိုတာ မသိဘူးလား၊ မသိချင်ယောင်ဆောင်ပြီး သွားပါတော့လား၊ တယ် လမ်းညွှန်ချင်ရှာတာကိုး"

"ဒီတော့ တယ်ကောင်းတယ်၊ ကံကောင်းလို့အဆဲမခံရတာ ခင်ကလား နည်းနည်းစကားရှည်လာရင်တော့လား၊ ဘာရမလဲ ဒါထက်နေပါဦး၊ စုစုတို့ မစ္စတာထင်စီလက်ချာ နားထောင်ရပြီလား"

"ဘယ် မစ္စတာထင်စီလည်း ခင်မကြီးရဲ့"

"အရပ်ရှည်ရှည် ဘိုလိုဝတ်တယ်လေ၊ မျက်မှန်နှင့်၊ သူ့မျက် လုံးဟာ Charles Dickens မျက်လုံးလိုပဲ၊ အမြဲရယ်နေတယ်"

"နေစမ်းပါဦးခင်မကြီးရဲ့၊ Dickens ကို ဘယ်တုန်းကများ မြင်ဖူးသိဖူးလို့လဲ"

"တယ်– ချာတိတ်မကလေးတွေ စကားရှည်တာကိုး၊ ရုပ်ပုံမြင် ဖူးတာပေါ့။ အဲဒီ မစ္စတာထင်စီလက်ချာ နားထောင်ရတာ ဘယ်ကော မှ မပျင်းဘူး၊ သိပ်ရယ်ရတာပဲ"

"သိပြီ သိပြီ၊ နားထောင်ရသားပဲ၊ စုစုဖြင့် သိပ်ချစ်တာပဲ သူပဲ အင်္ဂလိပ်စာသင်မှာမဟုတ်လား၊ သင်ရပါစေ ဘုရားသိကြား

www.burmeseclassic.com



ခ,လို့ သင်ရပါစေ"

"သင်ရပါလိမ့်မယ်ထင်ပါရဲ့၊ ပြီးတော့ မစ္စတာဖရေဇာကြီးကော တွေ့ခဲ့ကြပြီလား၊ စကားပြော လေးလေးကြီး၊သိပ်နားထောင်ကောင်းတာပဲ၊ ဘယ်တော့မှ မပျင်းဘူး၊ ခင့်အချစ်တော်ကြီးပဲ"

"ဒါထက် ခင်မကြီး ရွှေမျက်မှန်နှင့် ခပ်ချောချောဘိုကြီး၊ ရာဇဝင်ခန်းထဲမှာတွေ့တာ ဘယ်သူလဲ၊ တော်တော်ချောတယ်၊ စကားပြောလည်းကောင်းတယ်"

"ဟာ–ပရော်ဖက်ဆာဟောလ်ပေါ့၊ လူတိုင်းချစ်တာပဲ၊ ဒါတွေ ဆော်စတယ်လ်ရောက်မှ အစုံလက်ချာပေးမယ်၊ ခု Class ရှိ ား တယ်၊ လူစုခွဲကြစို့"

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၄ ]

ညနေ လေးနာရီထိုးခဲ့ပြီ။ ကျောင်းတော်သူများ လက်ဖက်ရည်
စားပွဲတွင် မျက်နှာစုံညီ ဆုံမိကြတော့၏။ ဖရက်ရှာလူသစ်ကလေး
များမှာ မိမိတို့ တွေ့ရမြင်ရသည်မှာ အထူးအဆန်းချည်း ဖြစ်နေ
ပြော၍အားမရနိုင်။ ပြောရသည်ပင်လျှင် အလွန့်အလွန် အရသာ
ရှိသကဲ့သို့ ပြောလို့ပင် မဆုံးနိုင်တော့ပေ။

စီနီယာအတန်းကြီးများကလည်း ယခင်နှစ်က မိမိတို့လည်း
ထို့နည်းလည်းကောင်း တွေ့ကြုံခဲ့ရသည်ကို အသစ်တဖန်စားမြုံ့ပြန်က
ဖရက် ရှာများနှင့် ရောနှောပြောဆို ရယ်မောကာ ဓိမ်ယူကြပြန်လေ၏။

လက်ဖက်ရည်သောက်ပြီးလျှင် တစ်နေ့လုံး မောပန်းလှသ
နှင့် ရေမိုးချိုး၊ ဆံထုံးများကို ဖြေဖြုတ်ပြီးလျှင် သင့်လျော်ရုံအဝတ်
အစားလဲလှယ်ကာ ကျောင်းဆောင်ဝင်းအတွင်း လေးထောင့်စပ်
မြက်ခင်းပေါ်တွင် မိမိတို့၏ အသီးသီးအဖော်သင့်သူခင်းနှင့် စကား
ပြောဆိုနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူသစ်ကလေးများမှာ ဘယ်ဘာသာယူရ ကောင်းမလဲ ဟူသော ပြဿနာကြီးကို တောင်မေးမြောက်မေးနှင့် တိုင်ပင်ဆွေးနွေး စိတ်အေးရှာကြပေ။

"စုစုရဲ့ 'ဆိုင်းယင့်'ယူရင်သိပ်ခက်မှာပဲ၊ အိုင်တော့ အတွက်နှင်းလွန်းလို့ မယူရဲဘူး၊ 'ပြူးဝါးအတ်'ယူရမှာပဲ"

"နုနုကလည်းနော်၊ ကိုယ်နိုင်တာပဲ ယူပေါ့၊ ကိုယ်တော့ဖြင့် ဒေါက်တာလိုင်း'သွားချင်လို့ 'ဆိုင်းယင့်'ယူရမှာပဲ၊ မခင်အေးကော ဘာယူသလဲ"

"အေးတော့ ဘာရယ်လို့မဟုတ်ပါဘူး၊ ရင်ရင်က ရာဇဝင်ရယ် ဘာရယ်ဆိုလား တွဲယူမယ်တဲ့၊ သူယူတာ ယူရမှာပဲ"

"အို မခင်အေးရယ်၊ ကိုယ်သဘောကျတာယူမှ ကောင်းမှာပေါ့၊ သူများယူတာယူလို့ ဘယ်ဖြစ်ပါ့မလဲ"

"စုစုက အေး အကြောင်းမသိဘူး၊ တစ်ယောက်တည်းအဖော်မရှိပဲ အေးက ဘယ်မှမသွားတတ်ဘူး။ အဖော်ကွဲမှာစိုးလို့"

"ဒါဖြင့် ကိုယ်မနိုင်ဘဲ'ဆဗ္ဗဂျက်'တွေယူ၊ စာမေးပွဲကျတော့ ဘာ့ရောက်မှာပေါ့၊ ကိုယ်သဘောကျယူရမှုလည်း စိတ်ချရတာအေးရဲ့"

"စာမေးပွဲမအောင်ရင်လည်း ကိစ္စမရှိပါဘူး၊ အိမ်ကလည်းဆူမှာ မဟုတ်ပါဘူး၊ ပြီးတော့ အေးလည်း ပင်ပင်ပန်းပန်း စာမကျက်နိုင် ဘူး အသိသားပဲ။ ကောလိပ်ကျောင်းဆိုတာ ဘယ်လိုလဲသိရင် တော်ပါပြီ။ အောင်တာမအောင်တာ အရေးမကြီးပါဘူး။ ဟော- နင်ရင်ခေါ်နေပြီ၊ သွားဦးမယ်နော်"

"နုနုရေ- ရှေးက ပုံတစ်ခုရှိတယ်၊ မိန်းမ ၄,၅ယောက်စကား ပြောနေ၊ တစ်ယောက်ထ,သွားတော့ အဲဒီတစ်ယောက်အကြောင်း ပြော၊ ဒီလိုနှင့် တစ်ယောက်တည်းကျန်တော့ မေးငေါ့နေဆိုတာလို"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး- အတင်းပြောချင်တာ ငို့ကာ ချဲ့နေပြန်ပါပြီ မခင်အေးအကြောင်း ပြောမလို့မဟုတ်လား စုစုရဲ့"

"ဟုတ်လိုက်လေ ကိုယ့်လူရယ်၊ ဘယ့်နှယ်... ကောလိပ်လာတာ စာမေးပွဲအောင်မအောင် ကိစ္စမရှိဘူးတဲ့အရပ်ကရို့၊ ကြည့်လည်းလု ကြပါဦး၊ နုနုရေ ဘယ်လိုသဘောတဲ့လဲ"

"ဒီမိန်းမဟာ ခက်ပါတယ်၊ စုစုလည်း စာသင်ဖို့လာတာမဟုတ် ပဲ အတင်းပြောဖို့လာတာဆိုရင်ကော ဘယ်လိုပြောမလဲ"

"နုနုရယ် ဟုတ်တာပြောတာပဲ၊ အတင်းမဟုတ်ပါဘူး၊ ခင်သန်းရွှေကလည်း အလှူပွဲထိုင် သွားတော့မလိုပဲ၊ စိန်တွေ မှန်းထ လိုက်တာ"

"လာပဲ လာချေသေးရဲ့၊ စုစုပါးစပ်ဟာလေ၊ ဗလပ်ပလပ်နဲ့ တယ်ပြီးပြောတတ်တာကိုး၊ 'မိုင်းယူ့ဝါအုံးဘစ်နစ်(စ်)မင်' (Min your Own Business)"

"ဘိုမယားက ဘာ လူကို ဘိုလိုပြောနေတာလဲ ၊ မျက် ထဲမတော်ရင် ဟောဒီပါးစပ်ကမနေဘူး"

"ယူတော့ ခင်မကြီးနှင့်တွဲထားဖို့ ကောင်းတာပဲ"

"နုနုလဲ ခင်ခင်စောနှင့်တွဲပါလား၊ မလှုပ်တလှုပ် ဒေဝီချင်း ဟော-ဟော- ကြည့်စမ်းပါလား၊ ညှော်ခန်းထဲမှာ ခင်လေးဟ ဆိုတာမဟုတ်လား၊ အကောင်တစ်ယောက်နဲ့ စကားပြောနေတ အဲဒါ သိလား၊ အင်္ဂလိပ်ကျူတာပေါက်စ မောင်မောင်လှဆို ထင်ပါရဲ့"

"တယ်လဲ သတင်းထောက်ကောင်းပါလား စုစုရယ်၊ ဘယ်က ကများ ကြားလိုက်ပါလိမ့်၊ ချက်ဆို နားခွက်က မီးတောက်နေတာ"

"ကိုယ့်အဖေက ပုလိပ်အရာရှိပါနုနုရယ်၊ ပါး... ဝမှာ လျှောင်စက္ကူက ဘွားအေခေါ်ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိုင့်အဖေလည်း ပုလိပ်ထဲကပါပဲမင်၊ ယူပဲ လွန်ပါတယ်၊ ဒါထက် မခင်သိန်းကော 'ဆိုင်းယင့်'ယူလားမသိဘူး"

"မယူပါဘူး၊ သူတို့ ဆယ်တန်းတုန်းက ပါဠိယူလာတယ်၊ ခုလဲ ပါဠိယူလိမ့်မယ်၊ တွဲကပို တွဲသုနကျွောလို့ ဆဲသံတွေ ကြားရချေသေး"

"ဟော–ရှေ့ပြောနောက်ကြည့်တဲ့၊ ပြောရင်းဆိုရင်း မခင်သိန်း လာပြီ၊ လာ–လာ ခုပဲ ယူ့အကြောင်း ပြောနေသေးတယ်"

"ပဏ္ဍိတာ–အိုပညာရှိတို့ အဘယ်အကြောင်းများ ပြောနေကြသလဲ"

"ဟား–ဟား၊ အစတော့ဟုတ်မလိုလိုနှင့်၊ နောက်နားကျတော့ လျှော့ချတာကိုးသိန်းသိန်းရဲ့"

"ဆက်မှမဆက်တတ်ပဲကိုး၊ နုနုက 'လော့ဂျစ်'ယူမလို့လား၊ သိန်းလဲယူမယ်"

"ယူမယ် မခင်သိန်း၊ အိုင်တော့ 'မက်သမက်တစ်'တွေ ဘာတွေ သိပ်လန့်တာပဲ, 'လော့ဂျစ်'ပဲယူရမှာပဲ၊ မခင်စောလဲ လော့ဂျစ် ယူတယ်ဟုတ်လား၊ စိနိယာပဲ၊လွယ်လားခက်လားမေးကြည့်ပါလား"

"မေးပြီးပြီနုနုရဲ့၊ မခင်စောက သိပ်ပြီးစာကျက်တာပဲ၊ သဘော လဲကောင်း ရိုးလည်းရိုးတယ်၊ လော့ဂျစ်ဆိုတာ ဘယ်လိုဟာဆို တာ သေသေချာချာ ပြောရှာတယ်၊ ခင်မကြီးကတော့ မေးလိုက်တယ်၊ အရှုးပီးဆေး ထိုးခဲ့ရဲ့လားလို့"

"ဘာပြုလို့လဲ မခင်သိန်းရဲ့"

"အစဉ်းစားလွန်ပြီး ရူးတတ်လို့တဲ့"

ထိုအခိုက် ဒင်းနားခေါင်းလောင်းထိုးသည်နှင့် တစ်ဖန် ထမင်း ဟင်းကို စိမ်ပြေနပြေ နာရီဝက်လုံးလုံးထိုင်ကာ စားသောက်ရပြန်လေ၏။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၅ ]

ရက်သတ္တပတ် တစ်ပတ် နှစ်ပတ်လောက်မှာ ထိုနည်းလည်းကောင်း တရုတ်ရုတ်နှင့်ပင် အချိန်ကုန်မှန်းမသိ ကုန်ခဲ့ပြီးနောက်၊ အသားတကျဖြစ်ကာ အခန်းများဝင်ခြင်းကိစ္စ အတော်နည်းပါး၍ ကောလိပ်ကျောင်းအကြောင်းကို ကောင်းကောင်းကြီး သိကြရပြီ။

စနေနေ့ နေ့တစ်ဝက်ကျောင်းဆင်းကြရာ၊ ကျောင်းတော်သူအသစ် ဖရက်ရှာကလေးများသည် ခင်မကြီး အခန်းထဲတွင်စုကာ၊ တွေ့ကရာရှစ်သောင်းလေးထောင် ပြောဆိုရယ်မောကြပေ၏။ ခင်မကြီးမှာ စီနီယာဖြစ်သော်လည်း ဖရက်ရှာကလေးများနှင့် လိုက်လျောညီစွာ ခေါ်ပြောနေတတ်သည်တကြောင်း၊ တစ်နေ့ တစ်မျိုးတစ်မျိုး အထူးအဆန်း ရယ်စရာ ထွင်ပြောတတ်သည်တကြောင်း လူတိုင်းကပင် ခင်မင်ကြလေသည်။

ကျောင်းက ဆင်းလာသည်နှင့်တပြိုင်နက်၊ မိမိဆံထုံးများကို ဖြုတ်ချ၊ ချည်ကွင်ဦးပေါက်ထုံး၊ ရေမိုးချိုး၊ သနပ်ခါးရေကျဲပွတ်ပြီးလျှင် ကျောင်း;တော်သူ တစ်စုနှင့် အခန်းတံခါးပိတ်ကာ ဟားတိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



သော့၏။

"ဒါထက်–ခု လောကနိဗ္ဗာန်အသံထွက်ကား ကြည့်ပြီးကြပလား၊ မကြည့်ရသေးရင် ခင်မကြီးတစ်ယောက်တည်းနှင့် တစ်ဇာတ်လုံးခင်းပြမယ်"

ဟု ဟာစ်တလာဂိုက်နှင့် ပြောလိုက်ရာ၊ အားလုံးကပင် သဘော တူကြောင်း ထောက်ခံလေ၏။

ခင်မကြီးသည် ကုလားထိုင်ပေါ်မှာထိုင်၍ စာရေးစားပွဲပေါ်တွင် ခြေထောက်တင်ကာ၊ အရက်သံပါပါနှင့် "သောက်ကာစားကာအတည် ဂုဏ်ရှိပေသည်၊ ဒါမျိုးနိပ်လှသည်––"စသည်ဖြင့် ခေါင်းလှုပ်လှုပ် ခြေလှုပ်လှုပ်နှင့်ဆိုရာ အားလုံး အူတက်နေကြလေ၏။

ဘတင့်ချောပုံ၊ ခင်ကြည်မှုပုံ၊ ခင်ကြည် တို့ပတ်ရိုက်ဟန်၊ ဘတင့် အရက်မူးဟန်တို့ကို ဇာတ်ကားထဲကအတိုင်း တစ်သဝေ မတိမ်းလုပ်ရာတွင် တူလွန်းလှ၍ "ခင်မကြီးရယ်၊ ရုပ်ရှင်ဇာတ်လိုက် သာ လုပ်ပေတော့" စသည်ဖြင့် ဩဘာပေးကာ တသောသော ပွဲကျနေလေ၏။

"မောတယ်မင်း၊ မောတာပဲ"

ဟု ကုလားထိုင်ပေါ် ပစ်လှဲပြီး-

"ဟော ကြည့်ကြ၊ ဒါကနပိုလီယံ စိတ်အိုက်လို့ အကြံထုတ် နေတဲ့ပုံ"

ဟု ရာဇဝင်စာအုပ်ထဲကပုံအတိုင်း မှိုင်တွေချနေရာ၊ နုနုက

"ဒါက ခင်မကြီး ရည်းစားပူမိနေတဲ့ပုံ"

ဟု စ,လေလျှင်၊ ခင်မကြီးမှာ မျက် လုံးပြူး၍

"လုပ်ပါနဲ့ကွာတို့၊ ဖွဟဲ့–လွဲလေဖယ်လေ၊ ခင့်ဖွသား အေးအေးနေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လက်ကာခြေကာ တောင်းပန်ရှာလေ၏။

"အို–ခင်မကြီးကလဲ၊ ဘယ့်နှယ့်ကြောင့် ဒီလောက်ဖြစ်ရတာလဲ၊ ရည်းစားပုံပဲ၊ မိချင်တဲ့အခါမိမှာပေါ့"

"မလုပ်နဲ့ဆရာ၊ ခင်တို့ဦးလေးတစ်ယောက်ရှိတယ်၊ သူ့မိန်းမလေးက သူ့ထက် ဆယ်နှစ်လောက်ငယ်တာကိုး၊ ချစ်ချစ်ခင်ခင်တော့ ရှိပါရဲ့၊ တစ်ခါတလေ သူ့မိန်းမက ဟောဒီလို(ဒူးတုပ်ပြကာ ခေါင်းကလေးငုံ့ လက်ကလေးကိုက်၍) 'တိုတိုရယ်–နွေလေ တိတ်တိတ်တုံးပါနဲ့လို့ကျောတာ ဘယ်တော့မှ အရာဘူး"လို့ပြောရင်း၊ ဦးလေးက ကျီစားချင်တဲ့သဘောနှင့်ပေါ့လေ၊ ဟောဒီလို (ရုတ်တရက် ထ,ကာ တုတ်ကိုင် လေးကင်းပြ၍) "သယ်–ငါ့ငွေငါဖြုန်း ဘာဖြစ်သေးလဲ နင့်အပူလားလို့' ခုန်ပေါက်ပြီးကြိမ်းလိုက်တော့၊ မယားခများမှာ ဒီလို (ဒူးတုပ်၍ မျက်နှာ လက်နှင့်အုပ်ကာ ကြောက်ရွံ့ဟန်နှင့်) 'ကြောက်ပါတယ် တိုတိုရယ်၊ နောက် အကျောတော့ပါဘူး၊ ကျောရင် တေအောင် တတ်ပါတော့လို့'တောင်းပန်တော့၊ ဦးလေးက တဟားဟား ရယ်ပြီး 'ကိုကိုက အလကားကျီစားတာပါကွဲ' လို့ပြောတော့မှ မချောက မရဲတရဲ ဦးလေးကိုမော်ကြည့်ပြီး 'ခုနင်က တိုတိုက တတ်ပစ်လိုက် မလားလို့'ဟုပြောရှာတယ်၊ အဲဒီလို ခဏခဏ လူကိုဆွနေတဲ့ဟာ ကောင်းမလားလို့"

ခင်မကြီးစကားပြောရင်း 'အက်တင်'အမူအမျိုးမျိုး၊ အသံရော ဟန်ပါ ပြောဆိုသည်ကို နုနု၊ စုစုတို့မှာ တဟားဟားရယ်မောနေကြလေ၏။ ဤကဲ့သို့ ကျောင်းသူတွေတရုန်းရုန်းနှင့် တဆူဆူတည်းနေတတ်ခြင်းကြောင့် ခင်မကြီး၏အခန်းနားတွင် မိမိနှင့်အတွန်ခင် မင်သော ခင်ခင်စောနှင့်တကွ စာကြမ်းပိုးမကလေးများမှ မနေနိုင်၍ အခန်းပြောင်း ပြေးရှာလေ၏။ တစ်ခါတစ်ခါ သံ...သံကြောင်တစ်

www.burmeseclassic.com



ချိုး၊ မီးယပ်ချမ်းထသံနှင့်တစ်မျိုး သီချင်းတွေဆို "အို–ရေချိုးခန်း ခင်းသမီးကြီးရဲ့၊ နောက်မိန်းမကလေးတွေအတွက် ကျောင်းဆောင် သစ်ဆောက်ဖို့ လုံလောက်ပါပြီ"ဟု အခန်းနားနီးချင်းတွေက အော်ဟျင်၊ "ဓမ္မာရုံကြီးအတွက်လိုသေးတယ်၊ ခေတ္တ သည်းခံပါဦး၊ ဆက် ဆိုပါရစေ"ဟု ပြန်ပြောလိုက်သေး၏။

ဤသို့ ပျော်တပြုံးပြုံး အဆုံးမသတ်ရယ်မောနေစဉ် စုစုသည် သက်ပတ်နာရီကို ကြည့်ရင်း

"ဟာ– နှစ်ချက်တောင် ထိုးပါပကော၊ ဒီနေ့ ကိုကို ရုပ်ရှင်လာခေါ်မယ်တဲ့၊ ခင်မကြီးလိုက်ခဲ့ပါလား၊ အိုင် တစ်ယောက် တည်းဆိုရင် ကြောင်လွန်းလို့၊ တခြား ဘင်္ဂလားမောင်နှမတွေနဲ့အတူတူ အထင်ခံရမှာ စိုးတယ်"

"စုစုကလဲ ဘာကိစ္စရှိလဲ၊ ကိုယ့်အစ်ကိုအရင်းမှန်း လူတိုင်း သိတာပဲ"

"လိုက်ခဲ့ပါ ခင်မကြီးရယ်၊ ကိုကိုလဲ တခြားလူမှမဟုတ်ဘဲ"

"တခြားလူတော့မဟုတ်၊ သူစိမ်းပဲ မဟုတ်လား"

"ရှုတ်ပြီ၊ တစ်ခါလာ ဒါမျိုးချည့်ပဲ၊ လိုက်ခဲ့ပါ၊ သူက ဒီတစ် နှစ်တည်းနှင့် 'အင်တာ'လုပ်နေတာ၊ 'အက်(စ်)စကျူဒင့်'ပဲ၊ သိတင်း ကျွတ် တန်းပြီးရင် ခင်မကြီးတို့နှင့် တစ်တန်းထဲပဲ ဖြစ်တော့မှာပဲ၊ 'ကွန်ဘိုင်နေရှင်း'ချင်းလည်း တူတယ်"

"အမယ်လေးဟဲ့ ပြောလိုက်တာ၊ မင်္ဂလာကျက်သရေ ရွှန်းရွှန်း ဆေသွားတာပဲ"

"ကဲပါ– လိုက်မှာဖြင့် ဆံထုံးထုံးပါ၊ အိုင်လည်း ထုံးရမယ်၊ ခလိုက်ရင်တော့လား၊ ကိုကိုနှင့် ရည်းစားဖြစ်ကာစမို့ မျက်နှာပူလို့ ခလိုက်တာလို့ သူများတွေ လျှောက်ပြောမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com


"ပြောပါလား ပြောလေ၊ အထင်ခံရ နည်းမှတ်လို့၊ အလကား ပြောနေတာပါ မယ်မင်းကြီးမရယ်၊ လိုက်ပါ့မယ်၊ မဟုတ်တာတွေ တော့ လျှောက်မပြောပါနဲ့"

ခင်မကြီးနှင့် စုစုနှစ်ယောက်သားလည်း ဖြီးလိမ်းပြင်ဆင်ပြီး 'ဆံထုံးကောင်းရဲ့လား၊ ဆံမြိတ်ကဖွာရဲ့လား၊ သနပ်ခါးတွေဖွေးနေ သေးလား၊ နှာခေါင်းကွက်နေလား၊ မျက်ခုံးမွေးထဲ သနပ်ခါးတွေခဲ နေသလား' စသည်ဖြင့် ရှင်ဘုရင်တစ်ခါတွက် ပဲကြီးတစ်လှေချက် ဟူသကဲ့သို့ ဘယ်အခါမှအဆုံးမရှိသော အလှပြင်ကိစ္စ ပြုနေဆဲပင် ချုပ္ပရာစီက အောက်တွင် လာခေါ်သူစောင့်နေကြောင်း ပြောလာ တော့၏။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၆ ]

"ကဲ–တော်ကြစို့၊ ပြင်လွန်းတော့ မကောင်းဘဲနေကြရော့မယ်၊ ...ာက်မှာ စုစုတို့ 'ဘရာသာ'ကြီးရောက်နေပြီတဲ့"

ဟု ခင်မကြီးက ဆော်သြကာ နှစ်ယောက်သား အခန်းထဲမှ ...ာ်ခဲ့၍ လှေကားအဆင်းသို့ရောက်လျှင် ခင်မကြီးသည်

"ဟောတော့–လက်ကိုင်ပဝါထည့်တဲ့ အိတ်ကလေး မေ့နေရစ်ခဲ့ပြီ၊ ...ိုလည်း သော့မခတ်ခဲ့ရသေးဘူး"

ဟု တဖန် အခန်းကို ပြန်ရလေ၏။

ကျောင်းဆောင် ပေါ်တီကိုအောက်တွင်စောင့်နေသူ ချာတိတ် ...ေး မောင်ကိုကြီးမှာ စိတ်ရှည်စွာပင်

"ကဲ–ခင်မကြီးတို့ သည့်ပြင် ဘာများကျန်သေးလဲ၊ ကျွန်တော် ...ငှ်နေပါ့မယ်"

ဟုပြောလျှင်၊ ခင်မကြီးက

"အို–မောင်ကိုကြီးကလည်း အထော့လုံးတွေ သုံးနေပြန်ပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com


စုစုကတော့နေ့ရာကျတယ်၊ ကျစ်ဆံမြီးဖဲကြိုးစိမ်းနှင့်ခင်ဆံထုံး ထုံးရတာက ကြာနေတာ၊ ကဲ– ချာတိတ်မောင်နှမ သွားကြစို့ရဲ့၊ ကောင်လေးနဲ့ ကောင်မလေး၊ ကောင်းကောင်းလိုက်ခဲ့နော်”

ခင်မကြီးက လူကြီးပီပီ ချာတိတ်မောင်နှမနှင့် ဘတ်(စ်)ကားမှတ်တိုင်သို့ လျှောက်ခဲ့ပြီးလျှင် နဂါးဘတ်(စ်)စီးကာ မြို့ထဲထွက်ခဲ့ကြလေ၏။

“အံမယ်–ချာတိတ် မောင်ကိုကြီးလေးပါလား”

ဟု ကြည်လင် ရွှင်ပြသောအသံနှင့် ဘတ်(စ်)ပေါ်တွင် နှုတ်ဆက်သံကြား၍ မောင်ကိုကြီးမှာ လူထဲတွင် ချာတိတ် ခေါ်ခံရသည်ကို စိတ်ပေါက်၊ ရှက်လည်းရှက်သည်နှင့်

“ကိုခင်မောင်ကလည်းဗျာ၊ခင်ဗျား ဒီလိုချည့်ပဲ”

ဟု ခပ်ဆတ်ဆတ်ပင် ပြန်ပြောလေလျှင်၊ မောင်ခင်မောင်က ကျောက်ကျောရေပက် မျက်နှာရှုံးရသည့်အထဲတွင် စပ်ဖြဲဖြဲနှင့်

“ကိုယ့်လူက ဘာစိတ်ပေါက်နေရတာလဲ၊ ခုရုပ်ရှင်သွားကြမလို့လား၊ ‘စစ်စတာ’လေးလည်းပါသကိုး”

ဟု ရှေ့တန်းကထိုင်နေသူနှစ်ဦး ကြည့်ရင်းပြောပြီး၊ ခင်မကြီးကို မြင်ပြန်သည်နှင့် ခပ်တိုးတိုးအသံနိမ့်ကာ

“အိုးမိုင်း ခင်မကြီးလဲပါသကိုး၊ ကော်တာပဲ၊ ဘောက်ကျပြီ ငါ့ပါးက ဖိနပ်မရွေးဘူးဆိုတာ ဖြစ်နေဦးမလားမသိ၊ မောင်ကိုကြီး အကျိုးတော်တော့ ဆောင်ရလိမ့်မဗျ”

ဟု ကိုခင်မောင်ကြီး ... တီးတိုး ဘိုင်ပင်လေ၏။

မကြာမီ ရုပ်ရှင်ရုံရောက်သည်နှင့် လေးဦးသား ဆင်းကြပြီးလျှင် လက်မှတ်ခံရာတွင် မျက်နှာရှုံးမောင်ခင်မောင်က သက်စွန့်ကြိုးပမ်း ဆောင်ရွက်၊ နေရာထိုင်ခင်းမှာလည်းထို့တူ လောကဇော်ရှုန်းရှုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆနေရာ ခင်မကြီးသည် မောင်ကိုကြီးကိုသာ မျက်စောင်းချိတ်နေ ဘော့၏။ စုစုကား အဓိပတိအပိုးသမား မောင်ခင်မောင်သည် ခင်မကြီးအား မျက်စိကျနေပြီ၊ တစ်ယောက်ကလည်း ခပ်တည်တည် ထပ်နေရာ ရုပ်ရှင်မက ကြည့်လို့ကောင်းနေပေ၏။

မောင်ခင်မောင်၊ မောင်ကိုကြီး၊ စုစု၊ ခင်မကြီး အစဉ်အတိုင်း ရုပ်ရှင်ရုံထဲတွင်ထိုင်မိကြရာ၊ မောင်ခင်မောင်မှာ ခင်မကြီးနှင့် နေရာ ခွင်းဝေးနေသဖြင့် မျက်နှာကိုမှ ကောင်းကောင်းမမြင်ရသဖြင့် မျောက် ချတ်ဆုံထိုင်မိသလို ဣန္ဒြေနဂိုကမှ တစ်ပဲသားမရှိသည့်အထဲ ပို၍ ကြာစောင်းစောင်းဖြစ်ကာ "ကုလားထိုင်နောက်မှီကလည်း နာလိုက် တာ၊ ကြမ်းပိုးထိုးလိုက်တာ"စသည်ဖြင့် ယိုးမယ်ဖွဲ့၍ တကြွကြွတထထ ဖြစ်နေလျှင် မောင်ကိုကြီးမှာ စိတ်ချဉ် မြင်ပြင်းကပ်လာသည်နှင့် ထက်မောင်းကို နာနာဆွဲလိမ်ပြီး "ခင့်ဗျား တယ်ကျပ်တဲ့လူပဲ၊ ငြိမ် ငြိမ်နေစမ်းပါဗျ"ဟုမာန်ထားမှ ကိုယ့်လိပ်ပြာ ကိုယ်ရှက်၍ ငြိမ်တော့၏။

ထိုအခိုက် ချော့ကလက်၊ ချိုချဉ်ရောင်းကုလား လာသည်နှင့် သည့်ရာလက်သစ်လုပ်ကာ ပိုက်ဆံထုတ်ဝယ်ပြီး "စုစုတို့ရော ကြဦး"ဟု လက်နှင့်လှမ်းပေးလျှင်ဖြစ်ပါလျက်နှင့် နေရာမှထကာ ကလက်ထုပ်များကို ပေးနေစဉ် မိမိ၏နေရာကိုပင် ဦးသုံးကြိမ် တော့မလောက် ကျေးဇူးတင်၍ ခင်မကြီးအနားကနေရာတွင် ပီတိ ခုနစ်တန်ပြန်ကာ ဝင်ထိုင်လိုက်လေ၏။ မောင်ကိုကြီးအား "ငါ တော့ ကော်ကွက် တက်မိတာပဲဟေ့" ဟူသော အထိမ်းအမှတ်ဖြင့် ကစိတစ်ဖက်မှိတ်ပြလိုက်၏။

ခင်မကြီးမှာ ငါ့တော့ချောက်ပဲ၊ ဒီအကောင်ဟာ ငါနှင့် တစ် ခန်းတည်း၊ မနှစ်ကတည်းက ငါထိုင်တဲ့ တည့်တည့်ကနေပြီး ခင်လစ်ယူ) လို့ မကြားတကြားပြော၊ လမ်းတွေ့လည်း လိုက်ခေါ်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင်တိုက်တဲ့ နှောက်ပိုးပဲ၊ ခွေးကောင်ကလေး ကိုကြီးကလည်
အလိုတူ အလိုပါပဲဟု စိတ်လည်းဆိုး၊ ရှက်လည်းရှက်က
မျက်နှာပျက်နေလေ၏။

မောင်ခင်မောင်မှာ နေရာတော့ကျပြီ၊ စကားဘယ်လို စ,ပြေ
ရမလဲမသိဘူး။ ရှုးချာချာမျက်နှာနှင့်ပြောရင်တော့ သူ့ကတ္တိ
မွေးပွဖိနပ်က ငါ့ပါး နှုတ်ဆက်လိုက်လိမ့်မယ်။ ဒီတော့ကာ မျက်နှာ
သေသေနှင့် လူရိုးကလေးသဏ္ဌာန်တူစွာဖန်ပြီး "ဒါကဟုတ်ပါ
ငါ့မျက်နှာပိုး ဘယ်လိုသတ်ရမယ်"ဟု လက်ကိုင်ပဝါနှင့် သူမျ
မမြင်အောင် ရစ်ပတ်ထားသော မှန်ဝိုင်းကလေးထုတ်ကြည့်ပြီး မျ
နှာထား ဟန့်,မဟန်ကြည့်ရင်းပင် အူထဲအသည်းထဲက လှိုက်ပြီးရ
ချင်ကာ ခစ်ခနဲဖြစ်သွားပြီးမှ "အဟွတ်အဟွတ်–ချောင်းက
ဆိုးလိုက်တာ" ဟု စကားဖာလိုက်ရလေ၏။ အကြံမရသည်
စီးကရက်ကို အားရပါးရဖွာ ရင်း အသက်ရှူမှား၊ မီးခိုးသီးသွားသ
နှင့်ခင်မကြီးမှာမနေသာတော့ဘဲ "လူ့ကို စီးကရက်နံ့တွေ မွှန်သွ
တာပဲ၊ ခုလိုဖြစ်တာပဲကောင်းတယ်"ဟု မျက်နှာတည်တည်နှင့်ပြေ
လိုက်ရာ၊ စကားစ ရ၍ "ဩော်–ခင်မကြီး စီးကရက်နံ့မခံနိုင်ဘူးလာ
ဆောရီးဗျာ" ခင်မကြီးကား ဘာမှပြန်မပြောဘဲ စုစုနှင့်သာ စကား
စကားရှာ ထွေရာလေးပါးပြောနေစဉ်ပင် ရုပ်ရှင်ပြသည်နှင့် မော
ခင်မောင်မှာ စကားပြောခွင့် မရတော့ပေ။

နာရီဝက် အင်တာဗယ်အချိန်မှာ မောင်ခင်မောင်သည် ပါး
အလကားမထားတော့ဘဲ

"ခင်မကြီး–ဘယ်နှယ့်လဲ ကောင်းရဲ့လား"

ဟု မျက်နှာပိုး မနည်းသတ်ကာ မေးသော်လည်း

"ခင်က ရုပ်ရှင် သိပ်မကြိုက်ပါဘူး၊ အဖော်ကောင်း ကြုံတဲ့အခ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာ၊ ကောင်း မကောင်းလဲ အာသိသမထားပါဘူး”

ဟု မျက်နှာလွှဲ၍ပြောလိုက် ရာ၊ မောင်ခင်မောင်မှာ အတော်ပင် စိချင်ဖြစ်၍ မနစ်ကများ ရုပ်ရှင်တကာ သူချည်းပဲ၊ ဓာတ်သီချင်းများ ဖိန်းနေသေးတယ်ဟု စိတ်ထဲက အောက်မေ့ကာ “မနစ်ကတော့လဲ ရုပ်ရှင်မှာတွေ့မိ သလားလို့”ဟု တွန့်လိုက်သည်တွင်၊ ခင်မကြီးက “အဖော်ကောင်း ကြုံလို့ကြည့်တာ”ဟု မလျှော့တမ်းငြင်းနေစဉ်ပင် ရုပ်ရှင်ဆက်ပြသည် နှင့် စကားစပြတ်တော့၏။

ခြောက်နာရီခွဲ ရုပ်ရှင်ပြီး၍ ဘတ်(စ်)နှင့်ပင် ပြန်လာခဲ့ရာ မောင်ခင်မောင်နှင့် နေရာအဝေးကြီး သွားထိုင်သည်နှင့် စကားပြော ခွင့်မရ။ ဘတ်(စ်)ကဆင်း၍ အင်းလျားဟောအထိ ခြေကျင်သွားရာ လိုက်ပို့ကြသော်လည်း ခင်မကြီးသည် မောင်ကိုကြီးလေးအား “အက်စ် ကြူဒင့်ဆိုတာ ဒီလို ရုပ်ရှင်ခဏခဏကြည့်နေရင် အောင်မှာမဟုတ် ဘူး”စသည်ဖြင့် မြည်တွန်လာသည်နှင့် စကားမပြောရတော့ပေ။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၇ ]

ကျောင်းဆောင်ထဲဝင်မီလျှင် ဒင်နားခေါင်းလောင်းထိုးသည်နှင့် ထမင်းစားခန်းသို့ တန်းဝင်ရလေ၏။

ထမင်းပွဲတွင် စုစုက

"တောက်– မြို့ထဲ ရောက်လျှက်သားနှင့် ခေါက်ဆွဲကြော်ကော်ပြန့်ကြော်ကလေးမှ မဝယ်ခဲ့မိတာ ရိုင်းလိုက်တာနော်၊ တကာ မယ်သူလည်း အရှိသား"

ဟု ခင်မကြီး၏မျက်နှာကို မချိုမချဉ်ကြည့်ကာ ပြောလျှင် ခင်မကြီးမှာ မျက်နှာပျက်နေသည်ကို ဘေးကနုနုတို့က သတိမိသည်နှင့်

"ဘယ်နှယ့်လည်းစုစုရဲ့၊ ဆင်ဖြူတော်မှီ ကြဲစုပ်ရမှာလား"

ဟု ခင်မကြီးကိုသာကြည့်၍ ဝိုင်းမေးကြလေ၏။ စုစုလည်း

"နေကြဦး၊ ထမင်းစားပြီးမှ အခန်းထဲကျတော့ ပြောပြမယ်"

ဟုပြောသဖြင့် အားလုံး ညီညီညာညာ စောင့်ဆိုင်းနေ ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီး ခင်မကြီး၏အခန်းထဲတွင် စုမိကြပြီး၊ စနေနေ့ ကျက်ချိန်လွတ်သည့်အလျောက် စိတ်အေးလက်အေး စည်းဝေး ကြတော့၏။ စာကြမ်းပိုး ခင်ခင်စောပင်လျှင် ခင်မကြီးအကြောင်း ပြောချင်လှသည်နှင့် အိပ်ရာပေါ်တွင် စိမ်ပြေနပြေလဲလျောင်းကာ တော့၏။

"ကဲ–ပရိသတ်စုံညီပါပြီ၊ ဟောတော်မူပါတော့၊ တကာတည်း တက်တော်မူနေလိုက်တာ"

ဟု တစ်ယောက်က အဆိုသွင်းလိုက်ရာ၊ ခင်မကြီးမှာ မ်းပေါ်မှာပင်လှဲကာ မျက်နှာကို လက်နှင့်အုပ် နေတော့၏။

စုစုသည် ခင်မကြီး မျက်နှာထားဆိုးဆိုး နေပုံ၊ မောင်ခင်မောင် က်နှာရှုးပုံ၊ အခြေပျက် တကြွကြွဖြစ်ပုံတွေကို အက်တင်ဟန်အမျိုး နှင့်လုပ်ပြသည်ကိုပင် ပွဲကျနေသော်လည်း ခင်မကြီးမှာ မျက်နှာ ားတတ်ဘဲ ရှိရှာလေ၏။

"ဒီ ခင်မောင်ဟာ ခင်မကြီးနှင့် တစ်တန်းတည်းပဲမဟုတ်လား၊ ဘူးလား"

ဟု ခင်ခင်စောက မေးလိုက်ရာ

"သိသားပဲ၊ မျက်နှာကိုက ခွေးလျက်တော့မလိုပဲ၊ သိပ်ချဉ်စရာ င်းတာပဲ"

"ဒီလိုမပြောနှင့် ခင်မကြီး၊ မုန်းတဲ့လူများ ကိုယ့်ဆီပဲ ရောက်တတ် ် ၊သတိထား"

"ဒီစကား တော်ကြပါ၊ ပြောစရာစကား ရှားလွန်းလို့၊ ဒီနေ့ည တ်ခင်းရမလဲပြောကြ"

"လောကနိဗ္ဗာန်ဇာတ်တော့ ခင်းပြီးပြီ၊ ဒါထက် မနှစ်ကခင်းတဲ့ ခင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာတ်လဲ၊ကဲ ပြောပါ၊မြန်မြန်"

"အို–ဟိုတံငါသယ်လင်မယားစာတ်လေ။ (၅၅၀)ဝတ္ထု ထဲက
လင်ကငါးရရင် သူများတွေခွဲပေးရမှာစိုးလို့ မယားကိုအရပ်ထဲ လည်
ရန်ဖြစ်ခိုင်းတာ"

ခင်မကြီးလည်း "ဩော်–သိပြီသိပြီ"ဟု ထဘီတိုတိုဝတ်၊ ဆံပ
ချီကွင်းအုပေါက်ထုံး၊ သနပ်ခါးထူထူ မျက်ကွင်းကွင်း၊ ပါးကွက်ပြ
လျှင် မျက်နှာသုတ်ပဝါ ခွေးရုပ်ကလေးနှင့်တူအောင်လုပ်၍ ရင်ခွ
ပွေ့ကာ ဆင်တစ်လှမ်း မြင်းတစ်လှမ်းလှမ်းပြီး နှုတ်ခမ်းတစ်လ
ပန်းတစ်လန် လက်ညှိုးငေါက်ငေါက်နှင့် ရန်တွေ့ဟန် ပြုသည်
ကျောင်းသူအပေါင်းမှာ အူတက်နေကြတော့၏။

အရယ်သန်သူများမှာ ဗိုက်နှိပ်၍ "အမယ်လေးရယ်လိုက်ရတာ
အူတွေ ပါးတွေပါ ညောင်းသေရချည့်ရဲ့"ဟု ပက်လက်လန်နေကြ
လျှင် ခင်မကြီးက "ကိုယ့်လူတို့ ဒီလိုဆိုရင်မဖြစ်ဘူး၊ ဆူညံလွန်းလ
ဝါဒင်က ခဏခဏလည်း အဆိုခံရ၊ ရယ်တာလေးလည်း လျှော့ကြဦး
နောက်ကို ရယ်စရာမလုပ်တော့ဘူး"ဟု ခပ်တည်တည်နှင့်ပြောရ
အများကပင် "ဟာ–ဒီလိုဆိုရင် အင်းလျားကျောင်းဆောင်ကြီးဟာ
ကျီးနှင့်ဖုတ်ဖုတ် ဖြစ်တော့မယ်"စသည်ဖြင့် ဝိုင်းတောင်းပန်ကြသေ
လည်း ခင်မကြီးကဈေးတက်ကာ လက်ညှိုးကလေးကိုက်၊ ရုပ်ရှ
မင်းသမီးသဖွယ် အမူလုပ်နေသည်ကိုပင် တဖန် ရယ်ရပြန်လေ၏

ခင်မကြီးမှာ အင်းလျားကျောင်းဆောင်တွင် လူရှင်တော်တစ်
ဖြစ်၍ အနားကပ်မိလျှင် ပါးစပ်စေ့မနေရသဖြင့် မိမိ၏အခန်းက
မှာ ကြက်ပျံမကျ စည်ကား၍နေလေ၏။ မနှစ်ကလည်း ဤကဲ့သ
တသောသောနေ၊ ကျောင်းပြေးနှင့် အပျော်လွန်၍ စာမေးပွဲနိ
မနည်းကြီးစားကျက်၍ စာမေးပွဲကျခြင်းဘေးမှ သွေလွဲခဲ့၏။ ယ

www.burmeseclassic.com

www.burmeseclassic.com



ခရုကား စာကျက်မပျက်ရန် အတော်ဂရုမမူ ထားရှာ၏။ စာကြမ်းပိုး ခင်ခင်စောနှင့်လည်း တွဲမိသဖြင့် အတော်ကလေး ဟန်ကျနေ၏။ သို့သော် အရွတ်အနောက်ကိုကား မလျော့သေးပေ။

စနေနေ့ညကား စတာဒီ(စာကျက်)ချိန် မရှိ၍ အားရပါးရ ပျော်စမြဲပေ။ အခန်းထဲတွင် ဆော့လို့အားရလျှင်

"ကဲ-ကဲ- လေကောင်း လေသန့်ကလေးများ ရှူရအောင် သာခဆောင် သွားကြမယ်"

ဟု ခင်မကြီးပင်ရှေ့ဆောင်၍ ထွက်ခဲ့ကြလေ၏။

ဆန်းလဆယ်ရက် လ,ကလေးသည်လည်း ကြည်ကြည်လင်လင် သာပေစွ။ အင်းလျားကန် ရေပြင်နှင့်လရောင်မှာ အလွန်ပနံရ၍ ဖိတ်ဖိတ် တောက်ပနေတော့၏။ သစ်ပင်များမှာ ညိုညိုမှိုင်းသော အရောင် ဆောင်ပေ၏။ အင်းလျားကျောင်းဆောင်ဝင်းထဲရှိ ပန်းခင်း မြက်ခင်းများအပေါ်တွင် လရောင်မြူးဘိ၏။ ညဥ့်အခါ၏ ဆိတ် ငြိမ်ခြင်းသည်လည်း တစ်မျိုးသာယာသည်ဟု ထင်မှတ်ရ၏။ ခင်မကြီး တို့လူစုလည်း သာယာကြည်နူးဖွယ်ကောင်းသော ရှုမျှော်ခင်းကိုကြည့် ကာ အတော်စကားမပြောဘဲ ငြိမ်နေကြလေ၏။ အေးချမ်းသာယာ သာပတ်ဝန်းကျင်ရှိ အရာများသည် ခင်မကြီး၏မျောက်စိတ်ကိုပင် ချုပ်နိုင်လေသလောမသိ။

ခင်ခင်စောကား လမင်းကိုတူရူကြည့်ကာ 'စန္ဒိမာ-ရောင်ဝါ ဝင်းဝင်း၊ ဖိုလမင်းသည်။ ရတ္တိ-ညဥ့်အခါ၌သာလျှင်။ အာဘာတိ- ရောင်လက်တောက်ပနိုင်၏"ဟု စစ်ကိုင်းမင်းကွန်းချောင်ထဲ၌သာ ကြားနိုင်သော သီလရှင်သံကလေးနှင့် ချိုအေးသာယာစွာ ကြုံးရင့် ဆိုက်ရာ အားလုံးပင် ငြိမ်၍ နားစိုက်နေကြလေ၏။

ခင်ခင်စောလည်း လမင်းကိုမော့ကြည့်၍ လောကမှာ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသည်သာလျှင် "နေညမည့်ညှိုး၊ တောက်ပဖြိုးသော တန်ခိုးတော်နှင့် ပြည့်စုံတယ်"ဟု ဗုဒ္ဓါနုဿတိ ပွားများနေလေသတည်း။

၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၈ ]

ဘရွတ်ရွတ်တောက် မဟုတ်တာတွေ ကြားချင် မြင်ချင်ရင် ခင်မကြီးဆီသွား၊ စာသံပေသံ ဘုရားတရားသံကြားချင်ရင် ခင်ခင် အဆီသွားဟူ၍ ပြောစမှတ်ပြုကြသည့်အတိုင်း ခင်ခင်စောက ရိုးရိုး ကုပ်ကုပ် ဘုရားတရား စာပေနှင့်သာ ပျော်မွေ့သူဖြစ်သော်လည်း အရွတ်သမားခင်မကြီးနှင့်လည်း အလွန်ပင်ခင်မင်ကြလေသည်။

"ခင်မကြီး–အစောရေးတဲ့တေးထပ်ကလေး ကြည့်ပါဦး၊ ညက သာသာ စိတ်ကူးရလို့ရေးတာ၊ "ဒိဝါတပတိအာဒိစ္စော"အစချီတဲ့ ဂါထာအဓိပ္ပါယ်ယူပြီး ရေးတာ။ နေမင်း၊ လမင်း၊ လူမင်း၊ မဟန္တာများဟာ ဂုဒ်ပဟန်သာ တန်ခိုးရှိတယ်၊ မြတ်စွာဘုရားသာ ချင် အစဉ်အမြဲ ဘုန်းတန်ခိုး တောက်ပနိုင်တယ်ဆိုတဲ့အကြောင်း"

"ပြစမ်းပါဦး ဖတ်ရအောင်၊ ခင်က တကဲ့ပြင်ညာရှိ (ပြင်,ပြင် ဦးညာတာလေ)သူ့ထမိန်ကြီးကို၊ ကဲ–ဖတ်လိုက်စမ်းမယ်"

"ပုဏ္ဏမီစန္ဒာလ၊ လျှံဝါကြွ အစဋ္ဌာ၊ ရံခါပ ကြယ်တန်ရာငယ်၊ ညဉ့်ချိန်ခါ ဝေရွှန်း၊ ဖလ်ရှိန်ကွန့်သူရိယာမှာ၊ ချိန်ဒိဝါလင်းလှလို့

www.burmeseclassic.com

www.burmeseclassic.com



ရှန်း။ ။မင်းရာဇခတ္တိယာငယ်၊ ဘုန်းတောစာဖွေထွန်း၊ မင်းတန်ဆာ ဆင်မွန်းမှ၊ ယဉ်ရွှေညွန်းတင့်ညီ၊ ထောင်ကိုလေသွေလေကြ၊ ပရ ဘုရားသားတော်မြတ်ထိရ်။ ။အဘိညာဉ်ရျာယီကို၊ ခါမလီဝင်စားမှ ထင်ရှားလိမ့်မြတ်သမ္မာ၊ မြမဟုတ်ပါ။ ။မြတ်ဗုဒ္ဓရောင်ဝါသာ မြနိစ္စ ထွန်းတောက်လို့လေး"

"ကောင်းသာပဲစောရဲ့၊ ခင်ခင်သီခေါ်ပြပါဦး၊ သူက ဒါမျိုး ဝါသနာပါတယ်။ သီသီရေ–လာ။ ဟောဒီ စောလက်ရာကလေး ဖတ်ပါဦး"

ခင်ခင်သီဝင်လာ၍ အထက်ပါတေးထပ်ကလေးကို ဖတ်ကြည့် ပြီး "စောသိပ်တော်တာပဲ၊ ကိုယ်လဲ ဒီလို တတ်ချင်ပါဘိတော့တယ် စောကို သိပ်အားကျတာပဲ"

"စောလည်း သီသီအင်္ဂလိပ်စာတော်တာပဲ အားကျတယ်၊ စော မြန်မာစာဖတ်အားသန်ပြီး အင်္ဂလိပ်စာမှာ လျော့နေတာခက်တာပဲ"

"ကိုယ့်မားသားတန်း ကိုယ်မနိုင်တာ ရှက်ဖို့ကောင်းတယ် တစ်ခါ မဂ္ဂဇင်းတစ်ခုထဲမှာ ဖတ်ဖူးတယ်၊ အင်္ဂလိပ်စာတတ်သလော မြန်မာစာမတတ်ရင် စိန်နားကပ်ကြီးပန်ပြီး ထမင်းနပ်စေ့အော မစားရတာနှင့် တူသတဲ့"

"သီသီလဲ ဒါလောက်ကြီးမဆိုးသေးပါဘူး၊ မြန်မာစာလဲ အလိုက်သားပဲ၊ စောကသာ အင်္ဂလိပ်စာမှာ ဟုပ္ပလက်(စ်)ဖြစ်နေတာ"

(ထိုအတွင်း ခင်မကြီးမှာ အရွတ်မပြောရ၍ မနေနိုင်သည်နှ လစ်တော့၏။)

"စောက ကိုယ့်ကိုယ်ကိုစိတ်မချလို့ပါ၊ အင်္ဂလိပ်စာမှာလဲ တော်သားပဲ၊ ဒါထက် စောကို တစ်ခုပြောရဦးမယ်၊ ဟော အင်္ဂလိပ် လက်ာကလေးဟာ မြန်မာလိုပြန်ဖို့ကောင်းတာပဲ

www.burmeseclassic.com

www.burmeseclassic.com



Gray ရေးတာ"

"The boast of heradly, pomp of power
All that beauty, all that wealth e'er give
A waits alike the inevitable hour
The paths of glory lead but to the grave"

"ဟုတ်ပါရဲ့ သိသိရယ်၊ ဗုဒ္ဓဘာသာတရားနှင့် ညီလိုက်တာ၊ ကဲ–စမ်းပြီးပြန်ကြည့်မယ်နော်"

ခင်ခင်စောလည်း စာရေးစားပွဲတွင်ထိုင်ကာ စဉ်းစား၍ရေးပြီးလျှင် "ကဲ–သိသိ၊ ဒီလိုဆိုရင် နေရာကျပါ့မလား"

"ဓာတိမာန်လွှမ်း၊ အစွမ်းဩစွာ၊ ဣဒ္ဓိဖြာ၍၊ ပကာသန၊ ဣဋ္ဌ အာရုံ၊ ဓနဂုဏ်လည်း၊ ကုံလုံလွန်ပေါ၊ ပြည့်စုံဖောလည်း၊ အပြော ကျယ်စွာ၊ သံသာဩဃ၊ ပျက်ချိန်ကျက၊ တစ်စပြင်မှန်၊ မြေသုသာန် ဝယ်၊ မြုပ်နှံသောခါ၊ တန်ခိုးကွာသည်၊ မရဏာလမ်း ဖြောင့်ဖြောင့် တည်း"

"သိပ်ကောင်းတာပဲ အစောရဲ့၊ အစောတို့လိုလူကမှ မြန်မာ စာပေကို ကြီးပွားအောင် ဆောင်ရွက်မှာ"

ထိုအခိုက် ခင်မကြီးသည်

"တိုင်းပြည်မှာ နာမည်မွေးပါတဲ့ ခင်လေး၊ အသာကပ်ပြီး ခန္ဓာအနာနှင့် သတ်လိုက်ချင်လှ၊ အမယ်... မင်း၊ ပိုက်ဆံပါ တစ်မတ်လောက် ချေးကြစမ်းကွယ်တို့"

ဟု အဆွဲအငင် အရှိက်အပင့်တွေနှင့်ဆိုကာ တဖန်အခန်းတွင်း ဝင်လေရာ ခင်သိက

"စိန်ကောင်း ကျောက်ကောင်း ရောင်းရာမှာ ဆေးရိုးသည် ကန့်လန့် ကန့်လန့်၊ တယ်လဲရှုပ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ– သူတို့က စာသံ ပေသံ စက္ကျူသံ 'ပေပါ'သံတွေနှင့် တယ်လုပ်နေပါလား၊ ခင်တို့က ဒုန့်ကဲယား၊ အမျိုးကဖြင့် မေးတော့ မောင်၊ ဘာကောင်လို့ထင်သလဲ၊ နောက်ပေါက်တွေဟူသမျှကို ကွယ်..."

"ရှေ့တော့ မဆက်ပါနှင့်၊ စကားပျက်မို့ နားရှက်လှတယ် ခင်ရယ်"

"အစောကိုအားနာလို့သာ နေရတယ်၊ ရှေ့ဆက်လိုက် မကောင်းဘူး"

"ဆက်ချင်ဆက်ပါလား၊ အငှားကြွားကြီး ဖြစ်နေမှာပေါ့"

"သိသိကပေမယ့် ပါးစပ်ပက်စက်လာပြီ၊ အဲဒါ ခင်နှင့်ပေါင်းလို့လို့ ပြောချင်သေးသလား"

"ခင်မကြီးရှိရင်တော့ စကားကောင်းကို မပြောရဘူး၊ စာများလဲကျက်ဦး၊ ဒီနှစ် စီနီယာဟာ ကလေးကစားတာမဟုတ်ဘူး"

"အစောရယ် ကလေးကစားတာမဟုတ်၊ လူကြီးကစားတာပေါ့ ဟုတ်လား"

"ဟောဒီလိုရွတ်တာတွေပဲ၊ ဟို ဘာလရွတ် မျက်နှာရှုး ခင်မောင်နှင့် သွားပါစေတော်၊ မကြာခင် မျက်စိအောက်မှာ မြင်ရပါစေ"

"ဟုတ်တယ် သိသိ၊ သူတို့ချင်း အပြောင်အပြောင်ချင်း သိပ်လိုက်မှာ"

"အစောရော သိသိရောနော်၊ ခင့်ကိုသာကျိန်ဆဲနေကြ၊ ဝဋ်လည်လိမ့်မယ်၊ အစော ညညသိဆိုတတ်တဲ့ သီချင်းသံဖမ်းပြီး တန်းတန်းစွဲ လိုက်လာမယ့်သူ ပေါ်ပါစေတော်"

"မလုပ်ပါနဲ့ခင်ရယ်၊ ရည်းစားထားပြီး ဒုက္ခရောက်ရှာကြတဲ့ သူတွေကြည့်ပြီး၊ သတ္တဘာဝမင်း အစောကလေးကို ချန်ချွင်းလက်စ

www.burmeseclassic.com

www.burmeseclassic.com


နှင့် ကွင်းခဲ့ပါတော့လို့သာ တောင်းပန်ရမှာပဲ"

"အို–အစော၊ လူတို့ကံတရားဆိုတာ ကိုယ်တိုင်ပြုပြင်ရတာ ခဟုတ်ဘူး၊ ပုဗ္ဗေစကအကျိုးပေး၊ မလိုချင်လို့လည်းမနေရ၊ လိုချင်သော်လည်း မရဘူးတဲ့၊ လောကမှာ လုပ်တိုင်းမဖြစ်ကြဘူး၊ လုပ်တိုင်းဖြစ်တာက ခါးပိုက်နှိုက်၊ လစ်တိုင်းဖြုတ်ကြသကိုး"

"ခင်မကြီးတော့ ပျက်လွန်းအားကြီးလို့ အနှုရုံပို့ခံရတော့မယ်၊ သတိသာ ထားတော့"

ခင်မကြီးသည် မှန်ကြည့်ကာ "ဟုတ်ပါရဲ့ကွယ်ရို့၊ ကိုယ့်မျက်နှာကိုမှ ကိုယ်မရှုရဲ၊ အဲ...ဟဲ...ဟဲ"ဟု ဖိုးစိန်အသံနှင့် မတူစွာသော အသံနှင့်ဆိုကာ မျောက်က,ကနေပြန်သည်နှင့် ခင်သီတို့မှာ မတတ်နိုင်ဘဲ ကြည့်နေရတော့၏။

ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၉ ]

ဒီစနေနေ့ ကျောင်းအုပ်ကြီးဇနီးမောင်နှံ အင်းလျားဟောလာပြီး ညစာထမင်း သုံးဆောင်မယ်တဲ့။ အင်တာတိန်းလုပ်ဖို့ စီမံကြဟု တစ်ဆင့်တစ်ဆင့် အမိန့်ချမှတ်လိုက်ရာ– "ဟော့–ရေချိုးခန်းမင်းသမီးတွေ၊ ဘယ်ရှိန်းဆာယာပိုမောက်ပြီး၊ ကိုယ်ပျောက်ကုန်ကြလဲ၊ ခုလို အရေးထဲကျ ရှာမတွေ့ဘူး။ရေချိုးခန်းထဲမှာဖြင့် အစွမ်းကောင်းလိုက်ကြတာ"ဟု အာခပ်ကျယ်ကျယ်နှင့် ကျောင်းသူတစ်ဦးဆော်ဩသံ လျှင်၊ ခင်မကြီးက

"အစစ်ပေါ့၊ ရေချိုးခန်းထဲမှာ အစွမ်းကောင်း နေပုံတွေ တော့ ဘယ်ပြောကောင်းမလဲ"

ဟု လေးလေးပင်ပင်ကြီး ပြောလိုက်လေ၏။

"ခင်ခင်စော–သီချင်းဆိုရမယ်တဲ့၊ သီချင်းကြီးတွေ ရတယ်မဟုတ်လား"

ဟုမေးရာ၊ အထက်ကအဆောင်မှူးများကိုမလျှော်ဆန်နိုင်၊ တတ်

www.burmeseclassic.com

www.burmeseclassic.com


သည့်ပညာ မနေသာဟူသကဲ့သို့ ခင်ခင်စောမှာ မငြင်းဆန်ဘဲ ဝန်ခံလိုက်ရရှာလေ၏။

စနေနေ့ညဥ္စကား ခင်ခင်စောမှာ ရှက်ကြောက်ရွံ့ခြင်းကို ပမာမပြုနိုင်ဘဲသီချင်းဆိုရာ ခင်မကြီးက ပီယာနိုတီးပေး၏။ တိတ်ဆိတ်သောညဥ့်အခါလည်းဖြစ်၊ အားလုံးပင် ငြိမ်သက်စွာနားထောင်နေကြသော၊ သီချင်းသံနှင့် ပီယာနိုသံကို ကြည်လင်သည်ထက် ပို၍ကြည်လင်စေ၏။

"သဇင်လေ...ခယားလေ၊ စကားလေ၊ စံပယ်လေ၊ သဇင်လေလေ၊ စကားလေလေ၊ ခယားလေလေ၊ စံပယ်လေလေ စံဖိ စံဖိ ရွှေသွယ်၊ စံ စံဖိစံဖိရွှေသွယ်၊ ပျံ့လှယ်ဝတ်မှုံမွှေး လေပြေတသွေးသွေး၊ စုံမြိုင်ခြေ ကျေးရယ်က ပန်းသာတွေ၊ ဆောင်ရွှန်းရိုင်ဘွေ၊ လဝန်းရစ်ခါခွေ...ရွက်ဝါကြွေနွေမူးမူး၊ ရာသီခါမို လသာခေါင်၊ မြလွှာမှောင်တောင်ကိုမြူး၊ ဇေါ်ဖိဖူးပေ၊ တော့မယ်လေလေ့၊ မေ့ရက်ကယ် နေ နေနိုင်တယ်" ဟူသော မြမြမောင်းမောင်းသီချင်းသံသည် ကြည်လင်အေးမြစွာ ညဥ့်လေပြည်ယူရာပါသွားရကား စနေနေ့ညဖြစ်သည့်အလျောက် လသာသာတစ်ကိုယ်တည်း အင်းလျားကျောင်းဆောင်အပေါ်တွင် လမ်းလျှောက်လာသော မောင်သန်းဖေ၏နားတွင်းစိမ့်ဝင်သွားလေလျှင် သည်းဖျားဖိန့်ဖိန့်၊ ရိုးချဥ်စိမ့်မျှ၊ မယ်ဣရာ၏အသံကိုကြားရသော ပုဏ္ဏကဘီလူးမင်းကဲ့သို့ အူချာရိုးတွင်း၊ ခြင်ဆီချင်းအောင်၊ ကြည်နူးသွားဘိ၏။ ခြေလှမ်းများသည်လည်း ညွတ်တွင်းမိသောငှက်ကဲ့သို့ မလှုပ်နိုင် မရွေ့နိုင်ဘတော့ပြီ။ မိမိ ဘာကိုပြုမိသည်မသိခင် မတ်မတ်ရပ်ကာ အသံကြားရာသို့ စူးစိုက်နားထောင်နေတော့၏။

"ညိုးငယ်ခွေရပ်ပျောင်း၊ ပွပုံပန်း...ရွှေပင်လယ်၊ အိုကြင်သွယ်

www.burmeseclassic.com


ကွာရေး...ဝေး...မြင်လှပါပဲရယ်...ဆွေး"ဟု ဖြည်းညင်းသာယာ
ဆွဲငင်၍ ဆေးချင်းချလိုက်ရာ မောင်သန်းဖေမှာ စိတ်နှလုံး ယူကြုံး
ကြည်နူးညွတ်လှ၍ နောင်အသံ ကြားရနိုးနိုးနှင့် ထပ်နားထောင်သေ
လည်း မကြားရတော့သည်နှင့် မခွာချင့်ခွာချင် လေးလံသောခြေလှ
ဖြင့် မိမိနေရာ အင်းဝကျောင်းဆောင်သို့ လာခဲ့ရလေ၏။

နောက်တစ်နေ့ နံနက်၌ကား ညကအရှိန်ကြောင့် အိပ်ရာ
စောစောမထနိုင်ကြပေ။ ချိုတားငတ်ကြသည်။ မနက်စာကလည်
ဆယ်နာရီမှ ကျွေးမည်ဖြစ်ရာ ကျောင်းတော်သူခများတို့မှာ အူတကြွ
ကြွတ်နှင့် ဆာနေကြလေ၏။ ခင်မကြီးတို့လူစုကား အဆာ
တွေ့ရာပြော တွေ့ကရာရယ်စရာ လုပ်နေကြလေ၏။

"ညက အစောဆိုတဲ့သီချင်းဟာ သိပ်ကောင်းတာပဲ။ ဒါ
ကြားရတဲ့ငနဲတော့ ငိုက်ကျပြီး အစောဆီ ဆိုက်လာမှာပဲနော် သီသီ

"ခင်မကြီး– ဘယ်လိုပြောလိုက်တာလဲ၊ အရှုးစကား သဘ
သည်စကား၊ ကလေးစကားဟာ မှန်တတ်သတဲ့။ သတိသာထားတေ
အစောရေ့"

"မဟုတ်တာတွေ မပြောပါနှင့်၊ ကဲ–ခင်မကြီးရယ် အောင်ဗ
အသွားကလေး လုပ်ပါဦး"

ခင်မကြီးသည် ကြမ်းပေါ်ခြေဆင်းထိုင်ချပြီး

"အလယ်လယ် နာပါတယ်တော်၊ အလယ်လယ် နာပါတ
တော်၊ အမယ်မင်း နာ ပါတယ်တော်..."

စသည်ဖြင့် အခါပေါင်းများစွာ နှာသံကလေးနှင့် ခြေလှုပ်လှ
ခေါင်းလှုပ်လှုပ်ဆိုနေရာ၊ ဒုတိယအဆောင်မှူးရောက်လာသည်နှ
ကပျာကယာ ဣန္ဒြေဆယ်လိုက်သော်လည်း မြင်နှင့်ပြီးဖြစ်သဖြ
လူကြီးပီပီ လူငယ်တို့၏သဘောကိုလိုက်လျောစွာ

www.burmeseclassic.com

www.burmeseclassic.com



"ခင်မကြီးလည်း အင်းလျားဆောင်လူပျက်ဖြစ်နေပြီ။ သူမရှိရင် ဘြာက်ကပ်ကြီးနေမှာပဲ"

ဟုပြောပြီး

"နောက်တနင်္ဂနွေနေ့ကစပြီး ရွှေတိဂုံဘုရားမှာ ပန်းဝတ်ပြုကြမယ်၊ ိုက်ချင်တဲ့သူတွေ စာရင်းပေးလှဲ့"

ဟု ပြောခဲ့ မှာထားပြီး ထွက်သွားလေ၏။

ခင်မကြီးသည် မျက်စိတဆုံးလိုက်ကြည့်ပြီး မကြားမမြင်လောက် ည့်နေရာရောက်မှ မျက်နှာသုတ်ပဝါကလေးကို လက်ကန်တော့ ီးကာ စက္ကူမြွေချ၍ ပါးစပ်က "နံ့သာနီတောင်၊ ကမ္ဘာရှည်အောင်၊ ာလ်ဆိုးလဲဝတ်ကြောင်၊ (ဆံပင်ပယ်ဟန်ပြု၍)ကေဥသျှောင်ပယ်လိုး၊ ာန်နှင့်နီး၊ (ပုလဲပုတီးကိုလက်ပတ်၍) ပုတီးပ–လက်တွင်ဆောင်၊ ီးမင်္ဂလာဖောင်"ဟု လက်ဟန်ခြေဟန်နှင့် ရွတည်တည်ထားကာ ိဆိုရင်း စကြံသွားလေလျှင် အားလုံးပင် ထမင်းဆာသည်ကို ေ့ကာ ရယ်မောကြလေ၏။

ခင်ခင်စောက

"ခင်မကြီး–ဒါက ဘာလုပ်တာလဲ"

မေးမှ

"ဘာလုပ်ရမှာလဲ၊ သူတော်ကောင်းတရား ရှာမှီးတော့မယ့်ပုံလေ"

"ကောင်းပါပေ့ခင်ရယ် ကောင်းပါပေ ပတ္တနာပြု သာခုပဲခေါ် ီးတော့မယ်"

ထိုအခိုက် ထမင်းစား ခေါင်းလောင်းထိုးရာ "ဒီနေ့ကတော့ နေ့က တကော်ကော်နှင့် ခြင်းထဲထည့်ယူသွားတဲ့ ဘိုးတော်ဘုရား ာက်ထက်က ကြက်ဖိုးစောကြီးတွေ အာလူးရောပြီးချက်တဲ့ဟင်းနှင့် ိတာတာပလောရို့(စ်)တော့ စားရချေသေးရဲ့၊ ဒုက္ခ ဒုက္ခ၊ ဝေခါ



www.burmeseclassic.com

www.burmeseclassic.com

တလေများ ကျောက်ခဲကြော်၊ လွှဟင်းချို၊ စူးဆောက်ကြော်ချက်
ဓားမပြုတ်အတို့ကလေးများနှင့် ကျွေးစမ်းပါတော့”ဟု ညည်းညူ
မှာ ခင်မကြီးအပြင် မည်သူဖြစ်အံ့နည်း။

၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၀ ]

### အသံရှင်ထံသို့ဘောသသယ်

ကြူးရင့်သံချို–သံချို၊ သည်ရွှေကိုယ်မေ့နိုင်ဘု၊ ဘဝင်တော်ခွေ့
ချို၊ သည်းဆွေ့ဆွေ့ခါ၊ ဘယ်လှည့်ပျံ့ထံတျာ၊ ထံတျာ၊ သံသာသာ
တာယ်လေး၊ သွေးယှပျံ့ရှာ။

ဆွတ်ကြည်နူးလိုက်ပါဘိ၊ ဘုန်းမောင့်မှာ၊ လေညှင်းငယ်ဖြာဖြာ
သဒ္ဒါရုံကြွေး၊ စန္ဒာရောင် မွေးရယ်နှင့်၊ ဆွေးချင့်စဖွယ်၊
ချိုးတုနှယ်တူနှယ်၊ ကညာမယ် သံတော်သွေးတယ်လေး၊
နွဲ့သွယ်။

မမေ့နိုင်စွဲပါပေ့၊ ဆွေးပိုမောက်ကြွယ်၊ တွေ့နိုးရယ် ဘယ်ဝယ်မှ၊
ယ်သွယ်လွမ်း၊ တမျှော်မျှော် ပန်းလှပေါ့၊ နွမ်းခွေလျထိုင်၊
လက်ကိုင်ဖြေနိုင်ရန် ခက်တယ်လေး၊ ပင့်သက်ကျမှိုင်။

ဥရာမယ်တစ်ပါးငယ်တို့၊ မခြားတူရှာ၊ ဟိုရှေးငယ် သံသရာက၊
ဆုထူး၊ ပန်ဆင်ခဲ့ဖူးရှေ့သလား၊ ဦးထိပ်ပန်၊ ရေစက်ကယ်မှန်၊
တွေ့တွေးတယ်လေး၊ ဆွေးစေဖို့ဖန်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတော်ထားမိပေါ့၊ ချစ်အားတော်သန်၊ နောက်များ
မာယာဉာဏ်နှင့်၊ မှုဟန်တော်လွှဲ၊ ချစ်တော်မှုဆဲဟာမို့၊ နွဲ့ပျော်လှ
သံအေးရှင်ပျို– ရှင်ပျိုး တမင်ကဲ့တတယ်လေး၊ အားငယ်လှဖို့၊
သဖြန်။ ချစ်တဲ့ခင်ပျို သံချိုရင့်မေကျူး၊ ကြားမိသူ၊ နေမပျော်
တမျှော်မျှော်–ခွေလျော်ဆွေးရတယ်၊ (မိမိရေ) တွေးစိတ်နှင့်ရှူး။

'ကိုသန်းဖေ တော်တယ်ဗျာ၊ ဒါကြောင့်လဲ မြန်မာ
ဂုဏ်ထူးယူနိုင်တာပဲ၊ ဒါကလေးသာ ပေးလိုက်ရင် စွံမှာပါပဲ'

'ပြောတာကတော့ ဟုတ်ပါရဲ့ ကိုခင်မောင်ရယ်၊ ဘယ်
ဘယ်ဝါမှန်း မသိတာက ခက်နေတယ်'

'ခင်ဗျားကလည်း တစ်မျိုး၊ ကျုပ်လဲ တစ်မျိုး၊ ခင်မကြီး
ဆတ်ဆတ်ကြဲ၊ သွားမစရဲဘူးဗျ၊ ချာတိတ် မောင်ကိုကြီးက
ကပ်ရမှာပဲ'

'နေရာကျပြီဗျို့၊ သူ့ကိုပဲ အသံရှင်ကလေးရဲ့ သဲလွန်စ ရှာ
ရမှာပဲ'

'ဟုတ်တယ်၊ သူ့စစ္စတာကလေးကလဲရှိ၊ တခြား အပျို
ကလည်း သူ့ကို ချာတိတ်ကလေးဆိုပြီး အရောဝင်တယ်၊ ချာ
ဖြစ်ရတာကပဲ ကောင်းသေးတော့'

'ကဲဗျာ၊ မောင်ကိုကြီးကို ခေါ်ပါဦး၊ မြန်မြန်ကလေး ဒီ
အင်းလျားဟောလ်ကို လွှတ်လိုက်ရအောင်'

'လောလိုက်တာဗျာ၊ ပုဏ္ဏားသားလိုချင် ဆိုတာကျနေ

မောင်ခင်မောင်လည်း မောင်ကိုကြီးကို လိုက်ရှာ
ဖက်ရည်ဆိုင်ခေါ်သွားပြီး ရက်ရောစွာ ဝယ်ကျွေး၍

'ကဲ ချာတိတ်မောင်၊ သူဆန်စား ရဲမှတဲ့၊ ကိုယ်တို့အကျိုး
ရလိမ့်မယ်ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ကြားရတာ လန့်စရာကြီးဆရာ၊ အကြောင်းကလေးများ င်းစမ်းပါဦး'

'ဟိုစနေနေ့က ရုပ်ရှင်တုန်းကကွာ၊ မေ့ပြီလား'

'ခင်မကြီးကိုလား၊မလုပ်နှင့်ဦးဆရာ၊ ခင်ဗျားရော၊ ကျွန်တော် ရော ရှမ်းဆရာတစ်ယောက် အရင်ရှာပါဦး'

'ဆေးဖယောင်းတိုင် ထွန်းဖို့လား၊ ဒါမျိုး ဝါသနာ မပါဘူး၊ အကြံပက်စက် စကောလောက်မနက် ဆိုတာလို'

'နှုတ်ခွန်းတော် ရွှေပါးစပ်က၊ မစင်ဟပ်တော်မူ ဆိုတာကျနေတာ ဒါပြောတာ မဟုတ်ဘူး၊ ဖိနပ်စီးပြီး ဆေးထိုးဖို့ပြောတာ ကိုခင်မောင်ရဲ့'

'တယ်ရှော်တဲ့ အကောင်ကိုး၊ ကဲကဲ ဟောဒီက ကိုကိုခင်မောင် အဖြင့် ခင့်မျက်နှာကလေးဟာ မျက်လုံးထဲမှာ ဓာတ်ပုံရိုက်ယူရခဲ့သလို နေပါပြီ၊ ခုလို ဓာတ်ပုံရိုက်ပြီးမှ ဖလင်ဆေးရာမှာ နေရာမကျပြီး၊ အကွက်မလပ် ဖြစ်မှာစိုးလို့၊ မောင်ကိုကြီးကို ဆေးဖို့ တာဝန်လွှဲရတာ လို့'

'ဖလင်ဆေးဖို့ ပြောပါဗျာ၊ ခင်ဗျားဟာက ဘာကလိုတို၊ ကလာတာ'

'ဖလင်ဆေးတာ ပြောတာပဲ၊ အဆေးအကြော ဆရာကြီးရဲ့'

'တော်ဗျာ၊ ခင်ဗျား တော်တော်စုတ်ပဲ့တဲ့လူဗျာ၊ ခင်ဗျား ပြော ကတော့ ကောင်းပါတယ်၊ ကိုဖူးညို မင်းသမီးကလေးက ကိုကြီး ခေါ်ရပါရဲ့'

'ကုလားတက်မှ မွေးတဲ့ ချာတိတ်ကများ၊ ကိုဖူးညိုလေး လေးနှင့်'

'အပြောကတင် ကပါရိုးလားဆရာ၊ အဆိုကော ကြည့်ဦး၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာပုရှုံးသေးတယ်'

'ဘွဲ့ဆိုင်ခွေယိုင်၊ ပုံကာကျိုး၊ အရိုးပဒေသာ၊ သေမှာချည်းတယ်'

'တော်ဗျာ၊ တော်-တော်- ဒီလိုဆို ခင်မကြီးကို ပြောမပေးတော့ဘူး'

'ဈေးမတက်ပါနှင့် ဆရာရယ်၊ ဒီညနေ အင်းလျားဟော သွားစမ်းပါကွာ'

'သွားပြီးတော့ ခင်မကြီးကို ခင်ဗျားရရ၊ ကျွန်တော်ရရ၊ ဖိနပ်နဲ့ချလဲ ကျွန်တော်ခံ၊ ချစ်ရင်လည်း စံမယ်၊ ကောင်းမွေ ဆိုးမွေခံမယ်၊ ဒီလိုဆိုရင် ကိုခင်မောင် ကျေနပ်ပါ့မလား'

'လုပ်ပါနဲ့ဟ၊ ကိုယ့်လူရာ၊ 'ကုန်းကော့ထလို့ မဆဲချင်ပါဘူး၊ အမယ်လေး–ခင်မကြီးရေ၊ ဆုံးပေါ့တစ်ပဲ'ဆိုဆိုပြီး မြေလူးရပါလိမ့်မယ်'

'အမယ်လေး၊ မရခင် နမြောလိုက်တာ၊ အလကားပြောတာပါ၊ အလုံးဆို့ တက်မသွားပါနဲ့ဦး၊ ခင်မကြီးအတွက် စာပေးမလို့လား၊ ဒီလိုဆိုရင် စာတိုက်က ပေးဗျာ၊ ကျွန်တော့်မှာ ဖိနပ်ပီးဆေးလဲ မထိုးရသေးဘူး။'

'စာမပေးပါဘူး၊ စစ္စတာလေးစုစုကို ကပ်ပြီး နှုးခိုင်းပါ၊ သူ့သဲ ရိုပ်မိတန်သရွေ့တော့ ရိပ်မိပါတယ်'

'ဒါလောက်လဲ အစွမ်းမနည်းစမ်းပါနဲ့၊ ကိုယ့်ဖာသာသွားပြောပါလား၊ ကိုယ်နှင့်လဲ အကျွမ်းသားပဲ'

'မလုပ်နှင့်ဆရာ၊ ငါ့ပါးက ဖိနပ်မရွေးဘူးဆိုတာမျိုး ဖြစ်နေမှာ၊ စုစုနှင့်တော့ ခင်ပါတယ်၊ ကပ်ခိုင်းပါ၊ ကော်တွေလိုသလောက် ဝယ်ပေးပါ့မယ်လို့'

'ကဲ သွားပါမယ်၊ ကျွန်တော့်မှာ အင်္ဂလိပ်နှပ်ချိုးထိုန်နေလို့ နည်းနည်းပေးပါအုံး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ၊ အင်္ဂလိပ် 'နှပ်ချီး''

'ကော့စမက်တစ် ပြောတာ၊ အမယ်လေးဟဲ့၊ စိန်ယာ သေခါနီးက
...မှ မသိဘူးလား'

"မင်းကလေးလည်း အတော်စုတ်ပဲ့တာပဲ၊ သွားသာသွားပါ၊
...ကြိုက်တဲ့အစာတွေ ဝယ်ထားပါမယ်။ လိပ်ခေါင်းဆီပြုန်ချက်တို့၊
...း‌မွေးကြော်တို့"

'ခင်ဗျားကြီး ညစ်ပတ်ပြီဗျာ'

'စိတ်မဆိုးပါနှင့်ကွာ၊ စနေနေ့က ကျောင်းအုပ်ကြီးညည့်ခံတုန်းက
...ယ်သူ့သီချင်းဆိုသလဲ ဆိုတာလဲ မေးခဲ့'

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၁]

မောင်ကိုကြီးကလေးလည်း ကိုယ်ရောင်ကိုယ်ဝါ တောက်ပ
နှင့် အင်လျှားဟောလ် နှမစုစုဆီလာရင်း၊ မိမိနှင့်ရွယ်တူ ချာတိတ်
ကလေးများကို မျက်စပစ်ရင်း၊ မောင်ခင်မောင်၊ မောင်သန်းဖေ
အကျိုးဆောင်ရင်း ကိစ္စအရပ်ရပ် များပြားရှုပ်ထွေးပုံကို တွေး
တစ်ကိုယ်တည်း ပြုံးမိလေ၏။

'ကိုကိုပါလား၊ ပေါ်တော်မူ လာမှကိုး၊ လာ လာ 'ပါလာ'ထဲ
အပြင်မှာ ရပ်နေလို့ မကောင်းဘူး'

ဟု စုစုက ခရီးဦးကြို ပြုလေ၏။

'ကိုကို့ကို မနေ့ကတောင် မျှော်နေသေးတယ်၊ ဘာ
မလာတာလဲ'

'အက်စ်စကျူးဒင့်ဆိုတာ စာကျက်ရတယ်၊ သိပ်မအား
ခင်မကြီးတို့ကော ဘယ်သွားလဲ'

'ပိန်ပေါင်ရိုက်နေထင်ပါရဲ့၊ ဘာလုပ်မလို့လဲ၊ နတ်စာအ
တောင်းချင်လို့လား၊ ခေါ်ပေးမယ်လေ''

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး နေပါဦး၊ ဒါထက် စနေနေ့ညက ကျောင်းအုပ်ကြီး ဒီမှာ Dinner ယူတယ် မဟုတ်လား'

'ဟုတ်တယ်၊တို့သိပ်ပျော်နေတာပဲ၊ မခင်စောကလည်း မြမြမောင်း မောင်းသီချင်းဆို၊ ခင်မကြီးက ပီယာနိုတီး သိပ်ချီးမွမ်းသွားတာပဲ'

'ဟုတ်လား၊ မခင်စော အတော်ပဲ သီချင်းဆို ကောင်းတယ်ထင် တယ်၊ ဒါထက် ခင်မကြီး ဟိုနေ့က ရုပ်ရှင်က ပြန်လာတော့ ဘာပြောသေးလဲ'

'ဘာမှတော့ မပြောပါဘူး၊ အိုင်တို့ ဝိုင်းနောက်လိုက်ကြတာ၊ ဘာပြောကောင်းမလဲ၊ အဲဒီ ကိုခင်မောင်နှင့် မနှစ်ကတည်းက နောက်ကြတာပဲ'

'နောက်မှာပေါ့၊ ဟို ကိုခင်မောင်ကလဲ ပိုးသကိုး၊ စွဲလဲ မစွဲဘူး၊ ခဏ ခဏ စိတ်ညစ်လို့ ညည်းညူးသံ ကြားနေရတယ်'

'ခင်မကြီးကလည်း ကြိုက်မယ့်ပုံတော့ မဟုတ်ပါဘူး၊ ကိုခင်မောင် မျက်နှာကိုက ဖြစ်နေလိုက်တာ၊ မပြောလိုက်ချင်ပါဘူး'

'ဘာဖြစ်လဲ၊ အချောသားပဲ စုစုရဲ့'

'ချောတော့ ချောတာပဲ၊ ဟာရိုလွိုင်လိုလို ဘာလိုလို မျက်နှာရှူးပဲ'

'ရှူးတာ မရှူးတာက အရေးမကြီးပါဘူး၊ ခင်မကြီးကို အဟုတ် စွဲနေတာ ခက်တယ်၊ ဝိုင်းနှူးပေးကြပါဦးတော့လားဟာ'

'အဆဲခံရမဲ့အပေါက် တွန်းနေပြန်ပြီ၊ တကတဲ၊ ဒါလောက်ပဲ သတ္တိနည်းသလားလို့၊ ခင် မချစ်ရင်တော့ သေရတော့မယ်၊ ဘာညာနှင့် ချွဲပါလားလို့'

'သူ့မျက်နှာကြီးကလဲ စုစုပြောသလို ချွဲရင် တယ်လဲ သနားစရာ ကောင်းမှာပဲ၊ ခင်မကြီးကလည်း သနားဖို့ ဝေးပါသေးရဲ့'

'ဒီမှာ ကိုကိုရဲ့၊ မိန်းကလေးတွေစိတ်က အမျိုးမျိုးရှိတာ၊



www.burmeseclassic.com

www.burmeseclassic.com



တချို့က အပလိ အညှ ခရာ အချွဲတွေ သဘောကျတယ်၊ တချို့ကလည်း ခပ်ရိုးရိုး၊ တချို့ကလည်း ခပ်ဆန်းဆန်း၊ အမျိုးမျိုးပဲ'

'ခင်မကြီးကတော့ ဘယ်လိုသဘောရှိမယ် မသိဘူး၊ စုစုတို့ မိန်းမချင်း အကဲသိမှာပဲ'

'သူက ပျော်ပျော်ရွှင်ရွှင် ရှတ်နေတဲ့လူပဲ၊ ကိုခင်မောင်နှင့်တော့ လူချင်းတူပါရဲ့၊ သူသဘောကျချင် ကျပါလိမ့်မယ်'

'ဒါဖြင့်လဲ လုပ်စမ်းပါဦးတော့ဟာ၊ ကိုကို့ကို ကိုခင်မောင်က သိပ် အပူကပ်တာပဲ'

'ကိုကို အခုလာခဲ့ရတဲ့ကိစ္စက ဒါပဲပေါ့လေ၊ စုစု တတ်နိုင်သရွေ့တော့ ပြောရတာပေါ့၊ တကယ်လို့ စွံရင် ကိုခင်မောင်မျောက်က နှစ်ချီလောက်သာ ကပြဖို့ ကတိခံခိုင်းနော်'

'အေး… ကောင်းပြီ၊ စိတ်ချပါရစေနော်'

မောင်ကိုကြီး ပြန်လာမည်ကို မျှော်လည်တိုင် ဖော့ရိုး ညောင်ရေအိုးဖြစ်အောင် မျှော်တော်ဇောနှင့် မောနေသော မောင်ခင်မောင်နှင့် မောင်သန်းဖေတို့မှာ မောင်ကိုကြီးအနား တကပ်ကပ်နှင့် ဘယ်လိုစကားမျိုး ကြားရမလဲဟု တထိတ်ထိတ်နှင့် နေလေ၏။ မောင်ခင်မောင်ကား အကဲဆုံးပင်၊ မောင်ကိုကြီးဖိနပ် ဆီးချွတ်တော့မလို၊ ခြေထောက်ဖက်တော့မလို ပျာလောင်ခတ်ရင်း

'ဘယ်နှယ်လဲ၊ တို့မှာဖြင့် ကမ္ဘာဦး သူတို့ နေနှင့်လ တောင့်တကြသလို မျှော်လင့်နေရတာ၊ ဆဟာရ သဲကန္တာရထဲမှာ ရေငတ်လို့ သေမတတ် ဖြစ်နေတဲ့သူကို အနောဒတ်အိုင်က နတ်ရေစင်တိုက်ဦးမှပေါ့'

ဟု ဘိန်းပြတ်၍ တိမ်းမတ်သည့် အသွင်နှင့်ပြောလျှင် မောင်ကိုကြီးက

www.burmeseclassic.com

www.burmeseclassic.com



'ဆဟာရက အာဖရိကမှာ၊ အနောဒတ်အိုင်က အင်းဒီးယား ဒီမဝန္တာမှာ တော်တော်ဝေးလို့ မရောက်သေးဘူးတဲ့'

ဟု ပြောကာ ဂရုမစိုက်ဟန်နှင့် အဝတ်အစားများသာ လဲနေ၏။

'ကိုယ့်လူက ဈေးတက်နေပြန်ပြီ၊ ကဲ ကြားစမ်းပါရစေ၊ ဆရာဦး ဟောတော်မူပါဦးဘုရား'

ဟု စုံဆယ်ဖြာအသွားနှင့် ဒူးထောက်ခါ တောင်းပန်ရာ၊ မောင်ကိုကြီးက

'သင်တို့ကို တရားဟော၍ အဘယ်အကျိုးရှိအံ့နည်း'

ဟု အာလုပ်သံနှင့် ပြောခါ ဝါတော်ခြောက်ဆယ်ရပြီးသော ထေရ်ကြီးကဲ့သို့ စကြ္ကုန္ဒြေချခါ အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ခင်မောင်ကား အထွက်မခံ၊ အတင်းဆွဲမွှေ့ခဲ့သော်လည်း ရှိန်းကန်နေသဖြင့် စိတ်တိုလာသည်နှင့် လုံချည်ဆွဲချွတ်ပြီး လုထား လေ၏။ မောင်ကိုကြီးမှာ ရှပ်အင်္ကျီရှည်သော်လည်း မနေတတ် ထိုင်တတ် ငိုတော့မလို ဖြစ်ကာ

'ပေးပါနောင်ကြီးရယ်၊ ကယ်တော်မူကြပါ၊ ကျွန်တော့်ကို တရားသဖြင့်'

ထိုအခိုက် မောင်သန်းဖေက မျက်စိနောက်လှသဖြင့်

'ပေးလိုက်ပါ မောင်ခင်မောင်ရယ်၊ နောက်မနေပါနှင့်၊ စိတ်မော သွန်းလို့ပါ'

ဟု တောင်းပန်သည်နှင့် လုံချည်ကို ပြန်ပေးကာ စကားကောင်း ပြောကြရတော့၏။

'စုစုကတော့ ခင်မကြီးကို ကပ်နှုးပေးမယ်လို့ အာမခံတာပဲ၊ ဆကယ်လို့ စွံရင် ခင်ဗျား မျှောက်က နှစ်ချီလောက် ကပြရမယ်တဲ့'

'ဒါလောက်တော့ အပျော့ပေါ့ဆရာ၊ စိန်ပန်းသူတော် စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွေး–လိပ်ရုပ်ကလေးလိုလည်း ကတတ်ပါတယ်'

ဟု အမဲရှတ်က ကနေလျှင် မောင်သန်းဖေက

'နေပါဦး ဦးစိန်ဂလိန်းရဲ့၊ စနေနေ့က သီချင်းဆိုတာ ဘယ်သူတဲ့တုံး'

ဟု မေးမှ မောင်ကိုကြီးလေးက

'ခင်ခင်စောပေါ့၊ ဘယ်သူရှိဦးမှာလဲ၊သိပ်အဆိုကောင်းတာပဲ'

'ဩော် သူလေးကိုး၊ သိပ်ရိုးတာပဲ၊ စာလဲတော်ရှာတယ် သူကိုးနော်'

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၂ ]

'စုစုရေ၊ ချာတိတ်ကလေး ပြန်သွားပြီလား၊ နှမရှိရာလာလာပြီး ရွှေစွန်ညို ဘာလိုလို့ဝဲ ဆိုတာလိုလားဟေ့'

'သူ့ကိုယ်တိုင်တော့ မဝဲလိုရှာပါဘူး၊ ကိုယ်စားလှယ် လွှတ်ဝဲခိုင်းလို့ပါ'

'ဒီလိုလားဟေ့၊ ဂျိုင်းနားကလေးပေါ့၊ ကောင်ရှုပ်ကလေးပဲ'

'ကောင်ရှုပ်ကလေးကို နောက်ကျတော့ အားကိုးနေရဦးမနော် မကြာပါဘူး ၊ မျက်စိအောက်မှာ မြင်ရဦး တော့မှာပဲ။ ခင်မကြီး တစ်ယောက်တော့'

'စုစု၊ ဘာတွေ လျှောက်ပြောနေသလဲ ၊ဟင်းနော်'

'မဟင်းပါနဲ့ ခင်မကြီးရာ၊ ကိုခင်မောင် ခမျာကို သနားပါတယ်၊ ခင်မကြီးနှင့် မနှစ်ကတည်းက နောက်တာမဟုတ်လား'

'နောက်တာက အလကားပါစုစုရယ်၊ သူကလဲ ခင့်ကို ဘာမှ မစဖူးပါဘူး၊ သက်သက်ပဲ လူရွှတ်ချင်းမို့ ဆိုပြီး နောက်တာ'

'ဟုတ်တယ်လေ၊ ရတနာရှိရာ ရတနာစုတဲ့၊ လူညည်တူချင်း

www.burmeseclassic.com

www.burmeseclassic.com



နတ်ဖက်တာပဲ'

'တယ်လေ၊ ပြောလိုက်ရ မကောင်းဘဲနေတော့မယ်၊ စုစုရယ် တော်စမ်းပါ၊ အစကတော့ စာအုပ်ငှား ဘာငှားနှင့် သိပါတယ်၊ နောက်တော့အများက လှောင်ကြလွန်းလို့ တန်းသွားတာ၊ သူ့မျက်နှာကလည်း လိပ်ကျောကြောင်ကော်ကြီး'

'မောရစ်ရှိ ဗဲလီးယားနှင့် မတူလား'

'တူရင်...စုစု ကြိုက်လိုက်၊ ကြိုက်လိုက်'

'မရမှ မရဘဲ ခင်မကြီးရဲ့၊ ရရင် ကြိုက်ချင်ပါရဲ့၊ ကဲပါ ခင်မကြီးရယ်၊ သနားပါတယ်၊ သူစာပေးချင်တာ ခင်မကြီး ပါးစပ်ကို ကြောက်လို့ မပေးရဲဘူးတဲ့၊ တကယ်လို့ ပေးရင် ဆဲမှာလားဟင်'

'စုစုရယ်၊ ဒီစကား ဒီတင်ရပ်ပါ၊ မကောင်းပါဘူး၊ ခင့်ဖာသာ စိတ်ဆေးချမ်းသာယာ နေပါရစေ၊ မနှောင့်ယှက်ကြပါနှင့်'

'နှောင့်ယှက်တာ မဟုတ်ဘူး၊ခင်မကြီးစိတ်ကို ပျော်သည်ထက် ပျော်အောင်လုပ်မလို့၊ အမယ်လေးဟဲ့၊ စပ်ကြားက ပြောရတာမောပါပေ့ နော်၊ ဥစ္စာရှင်ကလည်း ရွံ့တွန့် ရွံ့တွန့်နှင့် ပုံရိုင်းရိုင်း'

'ကောင်မလေးနော်၊ တော်တော်ကဲ၊ ဒီစကား ဒီတင်ရပ်ပါ တော်ပါတော့၊ ရှိခိုးပါရဲ့ မိရွှေစုရဲ့'

'ရှိမခိုးပါနှင့်၊ ကိုခင်မောင်နှင့် ခင်မကြီးဟာ အလိုက်ညီလွန်း လို့ပါ၊ နည်းနည်းဖြစ်ဖြစ် ကြိုက်လိုက်ပါ၊ အစမ်းကြိုက်ကြည့်ပေါ့၊ စိတ်ထဲမှာ ပျော်ရင် သဘောကျရင် ဆက်ကြိုက်၊ မကျရင်ရဲ ဖြတ်လိုက်'

'အေး၊ အေး၊ စုစုသာ အဲဒီလို အစမ်း လုပ်ကြည့်ကြည့်၊ တယ်... ပြောလိုက်ရ မကောင်းဘူး'

'ကဲပါ... ခင်မကြီးရယ်၊ ကိုခင်မောင်ကများ စာပေးရင်

www.burmeseclassic.com

www.burmeseclassic.com



နာကျည်းကျည်းတော့ ဆိုမပစ်လိုက်ပါနှင့်၊ မကြိုက်ချင် နေပါနော်’

‘သူ့လင်အတွက် စိုးရိမ်ကြောင့်ကြနေလိုက်တာ၊ စာပေးတာကို လကျိုလုပ်ပြီး၊ စိတ်ထဲက သာတစ်ဝက် နာတစ်ဝက်နှင့် အသည်းယားရုံပြောလိုက်၊ ရှေ့တိုးနောက်ဆုတ် ရှေ့တိုးနောက်ဆုတ် နှင့်လုပ်၊ ကြိုက်သလို မကြိုက်သလိုလိုနှင့် လုပ်နေ’

‘ငါ့ကို ကျတဲ့အကောင် ဘယ်နှစ်ယောက်ဆိုတာ လက်ချိုးရေတွက်နေတဲ့ အစားထဲက မှတ်သို့လား၊ မကြိုက် မကြိုက်ဘူး၊ ကြိုက်ရင် ကြိုက်တယ်ဆိုတာပဲ ဖြောင့်ဖွင့်ပြောမှာပဲ’

စုစုသည် ခင်မကြီး၏ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သော သဘောကို ကောင်းကောင်းသိပြီး ဖြစ်သည်နှင့် အစ်ကိုထံ

‘ကိုခင်မောင်ကို ကိုယ်ပိုင်ဖြစ်စေ၊ စာနှင့်ဖြစ်စေသာ ကြံပါ၊ အဆဲတော့ မခံရပါဘူး’

ဟူ၍ အကြောင်းကြားလိုက်လျှင် မောင်ကိုကြီးကလေးမှာ သတင်းကောင်းကို တစ်ခွန်းတစ်ပဲနှင့် ရောင်းသည်တွင် မောင်ခင် မောင်မှာ လိုရင်းကို တော်ကော်နှင့် မသိနိုင်သဖြင့် စိတ်တိုမိလေ၏။ ၎င်းစကားကလေး ကြားရမည့်အကြောင်းကို တစ်နာရီခွဲခန့် မေးရသည့်ပြင် လက်ဖက်ရည်တိုက်ရသည်မှာ အတော် ကြွေးကျသွားလေ၏။

မောင်ခင်မောင်မှာ အတော်ပင် စိတ်သက်သာရာရပြီး၊ မောင်သန်းသအား

‘ကျွန်တော်တော့ စွံမယ် ထင်တယ်၊ စွံရင်တော့ ခင်မကြီးနှင့် ခင်စောလဲ သိပ်ချစ်တာပဲ၊ ဒီတော့ လမ်းပန်းသာယာပြီဗျာ’

ဟု အားပေးကာ ခင်မကြီးအတွက် အကြံအစည်ထုတ်လေ၏။

ကျောင်းဖွင့် တနင်္လာနေ့၌ကား ရွေးအစဉ်အလာ ထုံးစံအတိုင်း တက်ကင်းဘင့်(ချ်)နေရာကို တက္ကသိုလ် မဟာကြမ်းပိုးကောင်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com


ချွေးတလုံးလုံးနှင့် လုနေပေ၏။ မောင်ခင်မောင်ကား ခါတိုင်းကဲ့သ
ဇနက္ကလက်သစ်လုပ်ကာ လုံ့လမလျှော့ဘဲ လုခြင်းကို မပြုရ
ချောင်တစ်ချောင်တွင် မှင်သေသေနှင့် လုပ်နေလေ၏။

တက္ကသိုလ်၏အလှဒေဝီ ခင်ခင်သိကို ကမ္ဘာဦးသူတို့ နေမင
တောင့်တသလို ကျောင်းတော်သားများ တောင့်တနေဘိ၏။ ခင်သိက
နေမင်းသဖွယ် လုတိုင်းအပေါ်မှာ ရောင်ခြည်ဖြန့်သကဲ့သို့ မည်သူ
မဆို မချစ်မမုန်း သဘောထားရှိ၊ နောက်ပိုးသမားများမှာ လက်မှိုင
၍ ခင်ခင်သိတစ်ခါပြုံး ကမ္ဘာလုံးကျလောက်သည့် မျက်နှာကလေးက
ကြည့်၍သာ ကျေနပ်ရတော့၏။

ခေါင်းလောင်းထိုးသည်နှင့် ကျောင်းတော်သူတစ်စု ဝင်လာလျ
ပင် ထဘီကလေးနှင့်ယဉ်ယဉ်၊ ပဝါကလေးနှင့် ယဉ်ယဉ်၊ နဂိုချောမို့
တစ်ယောက်ကသံတိုင် တစ်ယောက်က' ခင်ခင်သိ၊ ခင်ခင်သိ'ဟု
လိုက်၊ အမျိုးမျိုး နောက်နေကြသော်လည်း မောင်ခင်မောင်မ
ခင်မကြီး ဖိနပ်ရှပ်ရှပ်သံကလေးသာ နာခံကာ ခင်မကြီး ကသိ
ရှုနေလေ၏။

ဆရာဘာသင်သည်ကို မသိ၊ ခင်မကြီးကို ဘယ်လိုစ စကားပြေ
ရပါ့ဟူ၍သာ အကြံအိုက်၍ ဘဲလ်ထိုးသည်နှင့် တစ်ပြိုင်နက် ခင်မကြ
တို့ ရှေ့ကဖြတ်ခါ အခန်းပြင်သို့ ထွက်မည်ပြုလျှင် ခင်မကြီး
ဖိနပ်တစ်ဖက်မှာ ဘယ်သူခြေနှင့် ခိုက်မိသည် မသိ၊ လက်ချာရာ
သည့် ပလက်ဖောင်းနားရောက်သည်ကို တွေ့ရာ မောင်ခင်မောင်
စေတနာ သဒ္ဓါဖြိုး၍ ခြေထောက်နှင့်ဆိုက ရိုင်းရာကျမည်ကဲ့
လက်နှင့် ကောက်ခါ ခုန်အောက် သွင်းပေးလိုက်လေ၏။ ခင်မကြီး
'သင့်ခယ္ယ၊ ကန်တော့ရှင်'ဟု ပြောသည်ပင် ဝမ်းသာလုံးကြီးဆို့တ
မတတ် ဖြစ်လေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၃ ]

ခင်မကြီးမှာ ယောက်ျားကလေးလက်နှင့် ကိုင်ပေးရသည့် ဖိနပ်ဖြေးရမှာ အားနာသလိုလိုဖြစ်ပြီး၊ နဂိုက နောက်လက်စရှိသဖြင့်လည်း စိတ်ထဲ၌ မသိုးမသန့်ရှိကာ ဣန္ဒြေမနည်းဆယ်ရလေ၏။ အနီးရှိ ခင်ခင်သိမှာ ရယ်ချင်လှသော်လည်း အောင့်အည်း၍ ကွန်မွန်းရှူးသို့ သာ ပြေးခဲ့လေ၏။ မောင်ခင်မောင်လည်း အပြေးလိုက်ခါ

'ခင်မကြီး ခင်မကြီး၊ ဟိုနေ့က ရေးတဲ့ ရာဇဝင်လက်ချာ ဘူးချင်လို့၊ ခဏ'

ဟု မျက်နှာအတည်နှင့် တောင်းရာ၊ ခင်မကြီးက ဉာဏ်နီတွေ သီပြီးဖြစ်၍

'မပါဘူး'

ဟု ပါးလျက်နှင့် ငြင်းလိုက်လေ၏။ မောင်ခင်မောင်မှာ မြွေမြွေ ချင်း ခြေမြင်ဟူသကဲ့သို့ အကြောင်းကို ကောင်းစွာရိပ်မိပြီး ဖြစ်သဖြင့်

'မပါရင်လဲ နေပါစေ၊ ညနေကျရင် ပေးပါနော်'

ဟုပြော၍ အဖြေကို မစောင့်ဘဲ လှည့်ထွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါမှ ကျောက်ပဲ၊ ငှားလိုက်ရတာက ကောင်းသေးတယ်'

ဟု ဝါးစပ်က ထွက်သွားရာ ခင်ခင်သီက

'ကောင်းပါလေ့ကွယ်၊ ကောင်းပါလေ့၊ ဝမ်းသာလိုက်တာ ဒီနေ့ညနေ ကိုခင်မောင် ဟော်စတယ်ကိုလာလို့ ခင်မကြီး စာအုပ်သွားပေးခိုင်းရင် ဘယ်သူမှ မပေးနှင့်လို့ ပြောထားမယ် ဒါပဲ'

ခင်မကြီးမှာ စိတ်အကြီးအကျယ်ပျက်ကာ မကြံတတ်တော့ ညနေကျောင်းဆင်း ဟော်စတယ်သို့ ပြန်ခဲ့လေ၏။

"ဒီကနေ့ အင်္ဂါနေ့ပါလား၊ Drill ရှိတယ်၊ အမယ်လေး လှစင်စစ်က မျောက်ဖြစ်ချေသေးရဲ့နော်"

ဟု ကျောင်းတော်သူတစ်ယောက် ညည်းသံကြားလိုက်မှ ခင်မကြီး သတိရကာ 'ဟုတ်ပါရဲ့ ဒီနေ့ Drillဆင်းရမှာပါလား၊ နေရာကျတာ ဖိုးခင်မောင်လာရင်တော့ မတွေ့ရတော့ဘူး'ဟု ခါတိုင်း Drill စိတ်ပျက်လှသော်လည်း ထိုနေ့မှာမူကား စိတ်ပါလက်ပါနှင့် Gym Slip ဂျင်(မ်)စလစ်ခေါ် အင်္ကျီလက်တိုအဖြူ၊ ဂါဝန်နက်ပြာရောင် ဖိနပ်ဖြူများကို သီချင်းတအေးအေးနှင့် ဝတ်ဆင်နေခိုက် စုစုဝင်လာ

'ခင်မကြီး၊ ခင်မကြီး၊ ကိုကိုလာနေတယ်၊ ဟို... ဘာတဲ့ အရင်အပတ်က ရေးတဲ့ အက်ဆေးတောင်းချင်လို့တဲ့'

ဟု အရေးတကြီး ပြောရာ ခင်မကြီးက မသင်္ကာဟန်နှင့်

'ဟုတ်တယ်၊ ပေးမယ်လို့ ပြောထားတာပဲ၊ သူတစ်ယောက် တည်းလား'

ဟု ထောက်လိုက်လျှင်

'သူတစ်ယောက်တည်းပါ၊ သူ့အိုင်အေကို တစ်နှစ်တည်းလုပ်နေ ခင့်ဆီက စာအုပ်တွေပဲ ခါတိုင်း ယူနေရကာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှုတည်တည်နှင့်ပြောမှ သက်သာရာရသွားလေ၏။

'ရှော့ပါကွယ်၊ စုစုပဲသွားပေးလိုက်ပါ၊ ခင် ဒူးပေါ် ပေါင်ပေါ်နှင့် ...လွန်းလို့ မသွားပါရစေနှင့်'

'အို၊ ကိုယ်ထက်ငယ် ချာတိတ်ကလေးပဲ၊ ဘာရှက်စရာ ရှိလဲ၊ ...လဲ မေးချင်သေးလို့ပါတဲ့၊Drillအချိန် လိုပါသေးတယ်၊ သွားပါ'

ခင်မကြီးမှာ မောင်ကိုကြီးကလေးဆိုလျှင်တော့ ကိစ္စမရှိပါဘူး ...က်မေ့၍ ကျောင်းဆောင်အောက်ထပ် ဧည့်ခန်းထဲသို့ လာခဲ့ရာ ...င်ကိုကြီးသာမဟုတ်၊ မျက်နှာရှုး မောင်ခင်မောင်ကိုပါ တွေ့ရသဖြင့် ...ဒါမှ အသူတရာနက်တဲ့ ချောက်ပဲ'ဟု စိတ်ပျက်သည်က တစ်မျိုး၊ ...၏ လက်မောင်းများ ဒူးများမှာ ဟာလာဟင်းလင်း ဖြစ်နေ၍ ...က်နှာ့ ရှက်တာကတစ်မျိုး မျက်နှာပျက်ပျက်နှင့်ပင် အနီးရှိ ...လားထိုင်တစ်လုံးတွင် ဝင်ထိုင်လေ၏။ ထိုအခိုက် ချိတ်လုပ်ထား ...သို့အတိုင်း စုစုလာ၍ 'ကိုကို ပလိ(စ်)'ဟု လာခေါ်ရာ မောင်ကိုကြီး ...သွားသဖြင့် ခင်မကြီးတို့ နှစ်ကိုယ်တည်းသာ ကျန်ခဲ့လေ၏။ ...မကြီးသည် 'ဒင်းက ဘာမို့လဲ၊ ဘာပဲပြောပြော၊ ငါ ခံပြောမယ်'ဟု ...တ် တင်းထားလေ၏။

'နေ့လယ်က ပြောတဲ့ ဟစ္စတြီစာအုပ်၊ တဆိတ်'

'မရှိဘူး၊ခင်ခင်သီ ငှားထားတယ်၊ နောက်မှ ယူပါ၊ ကဲ Drill ...ချိန်လဲ နီးနေပြီ၊ ခွင့်ပြုပါဦး'

မောင်ခင်မောင်လည်း 'ကောင်းပါ၊ပြ ဟု စာအိတ်တစ်အိတ်ကို ...တ်မဲ့ ချ၍ ထွက်သွားရာ၊ ခင်မကြီးမှာ အခြေပျက်မည်စိုး၍ ...သာ ကောက်ယူထားလိုက်ရလေ၏။

(Drill)ဆင်း၍ ရေမိုးချိုးပြီးလျှင် တုန်ချည့်သော လက်များဖြင့် ...ကို ဖောက်ကြည့်ရာ

---

...ဦး၊ချစ်းချစ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခင်

ရေးမယ်လို့ ကြံလိုက်တိုင်း၊ 'မဖြစ်နိုင်ပါကလား' ဆိုတာ
သာ တွေးမိတဲ့အတွက် နေ့ပေါင်းရက်ပေါင်း အတော်ပင်ညောင်းခဲ့
ပြီ၊ ဣန္ဒြေရှင်တစ်ဦးထံ အသနားခံရတယ်ဆိုတာဟာ အင်မတန်ခဲယ
ပါတယ်၊ တစ်ဖက်သားမှာ ကြောက်အားနှင့် အစွမ်းကုန် စွန့်ရတာ
စော်ကားတာသက်သက်ပဲလို့ တလွဲချော်ကာ ယူဆလိုက်မိမယ်ဆိုရင်
မောင့်မှာ ပြုမိတဲ့ကိစ္စအတွက် တစ်သက်လုံး ယူကြုံးမရ ဖြစ်မိ
မှာပဲ။ တစ်ခါတစ်ခါမှာလဲ ဖွင့်ဟလို့ မပြောတော့ပါဘူး
ခင့်ကိုဖြင့် အနှောင့်အယှက်မပေးတော့ပါဘူး။ ဘဝက ဝဋ်ရှိသလော
ကိုယ်တစ်ယောက်သာ မှတ်လို့ ခံလိုက်တော့မယ် အောက်မေ့
လည်း ဘာပဲဖြစ်ဖြစ် ကိုယ်စိတ်ထဲရှိသမျှ ဖြစ်အင်တွေကို ခင်သိ
သိစေတော့ သဘောထားပြီး၊ ကြောက်စိတ်တွေ မျိုသိပ်၊ ယ
စာတမန် ပါးလိုက်ရပါတယ်၊ ဆွေမတော် မျိုးမစပ်တဲ့ ခင့်
သဲသဲမဲမဲ မောင့်အသည်းနှလုံးမှာ စွဲလောက်အောင် မေတ္တာရစ်နှောင်
ဟာ ဘယ်ဘဝက ဘယ်လိုရေစက်ပါလိမ့်မလဲ၊ မမိတဲ့ပန်း
အမြဲတမ်း စိတ်ထဲမှာ ထားခဲ့သော်လည်း မပြောလျှင် မပြ
အရေးမို့ သည်းခံပါခင်၊ မောင်တော့ မင်းကို ချစ်နေပြီ။

မော

ခင်မကြီးမှာ ထိုအ းခံရေးလိုက်သော စာကို သနားမည်
စွ၊ ညှလုံး ပလီလုံးကလေးတွေ ဖတ်လိုက်တိုင်း ပြောင်ရွှတ်
မျက်နှာရှုံးကိုသာ ပြေးမြင်မိကာ အလွန်ပင် ရယ်ချင်၍ 'အင်
မင်းသားကိုယ်နှင့် မျောက်ခေါင်းဆိုတာ ကျနေတာပဲ၊ ရေးတ းလိုက်
"စာကအနု၊ လူပုံကဖြင့် ... 'ဟူ၍သာ တွေးမိတော့၏။

ရှေးက သူငယ်ချင်းများ နောက်ပြောင်နေသော်လည်း မော

www.burmeseclassic.com

www.burmeseclassic.com



…င်ကို ကမ္ဘာပေါ်မှာရှိသည် ဟူ၍ပင် အသိအမှတ်မပြု သတိမမူမိခဲ့။ …ခုကဲ့သို့ အသနားခံမေတ္တာစာရသောအခါ မိမိဘဝ၏ တစ်စိတ် …စ်ဒေသ (အနည်းငယ်မျှလေး ဖြစ်ဖြစ်) မောင်ခင်မောင်နှင့် …တ်ဆိုင်သကဲ့သို့ ဖြစ်ကာ ၎င်းအကြောင်း စဉ်းစားမိသော …လုပ်တစ်ခု ပိုလာခဲ့တော့၏။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၄ ]

ခင်မကြီးအခန်းတံခါးပိတ်၍ စာဖတ်နေသည်ကို စုစု တစ်ဘက်ခန်း ထရံက တက်ကြည့်ပြီး ကျေနပ်စွာ ပြုံးလေ ထိုမျှနှင့် ငြိမ်ငြိမ်မနေသေး၊ ထရံကို ကျော်ချပြီး ဝုန်းကနဲ ခုန်ချလို ရာ ခင်မကြီး၏ လိပ်ပြာစင်မတတ် လန့်ကာ

'တောက်တဲ့၊ ဘုရား၊ ဗုဒ္ဓေါ'

စသည်ဖြင့် ယောင်များနှင့် ထခုန်လေ၏။

'မိပြီ၊ ခင်မကြီး မိပြီ၊ ဟားဟား၊ ကျူ့ဆုံးကာဆူ၊ အုံ့ပုန် လူမသိလေဘု၊ မိမိမှာရှင်၊ မီးထိခမန်း ဆိုတာလို'

'ဟာ... စုစု မကောင်းဘူးကွယ်လေ့၊ လူကို လန့်သွားတာ သူလုပ်လိုက်ရင် ဒီလိုချည်းပဲ'

'အမယ်လေ၊ ခတ်သိပါ ရှက်မနေပါနှင့်၊ ကဲပါ စာပြန့်ရေ တော့၊ သူ့ခများမှာ တမျှော်မျှော်နေရှာမှာ'

'တယ်... ပေးစားဆဲလိုက်ပြန်ရော့မယ်'

'မပြောပါဘူး ခင်မကြီး၊ အဆိုးအကောင်းလေးများ ပြန်ဦးမှ

www.burmeseclassic.com

www.burmeseclassic.com



သူလဲ ကိုယ့်မိတ်ဆွေတစ်ဦးပဲ'

'မိတ်ဆွေရယ် မဟုတ်ပါဘူး၊ အသိဆိုပါတော့ စုစုရယ်၊ စာလဲ မပြန်ချင်ပါဘူး၊ ဘယ်လိုပြန်ပြန် သူတို့က ကြိုက်လို့ပြန်တယ် ထင်တော့နေမှာ'

'ဒါဖြင့်လည်း ကြိုက်လိုက်ပါ၊ သူ့ခမျာ မျက်နှာရှူး ရှုတ်နောက်နေ ဆမဲ့လဲ၊ ရိုးတော့ ရိုးရှာပါတယ်၊ သဘောဖြူ အူစင်ကလေးပါ'

'မပြန်ဘူးဆို မပြန်ဘူးစုစုရယ်၊ ဘူးဆိုရင် ဖရုံမသီးဘူး'

စုစုမှာ ခင်မကြီး ခေါင်းမာနေသည်နှင့် အစ်ကိုမှ တစ်ဆင့် မောင်ခင်မောင်အား အကြံမလျှော့ဘဲ ထပ်၍ စာပေးရန် မှာလေ၏။ မောင်ခင်မောင်သည် ပပအပေါ် ကုသကိုယ်တော်ပိုးသကဲ့သို့ ရနိုး ဆောင်း အသာတွယ်သည့်ထုံး လက်သုံးပြု၍ 'မောင့်မှာဖြင့် နှမဆီက စာရမည်လောဟု တမျှော်မျှော်နှင့် ပန်းလှပါပြီ၊ စာလဲ မကျက်နိုင်တော့ ပါ၊ မောင်ကိုကြီးကလေးကိုသာ မေးကြည့်ပါတော့၊ ယောကျ်ားချင်းချင်း ထိုပင် မရှက်နိုင်တော့ဘဲ ဖိုင်းပြောရန် အသနားခံသောကြောင့် အားဖျက်သည်ဟုပင် အပြောခံနေရပါပြီ၊ ယခုနှစ် စာမေးပွဲကျလို့လည်း ဘူပါစေတော့၊ ခင့်မျက်နှာကလေးကိုပဲ အားရပါးရ ထိုင်ကြည့်ပြီး အကျခံပါတော့မယ်'စသည်ဖြင့် ပိလောပင် ပက်ကျိတက်သလို ချွဲသော စာများမှာ စာတိုက်က နေ့စဉ်လိုလို ရောက်၍ မောင်ကိုကြီး ကလေးကိုလည်း ညနေတိုင်းလွှတ် အပြောခိုင်း နေလေ၏။

ခင်မကြီးမှာ အညာလွယ်သူ မဟုတ်၊ ခေါင်းမာမြဲ မာ သော်လည်း လှုပ်ပါများက သစ်ငုတ်ပင် လှုပ်ဘိသကဲ့သို့ စိတ် ခိုင်နိုင်၊ ယိုင်တော့မည့် နိမိတ်များ ထင်လာတော့၏။ 'အင်း... ဒါတော့ အေးအေးချမ်းချမ်းနေရတဲ့ ဘဝမှ နတ်သက်ကြွေလို့ ဆောခါနီးပေါ့ကိုး'ဟု အောက်မေ့မိလေ၏။ နိမိတ်ငါးပါးထင်လာပုံကား



www.burmeseclassic.com

www.burmeseclassic.com



(၁) ရှေးက မောင်ကိုကြီး၊ စုစုတို့က မောင်ခင်မောင်အကြော ပြောလျှင် စိတ်ချဉ်မြင်ပြင်းကပ်လှသော်လည်း ယခုအခါ နားထော ကောင်းသလိုလိုရှိခြင်း၊ (၂) မောင်ခင်မောင်ထံမှ စာများကို ရှေး ဆုတ်ဖွဲ့ပစ်ရုံမက ထိုထက် မကောင်းအောင် အသုံးချလိုက်လိုသေ လည်း၊ ယခုအခါ ဆုတ်ပစ်ရန် နှမြောသလိုလိုရှိခြင်း၊ (၃) ည တိုင်း အောင်သွယ်ကလေး မောင်ကိုကြီး လာမည်ကို မျှော်လိုခြ မလာမည်ကို စိုးသလိုလိုဖြစ်ခြင်း၊ (၄) စုစုက ခါတိုင်းလို မောင်ခ မောင်အကြောင်း မပြောလျှင် စိတ်ထဲ ဟာသလိုလို ဖြစ်ခြင်း၊ ( အတန်းထဲတွင် မောင်ခင်မောင် လက်ချာမလိုက်ဘဲ မှိုင်တွေချ သည်ကို အမြဲတွေ့ရ၍ စိတ်ထဲတွင် ဝမ်းနည်းသလိုလို ဖြစ်ခြ

ခင်မကြီးအကဲ အမြဲခတ်နေသော ရွှေလျှောင်စက္ကူ မောင်နှမ လည်း မောင်ခင်မောင်ထံ ဒေလီးရီပို့ပေးနေလေ၏။ တစ်နေ့သေ ညနေခင်း ခင်မကြီးနဲ့ စုစုတို့ ဟော်စတယ်ဝင်းထဲ စကားပြောနေခို မောင်ခင်မောင်လာသည်နှင့် စုစုကပြောပြီး

'ကိုခင်မောင် ဘာကိစ္စလဲ၊ မျက်နှာ မကောင်းပါလား'

ဟု မေးရာ

'ခင်မကြီးနှင့် ခဏတွေ့ချင်လို့ ပြောလိုက်စမ်းပါ'

ဟူ၍သာ ပြော၍ ဧည့်ခန်းထဲတွင် ဝင်ထိုင်လေ၏။

'ခင်မကြီးရယ်၊ ဘာဖြစ်သေးလဲ၊ သွားပြီး စကားပြောလိုက် စုစုလဲ လိုက်ခဲ့ပါမယ်'

စသည်ဖြင့် အတင်းအဓမ္မပြောရာ ခင်မကြီးမှာ နဂိုစိတ် မခိုင်၊ ဟန်လည်း လုပ်ချင်၊ အမှုလွန်သွားမှာလည်းစိုး၊ အ... မဟုတ်ဘူး ဟုတ်တယ်နှင့်ပင် စုစုနှင့် နှစ်ယောက်သား မောင်ခင်မော ရှိရာသို့ လာခဲ့လေ၏။ ခင်မကြီးမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ

www.burmeseclassic.com

www.burmeseclassic.com



အလွန်တစ်ရာ စကားကြွယ်လှသော မလျှာရှည်မှာ အာစေးထည့်ထားသလို ဘာမှ မပြောနိုင် မျက်နှာနီမြန်း၍ နေလေ၏။ မောင်ခင်မောင်မှာ တကယ်စိတ်ညစ်နေ၍လား မသိ၊ မျက်နှာငယ်ငယ်နှင့်ပင် ခင်မကြီးကိုလာပြီး နှုတ်ဆက်ကာ

'ကျွန်တော် စိတ်မကောင်း ကောင်းကောင်းမမာလို့ အခွင့်ယူပြီး အိမ်ပြန်မယ်လို့၊ ကျောင်းလဲ နေချင်တဲ့ စိတ်မရှိဘူး၊ ကျောင်းထွက်မယ်ပဲ စိတ်ကူးတယ်'

ခင်မကြီးမှာ မျက်နှာပျက်၍ မျက်ရည် လည်လာလေ၏။ သို့သော် စိတ်တင်း၍ ဘာမှ ဂရုမထားလိုဟန်နှင့်

'ပိုက်ဆံလည်း ကုန်၊ အရာမရောက်၊ ဘာပြုလို့ ကျောင်းထွက်ချင်ရတာလဲ၊ မိဘတွေ သက်သက်နှိပ်စက်တာလိုပေါ့၊ ယောကျ်ားလေးတွေဟာ ဒီလိုချည်းပဲ'

ဟုပင် အပြစ်တင်သလို ပြောလေ၏။ မောင်ခင်မောင်က အလျှော့မပေးဘဲ

'အစတုန်းကတော့ ပညာကို လိုလားပြီး ပညာဂုဏ်ကို အင်မတန်တောင့်တတယ်၊ ဘီအေပေါင်း ပေါင်းပြီး ဗိုလ်ပုံပရိသတ်အလယ်မှာ ဘုရင်ခံနှင့် လက်ဆွဲနှုတ်ဆက်ပြီး ဘီအေဘွဲ့နှင်းခံရဖို့ကို အမြဲစိတ်ကူးယဉ်နေတာပဲ၊ ခုတော့ ဒါတွေဟာ လေထဲမှာ သွားသလို လွင့်ကုန်ပြီ၊ လောကကြီးမှာ ကိုယ်လိုတာ မရရင် နေလဲ မထူး၊ သေလဲ မထူးပါ'ဟု လေးလေးကြီးပြောရင်း ခင်မကြီးအား အသနားခံသလို ကြည့်လေ၏။

ခင်မကြီးကား သောတာပန်လည်း မဟုတ်၊ အနာဂါမ်လည်း မဟုတ်သေး၊ ပုထုဇဉ်ဖြစ်၍ စိတ်နှလုံးကို ခိုက်သွားလေပြီ၊ မိမိလည်း ပညာကို လိုလား၍ မောင်ခင်မောင်ကဲ့သို့ပင် စိတ်ကူးယဉ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အကြံကြီးခဲ့ရာ ထိုအကြံအစည်များ လွင့်ပါးသွားအောင် စိတ်ည
လျှင် မည်မျှလောက် ဝမ်းနည်းကြေကွဲမည်နည်းဟု ကိုယ်ချင်းစာတ
နှင့် ယှဉ်မိ၍ မောင်ခင်မောင်၏ အသနားခံသော မျက်လုံးများ
ဒဏ်ကို မခံနိုင်တော့ဘဲ

'အို- ကိုခင်မောင်၊ ဒီလို ခင့်ကို မကြည့်ပါနှင့်'

ဟု အသံတုန်တုန်နှင့် ပြောလေ၏။ မောင်ခင်မောင်က

'ခင်မကြီး၊ ကိုခင်မောင် စိတ်ချမ်းသာဖို့အရေးဟာ ခင့်လက်ထဲ
ရှိပါတယ်၊ ခု အခွင့်စာလဲ တင်ပြီးလို့ ပြန်ဖို့ရာ သေချာပြီးပါ
ခင်က စိတ်ချမ်းသာအောင် လုပ်မယ်ဆိုရင်တော့ ပြန်လာအုံးမှာပါ

ခင်မကြီးသည် ဘာမှ မပြောဘဲ ငြိမ်နေလေရာ စုစု
ကြားဝင်၍

'ငြိမ်နေရင် စိတ်တူလို့ပေါ့'

ဟု ပြောလိုက်လေ၏။ ခင်မကြီးက

'အို့မသိဘူး၊ ခင့်စိတ်ကို ခင်နားမလည်ဘူး၊ မပြောတတ်တော့ဘူ

ဟူ၍သာ ပြော၍ ရုတ်ခနဲ့ ထလာလေ၏။ မောင်ခင်မောင်လည်
စုစုကို မှာကြားခဲ့ပြီး ပြန်ခဲ့လေ၏။

ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၅ ]

မောင်ခင်မောင်သည် အခွင့်ဆယ်ရက်ယူ၍ မော်လမြိုင်ကို အတွက်ပြန်သွားရာ၊ ခင်မကြီးမှာ ရင်ထဲတွင် ဟာ၍ နေခဲ့လေ၏။ ကြာမီ မောင်ခင်မောင်ထံမှ စာရသည်ကား 'အချစ်ဆုံးခင်-မောင် အခွင့်စေ့လုပါပြီ၊ ခင်ကသာ ရှေးအတိုင်း ရက်စက်နေမည်ဆိုပါက ကျောင်းထွက်ရန် စာတင်လိုက်ပါတော့မည်၊ မောင့်၏စိတ်နှလုံးတို့မှာ သာကဖြင့် ပြည့်နေတော့သဖြင့် စာကို ဆက်မရေးနိုင်တော့ပါ၊ ခင့်ထံက စာကိုသာ မျှော်နေရပါတော့သည်'

ခင်မကြီးမှာ အခက်ကြုံပြီး မိမိ၏ အတွယ်အတာ သံယောဇဉ် ရှိသောဘဝကို အထူးကျေနပ် သဘောကျခဲ့ရာ မောင်ခင်မောင်၏ အလိုကို လိုက်ရမှာပင် ခပ်ခက်ခက်ဖြစ်ကာ မျက်ရည်များ ကျမိလေ၏။

ခင်မကြီး မျက်ရည်ကျသည်ကိုမြင်၍ အလွန်အံ့ဩကာ

'အမြ ပျော်ပြီး ရယ်တဲ့လူ၊ မျက်ရည်ကျပြီးဟဲ့နော်၊ မိုးခေါင် တော့မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု စုစုက နောက်လိုက်လေလျှင်

'ဒါကတော့ ရည်းစားကြောင့်ကိုးဟဲ့ မိရွှေစုရဲ့'

ဟု ပြန်ငေါက်လိုက်လေ၏။

ထို့နောက် ခင်မကြီးသည် စုစုနှင့် တိုင်ပင်ပြီး စာရေးလိုက်လေ၏။ စာ၌ကား အထူးအထွေမဟုတ်။

'ကိုခင်မောင် စိတ်ချမ်းသာအောင် ခင်ကြိုးစားပါမယ်၊ ခင့်ကိုလည်း စိတ်ညစ်အောင် မလုပ်ရန် တောင်းပန်ပါသည်'

ဟူ၍သာ ပါလေသည်။

မောင်ခင်မောင်မှာ အလွန့်အလွန် ဝမ်းမြောက်ကာ မော်လမြိုင်မှ ချက်ချင်း ပြန်ပြေးခဲ့ပြီးလျှင် မောင်သန်းဖေ၊ မောင်ကိုကြီးတို့နှင့် အောင်သေပွဲ ကျင်းပနေတော့၏။

'ကဲ... ကိုယ်လူတို့၊ ကိုယ်တော့ နေရာကျပြီ၊ ကိုသန်းဖေလည်း လိုက်ခဲ့ဗျာ၊ ခင်စောကိုတော့ ခပ်တည်တည်နှင့်ပိုးမှ နေရာကျမယ်'ဟု မောင်သန်းဖေအား ခေါ်လေ၏။

'ဒီနေ့ ပြန်ပေါင်းထုတ်သည့်နေမို့ ကျုပ် မလိုက်အားသေးဘူးဗျာ၊ ခင်ဗျားတို့ပဲ အားရအောင် အလွမ်းသယ်ကြပါဦး'

ဟု အလိုက်သိစွာ မောင်သန်းဖေက ငြင်းပယ်လိုက်လေ၏။

ထိုညနေ မောင်ခင်မောင်မှာ ထူးမြတ်သော ဘဝသစ်ရသူကဲ့သို့ မြေကြီးပေါ် ခြေမကျဘဲ အင်းလျားကျောင်းဆောင် ခင်မကြီးရှိရာသို့ တစ်ကိုယ်တည်းလာခဲ့လေ၏။ နှစ်ယောက်သား ဧည့်ခန်းတွင်းတွင် ထိုင်မိကြသည့်အခါ ခင်မကြီးမှာ မျက်နှာပူသဖြင့် ရှေးဦးစွာ ဘာမျှ စကားမပြောဘဲ နေသည်နှင့် မောင်ခင်မောင်ကသာ အစပျိုး ရှင်နေတော့၏။

'ခင်မကြီး၊ ကိုခင်မောင်ကို ဝမ်းသာခြင်း အထူးအထိပ်ရောက်

www.burmeseclassic.com



အောင်တင်ပြီးမှ ပြန်ပြီး ကန်မချလိုက်ပါနှင့်နော်၊ မောင်ဟာ အင်မတန် ဆုတ်တတ်တဲ့လူ၊ ဒါမျိုးနှင့် တွေ့တော့... ဟာ ဘယ်လိုဖြစ်မှန်း သိဘူး၊ ငါတော့ ရှေးကလို ဘယ်တော့မှ ပြန်ပြီး ပျော်တော့မှာ မဟုတ်ဘူးလို့၊ ဖျော်လင့်စရာမရှိသလောက် စိတ်ပျက်သွားတာပဲ၊ ခုတော့ အရင်က ပျော်စရာကောင်းတဲ့ဘဝကို ခင်ပြန်ပေးလို့ ရတာပဲ၊ ခင့်ကို သိပ်ကျေးဇူးတင်တာပဲ၊ ခင်ကလည်း သိပ်ပျော်တတ်တဲ့သူ၊ မောင်လဲ ဒီလိုပဲ၊ ဒီတော့တစ်သက်မှာ ဘာမှ စိတ်မညစ်ဘဲ တစ်သက်လုံး ပျော်ပျော်ကြီးနေကြဖို့ပဲ၊ ပျော်ပျော်နေ သေခဲ့တဲ့၊ ပျော်ပျော်နေတာ အကောင်းဆုံး'

ဟု မျက်နှာရွှင်ရွှင်ကြီးနှင့် ပြောလေ၏။ ခင်မကြီးမှာ ချဉ်လာသည် နှင့်

'ဟုတ်တယ်... ဟုတ်တယ်၊ ပျော်ပျော်နေတာ ကောင်းတာပေါ့၊ ဘာမှ ပူရမှန်းမသိ ပင်ရမှန်းမသိ၊ တရွှတ်ရွှတ် တနောက်နောက်နှင့် နေ၊ ဘုရားမှန်း မသိ၊ တရားမှန်းမသိ၊ သေတော့ကာ အပါယ်ယိုထို ဥဒဟိုသည်၊ ငါလိုလူမိုက်၊ သွားလမ်းတည်းလို့သာ ရွှတ်ဖတ်သရချွယ် နေတော့'

'အို... ခင်မကြီး ဘယ်လိုပြောလိုက်တာလဲ၊ ပျော်ပျော်နေဖို့ ပြောတာ'

'စိတ်ချမ်းသာစွာ နေလေ့ရှိတဲ့ လူများဟာ စိတ်စင်ကြယ်ဖြူစင် တယ်၊ အကုသိုလ် နည်းတာပေါ့ ခင်ရဲ့'

'ဟောတော်မူပါဦး ဘုရား၊ တကတည်း ပြောလိုက်ရ မကောင်းဘူး၊ ရှင်သာ ဂိစ္ဆကုဋ်ကြွတော်မူပါ၊ သူခိုးသေဖော် ညိုမနေပါနှင့်'

'အို ခင်ရယ်၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ၊ ဘိအေ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီး ဘီအယ်လ်ဝင်ပြီးတော့ ယောက်ဖတော် ဒေဝဒတ် အဝိစိငရဲခံနေရတဲ့ဆီသွားပြီး လွတ်ရာ လွတ်ကြောင်း ရှေ့နေလိုက်ရအုံးမယ်၊ ဒီထက်မျက်နှာကြီးတဲ့အမှုသည် ဘယ်ရှာတွေ့မလဲ'

'နေရာကျပါတယ်၊ ကံငါးပါး တစ်ပါးသာ ထိုက်အောင် ကျူးလွန်ပါ၊ ဒေဝဒတ်ရှိရာ ရောက်နိုင်ပါတယ်၊ မီးရထား သင်္ဘော စရိတ်တောင် မကုန်ပါဘူး'

'ခင်မကြီးနှယ်၊ မောင်တို့လို လူတွေ သေရင်လေ၊ မြေတောင် မမြှုပ်ရဘူး၊ အလောင်းပေါ် သဲတစ်ပြည် တင်ပေးလိုက်ရင် အဝိစိ အလိုလိုလျှိုးသွားတာပဲ၊ သင်္ဂြိုဟ်စရိတ်တောင် မကုန်ဘူး'

'ပြီးပါရော၊ ခင်တော့ လူပေါင်းမှားပြီ၊ ဘယ့်နှယ် အပါယ်လေးဘုံက ရိဇတ်လုပ်ထားတဲ့ သတ္တဝါနှင့် လာတွေ့နေရပါလိမ့်မနော်'

'ဒါကတော့ အကြောင်းရေစက်၊ သူတော်ချင်းချင်း သီတင်းမွှေ့မွှေ့ပေါ့၊ အသွင်မတူ အိမ်သူမဖြစ်ဘူးတဲ့'

'ဘယ်က ဘိုးသူတော်ဦးနုရဲ့ မယားပါသား ရောက်နေပါလိမ့်မယ်'

'ဩော်၊ ဒီကလဲ ဘိုးသူတော်ဦးနုရဲ့ မယားပါ ချွေးမပါလား'

'တယ်၊ ဆဲလိုက်ရရင် မကောင်းဘဲ နေတော့မယ်၊ ရောက်ကတည်းက အရှုးစကားချည်း ပြောနေတာပဲ'

'ဒါပေမယ့် မရူးတဲ့ လူဆိုရင် ဒါလောက် ညှော်ခံစကားပြောနေမှာ မဟုတ်ဘူး၊ အရူးကို အရေးလုပ်နေတဲ့သူက သာရူးသေးတယ်ခင်ရဲ့'

'ဘယ်တုံးကများ အရေးလုပ်တဲ့အတိုင်း၊ ကိုယ့်ကိုကို အထင်ကြီးနေလိုက်တာ'

'ဒီထက်ပဲ အရေးလုပ်ရအုံးမှာလားလို့'

'အို၊ ရှင်ပြောရင် ဘောက်ချည့်ပဲ၊ ခေါင်းလျှော်ဖြစ်ဦး'

'ဘယ်မလဲ၊ တရော်ကင်မွန်းသီး'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့လူ တရော်နှင့် မတန်ဘူး၊ ရေအိမ်ထဲက ကြိုးကိုဆွဲချ၊ ရေတွေအပုံ၊ ဒါနှင့်ပဲ တော်တယ်'

'ငရဲကြီးမယ်နော် ခင်မကြီး၊ တွေ့ကရာတွေ ကြပ်ကြပ်ပြော'

'ငရဲကြီးမှ ငရဲကလေးနိုင်တယ်၊ ရှင့်လိုလူကို ဘယ်လို ဆဲဆဲဆိုဆို အပေပဲ၊ သူတော်ကောင်းပြစ်မှားမှ ငရဲကြီးမှာ၊ ကျားနှင့်ဘီလူး သွင်ရူး၊ ထူး၍ ကြပ်ကြပ်၊ တွေ့တိုင်းသတ်၊ သူမြတ်မည်သတဲ့'

'အို၊ ခင်မကြီးက ခင်ခင်ဇောရဲ့ သူငယ်ချင်းရယ်လို့ မပြောရဘူး၊ ဟယ်စာသံပေသံတွေ လုပ်နေပါလား'

'သူတော်ကောင်းနားနီး သူတော်ကောင်းပေါ့၊ ခု အရူးနားရောက် သို့ အရူးဖြစ်တော့မယ်'

ဤသို့ တွေ့ကရာ ဘောက်သောက်တွေပြောကာ ခြောက်နာရီခွဲ ည်နှင့် မခွဲသာ ခွဲသာနှင့် ခွဲကြရတော့၏။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၆]

'ကဲ ကိုခင်မောင်၊ ခင်ဗျားတော့ အဓိပတိ တိုင်ထိပ်ရောက်
ပြီ၊ ကျုပ်အတွက် ကြံစည်ပေးအုံးဗျ'

'ခင်ခင်စောက ရိုးလည်း ရိုး၊ အိန္ဒြေလည်း ရှိတယ်၊ ဒီ
ဦးစွာ ပထမ၊ ခပ်တည်တည် ကြည်ကြည် စဖို့လိုတာပဲ၊ ကိုယ်
ကလည်း တည်ပြီးသားကပဲ'

'ခင်ဗျားတော့ သူများလို သက်ကိုင်ပဝါ ကောက်ပေးရ
မဟုတ်ဘူး၊ ဖိနပ်ကောက်ပေးရာက ကိုးနော်'

'ဟုတ်ပါရဲ့ဗျာ၊ ပြောရမှာတောင် ရှက်စရာ၊ ဒါပေ
တုတ်နှင့် ပစ်လို့ရ၊ ခုတ်ခဲနှင့် ပေါက်လို့ ရရ၊ ရတာလိုရင်
လက်ထဲရောက်တော့သာ ကျိုးပဲ့ မနေပါစေနှင့်လို့ ဆုတောင်းမိတ

'ကျုပ်တော့ သူကလေးကို မနှစ်ကတည်းက မြင်
ချိုးမွမ်းမိနေတာပဲ၊ ဒါပေမယ့် တစ်ခါမှ စကားမပြောဘူး
ခင်ဗျားနှင့် ခင်မကြီးကတော့ မနှစ်ကတည်းက စကားပြော
သိဖူးနေတာ'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူးဗျာ၊ နောက်တနင်္ဂနွေနေ့ သူတို့ ဘုရားသွားမယ်တဲ့၊ ခင်စော၊ ခင်မကြီး၊ စုစုတို့ သုံးယောက်တည်းပဲ၊ ကျွန်တော်လဲ လိုက်သွားမလို့၊ ခင်ဗျားလဲ လိုက်ခဲ့ပေါ့'

'ဒီလိုဆိုရင် မိန်းကလေးတွေ ကြိုက်ပါ့မလားဗျာ၊ လူလည်လုပ် ကျနေဦးမလားလို့'

'အို - ကိုသန်းဖေကလဲ ၊ ဒါမျိုးတွေမှာ ရိုးလို့ ချကျတာပဲ၊ ခင်ဗျားက မြန်မာစာဂုဏ်ထူးယူနေတဲ့ ဘီ–အေ အထက်တန်း၊ သူတို့ထက် စီနီယာဖြစ်နေတာ၊ ပြီးတော့ တည်တည်ကြည်ကြည်ပဲ ဟာ၊ ကျွန်တော်တို့လို ပြောင်ရွှတ်ရွှတ်မှ မဟုတ်ဘဲ'

'ဒါဖြင့်လည်း ခင်ဗျားသွားပြီး၊ သူတို့ လူစုကို ခေါ်ခဲ့ပါ၊ ကျုပ် ဘုရားက စောင့်နေပါ့မယ်'

'ကောင်းပြီ၊ ဒီနေ့ သောကြာနေ့ မဟုတ်လား၊ အစကတည်းက ခင်မကြီးဆီသွားပြီး စကားထည့်ပါ့မယ်၊ ဒါမှ နေရာကျမယ်'

'ကောင်းပါ၊ ကျေးဇူးရှင်ကြီးရယ်'

**

'ခင်မကြီးရေ၊ ဆန်းဒေးကျရင် ဘုရားသွားမယ် မဟုတ်လား၊ စုစု–ခင်ခင်စောတို့ပါလေ'

'ဟုတ်တယ် ကိုခင်မောင်၊ ရှင်လဲ လိုက်မယ် မဟုတ်လားလို့'

'လိုက်မှာပဲ၊ ဒါထက် ကိုသန်းဖေ သိသလား၊ ဘာမိ(စ်)အော့နာယူ နေတာလေ၊ မနှစ်က မြန်မာအသင်းမှာ အမှုဆောင်ညှိခဲ့တာတွေ ဟာတွေမှာ မမြင်ဖူးဘူးလား'

'အသားဖြူဖြူ ပိန်ပိန် အရပ်ရှည်ရှည်၊ မျက်နှာ တည်တည်၊ မျက်လုံးပြူးပြူးနဲ့ဟာ၊ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ပြောလိုက်တာ ဆုငွေတစ်ထောင် ကြေ
ထားတဲ့ ဝရမ်းပြေးရဲ့ပုံကို မှတ်ထားတာ ကျနေတာပဲ'

'ပြောပါလိမ့်မယ်၊ လူတစ်ဘက်သားများတော့၊ ရက်ရက်
စက် ၊ အဲဒါဘာဖြစ်လဲ၊ မြင်ဖူးတယ်၊ မသိဘူး'

'သူလဲဘုရားက စောင့်နေလိမ့်မယ်၊ ခင်ခင်စောကို ပိုးချ
တဲ့၊ ရှင်းရှင်းပဲ၊ ခင်ခင်စောတော့ မသိစေနှင့်ဦး၊ သူတို့အ
ဆောင်ရလိမ့်မယ်'

'ကိုသန်းဖေဟာ ရိုးတာပဲလို့ ပြောသံကြားဖူးတယ်'

'ရိုးတာမှ အလွန်ရိုးတာ၊ ဟိုစနေနေ့ညက မခင်စောရဲ့ သီချ
ကြားပြီးကတည်းက စွဲနေတာပဲ'

'ဟို၊ ကျောင်းအုပ်ကြီး လာထမင်းစားတဲ့ ညကလ
ခင်ကတောင် နောက်နေသေးတယ်၊ အသံကောင်းလွန်းလို့ စွ
လိုက်လာချင် လာမှာ ဘာညာနှင့် ပြောနေသေးတယ်'

'ခုတော့ ဒါအမှန်ဖြစ်နေပြီ၊ ခင်ခင်စောကို ဘာမှ မနော
တည်တည်နေ၊ နောက်ရင်တော့ ရှက်ပြီး နေရာကျတော့မှာ မဟုတ်
'သိပါတယ်၊ ဒါတွေ နော်ပြီးသား၊ သူတို့ ရိုးရိုးချ
လိုက်ပါတယ်၊ နေရာကျပါစေမယ် စိတ်ချ၊ ကိုသန်းဖေသာ ပြောလို
ကျေးဇူးတော့ ကောင်းကောင်းဆပ်ရလိမ့်မယ်လို့'

'ဒါဖြင့် ကောင်းပြီနော်၊ ခင်ခင်စောကို ဘာမှ လေ
မသမ်းနှင့်၊ သတိထားနော် ခင်မကြီး'

'သိပါတယ်ဆိုမှ ထပ်လောင်းနေပြန်ပြီ၊ နားလည်ပါတယ်
ကဲ သွားပါ၊ မြန်မြန်သွားပါ၊ ကြာကြာနေ ဘောက်ကျသ
ကျနေဦးမယ်'

* * *

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာစားပြီးလျှင် ခင်မကြီးတို့လူစုမှာ ဘုရားသွားရန် …ယ်တော့မှ မဆုံးနိုင်သော အလှပြင်ကိစ္စကို ပြုလုပ်နေကြလေ၏။ …င်စောကား ရိုးရိုးပင်၊ ခင်မကြီးက ကြားထဲက အဆာကျယ်နေ၏။

'အို အစောကလည်း ဒီလုံချည်ကြီးက ရိုးလှတယ် မဝတ်ပါနဲ့၊ … မြဒေဝီအနားနှင့် ဖက်ဖူးရောင် လုံချည်ကလေးဝတ်ပါ၊ …ားဖြူဖြူနှင့် သိပ်လိုက်တာပဲ၊ ဆံအိတ်ကလေး ဖွပါဦး၊ တင်းနေရင် …ည့်လို့ မကောင်းဘူး၊ ပန်းအဖြူကုံးကလေး ပန်ပါဦးတော့၊ …ည်နှင့်လိုက်အောင် ဟော့ဒီ ပုံတော်ဖိနပ်အစိမ်းနုကလေးစီးပါ'

စသည်ဖြင့် ဂျီးများနေတော့၏။ စုစုကလည်း ဖဲကြိုးစီးကလေး …ါခါနှင့် အလှပြင်ကိစ္စပြီးသဖြင့် စကားသာ တွင်တွင် …းနေလေ၏။

'ဒီကနေ့ ချိုတော်မှုကြစို့၊ အမဲရိုးအသွားနှင့် ထွက်ရမလား၊ …င်မကြီး ဆိုင်းလေးဆင့်ပါဦး'

'အို မယ်ကုဝဏ်ပတ်တိုက်နှင့် ထွက်ရမှာ၊ မယ်ကုဝဏ်ဖူးစာကို …ာ့မကြာဘက်စီး၊ လင့်ကိစ္စ ယနေ့တုံးလို့၊ 'ဖြုံး'ကနဲပြီးတဲ့ အောင်'

ဟု ပတ်တိုက်လေရာ ခင်ခင်စောက ကြားဖြတ်၍

'မလုပ်ပါနှင့် ခင်မကြီးရယ်၊ ဘယ့်နှယ် နားရှက်စရာတွေ …ာ်နေပြန်ပါလိမ့်'

ဟု ဝင်ပြောလေ၏။

'အို အစောရဲ့၊ ဂေါ်လိပ်မှာ နှစ်နှစ်နေလို့မှ မစွံရင် နှင်းဖျော်တဲ့ …ာမကိုင်၊ အခွေလိုက်သုတ်သင်၍၊ ဖာလ်ဝတ်တွင် စိတ်ပုတီးနှင့်၊ …ာ်ကြီးတွေ ချိုးထောင်တဲ့၊ ကိုးချောင်ဝင်ရုံရှိတော့တာပဲ၊ အစောကို …ွဲ့ထုတ်ရလိမ့်မယ်'

'တော်ပါ ခင်ရယ် တော်ပါ၊ ဘုရားသွားခါနီး ကုသိုလ်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



အာရုံပြုပါ၊ ငရဲမရှာစမ်းပါနှင့်'

'အို ဘုရားလဲမှူး၊ လိပ်ဥလည်းတူးပေါ့၊ ဘွားကနဲ ယနေ့က
များနှင့် ကားကနဲ တွေ့ရင်လ'

'ဆိုလေ ကဲလေ ဖြစ်နေပြီ၊ ခင်မကြီးပါးစပ်ဟာ
မဟုတ်တာတွေ ပြော၊ အကြောင်းမသိတဲ့ သူကတော့ တလွဲ
ခင့်စိတ်က ဖြူစင်မှန်း သိတဲ့သူမှသိတာ၊ အလကား ပ
ပြောနေတာပဲ'

ထိုအခိုက် မောင်ခင်မောင်စောင့်နေသဖြင့် ၃-ယော
အောက်သို့ ဆင်းခဲ့ကြလေ၏။

၁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၇]

ခင်မကြီးမှာ မိမိတို့ အကြံကို မခင်စောရိပ်မိမည် စိုးသဖြင့် ...သင် မိမိ၏ ပါးစပ်ကို ထိန်းထားရလေ၏။ မကြာ မကြာ ...က ထွက်တော့မည်အပြုတွင် မောင်ခင်မောင်က မျက်ရိပ်ပြပြီး၊ ...စ်ရလေ၏။ ဘုရားစောင်းတန်းအတက်တွင် မောင်သန်းဖေက ...တမဲ့ တွေ့ဟန်နှင့်

'ဩော်– ကိုခင်မောင်ပါကလား၊ လူလူသူသူ ဘုရားများ ...ကိုး'

ဟု ပြုံးရွှင်စွာ နှုတ်ဆက်လေလျှင် မောင်ခင်မောင်က

'တစ်ခါတစ်ရံလည်း လူယောင် ဖန်ဆင်းရသေးတာပဗျာ၊ ခင်ဗျား ...ာ့ ဘုရားဝတ်ပြု မှန်နေတာပဲ၊ တော်ပေ့ဗျာ'

ဟု ခင်ခင်စောရှေ့တွင် မောင်သန်းဖေ၏ ဘုရားတရား ...သိုသည့်ဂုဏ်ကို လှည့်ပတ် ထုတ်ဖော်လိုက်လေ၏။ ခင်မကြီးမှာ ...နှာကို မနည်းရှုတည်တည်ထားကာ၊ မောင်သန်းဖေနှင့် ...ခင်မောင်တို့ ရှေ့က တက်နှင့်သည်နှင့် ခပ်လှမ်းလှမ်း နောက်က

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ မခင်စောက မိမိ၏ ဖိနပ်ကလေး ချွတ်နေစဉ် စု

'ခုနေ ဖိနပ်ကိုင်မဲ့သူ ရှိရင် အပဟန်သား၊ ခင်မကြီးဆေ ဖိနပ်ယူပေးမဲ့သူ ရှိသေး'

ဟုပြောသည်ကို မောင်သန်းဖေကြား၍ မောင်ခင်ဆေ အနားကပ်ကာ

'ဘယ်နှယ် ကိုယ့်လူ၊ ဖိနပ်ကိုင်ရမဲ့အပေါက် များလား'

ဟု တိုးတိုးမေးလေ၏။

'အို ခင်ဗျားကလဲ မဟုတ်တာ၊ ခေါင်းပေါ် ရွက်ခဲ့ အပေါက်ပေါ့'

ဟု ပြန်ရှန်းနေစဉ်ပင် နောက်က ခင်မကြီးတို့ မီလာသည် ဣန္ဒြေဆယ်ကာ အခြားစကားများကို ဖြတ်၍ ပြောလိုက်ရလေ

မောင်သန်းဖေမှာ ခင်ခင်စောမျက်နှာကို ရွှန်းရွှန်းစားစား ကြည် လှသော်လည်း စိတ်ကို မနည်းထိန်းခါ နဂိုမျက်နှာ တည်တည်နှင့် နေလေ၏။ ပန်းဖယောင်းတိုင် အမွှေးတိုင်များ ဝယ်ကြပြီးလျှ အားလုံး ဘုရားကြည်ညိုနေကြစဉ်၊ ချိတ်လုပ်ထားသည့်အတ မောင်ခင်မောင်၊ ခင်မကြီး၊ စုစုတို့သည် အပါးမှ မသိမသာ ခွာ မနီးမဝေး မြင်သာသောနေရာမှ နေကြလေ၏။ ခင်ခင်စောက ဘုရားအာရုံပြုနေသဖြင့် မသိလိုက်ပေ။ ဘုရားရှိခိုးပြီး ထလိုက် မိမိနှင့် မောင်သန်းဖေနှစ်ယောက်တည်းသာ ရှိတော့သဖြင့် အသေ ထိတ် သွားလေ၏။ သို့သော်လည်း မောင်သန်းဖေက

'ဟိုမှာ ကိုခင်မောင်တို့၊ ပန်းဆိုင် ပိုက်ဆံပေးနေကြ ရှိသားပဲ'

ဟု ပကတိရိုးသားစွာ ပြောသဖြင့် သက်သာရာ ရ နှစ်ယောက်သား ပန်းဆိုင်ဘက်သို့ လျှောက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မခင်စော၊ မနှစ်က စာမေးပွဲမှာ မြန်မာစာ ပထမရတယ် …ဒ်လား'

ဟု မောင်သန်းဖေက မေးလျှင် မခင်စောမှာ ဣန္ဒြေ ရသော …ောင်းတော်သားတစ်ဦးလည်းဖြစ်ပြန်၊ မိမိထက် အတန်းကြီးသဖြင့် …မှာ ရှက်ရွံ့ခြင်း မဖြစ်ဘဲ

'ဟုတ်ကဲ့၊ အစော မြန်မာမှာ ပထမရတာနဲ့ တယ်သတင်းကြီးနေ …ပါရဲ့၊ ဗူးတောင်းနစ်လို့ ဖောင်ချမ်းပေါ်ဆိုတာမျိုး ကျနေတာပဲ'

ဟု ပြန်ပြောလေ၏။ မောင်သန်းဖေက

'အို၊ တကယ်တော်လို့ ရတာပေါ့၊ မခင်စောအကြောင်း …တွေက သိပ်ချီးမွမ်းတာပဲ၊ မြန်မာစာအော်နာ ယူပါလား'

ဟု ဆိုရင်းပင် မောင်ခင်မောင်တို့အနားရောက်ကာ လူချင်းပေါင်း …ကြလေ၏။ ခင်မကြီးမှာ ရှုတ်ချင် နောက်ချင်လှသော်လည်း …စိတ်ကို ဆုံးမကာ မျက်နှာတည်တည်နှင့်ပင် ဘုရားလက်ယာရစ် …ည့်လည်ကြလေ၏။ မောင်သန်းဖေမှာ ခင်ခင်စောနှင့် စကားမပြတ် …ောင် မြန်မာအော်နာယူလျှင် ဘယ်လို အကျိုးရှိသည့်အကြောင်းကို …ဘာမသတ် ပြောနေရာ၊ ခင်ခင်စောသည် မိမိစိတ်ကြိုက်ကျနေ …ဖြင့် ဘာမျှမပြောဘဲ အကလေးသဖွယ် မျက်လုံးကလေးစင်းကာ …ထောင်နေလေရာ မောင်သန်းဖေမှာ မေတ္တာစေတနာပွားနေတော့၏။

ဘုရားတစ်ပတ်လှည့်ပြီး၊ သွေးဆေးကန်ဘက် မုန့်ဆိုင်ဒွ …စ်စုကြီး စားသောက်နေကြရာ အားလုံးကပင် သဘောတူညီစွာ …ခွင့်အရေးပေး ကာ နှောင့်ယှက်ခြင်း မပြုသဖြင့် မောင်သန်းဖေနှင့် …ခင်စောတို့မှာ စကားလက်ဆုံကျနေလေ၏။

'အစောတို့ ဒီနှစ် မဟာသီလဝပျို့သင်ရတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ဒီစာအုပ်တော့ မပြောပါနှင့်တော့၊ ခက်လှနိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်ရော၊ မဟာသီလဝ ဓာတ်တစ်ခုထဲနှင့် ၅၅ဝလဲကုန်၊ ဇေဒင်ကျ
ချွေဘုံနိဒါန်းလဲကုန်၊ အဘိဓာန် ကျနေတာပဲ၊ ရှည်လျားလိုက်တ
'ဒါတောင်မှ 'အရှည်မသွယ်၊ အကျယ်မလို၊ ဖတ်ဆိုသည့်
လွယ်စွာဟူအောင်'လို့ ရေးလိုက်သေးတယ် မဟုတ်လား'
'ဟုတ်ပါရဲ့ ကိုသန်းဖေရယ်၊ ဒါများ မရှည်သေးဘူးတဲ့'
မောင်ခင်မောင်နှင့် ခင်မကြီးတို့ကား တစ်ယောက် တစ်ယော
မျက်ရိပ်ပြကာ နေရာကျကာတော့ နီးပြီဟူသော အထိမ်းအမှ
ပြုနေကြလေ၏။
'ကိုသန်းဖေမှာ ကဗျာဗန္ဓသာရကျမ်းရှိလား၊ အော်နာသမာ
စာအုပ်တော့ စုံမှာပဲ'
'ရှိပါရဲ့၊ လိုချင်လို့လား'
ခင်ခင်စောမှာ ရေးက မြင်ဖူး ကြားဖူးရုံဖြစ်သော်လည်
ယနေ့မှ စကားပြောဖူးသူနှင့် စကားတွေဖောင်ဖွဲ့
ပြောနေမိသည်သာမက စာအုပ်ပင် ကျူးကျူးကျော်ကျော
ငှားတော့မည်ကို တွေးရုက်သည်နှင့် 'ရှိလားလို့ မေးတာပ
စော အသုံးမလိုပါဘူး'
ဟု စကားပြန်ပိတ်ပြီး ခင်မကြီးတို့နှင့်သာ စကားမရှိ စကာ
ရှာ ပြောနေတော့သည်။
ခင်မကြီးကလည်း မောင်သန်းဖေ အနေရခက်မည်စိုး၍ ဖော်ရွေ
စွာပင်
'ကိုသန်းဖေ မြန်မာစာသိပ်တော်တာပဲ၊ ခင်တို့တော့ ဖျင်းငြ
လို့ တော်တဲ့လူဆိုက နှစ်ပြားဖိုးလောက် ဝယ်ချင်ပါရဲ့'
'ကျွန်တော်ကလည်း ရောင်းလို့ရ ရောင်းချင်ပါရဲ့'
စုစုက ကြားဖြတ်၍

www.burmeseclassic.com

www.burmeseclassic.com



'ခင်မကြီးလည်း မြန်မာစာ မတော်တယ် တော်တယ်၊ ခင်ခင်သိ
း ပြောပြပါတယ်၊ မနှစ်က အစမ်းစာမေးပွဲမှာ 'ဝရတောဝရိစန္ဓာ'
ါ်ဘာမေးတဲ့ဟာ ဝ,ရယ် ရကောက်ရယ် တဝမ်းပူရယ်လို့
တော်ထားတာ မှတ်မိသေး့ 'ဝရတောဝရိတ်'လို့ ဖြေလိုက်သတဲ့'

အားလုံးပင် ရယ်ကြရာ ခင်မကြီးမှာ နည်းနည်းပါးပါးရှက်သွားပြီး

'စုစုက သိပ်အရှက်ခွဲတာပဲကွယ်၊ ခင်ရှက်လာပြီ'

ဟု ပြောရာ စုစုက

'အမယ်လေးဟဲ့၊ ရှက်တဲ့မျက်နှာတဲ့၊ ကြည့်ကြပါဦး၊ ရှက်တဲ့
မျက်နှာလေး၊ သနားစဖွယ်ကလေး'

ဟု ပြောင်ပြီး တဖန်ဆက်၍

'ဒါတင်ကပါရိုးလား၊ ဖိုးရာဇာ ကြောင်နှင့် ညောင်တုံးဆိုတာ
ကြားဖူးတယ် မဟုတ်လား၊ ကြောင်များဟာ အရေးရှိမှ လက်သည်း
ဆုတ်တယ်၊ အစေ့သေးသော်လည်း အပင်ကြီး အရိပ်ကြီးရတဲ့
ညောင်ပင်ဆိုတာလေ၊ အဲဒါကို ဘယ်လိုဖြေသလဲဆိုတော့ ကြောင်များ
ဟာ ခွေးလို လှ့ဒဏ်မခံဘူး၊ လူမမာရင် တစ်ခြားရှောင်သွားတယ်တဲ့၊
ပြီးတော့ ညောင်ပင်ပေါ်တက်နေတတ်တယ်လို့ ဖြေတာများ ကြားလို့မှ
ကောင်းကြသေးရဲ့လား'

ဟု လက်ဟန်ခြေဟန်နှင့် ပြောလေရာ အားလုံး ဝိုင်းရယ်ကြလေ
၏။ ခင်မကြီးကား စိတ်လည်းမဆိုး၊ ရှက်ဖို့လည်းဝေး၊ အများနည်းတူ
လိုက်၍ ရယ်သာရယ်တော့၏။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၁၈ ]

ဝါဆိုဟောလီးဒေးသို့ ရောက်လေပြီ၊ မောင်သန်းဖေမှာ ဗဟန်းသွားကာ ဥပုသ်ဆောင်ဝင်တော့၏။ ခင်ခင်စောကား မိမိ၏ ကြီးတော် သီလရှင်ကြီးရှိရာသို့ သွား၍ ဥပုသ်စောင့်ရာ မချိန်းဘဲနှင့် ဆုံတွေ့ရန် နတ်များ ဖန်လာလေသလားမသိ၊ လပြည့်နေ့ညနေတွင် မောင်သန်းဖေသည် စကြံသွားရင်းနေရအပ်သောသမာဓိ၏ မြတ်ကြောင်း၊ မြတ်စွာဘုရား ဟောတော်မူသည်ကို သတိမူ၍ ရွှေတိဂုံအလယ်ပစ္စယံ အဆင့်တွင် လမ်းလျှောက်ရင်း ပုတီးစိပ်နေစဉ် ဇရပ်တစ်ဆောင်အောက် ကွပ်ပျစ်ပေါ်တွင် ယောဂီဝတ်နှင့် ပုတီးစိပ်နေသော ခင်ခင်စောကို မြင်လိုက်ရာ 'ဩော်... ယောဂီဝတ်လေးနှင့်ဆိုတော့ အသားကလေး ဝင်းနေလို့ ပိုပြီးတောင် လှတယ် ထင်ရတယ်'ဟု အဆီးအတားမရှိ စိတ်၌ ဖြစ်ပေါ်လာလေ၏။ သို့သော် စိပ်ပုတီးနှင့် ဥပုသ်ကို အားနာသောအားဖြင့် စိတ်ကိုပြန်ထိန်းပြီး 'သွားတော့ နှုတ်ဆက်ရ ဦးမယ်၊ ဒါတော့ မငြိုးငြင်နိုင်ဘူး'ဟု အနားသွားကာ 'ဩော် မခင်စော၊ ဒီကိုလာဥပုသ်စောင့်နေသကိုး'ဟု ရိုးရိုးတန်းတန်း နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



သေ၏။ မခင်စောမှာ ရှက်အန်းအန်း ဖြစ်သွားပြီး

'ဟုတ်ကဲ့၊ကိုသန်းဖေကော ဥပုသ်ရလား'

ဟု ဣန္ဒြေဆယ်ကာ မေးနေခိုက် ကြီးတော် သီလရှင် ဒေါ်ကေသီ ဆင်းလာ၍

'အောက်မှာ မတ်တတ်ကြီး နေတော့မှာလား မောင်ရင်၊ အပေါ်တက်ပါဦးလား'

ဟု ဖော်ရွေစွာ ခေါ်လေ၏။ သုံးဦးသား ဧရပ်ပေါ်ပြန်တက်၍ ရည်ရည်မွန်မွန် လူကြီးတစ်ယောက် မိန်းမကြီးတစ်ယောက်နှင့်အတူ ထိုင်စကားစမြည် ပြောနေလေ၏။ သီလရှင်ကြီးကစ၍

'မောင်၊ ကောလိပ်ကျောင်းက ထင်ပါရဲ့'

ဟု မေးလိုက်ရာ မောင်သန်းဖေက မျက်နှာအောက်ချရာက မော့ကြည့်၍

'မှန်ပါတယ် ခင်ဗျာ'

ဟု ပြန်ပြောလေ၏။ သီလရှင်ကြီးက

'ဟောဒါက အစောရဲ့ဘကြီး ဦးဆင့်နှင့် ကြီးတော်ဒေါ်မေပဲ၊ မောင့်နာမည် ဘယ့်နှယ်ခေါ်ပါသလဲ'

'မောင်သန်းဖေပါတဲ့ခင်ဗျာ'

'ဩော်၊ ဩော်၊ ခု ဘယ်အတန်းမှာလဲ'

'ဘီအေ မြန်မာစာ ဂုဏ်ထူးယူနေပါတယ်'

ဦးဆင့်ကဖြတ်၍

'ဩော် ၊ မြန်မာစာ ဂုဏ်ထူးယူနေသလား၊ ကြားရတာ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပါကွယ်၊ ခုနေအခါ မြန်မာစာ တိမ်မြုပ်တော့မလို အားပေးမဲ့သူ နည်းနေတာကလား'

'ခုအခါတော့ အတော် အလေးပြုပြီး ကျက်မှတ်သင်ယူလာကြပါပြီ ဦးရယ်'

'အေး – ဒါမှပေါ့၊ မြန်မာစာပေဟာ မောင်တို့လူငယ်တွေ လက်ထဲမှာ ရှိတယ်၊ စာမေးပွဲအောင်ရုံသာ စိတ်အားသီသ မထားရဘူး ကွဲ့၊ တကယ့်ကို ပညာလိုလားတဲ့စိတ်နဲ့ သင်ရတယ်'

'ဦးပြောတာ မှန်ပါတယ်၊ ကျွန်တော်ကြားဖူးတာဖြင့် ရှေးက ပထမငယ်၊ ပထမလတ်ဝင်လို့ အောင်တဲ့ ပုဂ္ဂိုလ်များကို ခုကာလ ဘီအေ–အမ်အေအောင်တဲ့ လူတွေ အထင်ကြီးသလို မကြီးဘူးတဲ့၊ တကယ်စာတတ်တဲ့ ပုဂ္ဂိုလ်များ စာမေးပွဲကို အဝင်မခိုင်းဘူးတဲ့'

'မောင့်အသက် ငယ်သာငယ်တယ်၊ ဗဟုသုတအရှိသားပဲ၊ အများတကာရှေ့မှာ ပလွှားဖို့၊ ဘွဲ့ထူးရဖို့ထက် တကယ်တတ်ဖို့ အရေးကြီးတာ သတိပြုရမယ်၊ တူမလေး အစောကိုလဲ ဒီလိုအမြဲ ဆုံးမနေရတာပဲမောင်ရဲ့'

မောင်သန်းဖေသည် မျက်လွှာချ၍ မိမိနှင့် ဦးဆင့် စကားပြောနေသည်ကို ငြိမ်သက်စွာ နားထောင်နေသော မခင်စောကို လှမ်းအကြည့် မခင်စောကလည်း မိမိနှာမည်အသံကြား၍ ပြန်အကြည့်တွင် ဆုံမိရာ၊ မခင်စောမှာ များစွာ မထူးလှသော်လည်း မောင်သန်းဖေမှာ နဂိုစိတ်က မရိုးသဖြင့် ရှိန်းကနဲဖြစ်ကာ မနည်းဣန္ဒြေဆည်လိုက်ရသည်၏။

ဦးဆင့်က တင်ပလ္လင်ချိတ်ထိုင်ပြီး ပုတီးစိပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



'အစောတစ်ယောက်ကော ကျောင်းမှာ တော်ရဲ့လားကွဲ့၊ ဘယ်နှယ်လဲ'

'ဆရာတိုင်းကပဲ မြန်မာစာမှာတော်ကြောင်းကို ချီးမွမ်းပါတယ်၊ ဆော်လဲ အလွန်တော်ပါတယ်'

ဟု စိတ်ပါလက်ပါ တကယ့်စေတနာ နှင့်ပြောလေ၏။

'ဒီလိုပဲ လူတိုင်းက ပြောကြတာပဲ တူမောင်၊ ဦးက တယ်ပြီး လူငယ်တွေကို မြန်မာစာ လိုက်စားစေချင်တယ်၊ အစောကိုလဲ အိမ်မှာနေရင်း သဂြိုဟ်တက်ခိုင်းတယ်၊ မောင်ကော ပါဠိသင်ဖူးရဲ့ မဟုတ်လား'

'ကျောင်းမှာလဲ သင်ခဲ့ရပါတယ်၊ ကျွန်တော်တို့ မန္တလေးမှာ ရဟန်းတော်များဆီမှာလဲ သဂြိုဟ်၊ သဒ္ဒါတက်ဖူးပါတယ်'

'ဩော်၊ တယ်တော်ပါကလား၊ မောင်တော့ ပထမတန်း ဂုဏ်ထူးတော့ တန်းနေတာပဲ၊ အစောလဲ နားမလည်တာရှိ တူမောင့်ဆီမှာမေး၊ ကြားလား၊ မောင်တို့လို တကယ့် မြန်မာစာပေ လိုက်စားတဲ့သူ တွေ့ရတာ တယ်ဝမ်းမြောက်တယ်ကွဲ့၊ တချို့ကတော့ ခပ်ရိုင်းရိုင်း ပြောရမှာဖြင့် ဟိုလူ့ဟိန်းလိုက် ဒီလူ့ယောင်လိုက်နှင့် ကိုယ်ပညာဂုဏ် မာနတွေ တက်ပြီး၊ ကိုယ့်ထက် တတ်သိလိမ်မာတဲ့ သူတွေကို တယ်ပြီး အာခံချင်တယ်။ ဟဲ့ အစော၊ တူမောင်ဖို့ ဖျော်ရည်ကလေးများ လုပ်ပါဦး၊ ဥပုသ်နှင့် စကားပြောရတာ လေပွမှာပဲ'

ခင်ခင်စောလည်း အတွင်းဝင်၍ ဖန်ခွက်နှင့် ဖျော်ရည်ယူလာပြီး



www.burmeseclassic.com

www.burmeseclassic.com



မခို့တရို့ကလေး လာချရာ မောင်သန်းဖေမှာ မိမိဆောက်တည်
အပ်သော ဥပုသ်ဟာ ဘုန်းကြီးဆီပြန်ပြေးသည်ဟု ထင်မိတော့၏။

ထို့နောက် အတော် မိုးချုပ်သည်နှင့် အားလုံးကို နှုတ်ဆက်ပြီး
လေးလံသော ခြေလှမ်းနှင့် မလှမ်းချင်လှမ်းချင်နှင့် ထွက်ခဲ့ရလေ၏။

ခင်ခင်စောမှာ အေးချမ်းသာယာစွာ ဥပုသ်စောင့်နေသော်လည်း
ခင်မကြီးတို့မှာ အင်းလျားယောလ်၌ပင် ဥပုသ်စောင့်ရသည်မှာ အလွန်
ကြိုးစား၍ စင်ကြယ်အောင် စောင့်ရလေ၏။ ခင်မကြီး၏ ပါးစပ်က
အကြောင်းသုံးပါးမရွေး၊ ရွှတ်ပြောချင်တုန်းပင်။

'ခရစ်ယာန်ကျောင်း တစ်သက်လုံးနေလာခဲ့တဲ့ အချို့
မိန်းကလေးတွေဟာ တစ်ခါမှ ဥပုသ်မစောင့်ဘူး၊ ဒါများ ဂုဏ်လုပ်
နေတတ်ကြသေးတယ်'

ဟုပြောကာ

'ခွကျကျ ကလေးတွေ ရယ်က၊ အဘမွေးရက်ကယ်နှင့်
ပထွေးကိုဖအေ ထင်လို့ ဆိုတာကျနေတာပဲ'

ဟု အမြင်အကြားမတော်လျှင် ပါးစပ်က မနေနိုင်တဲ့
ဝါသနာအတိုင်းပြောသေး၏။

'ဥပုသ်ကြီးနှင့် အတင်းပြော ပြန်ပြီလား'

ဟု တစ်ယောက်က ပြောသော်လည်း

'ဟုတ်တာကို ပြောတာ၊ ဘာဖြစ်သေးလဲ'

ဟု ဆိုလိုက်သေး၏။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၉ ]

'ကိုသန်းဖေတို့များ မပေါ်လာတာ ကြာပြီ၊ နဖားကြိုးပြတ်သွား
တာတည်းက ဘယ်တိရစ္ဆာန်ထောင်ကျနေသလဲလို့ အောက်မေ့မိတယ်'

'ပြောတော့ ကိုခင်မောင်၊ ခင်ဗျား ပြောတာတော့ ဖွေမယူပါဘူး၊
ချူးဆဲရင်တောင် ခံရဦးမှာပဲ'

'ဒါထက် ခင်ခင်စောတစ်ယောက်လဲ သူ့ကြီးတော်ရေပ်ကို
သွားပြီး ဥပုသ်စောင့်ဆိုပဲ၊ မတွေ့ဘူးလား'

'တွေ့တာပေါ့၊ သူ့ဘကြီးနှင့်တောင် စကားလက်ဆုံကျခဲ့သေး
တယ်၊ သူတို့က တယ်ပြီး မြန်မာစာ လိုက်စားကြသဗျ။ စကားပြောခဲ့
ရတာ တယ်မြိန်တယ် ကိုခင်မောင်'

'ခင်ခင်စောကလေးကို ရှုစားရတာထက် ဘယ်သင်းက ပိုမြိန်
သေးသလဲ၊ မှန်မှန်ပြောစမ်း'

'အဲဒီနေ့က ကျုပ်လဲ ဥပုသ်ကြီးနှင့်ပါ'

'အို၊ စိပ်ပုတီးကြီးနဲ့ ပိုးကြတာ ထုံးစံပဲ'

'ရွတ်ချင်တာတွေ ဘေားချိတ်ထားပါဦး၊ ကိုခင်မောင်ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာလေး ပြောစမ်းပါရစေ၊ သူ့ဘကြီးက အတော်ပဲ ကျုပ်ကို ချီးမွမ်းသဘောကျပုံရတယ်၊ ခင်ခင်စောကိုတောင် မသိတာရှိရင် ကျုပ်ကို မေးပါ၊ ဘာညာနှင့် ပြောသေးတယ်'

'ဟာ တယ်နေရာကျပါကလား၊ ဒီလိုဆိုရင်တော့ သိပ် မခက် လှပါဘူး၊ နို့ ခင်ခင်စောကကော ခင်ဗျားကို ဂရုတစိုက် အရောတ နေရဲ့လား၊ နည်းနည်းပါးပါးမှ အကဲမခတ်မိဘူးလား'

'စိန်ကဲ ကျောက်ကဲသာ ခတ်ရ လွယ်ချင်လွယ်မယ်၊ မိန်းမကဲခတ် ရတာ မလွယ်ဘူး၊ ကိုယ့်လူ ဒါတွေ သိရဲ့မဟုတ်လား၊ သူတို့ အတွင်းစိတ်သဘောကို သိနိုင်ဖို့ဟာ တယ်ခဲယဉ်းတယ်နော်'

'ခင်ဗျားပြောတာ ဟုတ်ပါတယ်၊ မိုးနှင့် သရက်၊ အိုးနှင့် ကြွ ဆိုတာလိုပေါ့'

'အမယ် ကိုယ့်လူ တယ်လုပ်နေပါကလား'

'ကိုသန်းဖေနှင့် ပေါင်းနေတာပဲ ညှံ့မှတ်လို့'

'ဒါထက် ခင်ဗျားဘယ်တော့ ခင်မကြီးဆီ သွားဦးမလဲ'

'ဒီနေ့တော့ အချိန်မရှိဘူး၊ နက်ဖြန်ခါညနေ သွားမယ် အောက်မေ့တယ်၊ ခင်ဗျားကော လိုက်ဦးမလား'

'ညနေတိုင်းသွားချင်တာဗျာ၊ သူတို့ ဝါဒင်(အဆောင်မှူး) ယောကျ်ားဧည့်သည်တွေ နေ့တိုင်းလာတာ မကြိုက်ဘူးတဲ့၊ ဒါ တစ်နေ့က ခင်မကြီးကတောင် ကလော်ဆဲနေသေးတယ်'

'ခင်မကြီးကတော့ လုပ်မယ်၊ ဒီနည်းချည်းပဲ'

'ဟုတ်တယ်၊ ဒါတွေကြောင့် ကျွန်တော်စရတာ ထိတ်နေ ပေါ့ဗျာ'

**

နောက်တစ်နေ့ညနေ မောင်ခင်မောင်နှင့် မောင်သန်းဖေသည်

www.burmeseclassic.com

www.burmeseclassic.com



...င်လျှားဟောသို့လာကြသည်တွင် ခင်ခင်စောတို့နှင့် ခင်မကြီး နှစ်...လုံးနှင့် ရင်ဆိုင်တွေ့သဖြင့် ခင်ခင်စောပါ မနေသာတော့ဘဲ ...ခန်းထဲဝင်ကာ လေးဦးသား ထိုင်ကြရတော့၏။ မောင်ခင်မောင်နှင့် ...မကြီးတို့သည် ခါတိုင်းလို စကားမများကြဘဲ ခင်ခင်စောနှင့် ...ောင်သန်းဖေတို့ စကားပြောနိုင်ရန် အခွင့်ပေးထားကြလေ၏။

'မခင်စောတို့ဘကြီးဟာ တယ်ပြီးတော့ တော်တယ်နော်၊ ...ကြောင့်လဲ မခင်စောတို့ကျတော့ တော်တာပဲ၊ ကျွန်တော်ဖြင့် ...ားပြောနေတာ ထတောင် မထချင်ဘူး'

ဟု မောင်သန်းဖေက စလိုက်၏။

'ဘကြီးကတော့ ဒီလိုချည်းပဲ၊ ကိုသန်းဖေတို့လို လူဆိုရင် ...င်မြင်ချင်း ချစ်ခင်တတ်တာပဲ၊ နောက်ကို ဧရပ်မကြာမကြာလာပါလို့ ...ောင် ပြောဖို့ အစောကို မှာလိုက်သေးတယ်၊ အားတဲ့အခါ သွားပါ'

ဟု ခင်ခင်စောကပြောသည်တွင် မောင်ခင်မောင်က

'ကျွန်တော်တောင် လိုက်သွားချင်သေးတော့တယ်'

ဟုပြောလေ၏။ ထိုအခါ ခင်မကြီးက

'သွားပါလား၊ ရှင့်လိုလူဆိုရင် မြတ်စွာဘုရား တာဝတိံသာကို ...စ်လှမ်းခွဲနှင့်လှမ်း ဆိုတာလို ရှင်တော့ တစ်လှမ်းမှ မလှမ်းဘဲ ...င်းဝဟောကို ပြန်ရောက်ခဲ့ရဦးမယ်'

ဟု ချဉ်ချဉ်နှင့် ပြောလေလျှင် မောင်ခင်မောင်မှာ ထိတ်လန့်ဟန် ...င်၊

'မယ်မင်းကြီးမရယ်၊ မောင့်ကို မုန်းနေတာ ဘယ်လောက်ကြာပြီ ...ဲ၊ မနိုင်းအပ် မယှဉ်အပ်တာတွေနှင့် နှိုင်းယှဉ်၊ မောင်တော့ ...ရတော့မှာပဲ'

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com


မောင်သန်းဖေက

'နေပေမယ့် အရေးမကြီးပါဘူး၊ မယ်သမ္ဘုနှင့် တူတဲ့ ခင်မကြီး သစ္စာရေတန်ခိုးကြောင့် ထမ်းပိုးပိုလှလာပါလိမ့်မယ်'

'ခုကာလ ရှေးကလို သစ္စာရှိတဲ့ မိန်းမမျိုး ရှိမယ် ထင်သလား ကိုသန်းဖေရယ်'

'အို ဒီလို မပြောပါနှင့်၊ ခုခေတ် ယောကျ်ားတွေကကော ရှေးက လူတွေ ခြေဖျားတောင် မီလို့လား၊ လောကကြီးနှင့်တကွ ဆုတ်ကပ် ခေတ်ကြီးဖြစ်နေတာ အထူးပြောစရာ မလိုပါဘူး'

'ဟုတ်ပါရဲ့ စောရယ်၊ သူတို့ယောကျ်ားတွေက ငါယောကျ်ားပဲ ဟဲ့လို့ အသားယူချင်လိုက်တာ ၊ အတောင်နှစ်ဆယ်ဝတ်သလေး ဘာလေးနှင့်၊ ကဲလေ–ဘဂ်ါလီမတွေ အတောင်သုံးဆယ်တောင် ဝတ်သေးတယ်၊ သွားပြီး ရှိခိုးနေပါလား'

'အိုး ကျွန်တော်က ကြားက ရန်တိုက်ပေးတာနှင့် တူနေပါပြီ ကဲ...ကျေအေးကြပါတော့၊ တောင်းပန်ပါရစေ'

'ကိုသန်းဖေတောင် အားနာနေပါပြီ၊ သူပြောရင် ဝွနှင့် ဘောက်ချည်းပဲ၊ အကောင်းတော့ ဘယ်တော့မှ မပြောပါဘူးလို့ အာမခံထားသလားမသိ၊ ဒီစကားရပ်ပါတော့၊ ဒါထက် ခင်တို့ ဘလ္လာတိယပျို့ထဲက ပေါရဏာတွေ ရှုပ်ထွေးနေတာပဲ၊ အဲဒါ နားမလည်လို့ တစ်နေ့လောက် လာလည်ပါနော် ၊ မေးချင်လို့ ကနေ့တော့ ရန်ဖြစ်ရတာနှင့် အချိန် မရှိဘူး'

'ခင်မကြီးက ကျောင်း ခဏခဏ ပြေးတာကိုး၊ စောတော့ ကျောင်းမှန်မှန်တက်လို့ သိပ်အခက်မတွေ့လှဘူး'

'အခက်တွေ့လို့ရယ် မဟုတ်ပါဘူး၊ ကိုသန်းဖေတို့လို ပြန်မာစာ တော်တဲ့လူနှင့် စကားပြောရရင် ခင်တော်လာမယ် ထင်လို့ပါ'

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၀ ]

ခင်မကြီးသည် ခင်ခင်စောအား မောင်သန်းဖေ၏ အကြောင်း
ဟပ်ပြောသောအခါများတွင် မျက်နှာကို တည်နိုင်သမျှ တည်တည်
ကော ပြောသဖြင့် ခင်ခင်စောသည် မောင်သန်းဖေအား ခေါ်ရဲ
ရဲဆိုရဲရှိတော့၏။ မကြာ မကြာ ဟော်စတယ်ကို လာ၍
ကြီးအား မသိနားမလည်သည်ကို ပြောပြရင်း ခင်ခင်စောနှင့်
ကြောင်းပေကြောင်း ဆွေးနွေးရင်းပင် စကားလက်ဆုံကျကြပေ၏။
သို့ဖြင့် ခင်ခင်စောသည် မောင်သန်းဖေအပေါ်၌ ဖြူစင်သောမေတ္တာ
ကဝင်ကာ မိတ်ဆွေအရင်းအချာကဲ့သို့ သဘောပိုက်ယူမိလေ၏။
ချင်း သဘောချင်းတူ၊ တစ်ဦးနှင့် တစ်ဦး စကားပြောရာမှာလည်း
မြင်ချက်များ ပြောရသည်ကိုပင် အလွန် စိတ်ပျော်ရွှင်မိလေ၏။

'ဒီနေ့ အစော တစ်ယောက်ထဲလား၊ ခင်မကြီးတို့ကော'

'ဪ ကိုသန်းဖေ၊ ခင်မကြီးတို့ ရုပ်ရှင်သွားကြတယ်၊ မောရစ်ရှိ
ီးယားဆိုရင် အသွားချည်းပဲ'

'ဒါကြောင့် ဖိုးခင်မောင်ကြီး ဘယ်အချိန်က လစ်သွားတယ်သောင်

www.burmeseclassic.com

www.burmeseclassic.com



မသိလိုက်ဘူး၊ အစောတော့ ဘာကြောင့် လိုက်မသွားလဲ'

'စောက အင်္ဂလိပ်ရုပ်ရှင်ဆိုရင် ရာဇဝင်ကားတွေ ဘာတွေ လ
အခါသာ ဗဟုသုတ ဖြစ်အောင် ကြည့်တာပါ၊ ဒီလို က
ခုန်လိုက်ဇာတ်တွေတော့ တယ်ပြီး ဝါသနာမပါဘူး'

'အနောက်နိုင်ငံမှာ ပျော်တာပါးတာတွေကို ကြည့်ပြီး တ
ယောကျ်ားလေးရော မိန်းမလေးရောပါပဲလေ၊ မြန်မာပြည
လူဖြစ်ရတာ လူဖြစ်ရှုံးတယ်များတောင် မှတ်ပြီး သူတို့ဆီမှာ လ
ချင်ကြတယ်'

'ခင်မကြီးတို့တော့ ဒီလိုစိတ်သဘော ရှိမယ် မဟုတ်ပါ
ရုပ်ရှင်တော့ ကြိုက်ပါရဲ့၊ အစောတို့ဖြင့် အဲဒီလို ဇာတ်ကားတွေ
ပြီး နောင်ဘဝအဆက်ဆက် တိရစ္ဆာန်ဖြစ်တောင် သာသနာထွ
ပြည်မှာ ဖြစ်ပါစေ။ သူတို့လို ဘုရားတရား မရှိ၊ ဖြစ်ချင်
ဖြစ်နေကြတဲ့ တိုင်းပြည်တွေ့မှာတော့ လူမဖြစ်ပါရစေနဲ့
ထပ်တလဲလဲ ဆုတောင်းမိပါရဲ့'

'သူတို့ဆီမှာ ပျော်ပျော်ကြီး လောကစည်းစိမ်ခံစားကြရတာ
တစ်ဘဝပဲ၊ နောင်ဘဝ အဆက်ဆက်မှာ နစ်ဖို့ချည်းပဲ'

ဤသို့ ရိုးသားစွာ စကားကောင်းများသာ ပြောပြီး နောက်အ
ကြာ၍ မောင်သန်းဖေ ပြန်ခါနီးသောအခါ

'ကိုသန်းဖေ၊ မရှိမသေ ဟောဒီစာကလေးကို ဘကြီးတို့
သွားပေးစမ်းပါနော်၊ မအားလို့ မသွားနိုင်လဲ ရှိပါစေတော့၊ စာတိုက်
ထည့်ပါတော့မယ်'

ဟု တောင်းပန်သလို ပြောလေလျှင် မောင်သန်းဖေက

'အို...သွားအားပါတယ်၊ ပေးသာပေးလိုက်ပါ'

ဟု အားရ ဝမ်းသာပြောသည်နှင့် မခင်စောလည်း

www.burmeseclassic.com

www.burmeseclassic.com



...သိုက်၏။

မောင်သန်းဖေသည် ခင်ခင်စော၏ စာကို မိမိထံ ပေးသော ...သို့ အမြတ်တနိုး အိတ်ထဲထည့်ကာ မကြာမကြာ ဝိုင်းစက်လှပ ... လက်ရေးကလေးကို ထုတ်ထုတ်ပြီး ကြည့်မိလေ၏။ 'ဦးဆင့် ...ခ ပေးရန်' ဟု လိပ်တပ်ထားသည့် စာလုံးကလေးသည် 'ချစ်ပါ ...' ဟု ပြောင်းလဲသွားတော့မလိုလည်း ကြည့်ရှုမိတော့၏။ အင်းဝ ...ောင်းဆောင်ကို မေ့မေ့လျော့လျော့နှင့် လွန်ပြီး လျှောက်မသွားမိ ...င်ပင် မနည်းသတိထား၍ လျှောက်သွားရလေ၏။ မိမိ၏ ...်းတွင်းသို့ ရောက်လျှင် အကျီအဝတ်အစားလဲပြီး အိပ်ရာပေါ်၌ ...ကာ စာကလေးကို ကသိုဏ်းရှုနေပြန်လေ၏။ ခေါင်းအုံးအောက် ...ထားလိုက်ပြီး၊ ဖူးရွှေလက်တင်ခါ ခင်ခင်စောနှင့် စကားပြောခဲ့သည် ... တဖန်တစိမ့်စိမ့်တွေး၍ တရေးရေးထင်နေပြန်လေ၏။ တဖန် ...အိတ်ကလေးကို ထုတ်ခါကြည့်ပြန်လေ၏။

အပြင်ဘက်မှ အမှတ်မဲ့ချောင်းနေသူ မောင်ခင်မောင်သည် ...ခန်းကို ရုတ်ကနဲ ဝင်လာ၍

'ဟာ ကိုသန်းဖေ၊ မြန်လှချည်လား၊ ဒါလောက် မြန်မြန် ...ယ် မထင်ဘူး'

ဟု မောင်သန်းဖေအတွက် မိမိနှင့် ထပ်တူဝမ်းမြောက်စွာ ...လေလျှင် မောင်သန်းဖေမှာ လန့်၍ စာအိတ်ကို ခေါင်းအုံးအောက် ...ထိုးလိုက်လေ၏။

'အိုဗျာ၊ ဒီလိုတော့ မလုပ်နှင့်၊ မကောင်းဘူး၊ ကျွန်တော့်ကိုတော့ ...ဆယ်'

ဟု မောင်ခင်မောင်က အတင်းလိုက်လုရာ မောင်သန်းဖေမှာ

'အို မဟုတ်ပါဘူး၊ တလွဲမထင်ပါနှင့်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းသော်လည်း မောင်ခင်မောင်က မယုံချင်ဘဲ အမွှေအ
လုလေ၏။ မောင်သန်းဖေက

'ခင်ဗျား တယ်ခက်တဲ့လူဗျာ ပြပါ့မယ်၊ မဟုတ်ပါဘူးဆိုနေ
အတင်းပဲ'

ဟုဆိုစဉ်ပင် စာအိတ်ကလေးမှာ မောင်ခင်မောင်လက်
ရောက်ရှိရှာလေ၏။ အပေါ်က လိပ်စာမြင်မှ

'အိုးဂေါ့..ဦးဆင့် ဒေါ်မေ ပေးရန်တဲ့'

ဟုဆိုကာ စာကို ပြန်ပေးလေ၏။

'သူ့ဘကြီးဆီ ပေးလိုက်ဖို့ပါဗျာ၊ ခင်ဗျား အတော်ရှော်တဲ့
ကြေတောင်ကုန်ပါပြီဗျာ'

ဟု မောင်သန်းဖေက အပြစ်တင်လျှင် မောင်ခင်မောင်က

'သိနိုင်ဘူးဗျာ၊ ကျွန်တော်ဖြင့် ဝမ်းသာသွားလိုက်တာ'

ဟုပြောကာ နှစ်ယောက်သား ရယ်မောနေကြလေ၏။

တစ်နေ့သော ညနေချမ်းအချိန် မောင်သန်းဖေသည် ကျောင်း
ပြီးသည်နှင့် ရွှေတိဂုံဘုရားသို့ ထွက်ခဲ့၍ ချစ်သူ၏ အလိုအတိုင်း ဦး
တို့ ဥပုသ်ဆောင့်ရာ ဇရပ်သို့ လာခဲ့လေ၏။ ဦးဆင့်နှင့် မတွေ့၊ ဒေါ်
သာ ရှိသော်လည်း ဦးဆင့်ကဲ့သို့ပင် ဖော်ရွေစွာ ဆီးနှုတ်ဆက်လေ

'မောင်ရင်ပါကလား၊ အစောက စာပေးလိုက်တယ်ကိုး၊ ဘာလို
နှင့် သီတင်းကျွတ် နီးလာပြီနော်၊ မောင်တော့ မန္တလေးပြန်ရမှာ

'မှန်ပါတယ်၊ မန္တလေးဆိုပေမယ့် မိဘများက စစ်ကိုင်းဘက်
ဥပုသ်စောင့်နေတာ၊ ကျွန်တော်လဲ သူတို့နှင့်ပဲ အေးအေးဆေး
လိုက်နေတာပဲ'

'ကောင်းပါတယ်မောင်၊ မန္တလေးက နွေကျတော့ နေကပူ ဖုံ
ဆောင်းတွင်းလဲ အေးပြီး၊ ရောဂါဘယထူတယ်၊ စစ်ကိုင်းက

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာယာပါတယ်၊ သီတင်းကျွတ် ကျောင်းပိတ်ရက်ကလည်း စလာထဲပဲဆိုရင် ကြီးကြီးတို့ မော်လမြိုင်ဆီ ဘုရားဖူးလာလည်ပါလား'

'ကျွန်တော်လဲ ဒီလိုပဲ စိတ်ကူးထားတာပဲ၊ ကိုခင်မောင်ဆိုတဲ့ တော်ဆွေနှင့် လိုက်လာမယ် အောက်မေ့တယ်'

'ဒီလိုဆိုရင် လာပါလား၊ ကြီးကြီးတို့ဆီလဲဝင်၊ ကြီးကြီးတို့လဲ ဘောကျောင်းပိတ်ရင် တစ်ခါတည်း ပြန်လိုက်မှာပဲ၊ မောင် လာလည် ခဲ့ရင်တော့ ကြီးကြီးတို့အိမ် လာဖြစ်အောင်လာပါ။ ကြီးကြီးသား လေး ဒီနှစ် စိန်ပေါလ်ကျောင်းမှာ (၇)တန်းရပြီ၊ မြန်မာစာမှာ ယ်ပြီးလိုနေသေးလို့ ၊ မောင်နှင့်တွေ့ရင်တော့ နေရာကျမယ် င်တာပဲ'

'ကောင်းပါပြီကြီးကြီး၊ ကျွန်တော်လာဖြစ်အောင်ပဲ လာခဲ့ပါမယ်၊ ဒီလို မြန်မာစာသင်ပေးဖို့လဲ ဝါသနာပါပါတယ်၊ မိုးချုပ်နေတော့မယ်၊ ခွင့်ပြုပါဦး ကြီးကြီး'

မောင်သန်းဖေသည် အင်းဝဟောကို ပြန်ရောက်သည်နှင့် မောင်ခင်မောင်နှင့် အကျိုးအကြောင်းတိုင်ပင်ကာ မော်လမြိုင်သို့ လိုက်ရန် စီမံလေ၏။

'ခင်မကြီးကိုလည်း ခင်ခင်စောတို့ဆီ အလည်လိုက်ခဲ့ရင် နေရာကျမလား'

ဟု မောင်ခင်မောင်က ပြောလေလျှင်

'ဒီလိုဆိုရင် ဘယ်ကောင်းမလဲ၊ ခင်မကြီးအိမ်က ခွင့်ပြုမှာ ဟုတ်ဘူး၊ ခင်ဗျားတို့ စွံပြီးသွားလှုပဲဗျာ၊ ကျုပ်မှာ စွံဖို့ ကြိုးပမ်း ဦးမှာ'

ဟု မောင်သန်းဖေက ကန့်ကွက်လေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၁ ]

ဘယ်ကျောင်းဆောင်က ဘယ်သူ ဘီလပ်သွားလို့ နှုတ်ဆက်ပွဲ ဘယ်ကျောင်းဆောင်က ဘောလုံးပွဲနိုင်လို့ အငြိမ့်ပွဲ၊ ဟိုကျောင်းဆော က လှေပွဲနိုင်လို့ ဘွဲ့ဖြစ်လို့ ညာဖြစ်လို့နှင့် ပွဲတွေ လမ်းတွေ သွား လာရ၊ အလုပ်များလိုက်တာ၊ ဒီကြားထဲ ရည်းစားထားရတဲ့ အလုပ် ဝင်ရှုပ်လိုက်သေးတယ်၊ လောကကြီးများ တယ်ရှုပ်ပါကလား ပိတ်ဖြူဆုတ်ပြီး ဓာဘော်လီတွေတောင် ချုပ်ရဦးမယ်၊ ဒီလိုနှ မပြီးသေးဘူး၊ စာလေး ဘာလေး ကျက်ဦးမှ၊ အစမ်းစာမေးပွဲ နီးလာပေါ့၊ ဒီနှစ် စီနီယာလဲ ဖြစ်ပြန်ဆိုတော့ ပေါ့ပေါ့နေလို့ မဖြစ်ဘူး၊ ဒီလို ကိုယ့်စိတ်ကိုယ် ဆုံးမတာတောင် ပေါ့ချင်သေးလို့ ခဲကလေးများ ဆွဲရဦးမလား မသိ၊ အင်း...ခက်သေးတယ် လောကကြီးမှာ လူတောင် ဖြစ်မနေချင်တော့ဘူးဟု စိကာပတ် တစ်လုံးချင်း ပါးစပ်က ရေရွတ်ရင်း ဖုံရှစ်သစ်တက်နေသော စာအုပ်များကို ဘီရိုထဲမှ ထုတ်နေသူကား ခင်မကြီးမှ တစ်ပ မည်သူဖြစ်အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤအတွင်း ရှပ်ရှမ်…ရှပ်ရှမ်နှင့် စုစုကလေး ရောက်လာ၍

'ခင်မကြီး၊ ပရင်စီပယ်လ်(ကျောင်းအုပ်ကြီး)က ဒီ ခု သီတင်းပတ်တမ်း (Term) မှာ တူးမတ်ချ် အော့ကေရှင်း(Too Much Occasions)ပွဲတွေ လမ်းတွေ သိပ်များတာပဲ။ အစမ်းစာမေးပွဲကျတဲ့ သူတွေ များမှာပဲလို့ ပြောသတဲ့'

ဟု သတင်းကောင်းစကား ပြောကြားလေလျှင် ခင်မကြီးက

'ဟာ ဒီလိုဆိုရင်တော့ ခင်တို့ ကျပေမဲ့ သိပ်ပြီး အရေးယူမယ် မထင်ဘူး'

ဟု အတော်ဝမ်းသာဟန်နှင့် ပြန်ပြောလေ၏။ ကျောင်းအုပ်ကြီးက ဒီစကားကို ပြောမပြော မသိရ။ ကျောင်းတော်သူ ကျောင်းတော်သားများမှာကား အစမ်းစာမေးပွဲအတွက် အတော်စိတ်အေးနေကြလေ၏။

ခင်ခင်စောကား

'ကျောင်းအုပ်ကြီး ဘာပဲပြောပြော၊ စာတော့ ကျက်ရမှာပဲ'

ဟု စာကျက်မြဲ ကျက်လေ၏။ ခင်မကြီးကား ဖရက်ရှာလေးတွေနှင့် တရုံးရုံး ဆော့သာနေတော့၏။

'စုစုရေ၊ ဘိုရီလိုဂျီ(တိရစ္ဆာဗေဒ)က ဘယ်နှယ်လဲ့။ ဖားသတ်ရတာကလဲကွယ်၊ ဖားကလေးတွေ မေ့ဆေးပေးပြီး ရင်ခွဲတာ အယူငယ်တီမ်း နတ်စိမ်းဖြစ်လို့ လာပြီးခြောက်မှာ မကြောက်ဘူးလား'

'မတတ်နိုင်ဘူး၊ ဖားတော့ သတ်ရတာပဲ၊ ညအိပ်ခါနီးမှာ ချက်လုံးကလေး ကလည်ကလည်နှင့် အူအသည်းတန်းလန်းတွေ ချက်စိထဲတယ်ပြီး မြင်ယောင်မိတယ်၊ ခင်မကြီးရယ်'

'အင်း ဒါတွေကြောင့်ပေါ့၊ ဖားငိုချင်းဆိုတာ မကြားဘူးဖူးလား'

ဖားမျိုးငယ်တဲ့ တိရစ္ဆာန်၊ ဓာတ်စမ်းရဲ့ အဆောင်ထဲမှာကွယ်၊

နွဲ့ရောက်ခဲ့ပြန်၊ လက်နက်ကယ်လျှို၊ ကြွရက်ဆေ ဆွေတာ့၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ တလည်လည်နှင့်၊

ဘယ်လိုနှယ်၊ ဝိဉာဉ်သွားရပ၊ ဓားနှင့် ရင်ခွဲ။

'ဘယ်နှယ်လဲ၊ ကောင်းရဲ့လား စုစုရဲ့'

'တစ်ခါလာ ရှုတ်ဖို့၊ တစ်ခါလာ နှောက်ဖို့ပဲ၊ ခင်မကြီး ဒါတွေကြောင့်'

'ဒါတွေကြောင့် ဘာဖြစ်တာလဲ စုစုရဲ့'

'ကိုခင်မောင်က စလုံးဝဆွဲနှောက်ပစ်နေတာပေါ့'

'တော်ပါ စုစုရယ်၊ ခင်တို့ စီနီယာတွေ ပေါ့ပေါ့နေ မဖြစ်ဘူး၊ စာကျက်ရဦးမယ်၊ ဘယ်ပွဲ ဘယ်လမ်းမှ မသွားဘူးလာ'

'ယူနီဘာစီတီနှင့် ကပ်စတန် ဘောလုံးပွဲ ကျန်သေး တယ် မသွားတော့ဘူးလား ခင်မကြီးရဲ့'

'အဲဒါတော့ မသွားလို့ မဖြစ်ဘူး ထင်တယ်'

ထိုအခိုက် ခင်ခင်စော ဝင်လာ၍ ခင်မကြီး တက်(စ်)နီးလာ စာလေး ဘာလေး ကျက်ဦး၊ စီနီယာဆိုတာ ကလေးကစားတ မဟုတ်ဘူး၊ ဘယ်မှ သွားလာမနေနှင့်၊ စာကျက်စာကျက်'

ဟုပြောရာ ခင်မကြီးသည် သတိသံဝေဂ ရလာလေသလ မသိ။

'ဟုတ်တယ် စုစု၊ စုစုတို့ ဖရက်ရှာဆိုတော့ စာကျက်စရာ သိပ်မများသေးဘူး၊ ပွဲတွေ လမ်းတွေသွားတာ ဘာဖြစ်သေးသ (College)ကောလိပ်အကြောင်း သိချင်လို့ သွားတယ်လို့ ပြောနိုင်တယ် ပြီးတော့ အသစ်ကလေးတွေဆိုတော့ တယ်မျက်နှာပွင့်တာပဲ၊ ကျော ဆောင်တကာက ဖိုးခေါင်ချင်တွေရဲ့ ဂရုစိုက်ခြင်း ခံရတယ်၊ ခင်တို့ စီနီယာဆိုတော့ ရိုးသွားပြီးတော့ ဘူဒီတွေလို့ ငနဲ့တို့က သဘောထား တယ်၊ ပြီးတော့ စာကျက်စရာက များတော့ သွားလို့ မကောင်းဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆော့လို့လဲ မကောင်းဘူး၊ မနှစ်က ခင်လေ၊ ကျောင်းနေ့တိုင်းလိုလို ပြေးပြီး အငြိမ့်ပွဲတစ်ခုမှ လက်မလွတ်ခဲ့ဘူး။ မြို့မကပွဲ ပရိဂရန် ချောင်းတာမှာလဲ ခင်ပါတယ်၊ ဘယ်ပွဲဘယ်လမ်းမှ ခင်မပါတဲ့ နေရာမရှိဘူး၊ ခင်မျက်နှာဟာ လူတိုင်း မှတ်မိတဲ့ ပွဲတိုင်းကျော် ဖြစ်နေတာပဲ၊ ဒီနှစ်တော့ ဒီလိုပျော်ဖို့ နေရာမကျဘူး၊ စုစုတို့သာ ပျော်ကြတော့'

ဟု လေရှည်ဆွဲပြီး ပြောကာ စာအုပ်များကို စားပွဲခုံပေါ် တင်လေ၏။

စုစုထွက်သွား၍ ခင်ခင်စောနှင့် နှစ်ယောက်တည်း ကျန်သောအခါ ခင်မကြီးက

'ခင်တော့ ဒီနှစ် မြန်မာစာ နည်းနည်းတော်လာပြီ၊ အစောနှင့်လဲ အမြဲနေရလို့ ထင်ပါရဲ့၊ ကိုသန်းဖေကြီးကလည်း ပြပေးတော့ အတော်နေရာကျနေတာပဲ'

ဟု အတည်လုပ်ပြီးပြောရာ ခင်ခင်စောက

'ဒါပေါ့ ခင်ရယ်၊ မနှစ်က ခင်က တယ်ပြီး ပေါ့တာကိုး'

ဟူသော စကားမဆုံးမီ ခင်မကြီးက

'ဒီနှစ်တော့ ဆားတည်းဟူသော အစော၊ ငံပြာရည်တည်းဟူသော ကိုသန်းဖေနှင့် တွေ့တော့ လေးလေးပင်ပင် ဖြစ်သွားတာပေါ့ ဟုတ်လား'

ဟု ရွှန်းလိုက်ပြန်သေး၏။

'နေစမ်းပါ ခင်ရယ်၊ အကောင်းပြောနေ ရွှတ်ပြန်ပြီ၊ ထောင်တန်တဲ့စကား ရယ်ပေါ့တဲ့'

'ဟုတ်တယ် အစော၊ ထောင်တန်တဲ့စကား ရယ်လိုက်တော့ အလုပ်ကြမ်းမပါတော့ဘူးတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဆိုလေ ကဲလေပဲ၊ လာ လာ ခင်ခင်သီကို မဟာသုတသောမဖို့ တက်ပေးမလို့၊ ခင်လဲ လိုက်နားထောင်လှည့်ပါလား'

'ခင့်ကိုလည်း အစောတစ်ယောက်ပဲ နိုင်မဲ့သူရှိတော့တာပဲ၊ လာပါ့မယ်၊ ခင်လည်း မြန်မာစာတွေ ရိပေးရှင်း(Revision)လုပ်ရမှာနှင့် အတော်ပဲ'

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၂]

သို့နှင့်ပင် အစမ်းစာမေးပွဲစလေပြီ။

'တစ်ညဟာလေ၊ ဘောလုံးပွဲ နိုင်လာပြီး၊ ကိုယ်တော်မြတ်တွေဘတ်(စ်)ကားကြီးနှင့် ကျောင်းရှေ့ လာဆူကြတာနှင့် တစ်ညသက်သက် စာမကျက်ရဘူး'

ဟု ခင်မကြီးက ညည်းလိုက်ရာ ဓာတ်သိများက

'အဲဒီညကတော့ သူတို့လာဆူလို့ ဟုတ်ပါပြီ၊ ခါတိုင်း ညတွေတော့ကော'

ဟု ပြောင်လှောင်သလို မေးကြလေ၏။ ခင်မကြီးကမူ အခြေမပျက်

'ခါတိုင်း ညတွေ စာကျက်မယ်လို့မှ စိတ်မကူးဘဲ။ အဲဒီညက စပြီး စာကျက်မယ်လို့ သိန္နိဋ္ဌာန်ချထားတာ'

ဟု ပြောသဖြင့်

'အင်း၊ လာပဲ လာချေသေးရဲ့'

ဟုသာ ဆိုနိုင်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အစမ်းစာမေးပွဲပြီးလေလျှင် လွတ်ကြ၊ ကျွတ်ကြ၍ မိမိတို့ …နပြန်ကြရတော့မည်။ ဝမ်းမြောက်ဝမ်းသာနှင့် ထုပ်ကြပိုးကြ …တပါးကြီးပင်။

'ခင်တော့ စာအုပ်တွေ အကုန်ယူသွားမယ်၊ အိမ်ကျရင် အကုန် …တ်ရမယ်၊ ဘော်ကျော့နေလို့ တယ်မဟာန်သေးဘူး၊ အခန်းထဲမှာ …င်းပြီး စာတွေချည်း နင်းဖတ်လိုက်ဦးမယ်'

ဟု ကြိမ်းကာ စာအုပ်တွေ အားလုံးထည့်ထုတ်လေ၏။ စုစုက 'အင်း၊ ဟာန်ကြီးပန်ကြီးနှင့် စာအုပ်တွေ သယ်ပိုးသွားလိုက်တာ၊ …တ်စား၊ ခြတက်ပြီးသာ မလာခဲ့ပါစေနှင့်လို့ တောင်းပန်ချင်တာပဲ'

ဟု ပြောဆို ရယ်မောရင်းပင် ဝိုင်းထုပ်ပိုးကြလေ၏။

ခင်မကြီးသည် မိမိပစ္စည်းများ ထုပ်ပြီးသည်နှင့် ခင်ခင်သိ၊ …ခင်စောတို့ဆီ သွားကာ

'ကဲ၊ ဘာဝိုင်းလုပ်ပေးရဦးမလဲ၊ အားမနာနှင့်'

စသည်ဖြင့် လောကွတ်တော်ကျေပါသော်လည်း အားလုံး …လည်း ဆယ်ထပ်ဆလံသကာ

'ကျေးဇူးပါပဲ ခင်ရယ်၊ ကိုယ်တို့ဆီကိုတော့ ရွှေစကြာ မဖြန့် …နှင့်။ ဟိုတစ်ခါတုံးက ဒီလိုပဲ ထုပ်ပိုးပေးပြီး အိမ်ကျတော့ …အုပ်ကြီး တစ်ထုပ် 'ခင်မကြီးထံမှ မေတ္တာလက်ဆောင်'တဲ့။ …တွေများ ပါလိမ့်လို့ ကြည့်လိုက်ပါ။ စက္ကူစုတ်တွေ၊ မီးဖိုထဲက …တ်သွန်ခွံ၊ မီးသွေးခဲ၊ ကျောက်ခဲသလဲတွေလဲပါရဲ့။ စုံလို့၊ ဖြုတ်စ …သောင်းတွေ၊ ပြီးတော့ စာအုပ်သေတ္တာ လေးလှချည်လား အောက် …ါ၊ ခဲတွေမှ မနည်းပါဘူး။ တော်ပါ၊ ခင်ဟာ အလွန်မွှေနိုင်တယ်'

ဟု ပြောကြရာ၊ ခင်မကြီးက

'ခင်လဲ မနှစ်က ခင့်အိပ်ရာခင်း ခေါင်းအုံးတွေ ထည့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အစမ်းစာမေးပွဲပြီးလေလျှင် လွတ်ကြ၊ ကျွတ်ကြ၍ မိမိတို့ ...နပြန်ကြရတော့မည်။ ဝမ်းမြောက်ဝမ်းသာနှင့် ထုပ်ကြပိုးကြ ...တပါးကြီးပင်။

'ခင်တော့ စာအုပ်တွေ အကုန်ယူသွားမယ်၊ အိမ်ကျရင် အကုန် ...တ်ရမယ်၊ ဘော်ကျော့နေလို့ တယ်မဟာန်သေးဘူး၊ အခန်းထဲမှာ ...င်းပြီး စာတွေချည်း နှင်းဖတ်လိုက်ဦးမယ်'

ဟု ကြိမ်းကာ စာအုပ်တွေ အားလုံးထည့်ထုတ်လေ၏။ စုစုက 'အင်း၊ ဟာန်ကြီးပန်ကြီးနှင့် စာအုပ်တွေ သယ်ပိုးသွားလိုက်တာ၊ ...တ်စား၊ ခြတက်ပြီးသာ မလာခဲ့ပါစေနှင့်လို့ တောင်းပန်ချင်တာပဲ'

ဟု ပြောဆို ရယ်မောရင်းပင် ဝိုင်းထုပ်ပိုးကြလေ၏။

ခင်မကြီးသည် မိမိပစ္စည်းများ ထုပ်ပြီးသည်နှင့် ခင်ခင်သိ၊ ...ခင်စောတို့ဆီ သွားကာ

'ကဲ၊ ဘာဝိုင်းလုပ်ပေးရဦးမလဲ၊ အားမနာနှင့်'

စသည်ဖြင့် လောကွတ်တော်ကျေပါသော်လည်း အားလုံး ...လည်း ဆယ်ထပ်ဆလံသကာ

'ကျေးဇူးပါပဲ ခင်ရယ်၊ ကိုယ်တို့ဆီကိုတော့ ရွှေစကြာ မဖြန့် ...နှင့်။ ဟိုတစ်ခါတုံးက ဒီလိုပဲ ထုပ်ပိုးပေးပြီး အိမ်ကျတော့ ...အုပ်ကြီး တစ်ထုပ် 'ခင်မကြီးထံမှ မေတ္တာလက်ဆောင်'တဲ့။ ...တွေများ ပါလိမ့်လို့ ကြည့်လိုက်ပါ။ စက္ကူစုတ်တွေ၊ မီးဖိုထဲက ...တ်သွန်ခွံ၊ မီးသွေးခဲ၊ ကျောက်ခဲသလဲတွေလဲပါရဲ့။ စုံလို့၊ ဖြုတ်စ ...သောင်းတွေ၊ပြီးတော့ စာအုပ်သေတ္တာ လေးလှချည်လား အောက် ...ါ၊ ခဲတွေမှ မနည်းပါဘူး။ တော်ပါ၊ ခင်ဟာ အလွန်မွှေနိုင်တယ်'

ဟု ပြောကြရာ၊ ခင်မကြီးက

'ခင်လဲ မနှစ်က ခင့်အိပ်ရာခင်း ခေါင်းအုံးတွေ ထည့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘအသစ်စက်စက်ကြီး၊ အောက်က Box Roomထဲမှာ ထား
ဘယ်သူလဲလှယ်သွားတယ် မသိ။ ဖာစုတ်ကြီးလူဆီ ရောက်နေ
တယ်။ ပြောလဲ မပြောချင်တော့ဘူး။ ဒီနှစ်တော့ ဒါကြော
စောစောစီးစီး ကိုယ့်သေတ္တာတွေ ဖာတွေယူရတယ်'

'ကောင်းပါလေ၊ သူများကို ရှုတ်ချင်နှောက်ချင်တာ
ဖြစ်တာပဲ ကောင်းတယ်၊ ပြီးတော့ မနှစ်က နွေကျောင်းပိတ်အိမ်အ
မှာလဲ တစ်ခါ ခေါင်းအုံးပျောက်လို့၊ ကြံကြံဖန်ဖန် သူဖြစ်လိုက်
ဒီနည်းချည်းပဲ'

'ဟုတ်ပါရဲ့ သိသိရယ်၊ သူများလို သေးသေးငယ်ငယ် ပျောက်
တော်သေးရဲ့၊ ခေါင်းအုံးပျောက်ရတယ်လို့ပဲ'

'ဒီနှစ်တော့ ခင်မကြီးရေ သတိထား၊ မွေ့ရာတွေ ခြင်ထော
တွေပါ ပျောက်ဦးမယ်၊ ပြီးတော့ လူပါပျောက်မယ်'

'သိသိ၊ ဒီနေ့ည ပုဂံကျောင်းဆောင်မှာ နှုတ်ဆက်ပွဲ အငြိ
တယ်။ သွားဦးမလား။ နီးနီး အင်းဝဟောကိုပဲ သွားရကောင်းမ
လို့'

'ကြောင်သူတော်မကြီး၊ အင်းဝဟောကို သွားချင်တာက
တစ်ပိုင်းသေနေပြီ'

'ကဲပါလေ၊ သိသိကော လိုက်မယ် မဟုတ်လား '

'လိုက်မှာပေါ့၊ ဟောဒီက အစောတို့ စုစုတို့ နုနုပါ အ
လိုက်မှာ'

'ပွဲလမ်းရှိရာ စုရုံး စုရုံးဆိုတဲ့ ခင်တို့တစ်တွေပဲနော်'

ညနေညစာစားပြီးလျှင် ဖြီးကြလိမ်းကြကာ တပျော်တပါး
အသင့်ခေါ်လာသော မော်တော်ကားနှင့် အငြိမ့်သို့ လိုက်သွားကြ
၏။ ဖိုးခေါင်ချင်များကား ဖော်ရွေစွာ ထပါ ဆိုင်ပါ၊ စ

www.burmeseclassic.com

www.burmeseclassic.com



...ာက်ပါနှင့် လောကွတ်တော်ကျေပွန်စွာနှင့် ခရီးဦးကြိုဧည့်ခံလေ၏။ ာ်မီးရောင် အောက်တွင် အလွန်ပန်းရသော ကျောင်းတော်သူ ကလေးများကို မျက်လုံး မှိမ်ယူကာ ရွှေကိုယ်တော် နောက်ပိုး ာ အလွန့် အလွန် ကျေနပ်နေကြတော့၏။ မောင်ခင်မောင်နှင့် င်သန်းဖေတို့ မှာကား မိမိတို့ ကိုယ်စီကိုယ်င ချစ်သူနှစ်ဦးကိုသာ ိက်ကြည့်နေမိတော့၏။ ခင်မကြီးမှာ ချစ်တဲ့သူ မျက်လုံးတွင် ်လုံးပိုင်စေရန် ခြယ်လှယ်လာရကျိုး နပ်ကာ အထူးပျော်ရွှင် ော့၏။ တက္ကသိုလ် အလှဒေဝီ ခင်ခင်သီကား ဝတ်ပုံစားပုံအရာရာ န်သူဖြစ်ရကား ပွဲလမ်းတိုင်းပင် ခင်ခင်သီကို အထူးဂရုစိုက် ည့်ရစမြဲပင်။ ဘယ်သူမှလည်း ပိုးလို့ မစွံသဖြင့် လက်လျှော့ထားရသူ ဦးပင်၊ ရွှေလမင်းကြီးပမာ အားလုံးကပင် မျှော်နေရ၍ င်းကဲ့သို့ပင် အများအပေါ်မှာ အလင်းရောင်ဖြာ၍ မည်သည့် ါမှ ထူးခြားခြင်း မရှိခဲ့ပေ။ ထိုကြောင့် ညဥ့်နက်၍ အငြိမ့်မပြီးမီပင် ျောင်းတော်သူများ ပြန်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၃ ]

နောက်တစ်နေ့ ပြန်ကြရတော့မည်။ ခင်မကြီးတို့ မန္တလေးဂရု (Group)ခြောက်နာရီခွဲ စာပို့ မီးရထားနှင့် သွား၍ မောင်ခင်မော မောင်သန်းဖေ၊ ခင်ခင်စောတို့က ကိုးနာရီခွဲ မော်လမြိုင် မီးရထား သွားကြရမည်ဖြစ်ရာ၊ ခင်မကြီးကို လိုက်ပို့ရင်းပင် မောင်ခင်မော သည် မိမိ၏ ပစ္စည်းများကို သယ်ခဲ့လေ၏။ ခင်မကြီးက မချိမ မျက်နှာနှင့်

'ဘယ့်နှယ်လဲ ဆရာ၊ မန္တလေးလိုက်ခဲ့မလို့လား။ မခေါ်နိုင် ခင်တို့အိမ်မှာ လူပိုလူလျှံ လက်မခံရဘူးတဲ့'

ဟု မောင်ခင်မောင်ကို ကျီစားလေ၏။ မျက်နှာရှုး ရွှေကိုယ် က

'လူပိုလူလျှံသာ လက်မခံရတာပါ၊ မောင်ဟာ တစ်ခြား မဟုတ်ဘဲ'

ဟု ပြန်နှက်လိုက်ရာ မခင်မကြီးမှာ ရှုံး၊ မောင်ကို ကလေးတို့ ရှိနေသဖြင့် မျက်နှာလွှဲနေလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စုစုက

'ကိုခင်မောင်၊ ရှင့်ပစ္စည်းတွေပါ ယူလာခဲ့သကိုး၊ ကိုသန်းဖေ ...သဲ မန္တလေး မပြန်ဘူး၊ မော်လမြိုင် လိုက်မှာနော်၊ ဟုတ်လား'

ဟု မေးရာ မောင်ခင်မောင်က

'ပစ္စည်းတွေ တစ်ခါတည်း ပြီးအောင် ယူလာခဲ့တာပါ။ မြို့ထဲလဲ ...လည်ချင်သေးတယ်။ ကိုသန်းဖေတို့ လူစုတော့ ဘယ်တော့ ...ကြမယ် မသိဘူး'

ဟု ပြောကာ ချစ်သူနှင့် တစ်လလုံးလုံး ခွဲနေရမည့်အရေးကို ...၍ ဆွေးသလိုလိုဖြစ်မိသည်ကို မောင်ကိုကြီးလေးက အကဲခတ် ...သည်နှင့်

'သဲမြညှာရယ်လေ၊ ခွဲရမှာ ပြည်မမှည့်ခင်မို့'

ဟု ရွှန်းလိုက်သည်တွင် တဖန်ပြုံးလာပြီး၊ ခင်မကြီးနှင့်အစ ...း မရှိသော မှာကြားစကားများသာ ပြော၍ ပစ္စည်းများတင်ချရန် ...င်ကိုကြီးလေးနှင့် လွှဲထားလေ၏။

မောင်ကိုကြီးကလေးမှာ မောင်ခင်မောင်၏ အဝတ်အစားထည့် ...သာ သေတ္တာနှင့် ခင်မကြီး၏ သေတ္တာမှာ တစ်မျိုးတည်းဖြစ်သည်ကို ...ပြုမိသည်နှင့် အလစ်တွင် သေတ္တာချင်းလဲယူလိုက်လေ၏။ ...ားဆိုက်သည်နှင့် မိမိတို့ဆိုင်ရာတွဲကို လိုက်ရှာကာ ပစ္စည်းတင်ချ ...ဆွေနေရာ မောင်ကိုကြီး နောက်သည်ကို မည်သူမျှ မသိလိုက်ပေ။

'ခင်၊ စာ မကြာမကြာ ရေးနော်၊ ကြားလား'

ဟု ကရားမှ ရေလွှတ်သလို တတွတ်တွတ် မှာကြားစဉ်ပင် ...ားထွက်သည်နှင့် လက်ကိုင်ပဝါကလေးပြ၍သာ မောင်ခင်မောင်မှာ ...န်ရစ်ခဲ့လေ၏။

လူရှုပ် မောင်ကိုကြီးမှာ မိမိအပြစ်နှင့် ကိုယ့်ကိုယ်ကို မလုံ။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်နေ ခင်မကြီး အဝတ်အစားလဲတော့မည်၊ လဲလျှင် သေတ္တာ မဟုတ်၊ မောင်ခင်မောင် သေတ္တာဖြစ်နေသည်ကို တွေ့ ဘယ်နှယ်လုပ်ရပါ့မည်ဟု တွေးတောစိုးရိမ်ကာ နောက်ရသည် မကာမိ၊ မျက်နှာပျက်နေလေ၏။ ထိုအခါ ခင်မကြီးက

'ယော့ ချာတိတ်ကလေး၊ မှိုင်လှချည်လား၊ ဘာများ လွမ်းနေတာလဲ ပြောပါဦး'

ဟု နောက်လိုက်မှ ဣန္ဒြေဆယ်ပြီး

'မဟုတ်ပါဘူး၊ ခင်မကြီးရဲ့၊ ဘယ်ကိုမှ မလွမ်းပါဘူး'

ဟူ၍သာ ပြန်ဖြေလိုက်ရလေ၏။

မောင်ကိုကြီး၏ စိတ်ထဲမှာ ဂနာမငြိမ်၊ ခင်မကြီး ဘယ် အဝတ်အစား လဲမလဲဟူ၍သာ အရိပ်ကြည့်နေတော့သဖြင့် စု

'ကိုကို၊ ခင်မကြီးကို ကြည့်လှချည်ကား၊ ကိုခင်မောင် တိုင်လိုက်မနော်၊ ဟိုက သဝန်က ကြောင်ပါဘိသနဲ့'

ဟု စလိုက်ရာ ခင်မကြီးက

'လုပ်ကရော့မယ်၊ စုစုကဖြင့်ရင်၊ နောက်တာပေမယ့် နည်း ပါးပါး ရှောင်သင့်တဲ့နေရာ ရှောင်ရသေးတယ်'

ဟု မျက်စောင်းထိုးကာ ပြောလေ၏။

မောင်ကိုကြီးသည် မိမိစိတ်မှ သက်သာရာရပါစေတော့

'ကဲပါ ခင်မကြီးရယ်၊ သီချင်းလေးများ ဆိုစမ်းပါ၊ ဖော်ကွာ ပါလား'

'လုပ်ပါနဲ့မောင်ကိုကြီးရာ၊ မျက်ရည်တွေ ကျနေပါဦးမ လမ်းခရီးမှာ နမိတ်နမာမရှိတာတွေ မဆိုမပြောကောင်းဘူး'

'ကောင်းပါပြီ ခင်မကြီးရယ်၊ ဒါဖြင့် ကျွန်တော်ပဲ ဆိုပြမ ဆိုရမလား'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုပါလား၊ နားထောင်ပါ့မယ်'

မောင်ကိုကြီးသည် မတ်တတ်ရပ်ကာ ပုပ္ပံပန်းဟန်နှင့်

'ကျော်လှိုင် ဥဒက်နီဝင်ရှုပ်၊ အထုပ်ကိုလဲလှယ်၊ မိနှင်းနွယ် သူတိမ်းလို့ စိမ်းခဲ့တယ်လေး၊ စိမ်းခဲ့တယ်'

ဟု နတ်သံပစ်ရာ ခင်မကြီးက စိတ်ပေါက်ပေါက်နှင့် ထုလေ၏။

'သေပါပြီဗျာ၊ ထုလိုက်တာ၊ အွတ်အွတ်နှင့် နေတာပဲ'

'မောင်ကိုကြီးရေ၊ အွတ် အွတ်ဆိုရင် နမတော် ဖားစက်ရှင်မင်းကြီး မောင့်ကို စီရင်လိုက်လိမ့်မယ်'

ခင်မကြီးတို့ ရထားတွဲမှာ သီချင်းဆိုကြ ရယ်ကြ မောကြနှင့် အုံးအုံးပွဲကျနေစဉ် ပဲခူးသို့ ဆိုက်ဆဖြင့် ငါးသလောက်ကြော်များ ခြမ်းကာ ထမင်းစားမည် ပြင်ဆင်ကြလေ၏။ ပဲခူးမှ ရထားထွက် င် ခင်မကြီးသည် ထမင်းမစားမီ ဆံထုံးများဖြုတ်၊ အဝတ်အစား တော့မည်ဖြစ်ရာ မောင်ကိုကြီးမှာ အတော် ထိတ်လန့်နေရှာလေ၏။

'ဟို ဆုကေ့(စ်) Suit Caseလေး ဘယ်နားမှာပါလိမ့်၊ တွေ့ပြီ ပြီ'

ဟု လွယ်လွယ်ဝတ်ရန် သားရေသေတ္တာနှင့် အဝတ်အနည်းငယ် ကို ထည့်ယူခဲ့သဖြင့် မောင်ကိုကြီးမှာ အတော်အသက်ရှုချောင်သွား ၏။

'ဒီလိုဆိုရင်တော့ မန္တလေးအိမ်ရောက်မှပဲ သိမှာပဲ၊ တော်သေးရဲ့၊ င်မောင်တစ်ယောက်တော့ ခုကတည်း သိပြီး ဂျောက်ကျနေမလား၊ သ်လိုနေမလဲ'

ဟု တစ်ကိုယ်တည်း သဘောကျကာ တစိမ့်စိမ့်တွေး၍ ယ်မိလေ၏။

သုံးဦးသား ထမင်းစားကြရင်းလည်း အငြိမ်မနေ၊ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖောင်လောက်အောင်ပြော၊ ရယ်ကြ မောကြနှင့် ပျော်တပြုံးပြုံး

'ကွယ် ခင်တော့၊ ခင့်သဲမြသွာ ကိုခင်မောင်မပါ၊ တို့ရင်

ဘလောင်ဆူပြီး မပျော်နိုင်ဘူး၊ မပျော်နိုင်ဘူး၊ ပျော်အောင် သံကျိ

သာ ပို့ကြပါတော့'

ဟု ခင်မကြီးက ပုရုပ်ဖမ်းကာ စလိုက်ရာ မောင်ကိုကြီး

'မငိုပါနှင့် ၊ မငိုပါနှင့်၊ ပြိတ္တာတို့ မျက်ရည်

မကျအပ်ပါဘူး၊ မိုးခေါင်မှာကြောင့် သတ္တဝါအများ သနားတော်မူ

မငိုပါနှင့်ဘုရား'

ဟု တောင်းပန်၊ စုစုက ကြားဖြတ်၍

'ဘွေဆိုင်ခွေယိုင် ... ချိုး၊ အရိုးပဒေသာ သေမှာချည့်လို

ဟု ဝင်ဆိုလိုက်ရာ တသောသော ပွဲကျနေလေ၏။

နောက်တစ်နေ့ မန္တလေးရောက်လျှင် လာ၍ ကြိုသူများ

လက်ပံပင် ဆက်ရက်ကျစကားတွေပြောကြ၊ အလွမ်းသယ်

ဆူညံသွားတော့ ၏။ အတော်ကြာ ကွဲနေရသော မိဘဆွေမျိုး

ပြန်တွေ့ရသည်မှာ ဝမ်းသာဖွယ်ကြီးပင်။

●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၂၄]

'ခင်မကြီး ပြန်လာပြီတဲ့' ဟု သတင်းကြားသည်နှင့် တစ်ပြိုင်နက် မိတ်ဆွေသင်္ဂဟအပေါင်းတို့မှာ အရွေးတစ်ယောက် ပြန်လာသလို အလွန်ပင် ဝမ်းမြောက် ပျော်ရွှင်စွာ လာရောက် သတင်းမေးကြလေ၏။ ခင်မကြီးကား ဆပ်ပြာသည် လင်ပျောက်သလို ပျာလောင်ခတ်ကာ မိတ်ဆွေတွေနဲ့ စကားပြောရင်း

'နေကြပါဦး ဆရာတို့ရယ်၊ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်ရေ သေးနှင့် လမုန့်လေးများ စားတော်ခေါ်စမ်းပါရစေဦး၊ ဒါတွေနှင့် ဆးနေတာ ကြာလှပြီ၊ မြီးရှည်သည်ကလည်း မလာသေးဘူးလား'

စသည်ဖြင့် အစားအသောက် မီးလိုတောက်သော ပေါလစီ သက်ကိုင်ထားကာ တစာစာ အစားသာ တနေတော့၏။

'မဟုတ်ပါဘူးဟယ်၊ နင့်မှာလဲ ဒီအစားကိုပဲ လုံ့လပြုနေတာပဲ၊ အငတ်တိုင်းပြည်က လာရော့သလား'

ဟု အသက်၂၅–နှစ်ခန့်ရှိ အသားဖြူဖြူ ထောင်ထောင်မောင်း ဆောင်း လူတစ်ယောက်က ဆေးတံကို ဖွာရင်း ပြောလေလျှင်

www.burmeseclassic.com

www.burmeseclassic.com


ခင်မကြီးက

'အို၊ ကိုကိုမောင်ကလည်း အကြောင်းတွေ သိသားနှင့်၊ ဟို
အငတ်တိုင်းပြည်နှင့် ဘာထူးသေးသလဲ'

ဟု ခပ်ဆတ်ဆတ်ပြောလိုက်လေ၏။

'အေးဟယ်၊ နှင့်ကိုက အစားပုပ်လို့ပါ၊ တို့လဲ ဒီလို နေလာ
တာ၊ ဒီလောက် မကဲလှပါဘူး'

'တော်စမ်းပါ၊ ကိုကိုမောင်တို့ ယောကျ်ားလေးတွေက ကျော
က ဟင်းမကောင်းတော့ ဆိုင်မှာအကြွေးတစ်မျိုး၊ လဆိုင်းတစ်သ
ဝယ်စားနေတာကိုး၊ ခင်တို့ကတော့ အစားအသောက် ဒါလောက်
ပိုက်ဆံအကုန် မခံနိုင်ဘူး'

'ရှိပါစေတော့လေ၊ နှင့်ပြောရင် ဒီလို အနိုင်လုပြောဖို့ တတ်တာ
ဒါထက် ဟာ ငါလည်း ခုသိတင်းကျွတ် ကျောင်းဖွင့်ရင် ကျ
အလုပ်တစ်ခု လစ်လပ်တဲ့နေရာမှာ အလုပ်ရလိမ့်မယ်'

'ဒါဖြင့် ဘီအေ ဂျပိုးဘဝက ထွက်ရောပေါ့လေ၊ ကျောင်းသူ
ချောကလေးတွေ နောက်ပိုးလိုက်မှာ မြင်သေးတော့တယ်'

'နှင်ရှိနေရင်တော့ အခက်သားပဲ၊ နင်က ငါ့အကြောင်း မတ
သတင်းတွေ လွှင့်နေမှာ၊ နှုတ်ပိတ်ခ ပေးပါ့မယ်ဟယ်'

ထိုအခိုက် ခင်မကြီး၏ အမိဖြစ်သူက လက်ဖက်ရည်ကြ
လမုန့်၊ ခါတော်မီမုန့်၊ အရိုးတောင်းလက်ဖက်၊ ပဲလှော်ကြော်
လာချ၍

'ကဲ မောင်မောင်ကြီးရော စားကြဦး၊ မောင့်နှမက တယ်
အညာက အစားတွေကို နှစ်သက်ရှာတယ်'

ဟု ပြောရင်းပင် ထိုင်ကာ စကားပြော နေကြလေ၏။

မောင်မောင်ကြီးကား မကြာမီကပင် ဘီအေအောင်၍ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ခေတ္တအနားယူနေသူဖြစ်၍ ခင်မကြီးနှင့် ငယ်စဉ်ကပင် အလွန်ချစ်ခင်ရင်းနှီးသူ ဖြစ်လေသည်။ အစစ အရာရာ မောင်နှမ ရင်းသဖွယ် တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်၍ မောင်မောင်ကြီးက မိမိ ရည်စားထားတာရော၊ နောက်ပိုးတဲ့အကြောင်းတွေပါ ခင်မကြီးကို တိုင်ပင်လေ့ ရှိလေသည်။

ထိုနေ့ အခြားမိတ်ဆွေများ ပြန်သွားသော်လည်း မောင်မောင်ကြီး မှာ မပြန်သေးဘဲ အိမ်ရှေ့တွင် ' လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် စိတ်ပြေနပြေကျန်ရစ်ခဲ့ရာ ခင်မကြီးက

'ကိုကိုမောင် မပြန်နှင့်ဦး၊ ပြောစရာတွေ အများကြီးရှိသေးတယ်'

ဟုပြောပြီး အခန်းထဲဝင်သွားလေ၏။ မိမိအဝတ်သေတ္တာကို ဖွင့်လေလျှင် မောင်ခင်မောင် အသုံးပြုနေကျ (Eveninig in Paris) ရေမွှေးနံ့ ထောင်းကနဲရသည်နှင့် မိမိ၏ စိတ်များသည် ချစ်သူထံ ရောက်ကာ တူပျော်ပျော် အချိန်များ၊ သောက်ကျကျ စကားများရသော အချိန်များကို သတိရမိပြီး၊ အံ့ဩဖို့ပင် အချိန်မရတော့ပေ။

'ဩော်...ကိုခင်မောင် ကိုခင်မောင်'ဟု ပါးစပ်က ရေရွတ်တမ်းတ လွမ်းဆွတ်မိလေ၏။ ထို့နောက် အပေါ်က စက္ကူကို လှပ်လိုက်ရာ ယောက်ျားတိုက်ပုံအင်္ကျီဘလေဇာ ပုဆိုးတို့ကို တွေ့ရ၍ အလွန်အံ့အား သင့်ကာ 'ဟိုက်...ခက်တာပဲ၊ သေတ္တာချင်း မှားလာခဲ့ပြီ၊ ကိုခင်မောင် ကိုက ကဲပြီး၊ သူ့ပစ္စည်းတွေပါ ယူလာခဲ့တာကိုး၊ ရထားချိန်က အဝေးသားနှင့်'ဟု တွေးတောပြီး ရယ်လည်းရယ်ချင် စိတ်လည်းဆိုး၊ မကြံတတ်တော့သဖြင့် အပြင်သို့ထွက်ကာ

'ကိုကိုမောင်'

ဟု ငိုသံပါကြီးနှင့် ခေါ်လိုက်လေ၏။

'ဟဲ့ ခင်၊ ဘာဖြစ်တာလဲ၊ မျက်ရည်တွေနှင့် ရယ်လို့၊ ရူးသလား'



www.burmeseclassic.com

www.burmeseclassic.com



ဟု အံ့အားသင့်စွာနှင့် မေးလိုက်ရာ ခင်မကြီးမှာ

'မပြောချင်တော့ပါဘူး၊ ရှက်စရာကောင်းလှချည့်ရဲ့'

ဟု မျက်ရည်ဖြိုင်ဖြိုင်ကျကာ ပြော၍ တရှုပ်ရှုပ် ငိုတော့၏။ မောင်မောင်ကြီးမှာ ထိတ်ထိတ်ပျာပျာနှင့်

'ဟဲ့ ကောင်မလေးအရူးမ၊ ဘာဖြစ်တာလဲ၊ ကိုကိုမောင့်ကို ပြောပါဦး၊ လူကြီးတွေမြင်ရင် မကောင်းပါဘူး၊ တိတ်စမ်းပါဟာ၊ စိတ်ညစ်စရာ၊ မငိုပါနှင့် ငါ့ကိုပြောပါ၊ ရှက်မနေပါနှင့်၊ ငါဆောင်ရွက်ပေးပါမယ်'

ဟု ကြင်နာစွာ ချော့မေးမှ

'ခင့်အဝတ်သေတ္တာနှင့် ဟို ကိုခင်မောင်ဆိုတဲ့လူ သေတ္တာ မှားလာလို့'

ဟု ပြောလေ၏။

'မဟုတ်ပါဘူးဟာ၊ သေတ္တာမှားလာရင် ဖွင့်လို့ရရဲ့လား'

'အမျိုးချင်း တူတူ၊ သော့လဲတူနေတော့ ရတာပေါ့'

'ဒါဖြင့် ဘယ်ပုံမှားကြတာလဲ၊ ငါ့ကို ပြောပါဦးဟာ၊ အဲဒီ ခင်မောင်ကို နင်သိလို့လား၊ ခက်ပါပေ့ဟယ်၊ နင်ဖြစ်လိုက်မှဖြင့် အဆန်းချည်းပဲ'

'သိတယ်၊ မော်လမြိုင်က၊ ခင်တို့ကို လိုက်ပို့ရင်း တပါတည်း သူ့ပစ္စည်းတွေပါ ယူခဲ့တာမှာ မှားတာထင်ပါရဲ့'

'ဒါဖြင့် နင့်သေတ္တာက သူ့ဆီရောက်နေရောပေါ့၊ ကောင်းကွက် ရောပေါ့ဟာ။ မိန်းကလေးကိုက ရုပ်တပ်တပ် တယ်နိုင်တာကိုး၊ မေးပါရစေဦး၊ ဒီခင်မောင်က နင့်မိတ်ဆွေပဲလား၊ ငါ့ကိုတော့ ရှက်မနေနှင့်နော်။ ဒိထက် ထူးသေးလား။ မှန်မှန်ပြော'

(ခေါင်းငုံ့ကာ)

www.burmeseclassic.com

www.burmeseclassic.com



'ထူးတယ်၊ မိတ်ဆွေတော့ မကဘူး'

'ဒီလိုလား၊ တော်သေးရဲ့'

ထို့နောက် မောင်မောင်ကြီးတို့ နှစ်ယောက်သား သေတ္တာကို ဖွင့်ကာ ဘာများပါမလဲဟု မွှေနှောက်ကြရာ ခင်မကြီးထံမှ စာများ ဗိုးလက်ကိုင်ပဝါနှင့် ထုပ်ထားသည်ကိုလည်းကောင်း၊ ဘယ်နေ့က ဘယ်သွားကြ၊ ဘာစကားပြောတယ် စသော ဘောက်သောက် ဒိုင်ယာရီ ကာတွန်းရုပ်ပြောင် အမျိုးမျိုး၊ အစရှိသော အရာများကို တွေ့ရလေလျှင် ငိုအားထက် ရယ်အားသန်နေကြတော့၏။

'ကဲ ခင်မကြီး၊ ကျောင်းပိတ်ရက်က တစ်လတည်းပဲ၊ လွယ်လွယ် ဝတ်ဖို့ ပါတဲ့ဟာနှင့်ပဲ နေတော့၊ လူကြီးတွေသိရင်လဲ မကောင်းဘူးဟ။ ဒီသေတ္တာကို ပိတ်သာထား'

ဟု အကြံပေးသည့်အတိုင်း ခင်မကြီးမှာ အခြေမပျက် နေရတော့၏။

၁၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၂၅ ]

မောင်ခင်မောင်၊ မောင်သန်းဖေ၊ ခင်ခင်စောတို့လူစုလည်း မော်လမြိုင်ရထားနှင့် ပြန်ခဲ့ကြ၏။ အိမ်ရောက်လေလျှင်

'ကဲ ကိုသန်းဖေ၊ ခင်ဗျားတော့ စွံတော့မယ်၊ ကျွန်တော်တို့ အိမ်မှာ ကိုယ့်အိမ်လိုပဲနေ၊ ဘာမှ အားမနာနဲ့၊ ကဲ...ရေမိုးချိုးရအောင်'

ဟု နှစ်ယောက်သား အခန်းထဲသို့ ဝင်ကာ အဝတ်အစားလဲလှယ်ရန် သေတ္တာကို ကိုယ်စီကိုယ်င ဖွင့်ကြလေ၏။

'ဟိုက်...ပြီးပါရော၊ အဲဒါမှ အသူတရာနက်တဲ့ ချောက်ပဲ'

ဟု မောင်ခင်မောင်ပါးစပ်က ထွက်သွားလျှင် မောင်သန်းဖေက

'ဘာဖြစ်တာလဲ'

ဟု ထိတ်လန့်ဟန်နှင့် မေးလေ၏။

'ကဲ...ဖြစ်ပုံတွေ မြင်ဝံ့သေးရဲ့လားဗျာ'

ဟုသာ ပြောကာ မောင်ခင်မောင်မှာ ရင်ဘတ်တီးနေတော့၏။ ထိုနောက် မောင်ခင်မောင်က

'ဒါ...ခင်မကြီးရဲ့ သေတ္တာပဲ၊ သူသုံးနေကျ Lavender

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဗင်ဒါ ရေမွှေးနံ့လဲ ရတယ်၊ ဟုတ်ပါတယ်ဗျာ၊ သူ့သေတ္တာမှ အစစ်၊ ဟောဒီမှာ သူ့အကြိုက် ဝတ်နေကျ ပိုးတွန့်လုံချည် ဖက်ဖူးရောင် ဘလေး’

‘နေစမ်းပါဦး၊ ကူလီတွေ များပြီး လုပ်ဟန်တူပါရဲ့၊ ဖြစ်မှ ဖြစ်ရလေဗျာ၊ ခင်ဗျားမှာ အဝတ်အစား ဒီပြင်မပါဘူးလား’

‘ခု ခါးမှာ ဝတ်ထားတာပဲ ပါတယ်။ ဟို သားရေသေတ္တာထဲတော့ ချည်လုံချည်တစ်ကွင်းနှင့် ရှပ်လက်တို တစ်ထည်၊ ဒါပဲ ကိုသန်းဖေရဲ့’

‘ဒါဖြင့်လဲ ကျုပ်အဝတ်အစားတွေပဲ ဝတ်ပါဗျာ၊ ဒါထက် ခင်ဗျား သေတ္တာထဲမှာ အပေါင်လက်မှတ်တို့၊ တစ်ခြားရည်းစားကပေး တဲ့ စာတွေများ ပါသေးသလား ကိုခင်မောင်’

‘မရှိလဲ မရှိပါဘူး၊ ပါလည်း မပါဘူး။ ဒါပေမဲ့ ရှပ်ပြောင် စပြောင် ဘောက်ဘောက်တွေတော့ ပါသွားလေရဲ့’

‘သူလဲ ဒါတွေကြည့်ပြီး အလွမ်းဖြေလိမ့်မယ်၊ ခင်ဗျားလဲ ဒီဟာတွေ ကြည့်ပြီး အလွမ်းဖြေပေတော့’

‘ကိုသန်းဖေ ပြောတာတော့ နေရာကျကျပဲ၊ ကဲ... သူ့သေတ္တာထဲမှာ တစ်ခြားရည်းစား က ပေးတဲ့ စာတွေဘာတွေများ တွေ့မလား မသိဘူး၊ မွှေကြည့်ဦးမယ်’

ဤသို့ မရှာဖွေမီ မောင်ခင်မောင်သည် လက်ကို အဝတ်တစ်ခု နှင့် လက်အိတ်သဖွယ် ရစ်ပတ် နေလေရာ မောင်သန်းဖေက

‘ကိုယ့်လူ၊ ဒါက ဘာအဓိပ္ပာယ်တဲ့လဲ’

ဟု မေးလေ၏။

‘အို...ထဘီတွေကို ယောကျ်ားလက်နှင့် မထိအပ်ဘူး’

ဟုပြန်ပြောရာ

‘တယ်...ပြောလိုက်ရင် မကောင်းဘဲ နေရှောမယ်’



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်သန်းဖေက အတော်ချဉ်သောမျက်နှာနှင့် ပြန်ပြောလိုက်လေ၏။

'ကောင်းကုန်ပါပြီ၊ ပိုးတွန့်လုံချည်တွေကလဲ အနားပန်းတွေနှင့်ချည်း၊ အထက်ဆင့် ဖြတ်ဝတ်လို့လဲ မရ၊ ဟော…ဒီမှာတော့ မန္တလေး လုံချည်၊ ပန်းမပါဘူး၊ ဒါကို အထက်ဆင့် ဖြတ်ဝတ်မှပဲ၊ ဒါတောင် အောက်က ကတ္တီပါအနား ဖြတ်ပစ်ရဦးမယ်'

'ကိုခင်မောင်ရယ်၊ မတော်တာတွေ မလုပ်စမ်းပါနှင့်၊ ဘုန်းကံနိမ့်မှာထက် သုံးတောင်ထွာ ကွင်းကို ခင်ဗျားဝတ်လို့ ဖြစ်မတဲ့လားဗျ'

'အဲဒါ ကျပ်တယ်၊သုံးတောင်ထွာကွင်းဆိုရင် တုပ်နေလိမ့်မယ်၊ နေဦး ကိုသန်းဖေ ရွှေတောင်လုံချည် တစ်ထည်ရှိသေးတယ်၊ တစ်ခါက ရုပ်ရှင်သွားကြတုန်း ဝတ်တာ သူနှင့် ကွင်းကျယ်နေလို့ စိတ်ပျက်တယ် ညည်းသံကြားရတယ်၊အဲဒါလိုက်ရှာမှပဲ'

'ကိုခင်မောင်၊ ခင်ဗျား ခက်လဲ ခက်သေးတယ်။ ရှုးတယ် ထုးတယ်ဆိုရမှာလဲ အခက်၊ ခင်မကြီးကို စ,ပိုးတုန်းက ဖိနပ်ကောက်ပေးခဲ့ရပြီ။ ခုတစ်ခါလဲ မပြောချင်ပါဘူးဗျာ'

'ကဲ…မပြောချင်လဲ မပြောနှင့်တော့ ကိုသန်းဖေ၊ အိမ်ကလူကြီးတွေ သိပြန်ရင်လဲ မကောင်းဘူး'

မောင်ခင်မောင်သည် ခင်မကြီး၏ သေတ္တာကို မွှေနှောက်ကာလုံချည်တွေ မိမိကိုယ်နှင့် ကပ်ကြည့်လိုက်၊ အင်္ကျီတွေ ကပ်ကြည့်လိုက်နှင့် စိတ်ညစ်ရမှန်း မသိ၊ ရှုတ်နေရင်းပင် အောက်ဆုံးနားရောက်သောအခါ သရက်ထည်လုံချည် ခပ်ဟောင်းဟောင်းတစ်ထည်နှင့်ရစ်ပတ်ထားသော အထုပ်တစ်ခု တွေ့၍ သိလိုဇောနှင့် ဖြေကြည့်လိုက်ရာ မိမိ၏ ဓာတ်ပုံများ စာအုပ်ကို ဖဲကြိုးအပြာကလေးနှင့် စည်းလျက်

www.burmeseclassic.com

www.burmeseclassic.com



အား တွေ့လေ၏။

အလွန်ပင် ထိတ်လန့်ဟန်နှင့် ရွှေရင်ကို မကာ

'လုပ်ရက်ပေ ခင်ရေ၊ မကောင်းတော့ပါဘူး၊ ကိုသန်းဖေ ကြည့်ပါဦးရော့ဗျာ၊ ကျွန်တော်တော့ ဘုန်းကံတွေ နိမ့်ကုန်ပြီ'

ဟု ငိုတော့မည်ဟန်နှင့် ပြောလေလျှင် မောင်သန်းဖေက

'ဟုတ်ကဲ့တဲ့ဗျာ၊ ခင်ဗျားကလည်း တယ်လဲ ဘုန်းတွေ ကံတွေနဲ့ ပြည့်စုံရှာပေတာကိုး၊ ဖိနပ်ကောက်ပေးရတာနဲ့၊ ခုလဲ ထဘီကိုအထက် ဆင့် ဖြုတ်ဝတ်မှာနဲ့၊ တကယ့်သမ္ဘာရှင်ကြီးပေပဲ"

ဟု ရန်ရှာဟန်မျက်နှာ နှင့် ပြန်ပြောလေ၏။

"ကဲ- မတတ်နိုင်တော့ဘူး ကိုသန်းဖေ၊ အထက်ဆင့်တော့ ဖြုတ်မဝတ်တော့ပါဘူး၊ ခင်ဗျားဆီကပဲ ငှားဝတ်ရတော့မှာပဲ၊ ခင်မကြီး တော့ ဘယ်လိုနေရှာမယ်မသိဘူး၊ ဝတ်စရာမရှိတာနှင့်ဘဲ...အို- ခင်ရဲ့ မတွေးဝံ့ဘူးနော် ဟီး"

"အလွမ်းမင်းသားဖြစ်သွားရပြန်ပြီ၊ ကဲပါ၊မြန်မြန်ရေမိုးချိုးပါ၊ အစောတို့ဆီလည်း သွားရဦးမယ်"

"သူကလည်း ဒါပဲအာရုံစိုက်နေတာပဲ၊ ကျွန်တော်ဖြင့်စိတ်ညစ် လွန်းလို့ သေပဲသေရတော့မယ်"

"သေချင်လည်းသေလိုက်၊ ကိုခင်မောင်ရေ သေလိုက်၊ ခင်မကြီး ဆီ ကြေးနန်းရိုက်ဖို့ ပိုက်ဆံလေးတော့ မစ,ခဲ့ပါ၊ ကဲပါ ရွတ်မနေပါနဲ့ ထ,ပါတော့"

"နေဦးဗျ၊ သူ့ဟာတွေ ပြန်သိမ်းဦးမှ"

မောင်ခင်မောင်သည် အင်္ကျီလုံချည်များကို သေချာစွာခေါက်၍ ထည့်နေသည်ကို မောင်သန်းဖေက ကြည့်ရင်း

"ရာဇဝင်ရိုင်းတာပဲ ၊ ကိုခင်မောင် ထဘီခေါက်နေရပြန်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သောက်ဦးမှ ဖျက်ကုန်မယ်ဗျာ"

ဟု မြည်တွန်လိုက်ရာ

"အို–ကိုသန်းဖေရယ်၊ သူ့ကို အမြတ်တနိုးလုပ်ပေးတာလို လို့၊ ကျွန်တော်က ကဲပြီး သူ့သေတ္တာဖွင့်မိတာကိုး၊ ဒီအတိုင်းထား အိမ်ကလူကြီးတွေတွေ့ရင် ကောင်းဦးမလား၊ ခင်မကြီးနဲ့တွေ့ ကျွန်တော့်ကို ကန်တော့ခိုင်းရမယ်"

ဟုပြောပြီး လုပ်မြဲတိုင်း လုပ်နေလေ၏။

ထိုနေ့ညနေ နှစ်ယောက်သား မခင်စောတို့အိမ် သွားပြီးလျှ ဦးဆင့်၊ ဒေါ်မေနှင့် ခင်ခင်စောပါ စကားလက်ဆုံ ကျသော်လည် လူကြီးတွေရှိနေ၍ သေတ္တာချင်းမှားကြောင်းကို မပြောကြပေ။ ဦးဆင့်၏ သားကလေး မောင်စိန်တင်ကို မြန်မာစာအားလပ်သည့်အခါ လာ ရန်ပြောသဖြင့် မောင်သန်းဖေက ဝမ်းမြောက်လှစွာ အာမခံခဲ့လေ၏။ ခင်ခင်စောကလည်း မောင်သန်းဖေလာသည်ကို သဘောကျသည်ဟု ပွင့်ပွင့်လင်းလင်း အမူအရာမပြသော်လည်း ဘာမှ ကန့်ကွက်ဟန် မရှိပေ။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၆ ]

ခင်မကြီးမှာ ဘာမှမကြံတတ်တော့သည့်အတိုင်း ပါသ၍အဝတ်
းနှင့်သာ ဖြစ်အောင် ကြံဖန်၍နေရလေရာ ဆောင်းဥတုတွင်
သေးမြို့၌ အလွန်ပင်ချမ်းအေးလှရကား မိမိ၏ကတ္တီပါကုတ်အင်္ကျီ
ည်း သေတ္တာထဲပါသွားသဖြင့် အချမ်းဒဏ်မခံနိုင်ဖြစ်ရှာလေ၏။

"ဟဲ့–ခင်မကြီး၊ တမှိုင်မှိုင်နဲ့ ဘာဖြစ်နေသလဲ၊ ကျောင်းဖွင့်ရင်
ရတော့မယ့်ဟာပဲ"

ဟု မောင်မောင်ကြီးက ဆေးတံခေါက်ရင်း မျက်နှာကို
သေချာချာ အကဲခတ်ကာပြောလိုက်ရာ

"အို– ကိုကိုမောင်ကလဲ ၊ မဟုတ်တာတွေ လျှောက်ပြောနေ
ပြီ၊ ဒါကြောင့်မဟုတ်ပါဘူး"

"နို့–ဘာကြောင့်လဲဟ၊ ပြောစမ်းပါဦး၊ နင့်မြင်ရတာက မသက်
ကြီး"

"စိတ်ပျက်တယ် ကိုကိုမောင်၊ ချမ်းလိုက်တာလည်း ခိုက်ခိုက်
နေတာပဲ။ 'ချမ်းလွန်းလို့တုန်၊ မလုံကွေးတယ်လေး၊ ကိုယ်ရှေ့ငယ်

www.burmeseclassic.com

www.burmeseclassic.com



ကြဲပေါ့နော်’လို့သာ ဟစ်ချင်တော့တာပဲ”

“ဒါဖြင့် နင့်လူကို ကြေးနန်းရိုက်ခေါ်ရမှာလား၊ ငါပြော မကောင်းဘဲနေရော့မယ်”

“ပြောရင်အရမ်းချည်းပဲ၊ ခင့် ဆောင်းကာအင်္ကျီတွေ သေ ပါသွားမှန်းလည်း သိရဲ့သားနဲ့”

“ဒါက ဘာခက်တာလိုက်လို့၊ သူ့ဘလေဇာအင်္ကျီတို့ မပါဘူးလား၊ ပါရင် ဝတ်ပါလား၊ နွေးပြီးရောပေါ့”

“အို– သူများအင်္ကျီဝတ်ရတာ မသတီပါဘူး”

“လာပဲလာချေသေးရဲ့၊ နင်ကများ ယောကျ်ားအင်္ကျီကို မ ရဘူးတဲ့၊ တယ်လေ––”

ထိုအခိုက် ပို့စမင်းဝင်လာ၍ ခင်မကြီးကို စာတစ်စောင်လာ သည့်နှင့်ဖောက်ကြည့်ရာ

‘ချစ်နှမ ခင်– လုပ်ပုံတွေကောင်းကြပါပေရဲ့၊ အထူး မပြောလိုပါဘူး၊ ဘဝကကံဟောင်းကြောင့် (မောင်မစ္စက)လက် ဖြစ်ရပါပြီ’– ခင်မောင် ဟူသော စာတိုကလေးနှင့် ခင်မကြီး၏အ ထဘီများကိုဝတ်ရိုက်ထားသော မောင်ခင်မောင်၏ဓာတ်ပုံကိုတွေ့ သောအခါ မောင်မောင်ကြီးနှင့်နှစ်ယောက်သား ခေါင်းချင်း ရယ်မောကြလေ၏။

“ခင်မကြီးရယ်၊ နင့်လူက ဥမ္မတ္တကောထင်ပါရဲ့၊ နင်နဲ့ ပိန်မသာလိန်မသာ ပါပဲ”

“ခက်တာပဲ ကိုကိုမောင်၊ ခင့်သေတ္တာကို ဘယ်လိုမွှေ ပြီး၊ ဘယ်လိုလုပ်ထားမယ်မသိဘူး၊ သူ့ကို တယ်မယုံရဘူး”

“ဟန်သကွာ၊ ဓာတ်ပုံက မာဖလာတွေဘာတွေနဲ့၊ ထဘီကလ လှသကိုး၊ အနားပန်းတွေ ဝေလို့၊ ခေါင်းကဘိုကော ဆိုးနေတ

www.burmeseclassic.com



"ခင့်ဘီးတွေ၊ ဆံစုတွေမှ ပါမသွားပဲကိုး။ ပါသွားလည်းဒုက္ခ၊ င့်မှာ ဆံကေသာလက်လေးသစ်နဲ့ အတော်ချောက်ကျမှာ"

"ဟဲ့- ခင်မကြီး၊ နင့်လူ ရူးပုံနဲ့ဆိုရင် ဝတ်စရာမရှိဘူးဆိုပြီး၊ ဘီတွေအထက်ဆင့်ဖြုတ်ပြီးတော့များ ဝတ်နေဦးမှာလားဟ"

"ဝတ်ချင်တာဝတ်ပေစေ ကိုကိုမောင်ရယ်၊ ခင်လည်း သူ့လုံချည် တွေ အထက်ဆင့်တပ်ဝတ်ရမှာပဲ"

"ငရဲကြီးကုန်ပါလိမ့်မယ်၊ မလုပ်ကောင်းဘူး ကောင်မလေးရ၊ ော်လိုက်တာနော်"

"ခင် ဒါလောက်မရူးသေးပါဘူး၊ သူ့အဝတ်အစားတွေကို ရှိတသေ သူ့အတိုင်းထားပြီးတော့ လွမ်းရင်ထုတ်ကြည့်ရတာပေါ့"

"သေမှလွမ်းရင်သာ ထုတ်ကြည့်ရတာဟဲ့၊ နင်လည်း ရူးဦးမယ့် ာမလေးပဲ"

* * *

မောင်ခင်မောင်မှာ မိမိ၏အဖြစ်ကိုတွေးကာ ရယ်လည်းရယ် င်၊ စိတ်လည်းပျက်မိသော်လည်း ညအချိန် လူမမြင်သည့်အခါ ောင်သန်းဖေနှင့် နှစ်ကိုယ်တည်း ခင်မကြီး၏အဝတ်အစားများကို တ်ပြီး ရယ်စရာတွေအမျိုးမျိုးလုပ်ကာ ရွှတ်နေတော့၏။

မောင်သန်းဖေမှာ ခင်ခင်စောတို့အိမ်ကို ညနေတိုင်းသွားကာ ောင်စိန်တင်ကလေးကို စာပြရသည်ထက် နှစ်ယောက်သား စာစကား စကားတွေသာ လက်ဆုံကျမိတော့၏။

"ကိုသန်းဖေတို့တော့ တယ်ပြီးပါရမီထူးပါပေတယ်၊ ဒီနှစ် င်အေကို မြန်မာစာပထမတန်း ဂုဏ်ထူးနဲ့အောင်တော့မှာပဲ၊ အစော တော့ သိပ်အားကျတာပဲ။ ဒါပေမယ့် ဒီလို ဂုဏ်ထူးတွေသာတွေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တောင် မမက်ဝံ့သေးဘူး"

"အစောဟာ တကယ်တော်ပါတယ်၊ ဒီနှစ် အိုင်အေအောင်
ရင် မြန်မာစာဂုဏ်ထူးသာဆက်ယူ၊ စိတ်ကူးမလွဲနဲ့"

"ကိုသန်းဖေကော ဒီနှစ်အောင်ရင် ဘာလုပ်မယ် စိတ်
သလဲ"

"အဲဒါ အဖြေရခက်တာပဲ၊ ဘီအေ, အမ်အေတွေ အလုပ်
တောင်ပုံရာပုံဖြစ်နေ၊ လခစားအစိုးရအလုပ်မက်တဲ့လူကလည်းမျာ
ထမင်းတစ်လုပ်ဝဖို့ တယ်ခဲယဉ်းနေတာပဲအစောရဲ့"

"ဒါတွေတွေးလိုက်ရင်တော့ ဘယ်ဘက်ကမှ သက်သာ
မရှိဘူး၊ ခုပညာသင်နေရတာ လခစားအလုပ်ကိုမျှော်ကိုးပြီး သင်
မဖြစ်ဘူး ကိုသန်းဖေရဲ့"

"အစောပြောတာမှန်တယ်၊ ခုပညာသင် ရတာက ပြင်ပြင်ပြီး
ဆိုတာလို ကြည့်ပါလား၊ အောက်တန်းကလေးတွေမှာ ဒီနှစ်ဒီစာအ
နောက်နှစ် နောက်စာအုပ်၊ ဟုတ်တယ်မရှိ ပြောင်း၊ ကလေး
မိဘမှာဖြင့် စာမေးပွဲအောင်မှုရယ်မဟုတ်ဘူး၊ စာအုပ်သစ်တွေ
ဝယ်လို့သာနေရတာပဲ"

"အောက်တန်းသာမဟုတ်ပါဘူး၊ အထက်တန်းတွေကျပြန်
လည်း ကိုယ့်အမျိုးကိုယ် အထင်အမြင်သေးစေတဲ့ စာအုပ်တွေသ
တာက များတာပဲ၊ ဒီကြားထဲကမှ ဇာတိမာန်တက်ရင်လည်း တက်
ရော့"

"တော်ကြစို့အစော၊ ဒီစကားတွေ ဒီမှာပဲတန်၊ ကြာရင်
ယောက်သား ၁၂၄(က)နဲ့ အချုပ်ထဲ ကန့်လန့်ကန့်လန့်ဖြစ်သွားမ

"ဟုတ်တယ်၊ စကားများရင်း အမှားပါကုန်ပြီ။ ကဲ တ
စကားသာ ပြောကြပါစို့၊ မဆက်ပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် အစော သီချင်းတွေ တော်တော်များများရတယ်မှတ်တယ်၊ တစ်ခါ ကျောင်းအုပ်ကြီးညည့်ခံတုန်းကတောင် ဆိုသေးတယ် ဟုတ်လား"

"များများတော့ မရပါဘူး၊ အစောကို အဟုတ်ကြီးမှတ်ပြီး သူငယ်ချင်းတွေက ပွဲတိုင်းထုတ်နေတာပဲ"

"အစောဟာ အစော်ကို သီချင်းဆိုကောင်းတာပဲ၊ သိပ်ပြီး သံချက်လည်း အကွက်ကျတာပဲ၊ အသံကလည်းကောင်းတယ်"

"ကိုသန်းဖေ ဒီလိုသာပြောနေရင် အစောတော့ ဘဝင်မြင့်ပြီး သွားတော့မယ်၊ ဟို- မောင်စိန်တင်ကလေး ဘယ်ပြေးပါလိမ့်၊ အကျက်ခိုင်းထားတာ ဘယ်ပျောက်သွားတယ်မသိဘူး"

ခင်ခင်စောလည်း မောင်စိန်တင်ကို လိုက်ရှာရာ အခန်းထဲ၌ ဒေါ်မေနှင့်အတူ အိပ်ပျော်နေသည်ကို တွေ့ရ၏။ ဦးဆင့်မှာကား ခုံပေါ်တွင် စာကြည့်နေသည်ကိုမြင်လျှင်

"ဦးကြီး- မောင်စိန်တင်လေး စာလည်းမဖတ်ဘူး၊ အိပ်နေတယ်"

ဟုပြောသော်လည်း စာထဲတွင်စိတ်ဝင်စားနေသဖြင့်

"နေပါစေကွယ်"

ဟုပြောကာ ဂရုမစိုက်နေလေ၏။ ထိုအခါ ခင်ခင်စောမှာ အောက်ထပ်ပြန်ဆင်းခဲ့ပြီး မောင်သန်းဖေနှင့် စာကြောင်းပေကြောင်း ဆွေးနွေးရပြန်တော့၏။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၇ ]

"အစော–သည်ဆောင်းဟေမာန်သီချင်း ရတယ်မဟုတ်လား"
ဟု မောင်သန်းဖေကမေးလိုက်လျှင် ခင်ခင်စောက -

"ရသားပဲ၊ ဂန္ဓမာတောင်အလိုက်ဟာ မဟုတ်လား"

"ဟုတ်တယ်၊ ရရင် ခပ်တိုးတိုးဆိုပြစမ်းပါ၊ နားထောင်ချင်တယ်"

ခင်ခင်စောသည် ဘာမှပြန်မပြောဘဲ အတော်ခေါင်းငုံ့နေပြီး

"ကြီးကြီးအိပ်နေတယ်၊ ဦးကြီးလည်း စာဖတ်နေတယ်"

ဟု မပွင့်တပွင့်ပြောလေလျှင်

"ဒီသီချင်းဟာ တယ်ပြီးအဓိပ္ပာယ်လေးနက်တယ်နော်၊ အစော မဆိုချင်လည်း နေပါတော့လေ"

"ဟုတ်တယ်၊ ခုလို ဟေမန္တရာသီမှာ နတ်ပန်းသဇင်တွေ ရှမ်းပြည်နယ်၊ တောင်ငူ ရွှေသိုင်းညွန့်တလူလူနဲ့ ကြည်ဖြူစွာဆက်ရ ရကြောင်းကို ဖွဲ့ဆိုတာပဲ"

"ဆက်ပြောပါဦး၊ အစောဆိုမပြချင်လည်း သီချင်းအကြောင်းသာ ပြောပြပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"အစောကလည်း တယ်သိတဲ့ပညာရှိကြီးကိုး၊ သိသ၍ပဲပြောပြ ...ာ်။ ရယ်စရာကောင်းလိုက်တာ၊ မြန်မာစာဂုဏ်ထူးယူနေတဲ့ ...များ အစောလိုလူကို--"

"ကဲ-စကားမရှည်ပါနဲ့အစောရဲ့၊ ပြောပါ၊ နားထောင်ချင်လှပါ"

"ပြောပါ့မယ်၊ အဲဒီလို စော်ဘွားစော်ခဲတွေ ရွှေနန်းတော်ကြီး ...ရှိသေသောအားဖြင့် ဖြည်းညှင်းစွာဝင်ရသလို သီချင်းသွားကိုက ...အေးတာပဲ၊ စေ့စေ့တွေးပြီးသာ ဆိုလိုက်မယ်ဆိုရင် ရှေးဖြစ်ဟောင်း ...က်မေ့ဖွယ်တစ်ရပ်ပဲ"

"အစောဟာ အောက်သူသာဖြစ်တယ်၊ တယ်ပြီး ဗဟုသုတနဲ့ ...ည်တယ်၊ မန်းသူလေးကျနေတာပဲ"

"ကိုသန်းဖေတို့က မန္တလေးသားဆိုတော့ မန္တလေးက ပညာရှင် ...တွေနဲ့ အတွေ့အမြင်များပါတယ်။ ခင်မကြီးလည်း တော်တော့ ...ဘ်သား၊ နောက်အားကြီးလို့"

"ဟုတ်တယ်၊ ဒါထက် ရှေးသီးချင်းသွားတွေဟာ အလွမ်းနေ ...လည်း သံနေသံထားကိုက လွမ်းတဲ့အသံ၊ ခုတင်ကပြောတဲ့ ...မ်းမင်းနားနဲ့ပတ်သက်ရင်လည်း ယဉ်ယဉ်ကျေးကျေး အေးအေး ...၊ ခုကာလဟာတွေနဲ့တော့ မနိုင်းအပ်တာပဲ"

"ကိုသန်းဖေပြောတာမှန်ပါတယ်၊ ရှေးက သီချင်းတွေကမှ ...သာနဲ့ပြည့်စုံတာပါ။ ဩန်ဒရိုင်ဒင်ရေးတဲ့ လက်ာတစ်ပုဒ် သွား ...ရတယ်၊ အယ်လက်ဇင်ဒါဘုရင်ရှေ့တော်မှာ စစ်သီချင်း၊ အချစ် ...ဲ့ သိင်္ဂါရရသနဲ့ပတ်သက်တဲ့ သီချင်းအမျိုးမျိုးဖြင့် လူ့စိတ်ကို ...မျိုးထိခိုက်နိုင်တဲ့ အကြောင်းလေ"

မောင်သန်းဖေသည် ခင်ခင်စောပြောသည်ကို စူးစိုက်နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ရင်း စိတ်ထဲက ချီးမွမ်းမိသည်သာမက မေတ္တာစေတနာ ပွား
မိနေခိုက်၊ တစ်ဖက်အိမ်က–

"ချစ်သမျှကို––မြင့်မိုရ်ရွှေတောင်လုံး––လေးဆူဒီပါ၊ သီ
ရေမြေ ဆုံးသာစလေး––"ဟူသော ဓာတ်ပြားဖွင့်သံ ကြားရ
မောင်သန်းဖေမျက်နှာသည် ကြည်လင်လာပြီးလျှင် ခင်ခင်စော
စိုက်ကြည့်လိုက်ရာ၊ ခင်ခင်စောမှာ ရှက်ဟန်နှင့် ခေါင်းငုံ့နေ
ကိုသာ တွေ့ရလေ၏။

"အစော–ကြားလား၊ ရှေးသီချင်းများ တယ်ပြီးကောင်းပါ
တယ်၊ ဒီအသံကြားလိုက်ရတာနဲ့ အစောခုတင်ကပြောသလို–

ဟု ရှေ့ဆက်ရမည်ကို အားနာရှက်ရွံ့ပြီး ခင်ခင်စောကို
ရွှန်းရွှန်း စားစားကြည့်လေရာ၊ ခင်ခင်စောမှာ အနေရခက်
ခေါင်းငုံ့၍သာ နေရှာလေ၏။

"အစော"

ဟု ဘဝင်မငြိမ်သောအသံနှင့် ခေါ်လိုက်ရာ

"ရှင်"

ဟု ခွက်ဆယ်လေးကြိုး နောက်ကဆွဲထားသလို လေး
ကြီး ပြန်ထူးလိုက်ပြီး အတော်ကြာ စကားမပြောဘဲ နေလေ
ထို့နောက် မောင်သန်းဖေက

"အစောကို ပြောချင်တဲ့စကားတစ်ခုရှိတယ်၊ အဲဒါ ပါးစ
တော့ မပြောပါရစေနဲ့၊ စာနဲ့ပဲရေးမယ်နော်။ အဲဒါ စဉ်းစားပြီးဖြေ
ဟုတ်လား"

ဟု တည်ကြည်ပြတ်သားစွာပြောပြီးလျှင် အဖြေမစောင့်
ထွက်လာခဲ့လေ၏။

'ချစ်တဲ့အစော...မနှစ်ကတည်းက အစောကိုမြွေ့ပုံ၊ လိမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုကြည့်ပြီး ကိုယ့်နှမကလေးပဲဖြစ်ပါတော့လို့ သန့်ရှင်းတဲ့မေတ္တာသက်ဝင်မိပါတယ်၊ နောက် အင်းလျားဟောမှာ ကျောင်းအုပ်ကြီးဆည့်ခံတဲ့နေ့က အစောသိချင်းသံကြားရကတည်းက အစောကို ချစ်မိပါပြီ–'စသည်ဖြင့် ချစ်ကြောင်းခင်ကြောင်း ကြင်နာကြောင်းတွေကို တတ်တိုင်းစာဖွဲ့ထားသောစာ ဖတ်ရသောမခင်စောမှာ မောင်သန်းဖေအပေါ်တွင် မောင်ရင်းနှမကဲ့သို့ မေတ္တာသက်ဝင်နေခဲ့ရာမှ ၎င်း၏အလိုအတိုင်း ထိုထက်မကတိုးချစ်ရန် မခဲယဉ်းလှသော်လည်း ရုတ်တရက်စိတ်ပြောင်းရန် အလွန်ပင်ခက်ခဲနေတော့၏။

မိမိ၏ သန့်ရှင်းဖြူစင်သောစိတ် ပေါ်ထွက်အစွန်းပေခဲ့သည့်အဖြစ်ကိုတွေးမိတိုင်း ဝမ်းနည်းမိ၏။ မောင်သန်းဖေသည် ယောကျ်ားပီသသော ပညာရှင်တစ်ဦးဖြစ်၍ အစစအရာရာ ဆိုဖွယ်မရှိသော်လည်း ဤအရေးကား တစ်သက်လုံးအတွက်အရေးဖြစ်၏။ ယခုအခါမိမိမှာ ပညာရှာစဉ် ယခုလိုအာရုံမျိုးထားဖို့မတော်ကြောင်းကို တစ်ခါတွေးမိပြန်သောအခါ စိတ်ပျက်မိပြန်လေ၏။ အိမ်ကလူကြီးများရိပ်မိမည်စိုးသဖြင့်လည်း မောင်သန်းဖေလာသောအခါ အခြေမပျက်ခေါ်ပြောနေရသော်လည်း ရင်ထဲမှာကား မီးရထားခုတ်သလိုဖြစ်နေတော့၏။

တစ်နေ့နံနက်စောစောအချိန်တွင် ခင်ခင်စောလည်း အိမ်ရှေ့ပန်းပင်ကြားထဲတွင် တစ်ကိုယ်တည်း စာဖတ်နေရာ၊ မောင်သန်းဖေနှင့်မောင်ခင်မောင် နှစ်ယောက်သား လမ်းလျှောက်လာသည်နှင့် အဆင်သင့်တွေ့ကြလေ၏။

မောင်သန်းဖေတစ်ယောက်တည်းဝင်လာပြီးလျှင် အခြေမပျက်

"သြော်–အစော စာဖတ်နေသလား"

ဟု မေးလိုက်သော်လည်း၊ ခင်ခင်စောမှာ မျက်နှာသိသိသာသာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်ကာ ခေါင်းမဖော်ဘဲနေလေ၏။ နေရောင်ခြည်ဖြာစ နှင်းမစို့တစို့ အချိန်တွင် ခင်ခင်စောသည် သမင်သွေးကတ္တီပါ ကုတ်အင်္ကျီလေးနှင့် ဖြူဝင်းနုထွတ်သောအသားကလေးနှင့် အလွန်ပနံရသည့်ပြင်ဘီးကျော့ပတ် မခို့တရို့အမူအရာလေးနှင့် အပြစ်ကင်းမဲ့သောကလေးပမာ ကော့ဖြူးသောမျက်တောင်ကလေးကိုခတ်လိုက်ကာ၊ ကြည်လင်သောမျက်လုံးကလေးကို စင်းလိုက်ကာနှင့် ရှက်ရွံ့စွာနေရှာလေလျှင် ခင်ခင်စောကို မောင်သန်းဖေမှာ ရှုလို့ပင်မငြီးတော့ဘဲ ပြောမည့်စကားပင် မေ့ပျောက်သွားလေတော့၏။

"ဦးကြီးတို့ရော ဘယ်သွားကြသလဲ"

ဟု ထပ်မေးလိုက်ရာ

"ဘုရားသွားကြတယ်"

ဟု မော်မကြည့်ဘဲ ပြန်ပြောလေ၏။

"အစော ကိုသန်းဖေကို စိတ်ဆိုးသလား"

ဟု စိုးရိမ်စွာမေးလိုက် သဖြင့်

"အို- မဆိုးပါဘူး'

ဟု မပွင့်တပွင့်ပြန်ပြောကာ အနီးရှိနှင်းဆီပွင့်ကို ကိုင်ကြည့်နေလေ၏။

"အစောရယ်၊ စိတ်ဆိုးမယ်ဆိုလည်း ဆိုးထိုက်ပါတယ်၊ တကယ်ဆိုရင် အစောကို နှမလေးသဖွယ် ချစ်ခင်ထိုက်ပါရက်နဲ့ ခုလိုကြံမိတာ ကိုယ့်ကိုယ်ကို တွေးရှက်ပါတယ်။ အစော ကိုသန်းဖေကို မုန်းလိုက်တော့၊ နောက် အစောကိုမနှောက်ယှက်တော့ဘူး၊ အစောလည်း ကိုသန်းဖေကို မခေါ်နဲ့တော့နော်၊ ခေါ်ဖို့ကောင်းတဲ့သူမဟုတ်ဘူး၊ သွားတော့မယ်နော်"

ဟု လှိုက်လှဲဝမ်းနည်းစွာပြောရင်း ခေါင်း ငုံ့ကာ ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းနှစ်လှမ်း လှမ်းခဲ့ပြီး ပြန်လှည့် အကြည့်တွင် ခင်ခင်စောမှာ ပြင်ပေါ်မှ မျက်ရည်များ လက်ကိုင်ထားသော နှင်းဆီပွင့်ထဲသို့ပင် ကျနေသည်ကိုတွေ့ရလေလျှင်

"အစော ဝမ်းနည်းသလား၊ ဘာပြုလို့လဲ"

ဟု အယောင်ယောင် အမှားမှား ပြောမိမေးမိလေ၏။ ထိုနောက်မှ သတိရ၍

"အစော– ဒါဖြင့် ကိုသန်းဖေကိုချစ်တာပေါ့"

ဟု မေးလိုက်လေလျှင်၊ ခင်ခင်စောမှာ ရှက်ရွံ့စွာနှင့် ခေါင်းညိတ်လိုက်လေ၏။

ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၈ ]

သေတ္တာချင်းများသည်ကို လူကြီးများမသိအောင် ကွယ်ဝှက်ထားရခြင်းကိစ္စမှာ မောင်ခင်မောင်အတွက် လွယ်ကူသော်လည်း ခင်မကြီးအတွက်ကား ခက်လှပေ၏။

"ဟဲ့–ခင်မကြီး၊ ဒီသားရေသေတ္တာထဲက အဝတ်အစားတွေ အကုန်ပဲလား။ ကျောင်းမှာ ထားခဲ့သေးသလား"

ဟု မေးလိုက်သောအခါ၊ မနည်းပင်မျက်နှာပိုးသတ်၍

"ယူရတဲ့ဟာတွေများလွန်းလို့ ထားခဲ့ရတယ်၊ ဟိုသံသေတ္တာက ဗန်းမော်က သူငယ်ချင်းတစ်ယောက်ရဲ့ဟာ။ ဟိုအထိ ယူသွားစရာတွေ များလွန်းလို့တဲ့ အပ်ထားခဲ့တာ။ တကတည်း အစကတော့ယူပြီး ဒီကျမှပဲ မယူနိုင်ဘူးရယ်လို့၊ သူတို့များအဆန်းချည့်ပဲ"

ဟု လာမည့်စကားသံရိပ်ဖမ်းကာ အုပ်ပြောလိုက်လေ၏။ ထိုအကြောင်းကို မောင်မောင်ကြီးမှတပါး စုစုနှင့် မောင်ကိုကြီးလေးကိုပင် မပြောဘဲ ကျိတ်ကာနေရလေ၏။

မောင်ကိုကြီးလေးမှာ ခင်မကြီးထံ မကြာမကြာလာ၍ မိမိရှုပ်လိုက်

www.burmeseclassic.com



သာစာတ်ကွက် လည်မလည်ကို အကဲကြည့်ရင်း ကိုယ့်အပြစ် ိုယ်မလုံဘဲရှိလေ၏။

"ခင်မကြီး– ကိုခင်မောင်ဆီက စာများရရဲ့လား။ ကိုသန်းဖေ ည်း စွံရှာလေပြီလားမသိ။ သတင်းစကားများ မကြားရဘူးလား"

"မောင်ကိုကြီးဆီရော စာမရဘူးလား"

ဟု သေတ္တာချင်းမှားသည်ကို စာရေးပြောပြီးလေပြီလားဟု းရိမ်စွာနှင့် မေးလေ၏။

"မရပါဘူး၊ ကျွန်တော်တို့ဆီ ဘယ်ပေးမှာလဲ၊ ခင်မကြီး ို့ဆီသာ ပေးမှာပေါ့"

"အေးဟယ်–ဘာဖြစ်သေးလဲ၊ ခင့်ဆီတော့ပေးတာပေါ့၊ သူ့ ည်းစားကိုဟဲ့"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ဘာမှမပြောရသေးပါ ဘး၊ ခင်မကြီး ခုတလော မနှစ်ကလို ကျောင်းပိတ်ရင် လျှောက် လည်ဘဲ အိမ်ထဲကုပ်နေတာ လွမ်းနာကျနေတာထင်ပါရဲ့"

ခင်မကြီးမှာ မိမိအဝတ်အစား ပြည့်စုံစွာမပါခဲ့၍ မိန်းမပီသစွာ င်းကောင်းကျောက်ဖိ နေရသည့်အဖြစ်တွေးမိ၍ မျက်နှာပျက်သွား သည်ကို မောင်ကိုကြီး ကောင်းစွာရိပ်မိရာ မိမိရှုပ်လိုက်သောဇာတ် အကွက်ဆိုက်လေပြီဟု အထူးကျေနပ်မိလေ၏။ သို့သော် ခင်မကြီး ာ ဘယ်လိုမှ ဖွင့်မပြောဘဲ မြိုနေသည်နှင့် စိတ်ထဲအောင့်သက်သက် ဖြစ်ပြီး၊ နှမဖြစ်သူစုစုအား ခင်မကြီးထံသွားရောက်ကာ ထိုအကြောင်း နှင့်ပတ်သက်၍ သိရအောင် စုံစမ်းလှတ်လိုက်လေ၏။

"ခင်မကြီး ၊ တယ်ပြီးအိမ်တွင်းအောင်းလိုက်ပါလား၊ လာပါ အိမ်တော်ရာဘုရား သွားဖူးရအောင်၊ ခါတော်မှီလမုန့်နဲ့လက်ဖက်သုပ် ကြမ်း သွားသောက်ရင်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အို မသွားချင်ပါဘူး စုစုရယ်"

"အမယ်–ဘာများဖြစ်နေတာလဲ၊ တယ်လွမ်းနေမှတ်တယ်"

"မဟုတ်ပါဘူးစုစုရဲ့၊ လိုက်ချင်တဲ့စိတ် မရှိလို့ပါ"

ထိုအခိုက် ခင်မကြီး၏မိခင်ဝင်လာ၍

"ခင်ကလည်းကွယ်၊ ကိုယ့်မြို့ဒေသပြန်လာတဲ့အခါ နည်းနည်း ပါးပါးသွားလာပြီး ပျော်ပျော်နေမှပေါ့၊ ခုတော့ အိမ်ထဲမှာတ ကုပ်နဲ့ လိုက်သွားပါသမီးရယ်၊ သွား–ရေချိုးချေ"

ဟု ခိုင်းသဖြင့် ခင်မကြီးမှာ မနေသာတော့ဘဲ ရေသွား ချိုးရတော့၏။ စုစုသည် ခင်မကြီး၏မိခင် ထွက်သွားသည်နှင့်

"ခင်ရေ– ရေချိုးပြီးရင်ဝတ်ဖို့ အဆင်သင့်လုပ်ထားမယ်နော်"

ဟုအော်ပြောပြီး၊ ခင်မကြီး၏ခေါင်းအုံးအောက်က သော့တွဲ ယူပြီးလျှင် ယွန်းဖောင်းသေတ္တာကို ဖွင့်လေ၏။ မောင်ခင်မောင်၏အဝတ် အစားများကိုတွေ့ရ၍ အံ့အားသင့်ဟန်ဆောင်နေခိုက် ခင်မကြီးက

"မလုပ်ပါနဲ့ စုစုရဲ့၊ ခင့်ဘာသာ အဝတ်အစားတွေ ထုတ်ပါ မယ်"

ဟု အရေးတကြီးပြေးဝင်လာသော်လည်း နောက်ကျနေပြီဖြစ်၍

"မကောင်းတော့ပါဘူး စုစုရယ်"

ဟု သက်ပြင်းကြီးချပြီး မှိုင်နေတော့၏။

"ခင်မကြီးသေတ္တာမှတ်လို့၊ ဘယ်သူ့သေတ္တာလဲ၊ ဒီအိမ်မှာ လူပျိုလည်းမရှိပါဘဲနဲ့၊ ဒီလူပျိုအသုံးအဆောင်တွေ ဘယ့်နဲ့ရောက် ရတာလဲ၊ မှန်မှန်အစစ်ခံပေတော့"

"အမယ်လေးဟဲ့–ပုလိပ်သမီးရဲ့၊ တယ်ပြီးစုံထောက်တောင်းနေ ပါလား၊ ခင်တော့ စိတ်ညစ်လှပါပြီ၊ မသိစေချင်မှာ"

"အမယ်–မဖုံးပါနဲ့ခင်ရယ်၊ လက်ဆုပ်လက်ကိုင် မိနေပါပြီဟာ"

www.burmeseclassic.com

www.burmeseclassic.com



'တိုးတိုး ပြောပါ၊ မေမေကြားပါဦးမယ်၊ ရှိခိုးပါရဲ့ မရွှေစုရဲ့'

"ကဲပါ– အကြောင်းလင်းစမ်းပါဦး"

"အခု ကျောင်းဖိတ်ရက်ပြန်အလာ ဘူတာရုံက ကူလီတွေက ကိုခင်မောင်သေတ္တာနဲ့ ခင့်သေတ္တာမှားလို့။ တော်တော်ရယ်စမ်းပါ စုစုရဲ့၊ ဒါရယ်စရာလား"

"အူတက်သေရတော့မှာပဲခင်ရယ်၊ ဖြစ်ပဲဖြစ်တတ်လွန်းတယ်။ အဲဒီနေ့က ကိုခင်မောင်လည်း သူ့ပစ္စည်းတွေလိုက်ပို့ရင်း တပါတည်း ယူခဲ့တာကိုး"

"နို့–ခုဘာဝတ်နေသလဲ"

"အို–လွယ်လွယ်ဝတ်ဖို့ လေးငါးဆယ်ထည် သားရေသေတ္တာ ထဲ ထည့်ခဲ့မိပေလို့ပေါ့၊ မဟုတ်ရင်တော့–– အဲလေ ပြောမကောင်း ပါဘူး"

"ဟား–ဟား–ဟား၊ ရယ်စရာကောင်းပါပေ့၊ ကိုခင်မောင်လည်း ဘယ်လိုနေမလဲမသိဘူး"

"ရယ်ချင်တာတွေထားပါဦး၊ ဒါကြောင့် စိတ်ညစ်ပြီး ဝတ်စရာ မရှိလို့ ဘယ်မှမသွားတာကို အများက ဒိန္နစ်ရည်စားရှိလို့ ငြိမ်ချက် သားကောင်းနေသလား၊ လွမ်းနာကျနေသလားလို့ ထင်မှားခံရတယ်၊ ကိုယ့်အဖြစ်ကိုယ်သာသိလို့ မခံချိမခံသာဖြစ်နေတာပဲ"

"သနားစရာကောင်းရှာလေနော်၊ ဟား–ဟား–ဟား ရယ်ရတာ နဲ့ပဲ အူတက်သေရတော့မယ်"

"ဆဲလိုက်ရ မကောင်းဘဲနေတော့မယ်၊ မရွှေစုသွားစမ်း၊ လူ စိတ်ညစ်ရတဲ့အထဲ"

"ဒါလောက်နှင်နေတာ ပြန်ပါတော့မယ် ခင်ရယ်"

ထို့နောက် မောင်ကိုကြီးနှင့်စုစုတို့လည်း ခင်မကြီးတို့ မကြာ



www.burmeseclassic.com

www.burmeseclassic.com



မကြာလာ၍ သေတ္တာချင်းမှားကြောင်းကိုပြောကာ အားရပါးရရယ်မောကြလေ၏။ မောင်ခင်မောင်ထံမှ မိန်းမလိုဝတ်ရိုက်ပေးလိုက်သောပုံနှင့်စာကိုကြည့်ကာ အူတက်မတတ်ရယ်ကာ သုံးယောက်သားတဟားဟားနှင့်နေခိုက် မောင်မောင်ကြီး ရောက်လာပြန်သောအခါမီးတောက်ရာမှ ဓာတ်ဆီလောင်းသကဲ့သို့ ဟားတိုက်သည်ထက်ဟားတိုက်နေကြတော့၏။ မောင်ခင်မောင်ထံမှ မောင်သန်းဖေနှင့်ခင်ခင်စောတို့ နေရာကျကြပြီဖြစ်ကြောင်းသိသော်လည်း မသိဟန်နှင့်ဣန္ဒြေရစွာနေရန် အားလုံးကို သတိပေးကြောင်း စာရသဖြင့် အလွန်ဝမ်းမြောက်နေကြလေ၏။ ဤကဲ့သို့ တရယ်ရယ်တရွှင်ရွှင်နှင့်ပင်တစ်လကုန်ခဲ့ပြီ။ ခင်မကြီးစာအုပ်သေတ္တာမှာ အလွန်မြတ်နိုးရှိသေလှ၍လား မသိ လက်ဖျားနှင့်မှ မတို့ရက်ရှာပေ။ မောင်မောင်ကြီးမှာ ကျူတာ အလုပ်ရမည်ဖြစ်၍ ခင်မကြီး၊ စုစု၊ မောင်ကိုကြီးတို့နှင့်အတူတကွ ပျော်ပျော်ကြီးလိုက်ရမည်ဖြစ်သည့်အတိုင်း တရုံးရုံးတပြုံးပြုံးတရွှင်ရွှင်နှင့် သွားဖို့လာဖို့ စီမံကြလေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၉ ]

ကျောင်းဖွင့်ပြန်ရန်အရေးကို စိမ်ရသည်ကား များလှပါ၏။

"မေမေရဲ့ အရိုးဘောင်းပဲလျှော်ကြော်၊ ဦးကြီးလ,မုန့်၊ ခါတော်မုန့်၊ မလိုင်ကရေကရာ၊ မျက်ပါးရပ်ထိုးမုန့်၊ သစ်ကြားသီး၊ သစ်ချ်သီး--"

"ဟဲ့-ခင်မကြီး မနည်းဘူးလား၊ ထပ်များလိုချင်တာတွေးဦးလေ၊ တကတည်း ဒါလောက်ရှိရင်လည်း မန္တလေးတစ်မြို့လုံးသွား ပေတော့"

"အို-မေမေကလဲ ပြောမှာတောင်မေ့သွားပြီ။ ဘာတဲ့၊ သစ်ခွဲသီး၊ သစ်ကြားသီး၊ အနုဆုပ်၊ ထန်းလျက်ဖြူဆုပ်၊ ပြီးတော့ ခေါ်ဦး--"

"ဟယ်-လွန်ပြီထင်တယ်၊ နည်းနည်းလျှော့ပါဦး"

"အို-မေမေရဲ့နေပါဦး၊ ဟိုရောက်ရင် ဒါတွေ ချဉ်ခြင်းတပ်မှန်းလို့"

"ပြောလိုက်ရ မကောင်းဘဲနေတော့မယ်၊ ချဉ်ခြင်းတပ်သလေး

www.burmeseclassic.com

www.burmeseclassic.com



ဘာလေးနဲ့"

"ဟုတ်တယ်၊ သိပ်စားချင်တာပဲ၊ ပြီးတော့ စောင်းလျားလက်
ကလေးလည်း လိုချင်သေးတယ်။ ငါးမြင်းငပိတစ်ကလေး၊ မန်ကျ
ကြက်ဆူနှင့်ချက်တာလည်း ဟိုရောက်ရင် သိပ်စားချင်တာပဲ။ ပြီး
ဝက်သားနီချက်ကလေး၊ ဒါတင်မကသေးဘူး၊ မြီးရှည်လည်း
သောက်ချင်တာပဲ"

"တော်ဟယ်၊ ယူနိုင်တာလောက်ပဲယူသွားပါ၊ ငါးရူငါးပိ
ရယ်၊ ငါးပုပ်ခြောက်ကြော်ရယ်၊ သရက်သီးဆီစိမ်ရယ် ပုလင်းနဲ့
မဟုတ်လား"

"ဩော်–ဟိုရောက်ရင်တော့ တို့ဟူးသုပ်ကလေးများစားရ
မယ်မဟုတ်ဘူး၊ မနက်မိုးလင်းလည်း အုန်းသီးမြေပဲတွေနဲ့ဆိမ့်
မုန့်ပြစ်သလက်လည်း မစားရတော့ဘူး"

"ခင်မကြီးရယ်၊ ဒါလောက်အစားစုံမက်ရင်လည်း ကျောင်း
ပါနဲ့တော့ဟာ၊ ကြာတော့ နှာခေါင်းလာရော"

ထိုအခိုက် မောင်မောင်ကြီးရောက်လာ၍ နက်ဖြန်သွားရ
အရေးကို ဆွေးနွေးကြပြန်လေ၏။

"ကိုကိုမောင်၊ တင်တင်ကို နှုတ်ဆက်ပြီးပြီလား"

"ပြီးပါပြီ၊ မနက်လည်း ဆိုင်ကိုလာခဲ့ပါဦးတဲ့၊ နင်တော့
သာလို့ပေါ့လေ၊ တွေ့ရတော့မှာကိုး"

"ကိုကိုမောင်ကတော့ သဲမြညာရယ်လေဆိုတဲ့ အထဲက

"ငါကတော့ စိတ်ညစ်တာပဲဟာ၊ အိမ်ကလည်း တင်တ
သဘောမတူ၊ သူကလည်း လူကြီးစုံရာနဲ့ လာပြောဖို့ဆော၊
ကျပ်တာပဲ"

"ဒီအကြောင်းတွေ ဈေးချိုတော်ထဲကလည်း အားလုံးလို

www.burmeseclassic.com

www.burmeseclassic.com



ညသိကုန်ပြီတဲ့။ တင်တင်လည်း ဒီနှစ်ဆယ်တန်းမဟုတ်လား၊ ရှေ့နှစ် ဆေးလိပ်လာချင်လာမှာ”

“ဒါတွေမတွေးချင်ပါဘူးဟယ်၊ ငါတော့ စိတ်သာညစ်တာပဲ။ နေ့တော့ သူတို့ဆိုင်သွားပြီး တစ်နေ့လုံး အလွမ်းသယ်ရမှာပဲ”

“ဒါဖြင့်လည်းသွားပေတော့၊ ခင်လည်း သိမ်းစရာဆည်းစရာတွေ ညှိလို့”

“သိမ်းရုံသာသိမ်းပါဟယ်၊ ဆဲတော့မဆဲပါနဲ့”

နောက်တစ်နေ့တွင် အားလုံး ဘူတာရုံဆင်းကြရာ မောင်ကို ကြီး၊ စုစု၊ ခင်မကြီးတို့မှာ ပျော်တပြုံးပြုံးရှိကြသော်လည်း မောင်မောင် ကြီးမှာကား မိမိ လက်ဆောင်ပါးလိုက်သော ပိုးတွန့်လုံချည်နဲ့ ဆင်တူ မာဖလာကလေးကိုဝတ်ကာ ယမန်နေ့က ဈေးချိုထဲတွင် တွေ့ရသော ရည်းစားတင်တင်ကိုသာ မျက်လုံးထဲမှာတရေးရေးထင် ၍ အများနည်းတူ မရွှင်နိုင်ရှာပေ။ ခင်မကြီးမှာ မိတ်ဆွေများကို နှုတ်ဆက်ရင်း ရွှတ်ချင်တိုင်းရွှတ်နေလေ၏။

“ခရစ်စမတ် ဟောလီးဒေးတော့ မပြန်ဘူး၊ နွေကျောင်းပိတ် မှ်တော့မှ ဆေးလိပ်သောက်ဖို့ ပင်လယ်သင်္ဘောခေါင်းတိုင်ကြီးရယ်၊ ကြီးတပ် စောင်းလုပ်တီးဖို့ ပိန်းကောမကြီးရယ်၊ ပြော်–ပြီးတော့ ကလေးကစားဖို့ ရှင်ဘုရင့်ကျောက်ရုပ်ကြီးရယ် ဝယ်ခဲ့မယ်နော်၊ မျှော်နေကြ––”

စသည်ဖြင့် တွေ့ကရာရှစ်သောင်း ကြဲကြဲဖန်ဖန်လျှောက်ပြော တာ တသောသောဖြစ်နေလေ၏။ ရထားကြီး ဆောင်ကျဉ်းရာသို့ လိုက်ပါရရှာကြတော့၏။

‘တိမ်းညွတ်ခွေကာ၊ မယ့်နေရာသို့၊ ရောက်ပါခလို၊ လွမ်းဇာင်း ဆိုလျက်၊ ပြာညိုညက်စင်၊ ဆွေမမြင်၍၊ နွဲ့ပင်ပေါက်ချိုး၊ မရွှင်နိုး ငြိုးချမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ လွှမ်းမျိုးတစ်ထောင်ပြည့်ခဲ့ပြီ'ဟု ကနဲ့ကရပူဟန်ကလေး
မောင်မောင်ကြီးကို စိုက်စိုက်ကြည့်၍ ခင်မကြီးက ရွတ်လိုက်
အပူသည်မှာ မပြုံးချင်ပြုံးချင်နှင့်ပြုံးရင်း

"နင်ကတော့ ငါ့ကို ပြောင်စရာလှောင်စရာ မှတ်နေပါ"

"စုစုရေ–သူ့မျက်နှာက ပြောင်စရာလှောင်စရာမဟုတ်လို့
လုပ်စရာများကောင်းသေးတဲ့အတိုင်း၊ ဟာဟာ–မပြုံးဘဲနဲ့ဂါးလုံးခွဲ
ရယ်လိုက်ချင်တော့တယ်"

"လူမှာစိတ်ညစ်ရတဲ့အထဲဟာ၊ နင့်မှာတော့ တွေ့ရတော့
အထက်သက်နှင့်အောက်သက် မမီဘဲကိုး"

မောင်မောင်ကြီးမှာ ခင်မကြီးကို တွေ့ရာနှင့် ကိုင်ပေါက်
အောင် စိတ်ပေါက်လှ၍ ဘာမှမပြောဘဲ ချစ်သူကလေးတင်တင်
ပေးလိုက်သော ပိုးလက်ကိုင်ပုဝါကလေးကို ကသိုဏ်းရှုရင်း ရွှေ
သူ အမှုတုံးကလေးကိုသာ ချစ်သနားကာ စိတ်ထဲ၌ မချိဘဲ လိုက်
ခဲ့လေ၏။

"စုစုရေ–ခင်တို့ ကိုကိုမောင်တစ်ယောက်တော့ ဟိုမှာ ကျူ
လုပ်ရင်တော့ ဂျပိုးကျလိုက်မှာတွေ တရေးရေး မြင်ယောင်မိ
တော့တယ်"

"ဟုတ်တယ်ခင်ရဲ့၊ အာစရိကျူတာဂုဏ်နှင့် ပိုးလိုက်မယ့်
ခြင်း၊ တိုင်းတုန်သွားမှာပဲ"

"ဒါပေါ့စုစုရယ်၊ နမဝမ်းကွဲ တူမဝမ်းကွဲကလေးတွေနှင့် တ
ရုံး တို့ဆရာဖြစ်နေဦးမှာပေါ့"

မောင်ကိုကြီးလေးက ကြားဝင်၍

"ဟုတ်တယ်–အမှန်ပဲ၊ တလောက ကျောင်းသားကြီးတ
ယောက် ညည်းသံကြားတယ်။ တစ်နှစ်တစ်နှစ် အသစ်ဖရက်

www.burmeseclassic.com

www.burmeseclassic.com



း‌တွေ အချောအလှတွေလာကြပါရဲ့၊ ကျောင်းသားစာကို
န် ဆရာစာချည်းပဲတဲ့"

ဟု ဝင်ပြောလိုက်ရာ၊ မောင်မောင်ကြီးမှာ မခံချင် လာ၍

"ဒါတော့ ငါးခုံးမတစ်ကောင်နဲ့ တစ်လှေလုံး ပုပ်တာပါကွာ၊ ကိုဘသန့်တို့များ အတန်းထဲဝင်လာရင် ခေါင်းငုံ့လို့၊ စာသင်တာ င် ရှေ့ကနေမသင်ဘူး၊ နောက်ကနေသင်တယ်၊ တကယ့် ရှင်ကြီးပဲ၊ ဒါမျိုးတော့ထည့်မပြောကြဘူး"

ဟု ဝင်ထောက်လေလျှင် ခင်မကြီးက

"ကိုကိုမောင်လား၊ ကိုဘသန့်တို့လို တည်တဲ့ကျူတာဖြစ်မှာ၊ စရာကောင်းလိုက်တာ၊ မျက်နှာကိုက လိပ်ကျောဆီသုတ်ထားတဲ့ နှာကြီးနဲ့၊ ရည်းစားတွေကလည်း မှိုလိုပေါက်၊ တစ်ယောက်မှ တ်မတင်၊ ဆင်မြီးလက်စွပ်လေးဘာလေး ဆောင်ပါ့ဆိုလည်း မရှိဘူးတဲ့၊ တွေ့တိုင်းပိုး၊ ပိုးတိုင်းစွဲ စွဲတိုင်းပျက်၊ အခက်ကြီး ရတဲ့လူတစ်ဦးပဲ၊ ခု- မရှိမဲ့ရှိမဲ့ အထည်သည် တင်တင် လေးတစ်ယောက် လက်စောင့်ခြေစောင့်ရှိရှာတာ၊ တစ်ခါတစ်ခါ း ရည်းစားဆို မူးလို့မှ ရှုစရာမရှိ၊ အငတ်ငတ်အပြတ်ပြတ်နဲ့"

"တော်ဟယ်–နင်က ဟုတ်တာတွေချည့်လျှောက်ပြောနေတာ း ဒီလိုသာ ကျပ်ကျပ် နာမည်ဖျက်ပါ၊ ကောလိပ်မှာတော့ လို့စွံတော့မှာမဟုတ်ဘူး"

ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၀ ]

နံနက်လင်း ရန်ကုန်တွင်ရထားဆိုက်၍ ဘတ်စ်ကားကြီး
မိမိတို့အသီးသီးကျောင်းဆောင်သို့ ပြန်လာခဲ့လေသည်။ ခင်မ
သည် မောင်ခင်မောင်၏သေတ္တာကို မောင်ကိုကြီးလေးအား ပြန်
လိုက်၏။ မိမိသေတ္တာမှာ ခင်ခင်စောထံ ထည့်လိုက်ကြောင်း
သဖြင့် အတော် စိတ်အေးသွားလေ၏။ အင်းလျားဟောသို့
ရောက်လျှင် ခင်ခင်စောအစရှိသော သူငယ်ချင်းများနှင့် အထုပ်အ
မှမပြေနိုင်ဘဲ သေတ္တာချင်းမှားကြောင်းကို ပြော၍ တသောသေ
ပွဲကျနေတော့၏။

တစ်လလုံးလုံးကွဲကွာနေရသဖြင့် အလွမ်းသယ်ရသည်မှာ အ
ကုန်မှန်းမသိကုန်ခဲ့ရာ ခင်မကြီးမှာ မိမိအခန်းတွင်းသို့ဝင်ကာ အ
အပိုးတွေဖြေ၍ အရာရာ နေရာတကျဖြစ်ရန်စီမံပြီးလျှင် မောင်
မောင်ထံပါသွားသော မိမိ၏သေတ္တာကို ထဘီများ အထက်
ထားတာများ တွေ့ရမည်လောဟု တထိတ်ထိတ်နှင့် ကြည့်
ဘာမှချွတ်ချွတ်ချော်ချော်မရှိသဖြင့် ဟင်းကနဲသက်ပြင်းချလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



အစမ်းစာမေးပွဲတွင်ကျသူများ ကျောင်းအုပ်ကြီးထံမှ Love Letter ခေါ် စာရ,မရ မေးကြမြန်းကြ၊ ခင်မကြီးမှာ ဘာသာတိုင်း ထိကလေး အောင်ရုံအောင်သော်လည်း အောင်တာလိုရင်းပင်။

"အင်း–ဒီလိုပေါ့နေလို့တော့ မဖြစ်သေးဘူး။ စက်ကင်းတမ်း Second Term မှာစာကျက်မှ၊ အိမ်ပြန်သွားလည်းပုံရိုင်းရိုင်း 'လင် မွေးရာ ရွှေမောင်းတဒူဒူနှင့်' ဆိုတာလို အရေးရှုပ်နေတာနဲ့ စာဝေး နဲ့ပြည်စုတ်မှမကျက်ရဘူး" စသည်ဖြင့် ဗာရာဏသီဖွဲ့ကာ ညည်း လေ၏။ ထိုနောက် စာမှန်မှန်ကျက်မည်ကြံကာရှိသေး၊ တန်ဆောင် မိုင်မီးထွန်းပွဲတော်ကြီးအချိန်သို့ နီးကပ်လာပြန်လေရကား မနှစ် တော့ 'ထိန်ထိန်လင်းလို့ ဝင်းဝင်းမှောင်၊ အင်းလျားကျောင်းဆောင် မှန်းတဲ့မီးခွက်' လို့ သံချပ်ထိုးခဲ့ရတယ်၊ ဒီနှစ်တော့ သူတို့ထက်မသာ ဘောင် တန်းတူဖြစ်အောင် ကြိုးစားကြရမယ်ဟူသောအကြံ ဖြစ်ပေါ် ပြန်ပြီးလျှင် ခင်မကြီးမှစ၍ ကျောင်းတော်သူအားလုံးများမှာ ပုံးလုပ်ရနှင့် အလုပ်ရှုပ်ရပြန်လေ၏။ ယောကျ်ားကလေးကျောင်း ဆောင်များမှာ အားကြီးမာန်တက် စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာ ရောက်နိုင်ကြပါပေ၏။ အင်းလျားကျောင်းဆောင်၌လည်း အထူး ကြိုးပမ်းကြသဖြင့် စိတ်ကူးတိုင်းပင် အထမြောက်ခဲ့ကြလေ၏။ နမ်းမကာတွန်းဆရာမကလေးမှာလည်း တစ်ပွဲတစ်လမ်း အစွမ်းပြ ကြရပေ၏။

ထိုနေ့ညကား တန်ဆောင်မုန်းလပြည့် အဖိတ်နေ့ညတည်း။ ကျောင်းတော်သူများမှာ မိမိတို့အတွက် ကန့်သတ်ထားသောနေရာ များတွင် မီးထွန်းခြင်းကိစ္စပြီးသည့်နောက် ဖြီးလိမ်းပြင်ဆင်ပြီးလျှင် မီးထွန်းပွဲလှည့်၍ကြည့်ရန် စီမံကြလေ၏။ ထို့နောက် တက္ကသိုလ် နာထိကခေါ် လက်ချာရာကြီးသုံးယောက်နှင့်ကြပ်မတ်၍ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်သူများ စိတန်းကာထွက်ခဲ့ကြလေ၏။ အင်းဝကျောင်းဆော
နဝင်၍ တက္ကသိုလ်ဉာဏ်ကွန့်ကာ ဆန်းပြားစွာထွန်းထားသည်မျ
ကို အံ့ညြစွာနှင့် လှည့်ပတ်ကြည့်ရှုပြီးလျှင် ညေ့ခံကျွေးမွေးသည်
လည်း တပျော်တပါးစားသောက်ရသည်မှာ ပျော်စရာကောင်းပါ
၏။ ကျောင်းဆောင်တစ်ခုရှေ့တွင် 'လူပျိုကြီးများရောင်းရန်ရှိသ
လျှော့ဈေး' ဟု စာလုံးကြီးပုတ်လောက်နှင့်ရေးထားသည်ကိုလည်
တွေ့ရ၏။ ကျောင်းအုပ်ကြီးမှစ၍ အားလုံးလက်ချာရာများကို
ပြောင်ဆွဲထားသည်ကမရှား။ သံချပ်ထိုးကြ၊ ဆိုကြ အော်ကြသ
မှာလည်း နားမဆန့် ပျော်ကြပါပေ၏။ အင်းဝကျောင်းဆောင်တွ
မောင်ခင်မောင်မှာ ဖိုးခေါ်ချင်တွေထဲတွင် ပရွက်ဆိတ်ခေါင်းကြီးပ
ခင်မကြီးအနားမှာ ရစ်သီရစ်သီနှင့် မခွာရက်နိုင်အောင်ရှိရာ အခြ
ကျောင်းတော်သားများက ပူးဝါးနှင့် စောင်းမြောင်းပြောင်လှော
သဖြင့် ခင်မကြီးရှက်မည်စိုး၍ အမှတ်မဲ့ ခပ်ကွာကွာနေလိုက်ရလေ၏
မောင်သန်းဖေမှာကား ခါတိုင်းကဲ့သို့ပင် မျက်နှာတည်တည
နှင့်ပင် ဣန္ဒြေရစွာနေ၍ ငင်ခင်စောကို ကြည့်မှန်းမသိကြည့်က
အမှတ်မဲ့နေလိုက်လေ၏။ ကျောင်းဆောင် တစ်ဆောင်မှတစ်ဆော
ဝင်ထွက်စားသောက်ရသည်မှာ တူလေစွ၊ ခင်မကြီးက
"စုစုရေ ခုနေများပျော်လိုက်တာ၊ နဝ်ပြည်နှင့်တူလေခြင်
ကိုးတော်စံခင် လို့ဆိုပြီး ထကလိုက်ဖို့ ကောင်းတော့တာပဲ"
ဟု တီးကိုးပြောရာ၊ စုစုက
"အရေးထဲ မနောက်ချင်စမ်းပါနဲ့ခင်ရယ်"
ဟုပြော၍ မီးထွန်းထားသည်များကိုသာ ကြည့်ရှုနေကြလေ၏
ပုခူးကျောင်းဆောင်တွင် မောင်မောင်ကြီး မှာ ဖိုးခေါ် ချင်တွေ
ဦးစီးပြုကာ ဧ ၁၁၂ အပျိုချောတွေကို လောကုတ်ချော်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှု့ရလျှင် ခင်မကြီးက အနားကပ်၍ မကြားတကြား

"ကိုကိုမောင်၊ပိုးလို့တစ်ယောက်မှမစွဲဘူးဆရာ၊ ခင်က အကုန် ပြောထားပြီးသား"

ဟု ပြောလိုက်ရာ၊ မောင်မောင်ကြီးရဲ့အသည်း ကြောင်ကုတ် အထက် နာသွားရှာတော့၏။

"သင်းကလေးတော့ နေနှင့်ဦး"

ဟုသာ ကြိမ်းထားရတော့၏။

ညဦးနက်၍ အားလုံး အင်းလျားပြောပြန်ရောက်ကြလျှင် ရွှေ ဘိုယ်တော်မြတ်ကျောင်းသားများ၊ တစ်စုပြီးတစ်စုလာ၍ ကျောင်း ဆောင်ရှေ့တွင် သံချပ်ထိုးပြီး ကခုန်ကြတော့၏။ ဘီအေအေ ဘော် သုံးပွဲ အောင်ပန်းဆွတ်လာသောအခါ၌လည်း အင်းလျားပောရှေ့၌ ဆျော်ရွှင်ကြစမြဲပင်။ သံချပ်ထိုးကြ၊ ကကြ၊ ကျောင်းတော်သူများက သည်း အထက်ကနေပြီး ရှုစားကြတော့၏။ "မောလွန်းလို့ ရေတစ် ခွက်လောက်"ဟုတောင်းသံများ ဆူညံသွားလေလျှင် တကယ်လည်း ဆာရှာကြမည် အတတ်သိ၍ ကျောင်းတော်သူများက ဒရဝမ်နှင့် ဘတ္တလာကြီးကို ရေပေးခိုင်းသည်တွင်

"ဘတ္တလာကြီး နှပ်ချေးထူတယ်၊ ဒရဝမ်ကြီး မျက်ချေးထူ တယ်"

ဟု ချေးထူနေကြသေး၏။ အာဂကျောင်းတော်သားတွေပင်၊ အင်းလျားသူချောချောလှလှကလေးများ ထွက်ပေးလျှင် မင်္ဂလာဆင် ဆော်နှင့်များ တင်ခေါ်ကြမလား၊ ကျောပိုးခေါ်ကြမလားမသိ၊ အပိုး တော့စိတ်ချရပါ၏။ ရေသောက်ပြီးလျှင်

"အင်းလျားပောက ရေတိုက်တယ်"

ဟု ဟစ်အော်ဆူညံကာ ထွက်သွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com


ညဉ့်နက်မှအိပ်ကြသော်လည်း နောက်တစ်နေ့နံနက် ရွှေတိ
ဘုရားကြီးအရုဏ်ကပ်ပွဲမှာလည်း ကျောင်းတော်သူများ နွဲလိုက်ကြ
သေး၏။ ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ စိတ်လည်းပျော်၊ တန်ဆော
တိုင်ပွဲကြီးပြီးခဲ့ပြီ။ ကျောင်းတော်သူ ကျောင်းတော်သားများလည်း
ဖတ်ဖတ်မောကြပြီး ပွဲတော်တွင်း ပျော်ရပါးရသည်ကို စမြုံ့ပြန်
အားမရကြသေး။ ချက်ဆို နားခွက်က မီးတောက်စမြဲဖြစ်သော
ခင်မကြီးက

"သီသီရေ–သီသီကို တက္ကသိုလ်အလှဒေဝီ BELLE ဖြစ်ပြီး
လူတိုင်းက ပိုးလို့မစွံ လက်လျှော့ထားတာ၊ တစ်နေ့က ဘုရားပေါ်
မှာ ပါစီမောင်မောင်နှင့် နှုတ်ဆက်စကားပြောနေကြတာ တွေ့ပါ
လား၊ ဘယ့်နှယ်––"

'အို–ခင်ကလဲ သီသီမှာ ဘွိုင်းဖရင်းတွေ ဒီလိုပဲရှိတာပဲ၊ အ
အဆန်းလား၊ ဘယ့်နှယ်ပြောတာလဲ"

"မဆန်းတော့ မဆန်းပါဘူး၊ ပါစီကြည့်ရတာ ဘာလိုလိုနဲ့
ခင်က ဒါတွေနောပြီးသားပါ။ လိုက်ပါတယ်၊ ခင်တော့သဘောတူ
တယ်။ သီသီကလည်း ကွန်ဗင့်ထွက်မို့ ဘိုဆန်တယ်၊ ပါစီမောင်မောင်
ကလည်း ယူရုပ်ပီယန်ကုတ်က ထွက်၊ ခု အင်္ဂလိပ်စာဂုဏ်ထူး
ယူနေတာ"

"တော်စမ်းပါခင်ရယ်၊ သီသီစိတ်ကိုသိသားနဲ့၊ မနောက်စမ်း
ပါနဲ့"

"မကြိုက်ရင် မနောက်တော့ပါဘူး၊ မစွစ်ပါစီမောင်မောင်ရယ်"

"လာပဲလာချည်သေးရဲ့ခင်မကြီးရယ်"

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၁ ]

မောင်ခင်မောင်နှင့် ခင်မကြီးတို့မှာ တရွတ်ရွတ်တပြောင်ပြောင်နှင့်ပင် ပူရမှန်းမသိနေသည်ကို တွေ့ရတိုင်း မောင်မောင်ကြီးမှာ ခိမိအဖြစ်ကိုတွေး၍ ဆွေးမိ၏။ သို့သော် မောင်ခင်မောင်က ခင်မကြီးနှင့်ဆက်သွယ်၍တစ်ကြောင်း၊ ကျူတာဖြစ်သဖြင့်တစ်ကြောင်း အထူးပင်ခင်မင်သဖြင့် စိတ်ပြေပျောက်ရန် ခင်မကြီးထံ မကြာမကြာ အတူသွား၍ ရယ်မောပြောဆိုလေ့ရှိရာ၊ မောင်မောင်ကြီးမှာ စိတ်ပြေသလိုရှိလေ၏။

"ကိုကိုမောင်၊ တင်တင်ဆီက စာများ ရရဲ့လား၊ သတိထားနော်၊ ကျောင်းသူကလေးတွေနဲ့ တရုံးရုံး၊ တို့ဆရာ လုပ်နေတာတွေ စာရေးတိုင်လိုက်မယ် သိလား"

"မလုပ်ပါနဲ့ဟာ၊ သူလည်း ဒီနှစ် ဆယ်တန်းအောင်ရင် ဆိုင်ထွက်ရမလား စဉ်းစားနေသတဲ့။ ငါကတော့ ကျောင်းဆက်နေဖို့ စာရေးလိုက်တယ်"

မောင်ခင်မောင်ကဝင်၍

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကလည်းခက်တာပဲ၊ သူရှိနေရင် ဘယ် နောက်ချင်သလဲ နောက်ရတော့မှာလဲ"

"မထူးပါဘူးကွာ၊ ခုလည်း မောင့်နှမတော် ချောသီဂီက ဆရာ့အကြောင်းတွေ လျှောက်ပြောထားတာ ပွနေပါပြီ"

"ခင်ပြောထားတာတွေ မဟုတ်တာပါရင် လည်ပင်းဓားတင်ပါ ကိုကိုမောင်"

"တော်ပါဟာ၊ ဒါထက် တင်တင်တော့ ဟုပ္ပလက်(စ်)ပါပဲ၊ ငါ့အိမ်က မားသားကြီးက သဘောမတူတဲ့အကြောင်း စာရေးလိုက်တယ်၊ အဲဒါ လာခေါ်မယ်လို့ ငါကရေးလိုက်တယ်၊ ခိုးရာလိုက်တာဟာ မိန်းကလေးမှာ တစ်ပန်းရှုံးတယ်တဲ့ ဘာညာနဲ့ပေါ့လေ၊ ဒါနဲ့ နောက်ထပ်လည်း စာမရေးတော့ဘူး"

"ကိုကိုမောင်ကလဲ ခုတင်ကပဲ ကျောင်းဆက်နေဖို့ စာရေးလိုက်တယ်ဆိုပြီး ခုပဲ စာမရေးတော့ဘူး"

"အဲဒါက တလောက၊ ခု ပစ္စုပ္ပန်အဖြစ် ပြောတာ၊ အဲဒါ တင်တင်တစ်ယောက်တော့ သွားပြန်ပေါ့ဆိုတာလိုပဲ"

"နို့ ဆရာ တင်တင်နဲ့ ခွာပြကြပြီဆိုကြစို့ရဲ့"

"ရေမရောဘူး မောင်ခင်မောင်၊အစစ်ပဲ"

"ကိုကိုမောင်တော့ ဒါအဆန်းမဟုတ်ပါဘူး၊ သူ့တစ်ခါလာ ဒီနည်းချည့်ပဲ၊ ဟိုနည်းမရှိဘူး၊ ပုံရိုင်းရိုင်း တစ်လင်နေလည်းကြွေးနဲ့၊ တစ်လင်နေလည်းခွေးနဲ့ ဆိုတာလို ကျနေတာပဲ"

"ဟဲ့–ခင်မကြီး၊ မိုက်ရိုင်းလိုက်တာဟယ်၊ သိပ်လူပါးဝတာပဲ"

"အစ်ကိုကြီးကိုကိုမောင်ကဆိုတာပဲ ဒေါ်သကြီးလိုက်တာ၊ တကတည်း၊ ခု ဘစ်ဦးပျက်ပြန်ရင်လည်း တစ်ဦးနှင့်ဆက်ဖို့အရေးကို အရှက်သန်သူမှာ ခွက်ခွက်လန်အောင် ပြေးခဲ့ရပြီတော့ ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သို—"

"လုပ်လာပြန်ပြီ၊ လက်ဘပတ်တမ်းတွေနဲ့ ၊ ဘယ်လောက်များ ဘုန်းကြီးလူထွက်ယောင်ယောင်၊ မယ်သူတော်လူထွက်ယောင်ယောင် နဲ့တူသလဲ"

"ကောင်းပါလေ့ဗျာ၊ လူတစ်ဘက်သားများ ပြောလိုက်ဆိုလိုက် တာ၊ ပိသသာလေးနဲ့ နံဘေးပစ်တာကမှ သက်သာလိမ့်ဦးမယ်၊ ခုမှ ခဌလည်တယ်"

ထိုအခိုက် ညှော်ခန်းတွင်းရှိစားပွဲတွင် ခင်ခင်စောနှင့် မောင်သန်းဖေ တို့ ထိုင်၍စကားပြောနေကြသည်ကို မောင်မောင်ကြီးက အမှတ်မဲ့ ကြည့်လိုက်၍

"ခင်မကြီး– အဲဒါလား မောင်သန်းဖေတို့ဆိုတာ၊ ကြည့်ရတာ မောင်နှမကျနေတာပဲဟယ်၊ တော်လိုက်တာ"

"သူတို့ချင်း သိပ်လိုက်တာပဲကိုကိုမောင်၊ နှစ်ယောက်စိတ်တူ သဘောတူ ရိုးရိုးချင်းပဲ၊ ခင်တို့လည်း ခပ်ရွှတ်ရွှတ်ချင်းပဲ၊ ကိုယ် နှင့်စိတ်တူမှ ဟန်တာ"

"ဒါတော့အမှန်ပဲ၊ ကျွန်တော်ထောက်ခံပါတယ်"

"ဒါဖြင့် ဆရာ့အတွက် ဘယ်လိုဟာများနဲ့ တော်မလဲ၊တဆိတ်"

"ကဲ–ခင်၊ ခင့် ကိုကိုမောင်အတွက် ကြည့်စမ်းပါဦး"

"အို– ဦးပုညစာဆို မကြားဘူးဖူးလား၊ မြင်လျှင်စုံစုံမက်မက်၊ နှုတ်မဆက်ဘူးလို့၊ ကြည့်ချက်ကယ်သိမ်မွေ့၊ ဖြန်းကာဓွေ့တဲ့ ဣန္ဒြေ ရှင်၊ ခွေးအပျိုစင်ဆိုတာ၊ ခွေးတပ်ချီတဲ့စကားထဲ ပါတာမျိုးမှပေါ့"

"တော်ဟာ၊ နင်ပြောရင် အကောင်းဘယ်တော့မှ မပြောဘူး၊ နင်သာ၊ တယ်လေ ငါမပြောလိုက်ချင်ဘူး"

"ခင်ကလည်း တရွှတ်တည်းရွှတ်နေတာပဲ၊ ဆရာ့မှာဖြင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



အသင်ဝက်ပင် နိုင်စေချင်၊ ငါပင် အရှုံးပေးတော့၏’လို့ဆိုပြီး အရှုံးပေးတာမျိုးပဲ”

“ဝမ်းသာသဗျာ၊ ဒီလိုလည်း နက်ပေးဦးမှ၊ ကဲ–ခင်မကြီး ဘယ့်နှယ်ရှိစ”

“အင်း– ရှေးပညာရှိတွေက ပုံပြင်နည်းနာတွေထားခဲ့၊ လူမိုက်တွေက နေရာတကာမှာ အလကားရတိုင်း စကားထဲထည့်ပြော။ ဒါပဲ၊ အရိပ်သုံးပါးနားမလည် ချေသူငယ် ကျားစာဖြစ်သတဲ့။ ဘယ်နေရာ ဘယ်လိုအသုံးချရမှန်း မသိပဲကိုး။ လူပုံပတ္တယားနဲ့ နတ်စကားပြော ဆိုတာ ကျနေတာပဲ”

ဤသို့ ဘောက်သောက်ငိုကာဖွင့်ကာ စကားဖောင်ဖွဲ့ပြီး အချိန်ကုန်မှ မောင်ခင်မောင်တို့ ပြန်ခဲ့လေ၏။

○

www.burmeseclassic.com

www.burmeseclassic.com



အသင်ဝက်ပင် နိုင်စေချင်၊ ငါပင် အရှုံးပေးတော့၏'လို့ဆိုပြီး အရှုံးပေးတာမျိုးပဲ"

"ဝမ်းသာသဗျာ၊ ဒီလိုလည်း နက်ပေးဦးမှ၊ ကဲ–ခင်မကြီး ဘယ့်နှယ်ရှိစ"

"အင်း– ရှေးပညာရှိတွေက ပုံပြင်နည်းနာတွေထားခဲ့၊ လူမိုက်တွေက နေရာတကာမှာ အလကားရတိုင်း စကားထဲထည့်ပြော။ ဒါပဲ၊ အရိပ်သုံးပါးနားမလည် ချေသူငယ် ကျားစာဖြစ်သတဲ့။ ဘယ်နေရာ ဘယ်လိုအသုံးချရမှန်း မသိပဲကိုး။ လူပုံပတ္တယားနဲ့ နတ်စကား ပြော ဆိုတာ ကျနေတာပဲ"

ဤသို့ ဘောက်သောက်ဋီကာဖွင့်ကာ စကားဖောင်ဖွဲ့ပြီး အချိန်ကုန်မှ မောင်ခင်မောင်တို့ ပြန်ခဲ့လေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၂ ]

တက္ကသိုလ်ကျောင်းတော်ကြီးသည်ကား ဓာတ်ခုံကြီးနှင့်တူ
ပေသည်။ ဓာတ်တစ်မျိုးတည်းမဟုတ်၊ အမျိုးမျိုးသောဓာတ်များသ
ပျော်ပျော်ရွှင်ရွှင်နှင့်သိမ်းသော ဓာတ်လမ်းရှိ၏။ လောကဓံ လံကာ
မျှော်ချင်တိုင်း မျှောနေကြဘိ၏ တကား။

'သူတော်ချင်းချင်း၊ သတင်းလွှလွှ၊ ပေါင်းဖော်တွေ့'ဟူသ
သို့ မောင်ခင်မောင်နှင့်ခင်မကြီး လူရွှင်နှစ်ယောက်၊ မောင်သန်းဖေ
နှင့်ခင်ခင်စော လူရိုးလူတည်နှစ်ဦး။ ထိုစုံတွဲတို့မှာ အချစ်လော
ကြီးဝယ် မိုးမမြင်လေမမြင် ဘာသာဘာဝ ပျော်ပျော်ကြီးနေကြ၏
မောင်ခင်မောင်နှင့် ခင်မကြီးတို့မှာကား အားတိုင်း ဘောက်စကာ
တွေပြော၍ ပျော်နေကြသကဲ့သို့၊ မောင်သန်းဖေနှင့် ခင်ခင်စော
စာကြောင်းပေကြောင်းဆွေးနွေးကာ လူ့ဘဝကို အထူးကျေနပ်
လေ၏။

"အစောရေ– ကိုသန်းဖေနဲ့ စာတွေပေတွေအကြောင်းချည်းပြော
နေရင်း တစ်ချက်ခုတ်နှစ်ချက်ပြတ် သိင်္ဂါရရသအကြောင်းတွေချည်

www.burmeseclassic.com


ပါလား"

ဟု ခင်မကြီးက နောက်လိုက်သေး၏။ ထိုနှစ်စုံတွဲတို့ အား
ပြည်ဖုံးချ၍ မောင်မောင်ကြီးအခန်း ဖော်ပြလိုက်ပါတော့အံ့။

မောင်မောင်ကြီးမှာ ရည်စားတင်တင်က မိမိ၏အလိုမလိုက်
တော့ပြီဟု ပစ်ပစ်ခါခါငြင်းလိုက်သဖြင့် အလွန်ညစ်ညူးရကား
လပ်ချိန်များတွင် မြို့ထဲထွက် လည်ပတ်နေရလေ၏။ တစ်နေ့
ဘတ်(စ်)ပေါ်တွင် အင်္ဂလိပ်စာဂုဏ်ထူးယူနေသော 'ဒိုရသီ'
ကပြားမလေးနှင့်တွေ့၍ စိတ်ထဲတွင် တင်တင်အတွက် စိတ်ပူ
မှာ အေးသလို ရှိသွားမိလေ၏။ စကော့မတ်ကက်စာအုပ်ဆိုင်
တစ်ကြိမ် စသည်ဖြင့် ခဏခဏတွေ့ရာမှ မျက်မှန်းတမ်းမိ၍
လျှင်နှုတ်ဆက်လိုက်၊ စကားတစ်ခွန်းနှစ်ခွန်းပြောလိုက်နှင့် အသိ
သွားလေရာ၊ မိမိ၏အပူမီးဒုက္ခမှန်သမျှမှာ ငှက်မွေးတောင်ပင်
သော သီတာရေတွင်မျှောသကဲ့သို့ ပိန်းကြာရွက်တွင်ရေမတင်ဘဲ
င်းစင်လျှောကျလေတော့၏။

ဒိုရသီ၏ ပြာလဲ့လဲ့မျက်လုံးကလေးများသည် အိပ်နေရာမှာပင်
၏စိတ်ထဲ၌ ဝဲနေတော့၏။ မျက်နှာပုံ မဝိုင်းမသွယ်၊ မေးကလေး
ချွန်နှင့် ဖြူဖွေးနုထွတ်သောအသားပေါ်တွင် ပတ္တမြားလုံးထဲ
သွင်းထားသကဲ့သို့ အကြောဂလေးများ အတိုင်းသားမြင်နေရ
သာ မျက်နှာကလေးသည် ဘယ်နေရာမှ ရှောင်မလွတ်။ မိမိ၏
က်စိရှေ့မှာလာပြီး ကာဆီးနေတော့၏။ စွဲလေပြီ။

မိတ်ဆွေအဖြစ်အကျွမ်းဝင်၍ မိမိစိတ်ထဲ၌ရှိသည်ကို ထုတ်ပြော
အခက်ဖြစ်သဖြင့် စာရေးပြောမည်ဟု စာရေးပါသော်လည်း ဒိုရသီ
မရောက်။ အမှိုက်ခြင်းထဲသာ ရောက်ကုန်တော့၏။ ဒိုရသီမှာ
မောင်မောင်ကြီးကို ချစ်ပုံရပါ၏။ စကားလမ်းကြောင်း ခင်းပေးပါ


www.burmeseclassic.com

www.burmeseclassic.com



သော်တည်း မိမိ၏အတွင်းရေးဘိစ္စ စိတ်မချမ်းသာဖွယ်တွေ ဖျော့
ကိုယ့်မှာ ဘီအေဆိုတဲ့အမြီးကလေးနှင့် ဘာမဟုတ်တဲ့ ကျူတာအလ
ကလေးသာရှိတယ်။ ဒိုရသီမှာ ယခုနှစ်ပင် ဘီအေဂုဏ်ထူးနှင့်အော
တော့မည်။ အဖေကလည်း အရေးပိုင်ကြီးတစ်ယောက်၊ ကိုယ့်ထ
အထက်ကျသဖြင့် မိမိ၏နုံချာသောအခြေအနေကို ဒိုရသီသိအော
ပြောပြရာ၊ ဒိုရသီက ပကာသနဂုဏ်ကို မမက်ကြောင်းကို သွယ်ဝိုက
ပြောရှာပေ၏။ ဤကဲ့သို့ပင် သမီးရည်းစားလည်းမကျ၊ မိတ်ဆွေ
လည်းမက ခရီးရောက်နေတော့၏။

ဒိုရသီက မိမိ၏ဓာတ်ပုံကလေးများကို မောင်မောင်ကြီးကိုပေး
လိုက်၊ နေ့စဉ်လိုပင် အင်းလျားဟောသို့လည်း လာရောက်တွေ့ဆ
သဖြင့် ခင်မကြီးမှာ ကိုကိုမောင်တော့ နေရာကျနေပါပကောဟု
သာ တစ်ထောင့်ကပြုံးနေတော့၏။ ခဏခဏ ရည်းစားပူမိ
ညည်းလွန်းလှ၍ နေရာတကျ မြန်မြန်ဖြစ်ပါစေဟူ၍လည်း ဆုတော
နေတော့၏။

ခရစ်စမတ်ဟောလိဒေးမတိုင်မီ မောင်မောင်ကြီးနှင့် ဒိုရသီ
မှာ အတော်ရင်းနှီးသောမိတ်ဆွေဖြစ်ပြီး တိရစ္ဆာန်ရုံသို့ နှစ်ကိုယ်ချ
အလည်တွက်ကြရင်း ချစ်စို့ကွယ်တဲ့ ကြိုက်စို့ကွယ် ဟူသောစခ
ဖွင့်ကြလေ၏။ ဝမ်းသာခြင်းအထွတ်အထိပ်ရောက်ပြီးနောက် တပ
ကျော် မောင်ခင်မောင်နှင့် အင်းလျားကန်ဘေးတွင် စမြုံ့ပြန်ကြ
ပြန်လေ၏။

"ငါကွာ တစ်သက်တစ်ခါ ဒီလိုတစ်ခါမှ မပျော်ဖူးဘူး၊ ဦး
ငါက ဘာသာမတူအမျိုးမတူ ဂုဏ်ချင်းလဲကွာဆိုတဲ့အကြောင်းတွေ
ပြောပြီး၊ ငါ့မှာတော့ တစ်ဖက်သတ်ချစ်နေရတော့မှာပဲလို့ပြောတော
ဒိုရသီမှာ မျက်နှာတွေနီပြီး ငိုပါရောကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဆရာက ဘယ်လိုများချော့လိုက်သလဲ၊ ပြောပါဦး ဆရာရဲ့၊ နားထောင်ကောင်းလွန်းလို့"

"မင်းကလည်း ဝါသနာအိုးကိုနော်၊ ဒါနဲ့ငါကလည်း သူ့မျက် ရည်တစ်စက် ငါ့လည်ချောင်းသွေးကို စွန့်ချင်တဲ့လူလား"

"ဘယ်လိုချော့တယ်ဆိုတာသာ ပြောစမ်းပါဆရာရဲ့၊ ဘာတွေ များ ချော့တောင်ငေါ့နေတာလဲ"

"မောင်ခင်မောင်ကလဲကွာ၊ တယ်ခက်တာကိုး။ ဒါနဲ့ တိရစ္ဆာန် ရုံကထွက်ပြီး မော်တော်ကားနဲ့လျှောက်လည်"

"ဆရာကလည်း မစွံတာတွေချည်းပြောတာပဲ"

"နေပါဦးကွ၊ အဲဒီတုန်းက နေဝင်ရီတရော ဆည်းဆာယံအချိန်၊ တိရစ္ဆာန်ရုံထဲက မြက်ခင်းလဲ့လဲ့၊ နှင်းတွဲ့တွဲ့ နေကလေးရီရီ"

"ဒီတော့ ဘာဖြစ်သလဲ၊ ဆရာကလည်း လိုရင်းပဲမရောက် နိုင်ဘူး"

"ဘာဖြစ်ရမလဲ၊ စိတ်ထဲ အင်မတန်ကြည်နူးတာပေါ့"

"တော်ပြီဆရာ၊ နားမထောင်ချင်တော့ဘူး ငိုက်လာပြီ"

"နေပါဦး မောင်ခင်မောင်ရ၊ သူကလေးကလေ ဝမ်းသာဝမ်း နည်းဖြစ်ပြီး ချစ်တဲ့သူရင်ခွင်ကြား ခေါင်းထားလို့ အသော့ငိုပါရော့ ကွယ်"

"ဟုတ်ပြီ၊ ပြီးတော့ကော၊ ငိုတာချည်းပဲ၊ ချော့ခန်းကိုမရှိဘူး၊ ဘယ်ချာတဲ့မင်းသားကိုး"

"အပြစ်တင်မစောပါနဲ့ဦးကွာ၊ ဒီတော့ သူလည်းတစ်ကိုယ်လုံး ဆတ်ဆတ်တုန်လို့ငိုလိုက်တာ ငါ့ကိုသာမှီပြီး ရှိုက်ငိုနေတာပဲ"

"ဆရာ့ဟာကလည်း ငိုနေတာချည်းပဲ"

"နားထောင်ပါဦး၊ ရွှေရောင်ပေါက်နေတဲ့ ယိုးဒယားပန်းခက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးလိုလှတဲ့ သူ့ဆံပင်ကလေးတွေဟာလည်း ငါ့မျက်နှာမှာဝဲ

"တော်တော့ဆရာ၊ နားမထောင်ချင်တော့ဘူး"

"ပြီးတော့ရှိသေးတယ်၊ ညနေမိုးမချုပ်တချုပ်၊ မော်တော်ကား လျှောက်စီးကြတော့လည်း ကားပေါ်မှာ--"

"ပြောပါဆရာ ပြောပါ၊ ဘာလဲဆက်ပါဦး"

"နေကွာ၊ နားမထောင်ချင်ဘူးဆိုရင် မပြောတော့ဘူး"

ဟု မောင်မောင်ကြီးက ဈေးတက်၍ထ,သွားသ မောင်ခင်မောင်မှာ ငေးပြီး မချိကျန်ရစ်တော့လေ၏။

O

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၃ ]

အချစ်သည်ကား ထူးဆန်းလှ၏။ မေတ္တာ၏အလင်းရောင်ကို ခံစားနေရသဖြင့် သူတစ်ဦး၏စိတ်ကို နူးညံ့ပျော့ပြောင်း ကောင်းမြတ်သောသဘောထားဖြစ်ပေါ်စေ၍ ယဉ်ကျေးသောအပြုအမူအနေအထိုင် အသွားအလာဆင်ခြင်ခြင်း၊ အသုံးအစားချွေတာခြင်း စသည်ဖြင့် ကောင်းမွန်အောင်နေမည်၊ ကိုယ့်ချစ်သူနှင့် တန်အောင်နေမည်ဟု သိသိသာသာကြီး ပြောင်းလွဲခဲ့ပေ၏။

ချစ်ကြသည်မှာ သုံးရက်မှမပြည့်ခင် ဒိုရသီမှာ မိမိဆွေမျိုးအရင်းတစ်ယောက် အသည်းအသန်မမာသဖြင့် နေရပ်တောင်ကြီးမြို့သို့ ချက်ချင်းပြန်ရလေရာ မောင်မောင်ကြီးမှာ ကစားစရာပျောက်သောကလေးကဲ့သို့ မချိတရိနှင့် ကျန်ရစ်ခဲ့ရရှာလေ၏။ ဘူတာရုံသို့လိုက်၍ အလွမ်းလည်းသယ်၊ Ideal Marriage ခေါ်အိမ်ထောင်ရေးနှင့်ဆိုင်တဲ့စာအုပ်တစ်အုပ်လည်း လက်ဆောင်ပေးလိုက်သေး၏။

"မကြာပါဘူး၊ ငါးရက်ထဲရယ်၊ စာမေးပွဲလည်းနီးပြီ"

ဟု ဒိုရသီ ကပြောသဖြင့် အတော်သက်သာရာရပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးမှာ အသည်းနှလုံးဖြုတ်ယူသွားသကဲ့သို့ ရင်တွင်း ဟာ၍ မနေတတ် မထိုင်တတ်၊ အိပ်ရမှန်းမသိ စားရမှန်းမသိ ကြောင်တက်တက်ဖြစ်ကာ ဘယ်နေရာသွားသွား ဒိုရသီကိုချည်း သတိရလွမ်းဆွတ်၊ လွမ်းဖျား လွမ်းနာကျတော့၏။ ခင်မကြီးနှင့် မောင်ခင်မောင်ကိုပင် မတွေ့လိုတော့ဘဲ အခန်းအောင်းနေတော့၏။

စိတ်ပြေကိုယ်ပြေ ဝတ္ထုစာအုပ်ဖတ်ပါလည်း 'လောက၌ ချစ်သူ ကောင်းကျိုးကို ဖြည့်စွမ်းနိုင်သော မေတ္တာသာလျှင် အမြင့်အမြတ် ဆုံး'ဟုတွေ့ရ၍ အနာပေါ်တုတ်မကျ ခွက်တစ်ဆယ်အလေးကြီးကျ သလို ကိုယ့်အခြေမလှ၊ ဒိုရသီကိုချစ်ရာမရောက် နှစ်ရာရောက်တော့ မယ်၊ ငါ့ထက်သာတဲ့လူ သူရနိုင်တယ်၊ သူ့ကောင်းကျိုးမြော်ပြီး ကိုယ့်မေတ္တာပြန်သိမ်းနိုင်ပါ့မလားဟု စဉ်းစားမိသဖြင့် အဆွေးသာ ပိုနေတော့၏။

ဒိုရသီမှာ ငါးရက်ကြာသော်လည်းပြန်မလာ။ စာလည်းမရ။ မောင်မောင်ကြီးမှာ ရင်ဘတ်ပေါ်စပါးတင်လျှင် ပေါက်ပေါက်ဖြစ် တော့မလောက်ပင် ပူရှာပြီး ခင်မကြီးထံ အကြောင်းကြားစုံစမ်းလေရာ

"ကိုကိုမောင် စာမရဘူးလား။ ခင်နှင့်လည်းသိပ်ပြီးကျွမ်းတာ မဟုတ်ဘူး။ ကိုကိုမောင်နဲ့ချစ်နေတာသိပေမယ့် ခင်က အမှတ်မဲ့ပဲ နေတာ"

"ငါတော့ခက်တာပဲ၊ မောင်ခင်မောင်တစ်ယောက်ကော"

"ဒီနေ့မလာဘူး၊ မနေ့ကလာတယ်၊ ကိုကိုမောင် သိပ်ဆွေးနေ သလားတောင် ပြောနေသေးတယ်"

"ဆွေးရုံမကမြည့်နေပြီ၊ ငါတော့ခက်တာပဲ၊ သူ့ဆီလိုက်သွား ချင်ပြီ၊ ခရစမတ်ဟောလီးဒေးကလည်း မလိုတော့ဘူး၊ ဒီတော့ တော်တော်နဲ့ ပြန်ချင်မှပြန်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"နီးတဲ့ခရီးလဲမဟုတ်ဘူး ကိုကိုမောင်"

"စကြဝဠာတံတိုင်းအပြင်ဘက် ရောက်နေပါစေ၊ ငါတော့လိုက်ခဲ့..."

"မဖြစ်နိုင်တာတွေ၊ ငါသိတယ်၊ ချစ်လို့သာချစ်နေတာ၊ မဖြစ်နိုင်သူ့ကို ဘယ်နည်းနဲ့မှ ငါဖြတ်လို့မရတော့ဘူး။ တစ်လောကလုံးတိုက်ရပါစေ၊ ချစ်မှာပဲ"

"ကဲလွန်းတယ် ကိုကိုမောင်၊ နည်းနည်းလျှော့ဦး"

"ငါတော့ လိ(ဗ်)ယူပြီး လိုက်သွားရမှာပဲ။ အဲလေ...ဟောလီး နက်ဖြန်စတော့မှာပဲ။ ခွင့်ယူစရာမလိုဘူး"

"စရိတ်တော့ အတော်ကုန်မှာပဲ"

"လက်ပတ်ကြိုးပေါင်ပေါ့ဟ၊ အရေးရှိရင် လုပ်ရတာပဲ"

"ကိုကိုမောင်တော့ ခက်တာပဲ၊ ရူးပြီ ရူးပြီ"

မောင်မောင်ကြီးသည် ချစ်သူမျက်နှာ မြင်ရုံသာမြင်ခဲ့ရစေတော့ ကျောင်းပိတ်သည်နှင့် ချက်ချင်း တောင်ကြီးကိုထွက်ခဲ့လေ၏။ ရထားလမ်းတစ်လျှောက် ရှုမျှော်ခင်းကိုကြည့်၍ 'ဓာတ်ပလိ၊ နတ်နန်းချိုကိုယ်တိုင်လာလို့၊ မေရှယာမင်တံစုတ်ကယ်နှင့်၊ သမုဒ်ကိုင်ရေဖျော်လို့၊ ပွပုံတော်ဓာတ်စုံရေးရရင်၊ ဆေးလောက်နိုင်ဘူး' သကဲ့သို့ ပူဆွေးပုံပေါ်နေတော့၏။

ကျပ်ကျပ်တည်းတည်း မိုင်လေးရာကျော် ခရီးပြင်းလာ၍ ၁၅-မိနစ်ခန့် ဒိုရသီနှင့်တွေ့ကြရသည်နှင့် အပူကိုခဝါချ၊ အဆွေးတွေချလျှော်၊ ပျော်တော်သာကြူးတော့၏။ တောင်ကြီး၌ မိတ်ဆွေအသိအကျွမ်းများလည်းမရှိသဖြင့် ၁၅-မိနစ်နှင့်ကျေနပ်ကာ၊ မန္တလေးသို့ တစ်ဖန် တန်းပြီး လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဈေးချိုထဲတွင် အချစ်ဟောင်းတင်တင်နှင့် တစ်တောင်ကွာ
နေရာ ထိုင်ဘီလင့်ကစား မောင်မောင်ကြီး၏ စိတ်မှာ ကမ္ဘာ
ကပြားမ ဖြူဖြူနွဲ့နွဲ့ကလေးဆီသာ စိတ်ရောက်၍နေတော့၏။ ဒို
က ပိုးလွယ်အိတ်ကြီးနှင့် လိမ္မော်သီးများထည့်ယူပေးသည်ကို အ
သတိရမိ၏။

"မောင်– တောင်ကြီးမှာ ပလိပ်ဖြစ်နေတယ်နော်၊ လမ်း
ဆိုင်တွေမှာ ဝယ်မစားပါနဲ့"

ဟု တတွတ်တွတ်မှာရှာသည်မှာ မောင်မောင်ကြီး၏ နားထဲ
ရေဒီယိုဖွင့်သလိုကြားပြီး ထွက်သက်ဝင်သက် ပင်လျှင် ဒိုရသ
မြည်နေသည်ထင်မိ၏။

"ငါ့ကိုချစ်ရှာတယ်၊ တကယ့်ကိုချစ်၊ အဟုတ်ချစ်၊ အမှန်
ချစ်ရှာပေတယ်နော်၊ တွေ့လိုက်ရင်ပဲ စကားမပြောနိုင်၊ လည်
ထဲမှာဆို့ပြီး သူကလေးရဲ့ပခုံးနှစ်ဖက်ကို နာနာဆုပ်ပြီး စိုက်ကြ
နေလိုက်တာ၊ ဘယ်လောက်ကြာသွားတယ် မသိဘူး"

စသည်ဖြင့် အဖိုးတန်လှသော ၁၅–မိနစ်အချိန်ကလေးကို
ပြန်လှန်တွေးတော မိတော့၏။

လေတိုက်သောအသံထဲမှာပင် ဒိုရသီဟုပါလာသကဲ့သို့ နာ
အမြဲကြားနေ၏။ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် ဒိုရသ
ချိုချိုပြုံးပြုံးမျက်နှာကလေးကို မမြင်သည့်အခါမရှိ၊ မျက်လုံး
စုံမှိတ်ထားသော်လည်း မြင်လျက်ပင်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၄ ]

မောင်မောင်ကြီးနှင့် ဒိုရသီတို့ တောင်ကြီးတွင် စခန်းသွားနေ ခိုက်၊ ရန်ကုန်တက္ကသိုလ် ခရစ္စမတ်ဟောလီးဒေးအတွင်း မောင်ခင် မောင်၊ ခင်မကြီးတို့ပျော်ကြပုံကား ခါတိုင်းပျော်သည်ထက် မလျော့၊ ပိုသာ ပိုတော့မည်။

ခရစ္စမတ်ဒင်နာ၌ ဒန်ပေါက်ထမင်း၊ ပလမ်းပူဒင် စသော စား ကောင်းသောက်ဖွယ်များစားသောက်၍ ပျော်ကြရာတွင်၊ ခင်မကြီး မပါလျှင်မပြီး၊ မျောက်က,မကျန်၊ ကြိုးမျိုးစုံက,လိုက်သည်မှာ ကွေး နေတော့၏။ ဆိုလိုက်တဲ့သီချင်းကလည်း ဘောက်သောက်။ မိန်း ကလေးများချည်းဖြစ်၍ သူစိမ်းညှော်သည်မရှိရကား တံခါးမရှိ ဓား မရှိဆိုသလို ပျော်ကြလေ၏။ အမဲခြောက်ဖုတ် ယိုးဒယားအကမှာ အတော်ပွဲကျ၍ Encore ဟု အဖန်တလဲလဲလုပ်ခဲ့ရ၏။ သီချင်း ကောင်းများကို မတော်တရော်ဖျက်ဆိုသည်မှာလည်း ရစရာမရှိ။ အောင်ဗလအသွားကလေးလည်းမကျန်၊ စိန်ကတုံးကလည်းပါသေး။ တစ်ယောက်တည်းနှင့် ‘ဆင်ကဲဘို့မယ်’ ဓာတ်လည်း ခင်းသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြေးဆင်းပြီး

"လာဦး"

ဟုခေါ်လိုက်လေ၏။

"စုစုရေ–ဝမ်းသာသာနဲ့ နှစ်ယောက်သား ခုနစ်သံတက်၊ ပွက်ပွတ်လံအောင် အူလိုက်ကြတာ အပေါ်က သွားခေါ်မကြီးကြားရင် ဆော့ ချောက်ပဲ"

ရှေ့ရေးနောက်ရေးမဆင်ခြင်၊ နှစ်ယောက်သားမှာ ဆာဆာနှင့် မုန့်ဟင်းခါးစားနေစဉ် ဘတ္တလာကြီးက ဝါဒင်အမိန့်နှင့် မုန့်ဟင်းခါး သည်ကြီးကိုနှင်ထုတ်ပြီး ကျောင်းဆောင်ဥပဒေကျူးလွန်သူ တရားခံ နှစ်ဦးမှာ ဝါဒင်၏ရုံးခန်းတွင်းသို့ ရောက်ရှိရာလေ၏။ အဆိုအပြော ခံရမည်ထက် ဝဝမှမစားရဘဲ တစ်ဝက်နှင့်ထားခဲ့ရသော မုန့်ဟင်းခါး ပန်းကန်ကလေးကို မခွဲသာခွဲသာနှင့်၊ ခွဲခဲ့ရသည်ကို တွေးမချိမခံသာ ဖြစ်ပြီး ဝါဒင်ကိုသာ ထူးဆန်းသော ဆုတောင်းမေတ္တာအမျိုးမျိုး ပို့သနေတော့၏။ ဝါဒင်(အဆောင်မှူး)က သာသာနှင့်နာနာ ခံပြင်း အောင်ပြောပြီး နောင်ကိုဤကဲ့သို့မပြုရ၊ ဆာလျှင် ဘိုင်ထံမှ ပေါင်မုန့် ထောပတ်သုတ်များ တောင်းစားနိုင်သည်ဟု ပြောလိုက်လေ၏။

ထိုအခါမှစ၍ ဘိုင်ကျသည့်အခါ ခင်မကြီးတို့မှာ ပေါင်မုန့် ထောပတ်သုတ်နှင့် ငါးပိကြော်ကိုသာ ဓာတ်စာကျရတော့၏။ ဥပဒေ အတိုင်း မိမိတို့အခန်းထဲတွင် အစားအသောက်များမစားရဟု ဆိုသော်လည်း နေ့ရောညရော အခန်းထဲမှာပင် ပွဲတော်တည်ကြ စမြဲပင်။ မောင်သန်းဖေ၊ မောင်ခင်မောင် စသောသူများက ဒကာ ခံ၍ ခေါက်ဆွဲ၊ ကော်ပြန့်ကြော်များ ဝယ်ပို့လိုက်သောအခါ အခန်း ထဲတွင် တရုံးရုံးစုစားကြပြီးလျှင်

"နေရာကျတယ်၊ နေလည်းဒီနေရာ၊ စားလည်းဒီနေရာ၊ အိပ်



www.burmeseclassic.com

www.burmeseclassic.com



အာက်ပြေးဆင်းပြီး

"လာဦး"

ဟုခေါ်လိုက်လေ၏။

"စုစုရေ–ဝမ်းသာသာနဲ့ နှစ်ယောက်သား ခုနစ်သံတက်၊ ပွက်ဖွတ်လံအောင် အူလိုက်ကြတာ အပေါ်က သွားခေါ်မကြီးကြားရင်ဆော့ ချောက်ပဲ"

ရှေ့ရေးနောက်ရေးမဆင်ခြင်၊ နှစ်ယောက်သားမှာ ဆာဆာနှင့်မုန့်ဟင်းခါးစားနေစဉ် ဘတ္တလာကြီးက ဝါဒင်အမိန့်နှင့် မုန့်ဟင်းခါးသည်ကြီးကိုနှင်ထုတ်ပြီး ကျောင်းဆောင်ဥပဒေကျူးလွန်သူ တရားခံနှစ်ဦးမှာ ဝါဒင်၏ရုံးခန်းတွင်းသို့ ရောက်ရရှာလေ၏။ အဆိုအပြောခံရမည်ထက် ဝဝမှမစားရဘဲ တစ်ဝက်နှင့်ထားခဲ့ရသော မုန့်ဟင်းခါးပန်းကန်ကလေးကို မခွဲသာခွဲသာနှင့်၊ ခွဲခဲ့ရသည်ကို တွေးမချိမခံသာဖြစ်ပြီး ဝါဒင်ကိုသာ ထူးဆန်းသော ဆုတောင်းမေတ္တာအမျိုးမျိုးပို့သနေတော့၏။ ဝါဒင်(အဆောင်မှူး)က သာသာနှင့်နာနာ ခံပြင်းအောင်ပြောပြီး နောင်ကိုဤကဲ့သို့မပြုရ၊ ဆာလျှင် ဘိုင်ထံမှ ပေါင်မုန့်ထောပတ်သုတ်များ တောင်းစားနိုင်သည်ဟု ပြောလိုက်လေ၏။

ထိုအခါမှစ၍ ဘိုင်ကျသည့်အခါ ခင်မကြီးတို့မှာ ပေါင်မုန့်ထောပတ်သုတ်နှင့် ငါးပိကြော်ကိုသာ ဓာတ်စာကျရတော့၏။ ဥပဒေအတိုင်း မိမိတို့အခန်းထဲတွင် အစားအသောက်များမစားရဟုဆိုသော်လည်း နေ့ရောညရော အခန်းထဲမှာပင် ပွဲတော်တည်ကြစမြဲပင်။ မောင်သန်းဖေ၊ မောင်ခင်မောင် စသောသူများက ဒကာခံ၍ ခေါက်ဆွဲ၊ ကော်ပြန့်ကြော်များ ဝယ်ပို့လိုက်သောအခါ အခန်းထဲတွင် တရုံးရုံးစုစားကြပြီးလျှင်

"နေရာကျတယ်၊ နေလည်းဒီနေရာ၊ စားလည်းဒီနေရာ၊ အိပ်



www.burmeseclassic.com

www.burmeseclassic.com



လည်းဒီနေရာ။ လူကျင့်လူကြံတွေ ကြံနေကြတာပဲ”

ဟု ခင်မကြီးက တောက်တဲ့လုပ်ကာ ချီးမွမ်းလိုက်သေး

ဒီဇင်ဘာလကျောင်းပိတ်ရက်အတွင်း ကျိုက်ထီးရိုး၊ မောင်းမ ကျိုက္ကမီ စသည်ဖြင့် အလည်အပတ်သွားသူသွားကြ၏။ ခင်မ တို့မှာ ဘယ်မှမသွားဘဲ ပျော်တပြုံးပြုံးပျော်မဆုံးရှိနေကြ၏။

“ဒီနေ့ညတော့ နက္ခတ်တာရာတွေကြည့်ရအောင် လာကြ

ဟု ရွှေ့ဆောင်ကာ လ,သာဆောင်တွင်စုပြီး ခင်မ ၏လက်ချာကို နားထောင်ကြ၏။

“နက္ခတ်ဆိုတဲ့အနက်အဓိပ္ပာယ် သိကြရဲ့လား”

‘နက္ခတ်၊ နတ်ခက်၊ နတ်တွေတောင် ခက်လို့၊ နတ်ခ နက္ခတ်–တဲ့’

“ဟောတော်မူပါဦးဘုရား၊ အကောင်းမှတ်လို့နားထောင်နေ သူ့တစ်ခါလာ နောက်ဖို့ချည်းပဲ”

“ဒါထက်မင်း၊ ခင်တို့သင်ရတဲ့ သာသနာလျှောက်ထဲ ပါပိရုန်မင်းဆိုတာ ခွေးတွေရဲ့နေလို့ထင်ပါရဲ့”

“တော်တော်နောက်ပါ့၊ မိုးကြိုးပစ်နေပါဦးမယ် ခင်မကြီးရဲ့

“စိတ်ဆိုတာ တွေးမိတွေးရာတွေးတာပဲ၊ စိတ်ကို ဘယ်အမိ နိုင်ပမလဲ။ ပြီးတော့ ခင်တို့လူစုထဲမှာ ဆိုင်ယင့်သမားများမပါ လား၊ ခင်မေးချင်တာရှိလို့”

“ပါသားပဲ၊ စုစုဆိုင်းယင့်ယူတာပဲ”

“ဒါဖြင့် လောကဓာတ်ပညာနဲ့ ဘာကြောင့်ဆိုတာ အကြေ ပြစမ်း မေးမယ်။ ချေပိုးထိုးအိမ်ထဲဝင်လာရင် ဖိနပ်မှောက်လိုက်တာ နဲ့ ဘာပြုလို့ကျရသလဲ”

“မဟုတ်တာက စပြီးပြောပြီ”

www.burmeseclassic.com

"ဟောကြည့်–မဖြေနိုင်ဘူး၊ ပြီးတော့ သွားတိုက်ဆေးဘူးက
းကလေးဟာ လက်ကလွတ်ကျရင် တစ်ခါတည်း မျက်နှာသစ်တဲ့
န်ထဲကပြွန်ထဲ တည့်တည့်ကြီး ဘာဖြစ်လို့ဝင်သွားရသလဲ"

"တော်ပါခင်ရယ်၊ ဘယ့်နှယ့်ဟာတွေ လျှောက်ပြောနေသလဲ။
ခွတ်ကြည့်မယ်ဆိုပြီး––"

"ဖုသျှနက္ခတ်တို့၊ ကျုတ္တိကာတို့၊ ဘာတို့ညာတို့ ဘာသဏ္ဌာန်
ဘယ်လို စာထဲတွေ့ဖူးတယ်၊ ခုကောင်းကင်မှာ တစ်ခုမှရှာမတွေ့
တော့ဘူး"

"တော်သားပဲ ခင်မကြီးရယ်"

ကျောင်းပိတ်ရက်တွေလွန်မြောက်၍ ဖွင့်ရက်ရောက်ခဲ့ပြီ။ ခင်မ
ကြီးမှာ ဟောလီးဒေးအတွင်း မေ့မေ့ပျောက်ပျောက်နေခဲ့၏။ စာမေးပွဲ
ကြီးသေမင်းနှင့်နီးမှန်းမသိ နီးကပ်လာသည်ကိုသတိရ၍ ချော့ကလက်
စားနေစဉ် ကုလားအော်သီးတစ်ဆုပ် ပါးစပ်ထဲရောက်သလို ဖိမ်
ချက်ကြီးပျက်သွားလေ၏။ စားမေးပွဲအတွက် ဒေါင်ချာစိုင်းအောင်
စိတ်ပူပင်ကာ မောင်ခင်မောင်နှင့် နှစ်ယောက်သားခေါင်းချင်းဆိုင်ပြီး
စာအကြောင်းချည့်ပြော၍ ဘောက်မကျအားတော့ပေ။ မောင်သန်းဖေ
သည်အနောက်ဆုံးနှစ်ဖြစ်၍ စာကိုသာကြီးစားရလေရာ ခင်ခင်စော
ထံသို့ပင် မှန်မှန်မရောက်နိုင်သော်လည်း နှစ်ဦးသဘောတူ အချစ်
ကိစ္စ ရပ်ဆိုင်း(Truce)လုပ်ထားပေ၏။ စုစုကလေးမှာလည်း ဖရက်ရှာ
သာဖြစ်သော်လည်း ဇော်ဆိုတဲ့ဘာသာတွေယူထားမိသဖြင့် ခါးကုန်း
အောင် စာကျက်နေရရှာလေ၏။ မောင်ကိုကြီးလေးမှာလည်း အိုင်
အေကို တစ်နှစ်တည်းနှင့်လုပ်ရမည်ဖြစ်၍ စာတွေကို ဦးနှောက်ထဲ
ငါးပိငါးချဉ်သိပ်သလို သိပ်သွင်းနေလေ၏။ မောင်မောင်ကြီးမှာ
ဘွဲ့တာဖြစ်၍ ထိုကဲ့သို့သောဝဋ်မှ လွတ်ပါသော်လည်း အချစ်ဒဝနာ

www.burmeseclassic.com



ဖြင့် ခေါ်ဖြစ်နေရှာသေး၏။

ကျောင်းဖွင့်၍ ဒိုရသီပြန်လာရာ တစ်လလျှင် နှစ်ခေါက်သာ ခေါက်လောက် အမြဲစုံတွဲ မြို့ထဲသို့ထွက်လည်ပတ်။ စာမေးပွဲ ကြားနှစ်လပင်လိုတော့သော်လည်း ဒိုရသီမှာ စာမှန်မှန်ကျက်သ ဖြစ်၍ များစွာမကြောင့်ကြ။ နှစ်လအချိန်ကား အတော်ပင်ရှည်လ သကဲ့သို့ အမှတ်မဲ့ပင်နေလေ၏။ မောင်မောင်ကြီးမှာလည်း စာမေး အတွက် ပူပင်စရာရှိသူမဟုတ်သဖြင့် နှစ်ယောက်သား တူပျော်ပျော် ဇာတ် ခင်းနေကြတော့၏။

ခင်မကြီးမှာ ဒိုရသီနှင့် အကျွမ်းများစွာမဝင်၊ မောင်မောင်ကြီး နှင့်သာ ခင်မင်သဖြင့် မသိသလို အမှတ်မဲ့သာ နေလိုက်လေ၏။ အင်းလျားဟောလာလျှင်လည်း ဒိုရသီနှင့်သာ ချစ်တင်းစကားပြော ၍ မိမိနှင့် နောက်စရာပြောင်စရာ အချိန်မရှိသော်လည်း မောင်မော ကြီးနှင့် မောင်ခင်မောင်မှာ နေ့စဉ်လိုပင် အကြောင်းမျိုးစုံ အ ပြောဆိုတိုင်ပင်ပြီး မောင်ခင်မောင်ကတစ်ဆင့် ခင်မကြီးသိဖော သည်ချသဖြင့် သုံးဦးသားမှာ တစ်ယောက်အကြောင်းတစ်ယောက် မသိချင်အဆုံးဖြစ်လေ၏။

ဇန်နဝါရီလကုန်လောက်တွင် တင်းနစ်လက်ဘက်ရည်သောက် များ ကျင်းပရာ၊ အင်းလျားကျောင်းဆောင်သူများ အလုပ်ရှုပ်ကြရပြ လေ၏။ မိမိတို့အကျွမ်းဝင် အလွမ်းသင့်ရာ မိတ်ဆွေများကို ဖိတ် ခေါ်ကြလေ၏။ ကျောင်းသူအသိမရှိသော ကျောင်းတော်သားများမှာ ကား ဘယ်သူနှင့်ကပ်လိုက်ရပါ့မလဲဟု အကြံထုတ်နေကြပေ၏။ ထိုနေ့၌ကား ကျောင်းတော်သူကျောင်းတော်သားများမှာ အလှဆုံး အဆန်းဆုံး၊ စတိုင်အကျဆုံးဝတ်ဆင်ကာ ပျော်ပျော်ကြီးကြလေ၏။

တင်းနစ်ရိုက်ပွဲပြီး၍ ဆုများပေးပြီးနောက် ညနက်အချိန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ချင် ကပြားမကျောင်းတော်သူများ ညှော်ခန်းထဲတွင် ထုံးစံအတိုင်း နှစ်ကိုယ်ယှဉ်တွဲ ကပွဲကျင်းပကာ လှု့စည်းစိမ်မှုးရှုး အပျော်ကျူး နေလေ၏။ မောင်မောင်ကြီးမှာ အင်္ဂလိပ်အကတတ်သူဖြစ်၍ ဘိုလို ဘတ်ကာ ဒိုရသီနှင့် နှစ်ကိုယ်ကပ်ကာ အလိုတော်မြတ်ပြည့်နေတော့၏။ မြန်မာကျောင်းတော်သူကလေးများမှာ ဒိုင်းနင်းဟောအတွင်းတွင် ကျောင်းတော်သားများနှင့် ကစားမျိုးစုံ ကစားနေကြပေ၏။ Musical Chai ခေါ်အတီးရပ်လျှင်ရပ်ချင်း ကုလားထိုင်များလုထိုင်သော ကစားမျိုးတွင် မောင်ခင်မောင်နှင့် ခင်မကြီး ကုလားထိုင်လုရင်း ရန်ဖြစ်တော့မည်ဖြစ်သေး၏။ သူတို့နှစ်ဦးပင် တသောသောပွဲကျနေ တော့၏။ မောင်သန်းဖေမှာ ထိုလက်ဘက်ရည်ပွဲသို့ လာရောက်သော် လည်း ညဥ့်နက်အောင်မနေဘဲ ပြန်သွားလေ၏။ ခင်ခင်စောမှာ လက်ဘက်ရည်သောက်ပြီး ဝင်မကစားတော့ဘဲ အပေါ်တက် သွား တော့၏။ အလွန်အေးဆေးသောသူနှစ်ဦးပေတည်း။

တက္ကသိုလ်အလှအေဝိ ခင်ခင်သီကား ပါစီမောင်မောင်က တရစ် ဝဲဝဲလုပ်နေသဖြင့် သူတို့နှစ်ယောက်တော့ နေရာကျတော့မှာပဲဟု အများကပင် လက်တို့ပြောကြ၏။ ထို'ဆိုရှယ်'စာမေးပွဲကား ကပြားမ အင်္ဂလိပ်မများကပွဲလောက် မဆိုးသော်လည်း ရှေးလူကြီးမျက်စိနှင့် ကန့်လန့်ကျမည်မလွဲပေ။ ကျောင်းသူအသိမရှိ၊ ဖိတ်ကြားခြင်းမခံရ၊ ဂျပိုးမကျရသောအချို့မှာကား ဒေါ်အပွကြီးပွကာ မဂ္ဂဇင်း၊ သတင်းစာ များမှ ထို'ဆိုရှယ်'ပွဲသည် နွားသိုးခြံသွတ် လွှတ်ပေးသည်နှင့်တူသည် စသည်ဖြင့် ထိုပွဲနွဲကြသော ကျောင်းတော်သူများကို ရစရာမရှိအောင် စာရေးဆရာ နောက်ပိုးဂျပိုးတို့ ထုံးစံအတိုင်း ဆဲဆိုရေးသားကြပေ၏။

ဆိုရှယ်ပွဲပြီးပြန်၍ ကျောင်းတော်သူများမှာ စာဆိစိတ်ငြောက် ကြရပြန်ပြီ။ မရမ်းသီးပေါ်ချိန် မရမ်းသီးသုပ်စားကာ ကြွားသာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်များမိနေသည်မှာ စိတ်ပျက်ဖွယ်တစ်ရပ်။ မရမ်းသီးကား ထိုအခါ အလွန်ဈေးကောင်းသောအစာပင်။ ခင်မကြီးမှာ မရမ်းသီး နှင့် အိပ်ချင်သောစိတ်များကိုနှိုးကာ စာကျက်ရရှာလေ၏။

"အစောရေ–ခင်တော့ စာအုပ်ကိုင်လိုက်တာနဲ့ အိပ်တော့ချင် တာနဲ့အတူတူပဲ။ စာကြည့်ရင် မျက်စိက အိပ်ရာဆီသာရောက်သွား လွန်းလို့ အိပ်ရာတောင် လိပ်ပြီးထားချင်ပြီ"

"ခင်မကြီးကပြောလိုက်ရင် အဆန်းချည့်ပဲ။ ဒီလိုပဲ စာမေးပွဲ နီးရင် ကြိုးစားပြီးကျက်ရတယ်"

"မနှစ်က ခင်တို့စာကျက်ပုံ သွားသတိရတယ်၊ ဖရက်ရှာမို့သာ အောင်တာ၊ ခုလိုစိနီယာဆို လိမ့်ပေါ့၊ စာကျက်တာ နေရာရွေးလိုက် ရတာလဲမပြောနဲ့တော့၊ ကျောင်းတစ်ဝင်းလုံးက သစ်ပင်အောက် တွေလည်းနှံ့၊ ညေ့ခန်းထဲ လူမရှိတဲ့အခန်းလွတ်တွေလည်း နှံ့သွားတာ ပဲ၊ ပြီးတော့ စာကျက်စရာများလွန်းတော့ ဘယ်ဟာက စ,ကိုင်ရ မှန်းမသိဘူး။ ဟိုယောင်ယောင် ဒီယောင်ယောင် ယောင်ခြောက်ဆယ် ဖြစ်နေတာပဲ"

"ဒီနှစ်တော့ ခင်မကြီးစာကျက်သားပဲ။ မနှစ်ကလောက် မဆိုး ပါဘူး"

"ဒါတော့အစောရယ်၊ ကိုခင်မောင်နှင့်တိုင်ပင်ဖော်တိုင်ပင်ဖက် နှစ်ယောက်ဆိုတော့ တအားတက်တာပေါ့။ မနှစ်ကပဲ သူ့ကိုချစ်ရ ပါတော့နော်၊ အဲဒီတုန်းကများ တအားနွဲ့လိုက်တာ"

"လုပ်ပြီ၊ သူ့ဖြင့်နှောက်ဖို့တတ်တယ်။ ခုတော့ ဟို...ချစ်သမျှ သိချင်းသွားလိုပေါ့၊ သံသရာဝဲဩဃကြီးတောင် နှစ်ယောက်အားနှင့် ကူညီနိုင်သေးတာ၊ စာမေးပွဲလောက်တော့ အပျော့ပေါ့"

"ဟား–ဟား အစောကပေမယ့် အလာကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃၆ ]

မောင်မောင်ကြီးမှာ ဒိုရသီကို ကြာလေစွဲလေဖြစ်ကာ တစ်နေ့ခြား စေတနာမေတ္တာပွားများလာရကား အင်းလျားဆောင်လာ ိုင်းပင် နည်းများမဆို လက်ဆောင်ပါမှသာ သွားလေ၏။ ပန်းလိပ်ပြာကလေးသဖွယ် လှပဖျတ်လတ်သောသူကလေးကို အဝေးကမြင်လိုက်ရလျှင်ပင် အသည်းနှလုံးယူကျုံးမရ ထိခိုက်ညွတ်နူးမိပြီး သန္တာမျှနီလှသော ကျုတ်တွင်းမှ ပုလဲသွယ်ကလေးဖွင့်လိုက်သလို ပြုံးရယ်လိုက်လျှင် သူကလေးအတွက် ထိုနေရာတွင်ပင် အသက်စွန့်ချင်လောက်ဖြစ်နေပေ၏။

ရုပ်ရှင် တူတူသွားကြည့်သောအခါများ၌လည်း အနားကထိုင်၍ စီးကရက်မသောက်တတ်ဘဲ ဖွာမှုတ်ထုတ်ပြီး နွဲ့ဆိုးဆိုးကလေးအမူ င့်နွဲ့၊ တိရစ္ဆာန်ရုံလှူရှင်းသည့်နေရာတွင်လည်း တစ်ယောက်တစ်ယောက် နွဲ့မိုကာ သီချင်းဆိုပြ စသည်ဖြင့် အရှင်လတ်လတ် နတ်ပြည်ရောက်ရသလို ပျော်ရွှင်နေလေ၏။

တစ်ခါတစ်ရံ မောင်မောင်ကြီးက မြန်မာလို၊ ဒိုရသီက[illegible]လိုဝတ်

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလှောင်ခံရသူကလေး ရှက်ရှာမည်၊ ဂုဏ်ပျက်ရှာတော့မည်ကိုတွေးမိ၍

"မောင်နဲ့တွဲပြီးသွားနေရတာ ဒီလိုအလှောင်အပြောင်ခံရတော့ ဒိုရသီမှာ ဂုဏ်ပျက်တယ်"

စသည်ဖြင့် ပြောမိသောအခါတိုင်းပင် မျက်ရည်ကျ၍

"ဒါတွေမပြောပါနဲ့"

ဟုသာ တောင်းပန်သဖြင့် မပြောဝံ့လောက် အောင်သာ ရှိလေ၏။

မောင်မောင်ကြီးမှာ ဒိုရသီ၏စိတ်ကြိုက် သဘောကျဖြစ်လျှင် ပြီးရောသဘောနှင့် ကြွေးမြီးအတင်ခံကာ ကားငှားပြီးလျှောက်လည် သူ့အတွက်ဆိုလျှင် ခေါင်းပေါ်မီးထွန်းပဲလုပ်ရလုပ်ရ သူ့အလိုကို မီးခိုးလျှောက် လိုက်ခဲ့ပေ၏။

"ဆရာ ကင်မရာကလေး ကောင်းလိုက်တာ၊ ဘယ်လောက် ပေးရသလဲ"

"ရှစ်ဆယ်ပေးရတယ် မောင်ခင်မောင်ရေ၊ အကြွေးဝယ်ခဲ့တာ လက်ငင်းတော့မဟုတ်ဘူး"

"ဘာလုပ်ဖို့များပါလိမ့်၊ ရှာရှာဖွေဖွေ ဆရာ့နှယ်"

"တခြားရည်ရွယ်ချက်တော့ ဘာမှမရှိပါဘူး၊ ဒိုရသီကို တွေ့တိုင်း တွေ့တိုင်း ဓာတ်ပုံယူချင်လို့"

"ဆရာလည်းခက်တာပဲ၊ သေသေချာချာခက်တာပဲ"

"ခက်တာတော့မပြောနဲ့ မောင်ခင်မောင်ရေ၊ လူကို အပါမခံနိုင်တော့ သူ့ပုံကလေးကိုပဲ ရိုက်ယူရတာနဲ့ ကျေနပ်ရတော့မှာ ငါတော့ခက်တာပဲ၊ ဒိုရသီကပြောတယ်၊ သူလေ ငါ့ကိုအစဉ်သတိ ရတာပဲတဲ့၊ မရတဲ့အခါကို မရှိဘူးတဲ့၊ ဒီလိုသာဆိုရင် သူ့ရဲ့ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ရားတောင် စွန့်မိမလားမသိဘူးတဲ့”

“ဒီတော့ ဆရာ့ဝမ်းထဲ ကျလိကျလိနဲ့နေတာပေါ့ ဟုတ်လား”

“လုပ်ပြီကွာ၊ မင်းနဲ့ခင်မကြီးပဲကောင်းတယ်။ ဘာမှပူရမှန်းသိ၊ ပင်ရမှန်းမသိ၊ တယ်နေရာကျတယ်”

“ဒီလိုပေါ့ဆရာ၊ ပျော်ပျော်နေ သေခဲတဲ့၊ ဆရာတို့ ဘယ်ကော့နေရာကျကြမလဲ”

“ခုကျောင်းပိတ်လောက် မှန်းတာပဲ။ သူလည်း ဘီအေအောင်တော်ပဲ ဘွဲ့နှင်းသဘင်လဲ မြန်မာလိုဝတ် တက်မယ်တဲ့။ သတင်းထဲမှာ ဘိုမကလေး မြန်မာလိုဝတ်ပြီး လက်မှတ်ယူခြင်းဆိုပြီး ဘွဲ့ရှီးမှာ။ စောင့်သာဖတ်ပေတော့ မောင်ခင်မောင်ရေ့”

“ဆရာက သိပ်စိတ်ကူးယဉ်တာပဲ။ အဲဒီစိတ်ကူးလေး နှစ်ပြားလောက် ရောင်းပါလားခရာ”

“မင်းလည်း အားကျမခံ ခင်မကြီးကို ဘိုလိုဝတ်ပြီး ဘွဲ့နှင်းသဘင် တက်ခိုင်းပါလား”

“မလုပ်ပါနဲ့ဆရာ၊ ဒါမှ တံတွေးခွက် ပက်လက်မျောမယ်”

“ဒီတော့ မင်းက တက္ကသိုလ်ပဏ္ဍိတရသေ့လုပ်ပြီး ကယ်တင်ထိတ်တာပေါ့ မောင်ခင်မောင်ရယ်”

“မလုပ်ပါနဲ့ဆရာ၊ ကျွန်တော့်ရှာန်တွေ လျှောကုန်တော့မယ်”

“ဟား-ဟား ရှာန်အဘိဉာဉ်ရှင်ကြီး မပြုံးဘဲ ဝါးလုံးခွဲသလိုသဲလိုက်ချင်တယ်”

“ကျွန်တော်က ကိုသန်းဖေနဲ့ပေါင်းလို့ အတော် သိက္ခာတွေတွေရှိနေတာ ဆရာရဲ့”

“မင်းကွာ သိက္ခာဆိုတာက ဟန်ပါရဲ့၊ ဘာဆိုတာကတောင်ထိတ်လှသကွာ၊ ဘာများပါလိမ့်။ ဒါထက် မောင်သန်းရဲ့ ဒီနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဘိအေအောင်ရင်တော့ ခင်ခင်စောနဲ့ ယှူတော့မှာပဲထင်ပါရဲ့"

"ဒါလောက်တော့ မြန်ကြမယ်မဟုတ်ဘူး။ နှစ်ယောက်စလုံး ရေခဲ နှင်းဆောင်းနေတာ"

"သူတို့ပဲ နေရာကျတယ်ကွာ။ ငါ့မှာဖြင့် လေကြီးမိုးကြီး ဒိုင်းချက်ချင်းလိုဖြစ်နေတာပဲ၊ မြန်မြန် နေရာကျချင်တာပဲ"

"ကျွန်တော်လည်း ဆရာ့ကို အားကျလာပြီ၊ ခုကျောင်းပိ ပြေးကြစို့လို့ ခင်မကြီးကိုပြောမှ ထင်ပါရဲ့"

"မလုပ်ပါနဲ့မောင်ခင်မောင်၊ တော်တော်ကြာ ငါက အကြံဉာ ပေးဟယ်ဆိုပြီး အတုတ်ခံနေရပါဦးမယ်။ မင့်နှမတော်မိမိရဲ့ ပါး က အကြောင်းသုံးပါးမရှေးဘူး"

"ကဲဆရာ– စကားပြောကောင်းရဲ့၊ စာမေးပွဲနီး စာကျက် မယ်"

"အေး– ငါကတော့ လူအားလူလွတ်၊ မင်းတို့စာကျက်ကြ ပေ့"

မောင်မောင်ကြီးမှာ မိမိတွက်တာအတွက် ရသရွှေ့နှင့်တင်းတ ရောင့်ရဲခဲ့သော်လည်း ယခုအခါ ချစ်သူ၏ဂုဏ်သရေကို တင့် မြင့်စေလွန်းလှသဖြင့် မိမိ၏ ဘာမဟုတ်သော ကျူတာအလုပ်က ကို အလွန်ရှုံ့ရှာမုန်းတီးကာ မိမိသာ ရာထူးကြီးခဲ့ပါလျှင် ဒိုရှ မျက်နှာငယ်ရှာမည်မဟုတ်ဟုတွေးမိကာ စိတ်မချမ်းသာခြင်း ပြင်း ဖြစ်ခဲ့၏။ ဒိုရှသီအတွက် အလုပ်တိုးတက်ဖို့ကိုလည်း အထူးသ ကြိုးစားအားထုတ်ပေ၏။

မိမိဂုဏ် သေးနုပ်သည့်အခြေအနေကို စဉ်းစားမိ၍ ဒိုယ့်ထ သာတာနှင့်ပင် ယှူရှာပေစေတော့၊ သူကလေးကိုခွဲတာ ချစ် မရောက်၊ နှစ်ရာရောက်လေတော့မည်၊ ကိုယ်ခံရသည့်ဒုက္ခ ကို

www.burmeseclassic.com

www.burmeseclassic.com



ဦးသာခ၍ သူ့ခများ စိတ်ချမ်းသာစွာနေပါစေတော့ဟု တွေးမိသော်လည်း ပစ်ရမှာမပစ်နိုင်၊ ချစ်ရမှာလည်း သနားမိပြီး၊ စိတ်ခွဲနိုင်သောဒုက္ခကြီး ခံစားနေရတော့၏။ စိတ်ထဲကသာ ချစ်သူချမ်းသာလျှင်ပြီးရောကိုယ့်ထက်သာတာတွေ့လျှင် ယူချင်ယူပါဟု အခါခါကြံမိသော်လည်း မိမိမှတစ်ပါး တစ်ခြားကိုချစ်သွားသည်ကိုကား အမြဲ စိုးရိမ်ပူပန်ခဲ့လေ၏။

စာမေးပွဲ နီးလာလေပြီ။ လုပ်ကြပါဟဲ့၊ ကိုင်ကြပါဟဲ့နှင့် စေ့စေ့စပ်တန်ပြန်မတတ် စာကျက်ကြရလေပြီ။

"အစောရေ–စာကျက်ပေမယ့်လည်း စာမေးပွဲဆိုတာ အောင်နိုင်မှအောင်တာ၊ ကံကလည်းရှိသေးတယ်"

ဟု ခင်မကြီးက တရားသံ ကလေးနှင့်ပြောလိုက်သည်တွင်၊ ကဝင်၍

"ခင်ကတော့ ကံယုံမင်းသမီးကြီးပေါ့၊ ကံကိုသာ ခင်တော့အားကိုးစရာရှိတယ်၊ စာမှ မကျက်ဘဲဟာကိုး"

ဟု မှန်ရာပြောလိုက်သဖြင့် ခင်မကြီးမှာ အတော် မချိသွား၍ပြုံးသွားပြီးလျှင်

"ဒီနှစ်တော့ ခင် စာမေးပွဲအောင်မှချ အောင်မှာ၊ မဗဒင်အလိုကခင်တမေဖြူ၊ အူကယားအောင်၊ လူလုတစ်ပါးရလိမ့်' ဆိုတဲ့ကိန်းကြိုနေတာ။ စုတ်အိမ်စုတ်ကြိုက်နေတော့ ပညာဘက်မိန်တယ်တဲ့"

ဟု စဖြီးပြန်လုပ်လိုက်လေ၏။ ထိုအခါ ခင်ခင်စောမှာ မနေသာဘော့ပဲ

"ဒါဖြင့်ခင်ရယ် တစ်ချို့မှာ စာမေးပွဲလည်းအောင်၊ ခင်လည်းဆောင်။ စုတ်ရော၊ ပညာရော တပါတည်းရတာ ဘယ်နှင့်သုံးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ

"အို–အဓောကလည်း ခင်ပြောတဲ့ကိန်းက ခင့်အတွက်သ
သက်၊ သူများနဲ့မဆိုင်ဘူး"

ဟုပြန်ပြောမှ အားလုံးကပင်

"ဒီလိုကိုး၊ ဒါဖြင့်ဟုတ်မှာပေါ့"

ဟုသာ ဝန်ခံလိုက်ရလေ၏။

ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးဆုံမှသာ အောင်မြင်ကြောင်း သ
မှုသည့်အတိုင်း ခင်မကြီးတို့လူစုမှာ ရွှေတိဂုံဘုရားဖူးတက်ကြလေ
အခန့်သင့် မောင်မောင်ကြီးနှင့်တွေ့၍ ခင်မကြီးကအရင်ဦးအော

"ဟာ– ကိုကိုမောင်ပါကလား၊ ခုနေအခါ ကိုယ့်လိုဘ
အောင်လို့ ဘုရားကိုချည်းလာဆုတောင်းနေလိုက်တာ၊ ကြာ
ဟောဒီ ကုန်းတော်ကြီး နိမ့်ကျသွားတော့မှာပဲ"

ဟု ဆီးပြောလိုက်သည်တွင်၊ မောင်မောင်ကြီးမှာ အတူတူလူ
အပြောခံရ၍ အတော်မခံချင် ဖြစ်ကာ

"အတူတူလူချင်းများဟယ်၊ နင်က ပြောချင်လိုက်တာ၊ နင်အေ
ထိုနည်းလည်းကောင်းမဟုတ်လား၊ နှစ်ဘက်ကန်းကများ မျက်
နေပြိုင်ကြည့်ရသေးလားဟယ်"

ဟု ပြန်နှက်လိုက်လေ၏။

ခင်မကြီးတို့မှာ ဓာတ်တူနံတူထောင့်များတွင် ရေ, မီး, 
အမွေးတိုင်များပူဇော်ကာ

"စာတွေများလွန်းလို့ စုံစေအောင်မကျက်နိုင်လို့ စပေ(S
လုပ်ကျက်တဲ့အထဲက ပါပါစေ"

ဟု ဆုတောင်းလေ၏။ ထိုနောက် တဖန် စာမေးပွဲအတွ
စိတ်ပူရတာများ –

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားပုနဲ့လည်း မတူ၊ အိမ်လွှမ်းတာနဲ့လည်း မတူ၊ တယ်ဆော်ပါလားနော်"

ဟု ခင်မကြီးသည် ထပ်မံ ညည်းညူပြန်လေ၏။ ဤသို့ ညည်းအမျိုးမျိုးနှင့် ညဥ့်ရောနေ့ပါ စာမေးပွဲအတွက် လုံ့လပြုနေကြခိုက်၊ မောင်မောင်ကြီးသည် ဒီရသီအတွက် အပူမီးပွားများကာ ဆောင်ခင်မောင်နှင့် အရာရာ ပြောဆိုတိုင်ပင်နေသည်ကို ခင်မကြီးမြင်သလျှင်

"ကိုခင်မောင်များ စာမေးပွဲကျရင်တော့၊ ကိုကိုမောင်ပြောတာဆွ နားထောင်နေရလို့ပဲ"

ဟု ခင်မကြီးက ကြိမ်းဝါးလိုက်လေ၏။

"ဟော့- တပည့်ကျော်ဖိုးခင်မောင်၊ လာပါဦးကွာ။ ငါတော့ သေချင်ပါပြီ၊ စိတ်ညစ်လွန်းလို့ အဟုတ်ပဲ"

"ဆရာ ဘာဖြစ်လာပြန်လဲ။ စိတ်ညစ်ရင် ဂျာမနီက ဟစ်တလာရဲ့ နှုတ်ခမ်းမွေး ဆွဲကြိုးဆွဲချသေမလား။ နို့မဟုတ်ရင်လည်း ရေရှိတဲ့ချောင်း နှာခေါင်းဖော်ပြီးသေမလား။ ကြိုက်ရာရွေးပေတော့ဆရာ"

"မင်းကလည်း အရေးထဲ နောက်နေရပြန်ပြီကွာ။ ငါပြောတာနားထောင်စမ်းပါဦး"

"ကဲ-ပြောပါဆရာပြောပါ၊ နားထောင်နေပါတယ်။ ကျွန်တော်က ဆရာစိတ်ညစ်ပြေအောင် နောက်တာပါ"

"မနေ့က စနေနေ့။ ခါတိုင်းလို တို့ တိရစ္ဆာန်ရုံသွားကြတယ်။ အရင်ကတော့ရှင်းလို့၊ ဘယ်သူနဲ့မှမတွေ့ဘူး။ ဒီတစ်ခါမှကွာ (ကွန်ဗင့်)အင်္ဂလိပ်မယ်သီလရင်ကျောင်းက ကောင်မလေးတွေနဲ့သွားတိုးတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့…ဆရာ အများကြီးဆောရီး ဖြစ်သွားသပေါ့လေ။ တ
တလေ ဒီလိုပေါ့ဆရာရယ်။ ဝမ်းနည်းစရာ မရှိပါဘူး"

"ဒါကြောင့်မဟုတ်ဘူးကွဲ မောင်ခင်မောင်ရဲ၊ ငါကလည်း က
တွေကို ဂရုတယ်မစိုက်ဘူး၊ သူ့အနားတကပ်ကပ်နဲ့နေတာ ကော
မလေးတွေကပြောင်လို့ သူက ငါ့ကိုစိတ်ဆိုးသွားတယ်၊ သက်သ
အရှက်ခွဲတာဆိုပြီး၊ ပြောင်ကြတာပေါ့"

"ဆရာက မချော့ဘူးလား၊ အရင်တစ်ခါတုန်းကလို"

"ဟာ–ကလေးတွေ ရှုပ်ရှက်ခတ်နေတာ၊ စိတ်ပျက်လိုက်တာ
မပြောပါနဲ့တော့၊ ဒါနဲ့ ကြာကြာလည်းမနေပါဘူး၊ ထွက်ခဲ့ရတယ်"

"ဆရာ့မှာလည်း ဘာမဟုတ်တာနဲ့ ကြဲပြီးစိတ်ညစ်နေတာကိ
ဒါဘာကိစ္စရှိလဲ၊ ဒီနေ့သွားပြီး မချော့ဘူးလား"

"မနက်ကသွားတယ် မတွေ့ခဲ့ဘူး၊ သက်သက်မတွေ့ချင်
ရှောင်နေတာပဲ၊ ဒါနဲ့ ခုပဲစာရေးလိုက်ပြီ"

"မိန်းမတွေ ဒီလိုချည်းပဲဆရာ၊ ချစ်မှန်းသိလို့ဆိုးတာ
တော် တော်ကြာ ပျော့လာမှာပါပဲ"

"မောင်ခင်မောင်– မင်း ခင်မကြီးရှေ့များ အဲဒီလိုပြောကြ
စမ်းပါလား အဆဲခံရအောင်ကွာ။ ငါတော့ခက်တာပဲ၊ ပူရလွန်း
ကဲလေ–မင်းလည်းစာကျက်တော့၊ တော်တော်ကြာ ခင်မကြီး ငါ့
ကြိမ်းနေဦးမယ်"

မောင်မောင်ကြီးမှာ ဒီရသိက ဘာမဟုတ်တာနှင့်စိတ်လုပ်
သဖြင့် အင်းလျားယောကိုမသွားတော့ဘဲ စာနှင့်သာ ချော့မော့နေ
၏။ သို့သော်လည်း ဘာအကြောင်းမှမပြန်သည်နှင့် အခန်းထဲအော
ကာ တစ်ကိုယ်တည်းဆွေးနေလိုက်၊ အင်းဝကျောင်းဆောင်သို့
ကာ မောင်ခင်မောင်နှင့် အကျိုးအကြောင်းပြောလိုက်နှင့်ပင် အခ

www.burmeseclassic.com



ဘုန်ခဲ့ရာ၊ တပည့်ကျော်က စိတ်ပြေလက်ပျောက် မြို့ထဲထွက်ရအောင်ဟု ခေါ်သွားလေ၏။

'ဖြေလိုလျှင် ပြေစေညားသာပ'ဟူသကဲ့သို့ ဆရာတပည့်နှစ်ယောက် စကော့မာကက်ထဲတွင် ဂျပိုးထိုးကြရာ၊ မောင်မောင်ကြီးမှာ စိတ်ထဲကဖျောက်ထားသော်လည်း မျက်လုံးများကမူကား ဒိုရသီကိုတွေ့နိုးနှင့် လူမိသောကျိုးကဲ့သို့ တောင်မြောက်လှည့်၍သာ ကြည့်တော့၏။ ဈေးထဲဘာမှလည်းမဝယ်ဘဲနှင့် လျှောက်လည်ပတ်ရင်းကျောက်စိမ်းရောင်ဆွဲကြိုးကလေးတစ်ခုကို မြင်မိသောအခါ ဒိုရသီ၏ဖြူဖွေးနုထွတ်သော အသားကလေးကိုသတိရပြီး အဖိုးမေးလိုက်လေ၏။ ဆယ့်ငါးမူးဟုဆိုသည်နှင့် မိမိအိတ်ထဲပါသောငွေမှာ များများမလို တစ်ဆယ်လောက်သာ လိုနေသည်နှင့် မောင်ခင်မောင်နှင့်အကြောင်းရှာပြီး ခွဲခဲ့ပြီးလျှင်၊ မိမိ၏လက်ပတ်နာရီရွှေကြိုးကိုပေါင်နှံ၍ ချစ်သူအတွက် ဆွဲကြိုးကလေးကို တစ်ပြားမှမဆစ်ဘဲဝယ်ခဲ့လေ၏။

"ခင်မကြီး–လုပ်စမ်းပါဦးဟာ၊ ငါ့တော့ စိတ်ညစ်လွန်းလို့၊ ဟော ဒါကလေးသူ့ပေးပြီး ချော့စမ်းပါဦး"

"ကိုယ်နဲ့လည်း သိပ်ခင်မင်ရင်းနှီးတာမဟုတ်တော့ အခက်သားပဲ ကိုကိုမောင်ရယ်၊ တွေ့ချင်ရင်တော့ ခေါ်ပေးမယ်"

"ခေါ်လို့ ရချင်မှရမှာ၊ ဒါလေးနဲ့စာကိုသာ ပေးပေးပါဟယ်၊ နှင့်ကျေးဇူး မမေ့ပါဘူး"

"အဲလေ–ပေးရတာပေါ့၊ ဒါပဲနော် ခင့်အတွက်လည်း အကျိုးတော် ဆောင်ရလိမ့်မယ်"

"ဆောင်ပါ့မယ်ဟာ၊ စိတ်ချပါ ရစေ၊ ငါသွားမယ်နော်"

"စိတ်ချပါ၊ ခင်ဆောင်ရွက်ပေးပါ့မယ်"

ခင်မကြီးမှာ ဘုန်းကြီးအမွှာရကပ်ဆိုသကဲ့သို့ မိမိကိုလာပြီး



www.burmeseclassic.com

www.burmeseclassic.com



အပူကပ်သဖြင့် မနေသာတော့ဘဲ ဒိုရသီထံသွားပြီးလျှင် ဆွဲကြိုး
စာကို အမှတ်မဲ့ပင်ပေးပြီး ဘာမှမပြောဘဲနေလိုက်လေ၏။

နောက်တစ်နေ့ မောင်မောင်ကြီးလာသည်နှင့် ဒိုရသီအား
ပေးကာ နှစ်ဦးတွေ့စေဖို့ စီမံလိုက်ရလေ၏။ ဒိုရသီက မိမိသည်
မောင်မောင်ကြီးအတွက် များစွာအရှက်ကွဲရကြောင်း၊ ဘာသာခြား
အမျိုးမတူ လက်ထပ်လိုက်လျှင် မိဘဆွေမျိုးများနှင့်လည်း လမ်း
ပြတ်မည့်အကြောင်းများကို အစကလည်းသိလျက်နှင့် ယခုမှ မလိုအ
ကူးတို့ခတောင်း ဆိုသလိုပြောသောအခါ မောင်မောင်ကြီးမှာ "သူ့မြ
ငါ့အပေါ်မှာ စိတ်ပြောင်းပါပကော"ဟုသာ တွေးမိရှာလေ၏။

သို့သော် မောင်မောင်ကြီးသည် ဒိုရသီအပေါ်တွင် စိတ်မပြတ်
နိုင်။ နောက်တစ်နေ့ညနေတစ်ဖန် လာပြန်သောအခါ အက်ဒွင်ခေ
ဘိုကပြားတစ်ယောက်နှင့် ပေါ်တီကိုအောက်တွင် စကားပြောနေ
သည်ကို တွေ့လေ၏။ ဤမြူမက –

"ဩော်–မေ့နေလိုက်တာ၊ လာတာနောက်ကျသွားပြီ၊ လျှောက်
လွှာပုံစံတွေ တောင်းလို့မရတော့ဘူး"

ဟု ဒိုရသီက သူစိမ်းပြင်ပြင်ကဲ့သို့ဆီး၍ ထမင်းရေပူလာ
လျှာလွှဲပြောလိုက်လေလျှင် မောင်မောင်ကြီးမှာ အလွန်ပင် ဝမ်းနည်း
ကြေကွဲကာ ပဲခူးကျောင်းဆောင်သို့ ခေါင်းငိုက်စိုက်ကျကာ ပြန်ခဲ့ရလေ
၏။ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ကာ ဒိုရသီက မိမိ၏စာများ
ဓာတ်ပုံများကိုပြန်တောင်းသဖြင့်လည်း ပြန်ပေးလိုက်ရ၍ အချစ်
ဓာတ်သိမ်းရလေတော့၏။

တစ်နေ့ အခန့်သင့် စာအုပ်ဆိုင်မှာတွေ့လိုက်သေး၏။ ဒိုရသီ
က စကားကောင်းကောင်းမပြောချင်။ ခပ်တည်တည်နှင့်နေသဖြင့်
မောင်မောင်ကြီးမှာ အတွင်းပူခ,ရှာရတော့၏။ အင်္ဂလိပ်များဟောဘာ

www.burmeseclassic.com

www.burmeseclassic.com



ကို မသွားဘဲမနေနိုင်။ အခြောက်တိုက် အလကားသွားသော်လည်း ရှေးကလို ပြုံးပြုံးရွှင်ရွှင်မျက်နှာလေးနှင့် အားရဝမ်းသာကြိုဆိုနေသော ဒိုရသီကို မတွေ့ရတော့ပြီ။ ‘အပ်ပျောက်မြေကျ ရှာမရ’ သို့၊အလှနတ်တူ၊ ချောင့်ချစ်သူကိုကား၊ ရှေးနှင့်မတူ၊ အမူသွေခြားလေခဲ့ပြီတကား။

ပြည်လမ်းမကြီးလက်ဘက်ရည်ဆိုင်ထိုင်နေရင်း အက်ဒွင်နှင့်ဒိုရသီ အတူယှဉ်တွဲ၍ လမ်းလျှောက်သွားကြသည်ကိုမြင်ရလျှင် အားမရသော ကြည့်ခြင်းဖြင့် ကြည့်မိ၏။ ဒိုရသီကမူကား မောင်မောင်ကြီးကို ဘမ္ဘာပေါ်တွင်ရှိသည်ဟူ၍မှ အသိအမှတ်မပြုဘဲနေသည်ကို မြင်ရသော အခါ အသည်းနှလုံးကို ဓားနှင့်တစ်ချသည်ထက် ခက်ရှာလေတော့၏။

မောင်မောင်ကြီး အလွမ်းဇာတ်ခင်းနေသောအခါများတွင် ခင်မကြီး၊ ခင်ခင်စော၊ မောင်ခင်မောင်၊ မောင်သန်းဖေတို့မှာ ချွေးတလုံးလုံးနှင့် စာကျက်နေရသဖြင့် ဘယ်သူသေ ဘယ်သူရှင်သည်ကိုပင် သတိမပြုနိုင်ကြပေ။ ညမိုးအလင်းကျက်သည့်အခါကျက်ပြီးနောက်၊ စာမေးပွဲကြီးတွင် အသည်းနှလုံးများ မီးရထားခုတ်သလို တဂျုတ်ဂျုတ် တုန်လှုပ်ပူပန်စွာနှင့် ဖြေကြရ၏။ ဘာသာအားလုံးပြီးစီးမှပင် ဟင်းကနဲ သက်ပြင်းကြီး ချလိုက်ရလေတော့၏။

လွတ်ပြီ–လွတ်ပြီ ဟူသကဲ့သို့ စာမေးပွဲဝင်္ကပ်ကျွတ်လျှင် အတိုးချကာ အခန်းတံခါးပိတ်၍ တစ်နေ့လုံး တစ်ညလုံး အိပ်သူက မရှား။ ခင်မကြီးက

“ဟော့ ကာလနဂါးမတွေ၊ ဒါလောက်တော့ လွန်လွန်းတယ်၊ ချက်ချေးကို ပေါက်ဆိန်နှင့် ပေါက်ရမလား”

ဟု မိမိကိုယ်တိုင် အိပ်၍ အားရသောအခါ သူများကို သွား၍ နှိုးလေ့ရှိ၏။

နွေကျောင်းပိတ်ရက်ရှည်ပိတ်၍ တစ်ပျော်တစ်ပါးကြီး ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဦးတော့မည်။ မောင်မောင်ကြီးမှာ ဒိုရသီအတွက် ရတက်မအေး မှုအေးသွားလှ၍ မောင်ခင်မောင်တို့နှင့် မော်လမြိုင်လိုက်ပြီး လည်ရ ဦးမည်လေ၏။ မောင်ခင်မောင်ကမူကား

"ကျောင်းပိတ်ရက်များဖြင့် မန္တလေးကို ခေါ်ပါ၊ ခင်မကြီးနှင့် ကြာကြာခွဲရမှာ လွမ်းလို့ပါ"

ဟု ပြောပြန်သေး၏။

"ကဲကွာ၊ မော်လမြိုင်ကို ဆရာလိုက်ခဲ့တော့မယ်၊ ခဏနေပြီး မန္တလေး ပြန်ကြတာပေါ့"

ဟု မောင်မာင်ကြီးက ပြောသည်နှင့် ချောမောသွားလေ၏။

မောင်သန်းဖေမှာ မန္တလေးကို ပြန်ရမည်ဖြစ်၍

"မောင်မောင်ကြီး မော်လမြိုင်ကလာလျှင် ခင်ခင်စောတို့ပါ ဘုရားဖူး ခေါ်ခဲ့ရန်"

အထပ်အထပ်မှာကြားလေလျှင် နောင်ဘဝကျတော့ ခုလိုအဖြစ်မျိုး နှင့် မကြုံရအောင် သူများအကျိုးဆောင်မှုပဲဟု သဘောပိုက်ကာ "အင်း"လိုက်ရလေတော့၏။

ခင်မကြီးနှင့်မောင်ခင်မောင်တို့မှာ စာမေးပွဲအတွက်ကိစ္စများလှ ၍ အလွမ်းမသယ်ရသည်မှာ ကြာပြီဖြစ်ရကား၊ မိမိတို့နေရပ်မပြန်မီ ရက်အတောအတွင်း ကုန်ခဲ့သောရက်တွေ လက်နှင့်ချိုး အတိုးချပြီး ချစ်တင်းစကားပြောကြလေ၏။

"ခင်ရေ- ဒီတစ်ခါ အရင်လို သေတ္တာချင်းပူးကြဦးမယ် သတိထားနော်၊ ကောင်းတော့အကောင်းသားပဲ၊ အလွမ်းပြေကြ ရရဲ့"

"ဒီတစ်ခါမှားစမ်းပါလား၊ မောင့်လုံချည်တွေကို တစ်ခါတည်း နေရာတော်တို့၊ ဘုရားကန့်လန့်ကာတို့ ချုပ်လှူလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နိမိတ်မရှိ နမာမရှိခင်ရယ်၊ သေမှ လုပ်ရတာမျိုးပါ။ ခုနေတော့ သေပါရစေနဲ့ဦး"

မောင်သန်းဖေနှင့် ခင်ခင်စောတို့သည်လည်း ဘာသာဘာဝ ခွဲရကာနီး အလွမ်းသယ်ကြ၏။

"အစော– မန္တလေးကို ဘုရားဖူးလာခဲ့နော်။ ဦးကြီးတို့ကို ရအောင်ပြောတာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့–အစောကတော့ သိပ်လာချင်တာပဲ၊ ပြောလို့ရမလား သိဘူး။ ဒါထက်ကိုသန်းဖေ၊ ဒီနှစ်အောင်လို့ ရှေ့နှစ်ကျရင် ဘာ လုပ်မလဲ"

"အစိုးရဘက်တော့ လုပ်လဲမလုပ်ချင်။ လုပ်ချင်လို့လည်း မရမှာ မို့ အေးအေးပဲ၊ ကျောင်းဆရာအလုပ်တစ်ခုတော့ သေချာနေတယ်။ အဲဒါပဲ လုပ်မယ်၊ ဘယ့်နှယ်သဘောရသလဲ"

"အစောလည်း ဒါပဲသဘောရတယ်"

မောင်ကိုကြီးလေးနှင့် စုစုတို့ ချာတိတ်မောင်နှမမှာကား ရုပ်ရှင် ကြည့်ရသလို ကြားထဲနေ၍ ပျော်နေကြတော့၏။

ကျောင်းပိတ်၍ မကြာမီပင် ဂေဇက်ထွက်လာရာ၊ ခင်မကြီး၊ ခင်ခင်စော၊ မောင်ခင်မောင်တို့ ချောမောစွာအောင်မြင်ကြသဖြင့် စိတ်အေးရ၏။ မောင်သန်းဖေမှာ ပထမတန်းဂုဏ်ထူးနှင့် ဘီအေ အောင်သဖြင့် အများပင်ချီးမွမ်းအံ့သြကြသော်လည်း ခင်ခင်စောမှာ ချစ်သူအတွက်၊ ဝမ်းမသာဘဲ အဘယ်မှာရှိအံ့နည်း။

ဒီရသီမှာ အင်္ဂလိပ်စာပထမတန်း ဂုဏ်ထူးနှင့်အောင်၏။ မောင် အောင်ကြီးမှာ မေတ္တာစိတ်မကုန်သေးသည်အားလျော်စွာ ဝမ်းမြောက် ကြောင်း ကြေးနန်းရိုက်သော်လည်း ဘာသံမှပြန်မကြားရ။ ငြိမ်ရှက် ကောင်းလှဘိတကား။



www.burmeseclassic.com

www.burmeseclassic.com



ခိုခိုအတွက် တစ်ကွက်မှနေရာမကျသော်လည်း အများကောင်းကျိုးအတွက် မောင်ခင်မောင်၊ ခင်ခင်စောတို့နှင့်တကွ အိမ်သားများကို မန္တလေးဘုရားဖူးခေါ်လာခဲ့၏။ ခင်မကြီး၏မိခင်နှင့် မိမိမှာ ဆွေမျိုးရင်းချာလိုဖြစ်သည့်ပြင် မောင်ခင်မောင်ဘက်က လူကြီးများကလည်း အထူးခင်မင်သဖြင့် ချစ်သူနှစ်ဦးအတွက် နှစ်ဘက်စလုံး လျှော်ကာ နားဖောက်ပေးလိုက်လေ၏။ နှစ်ယောက်စလုံး ဘီအေအောင်ရင်ပေးစားမယ်ဟူသော စကားလက်ဆောင်ရတနာမှာ အလွန်ပင် အဖိုးတန်လှပေတော့သည်။ ခင်ခင်စောတို့အတွက်မှာ မောင်သန်းဖေကို ဦးဆင့်၊ ဒေါ်မေတို့က မျက်စိကျ၊ ခင်ခင်စောကိုလည်း မောင်သန်းဖေ၏မိဘများကမျက်စိကျ၊ နှစ်ဦးနှစ်ဝကပင် မလျှော်ရဘဲနှင့် ကျေနပ်နေသဖြင့် မောင်မောင်ကြီးအကျိုးဆောင်စရာ ဘာမှ မရှိတော့ပေ။

ထိုနှစ်စုံတွဲတို့လူစုမှာ မန္တလေးတောင်၊ ရန်ကင်းတောင်မှစ၍ ဘုရားများလည်းပတ်ဖူး၍ ပျော်ရွှင်ကြသည်ကိုမြင်ရသော မောင်မောင်ကြီး၏ ရင်ထဲမှာ မချိတရိဖြစ်မိ၍ မင်းကွန်းဘက်သို့ ငှက်နှင့်ကူးကြရာ၊ ခင်မကြီးနှင့်ခင်ခင်စောတို့က 'ရွှေ--ဟာသံ မောင်နံ့ငှက်ကယ်တို့၊ တူ--ပျော်ပျော်အော် ဘယ်ခါမှ စက်ရပ၊ လည်ယှက်ခါ သူတို့လို၊ မ--ဖို--ခေါ်သံ လူနှယ်တူဟန်ဖော်ရှာသူ ဆွေးစေဖို့ဖန်"ဟု သံပြိုင် မောင်မောင်ကြီးကို စောင်းစောင်းကြည့်ရင်း ဆိုကြသောအခါ မောင်မောင်ကြီးမှာ မချိသွားဖြဲပြုံးကာ ရင်တွင်း၌ဟာနေတော့၏။ အာလောင်ရှာသောင်ပြင်တွင် ဘယာကြော်နှင့် ထမင်းမြိန်မြိန်ကြီး စားသောက်ကာ ယမှန်နှာတစ်လှည့်၊ သီတာမြသားတစ်လှည့် သီဆိုပြီး မြစ်ကြောင်းခရီး ပျော်ပျော်ကြီးလာခဲ့ကြလေ၏။

ကျောင်းပိတ်သော သုံးလလုံးလုံးပင် သွားလာလည်ပတ်ပျော်

www.burmeseclassic.com



နှင့်ပင် အချိန်ကုန်ခဲ့ပြီး၊ နှစ်သစ်ကျောင်းဖွင့်သောအခါ စာမေးပွဲ င်သည့်သူများပီပီ မှိုရသည့်မျက်နှာကလေးနှင့် ပြန်ခဲ့ကြ၏။ ာက် ရှေးအစဉ်အလာအတိုင်း ဖရက်ရှာလူသစ်ကလေးများနှင့် ပျော်ပါးပါး တဖန်ရယ်မောပြောဆိုကာနေကြပြန်လေ၏။

မောင်မောင်ကြီးမှာ ကျူတာအလုပ်မှ ဒုတိယကထိကအလုပ် ာက်ရရှိသော်လည်း

"ခုဘဝမှာတော့ ဘုရင်ခံဖြစ်လည်း စိတ်မပျော်တော့ပါဘူး၊ ချစ်တဲ့သူအတွက်မို့ ကြိုးပမ်းလာခဲ့ပြီး ရတဲ့စည်းစိမ်ခံစားမယ့် မရှိတော့ဘဲ"

ဟု ညည်းညူ တသမိနေတော့၏။ ဒိုရသီကား တောင်ကြီးတွင် ာင်းဆရာမ အလုပ်ရနေပြီ။

မောင်သန်းဖေသည် ရန်ကုန်မြို့ပေါ်မှာပင် ကျောင်းဆရာအလုပ် ဖြင့် နောက်နှစ်နှစ်ကြာ၍ ခင်ခင်စောဘီအေအောင်၊ မိမိမှာလည်း ည်းအတော်တော့စုမိလျှင် လက်ထပ်ကြမည်ပြစ်၍ အေးအေး ဆေးစာတတ်ခင်းတော့၏။

မောင်ခင်မောင်နှင့် ခင်မကြီးမှာလည်း ဘီအေလည်းအောင်၊ ပျော်ပျော်နေရတော့မည်ဖြစ်၍ တရွှတ်ရွှတ်တပြောင်ပြောင်နှင့်ပင် ိုင်းထက်ပင် အူမြူးနေကြတော့၏။

အလှဒေဝီခင်ခင်သီမှာ ဂျူနီယာဘီအေတန်းရောက်မှ အိုင်စီအက် နေသူ ပါစီမောင်မောင်နှင့် နှစ်ပါးသွားနေသည်ကို တွေ့ရပေ၏။ လုံးပင် ခေတ်ဆန်သူများဖြစ်၍ ရှေ့သွားနောက်လိုက်ညီပါ ည်။ ပိုးလို့မရသော ကိုရွှေဂျပိုးတို့မှာကား အဝေးကသာကြည့် နေတော့၏။

ခုတိတ်မောင်ကိုကြီးကလေးမှာ ဘီအေတန်းရောက်၍ ရှေ့ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆေါ်နှင့် ဟိုလူလိုက် စာပေး၊ ဒီလူလိုက် စာပေး လျှောက်နေခဲ့သော်
သဖြင့် ကျကျနန ရည်းစားကို မထားရရှာသေးပေ။

စုစုကလေးမှာ ရည်းစားမထားဘဲ အချစ်တော်နုနုနှင့်သာ ကျေ
နပ်နေခဲ့၏။ တကဲ့အချစ်တော်များပင်။ သည်းညည်းလည်းခံကြ၏၊
တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်
ရှာမတွေ့အောင် ပုန်းနေလျှင် တွေ့သောအခါ ပါးနားမကျန်
လင်ခိုးမိသကဲ့သို့ ရိုက်ပုတ်ကြ၏။ တော်တော်ကြာ ရွှေလည်ထွေး
အချစ်ပွဲ ခံနေကြပြန်၏။ တစ်ယောက်နှင့်တစ်ယောက် အစာခွံ့ပေးခြင်း
စသော ကလက်တက်တက်အပြုအမူတို့မှာ မမြင်ချင်အဆုံးပင်။

တက္ကသိုလ်ဇာတ်ခုံကြီးပေါ်တွင် ခင်းသောဇာတ်များမှာ များ
ပေ၏။ ထိုဇာတ်များအနက် မောင်မောင်ကြီး၏ဇာတ်လမ်းကလေး
မှာ အကွက်မလည်ဘဲ ပျက်ပြယ်ပြယ်နှင့်ဆုံးရှာရပြီ။

ရှေးက ဒိုရသီနှင့် ချစ်တုန်းခင်တုန်းက ပြောဆိုပြုမူပုံတွေ
မောင်မောင်ကြီးမှာ ရုပ်ရှင်ပြသလို မြင်မိတော့၏။ "ဒိုရသီဆို
နာမည်အဓိပ္ပာယ်ဟာ ဘာတဲ့လဲ"ဟုမေးမိရာ၊ "ဘုရားသခင်သခင်
တော်မူတဲ့ ရတနာဆု"ဟု ပြန်ပြောသဖြင့် "ဒါဖြင့် ဒိုရသီရဲ့
ဘုရားသခင်က ခဏပေးတဲ့ဆုရတနာဖြစ်နေမှာလား၊ ဒိုရသီဟာ
မောင့်အချစ်ရတနာ အမြဲဖြစ်နိုင်ပါ့မလား"ဟု ကျီစယ်ခဲ့ဖူးလေသည်
ထိုအခါ ချစ်သူအသည်း ယားကျိကျိမချိအောင် ကလိတဲ့သဘော
ပြောခဲ့ရာ၌ ပါးစပ်ထဲတွင် သကာပျားမကချိုသော်လည်း ယခု
တွေးလိုက်သောအခါ စိတ်ထဲတွင် အဆိပ်တက်သကဲ့သို့ ပူ
တော့၏။

"သင်သည် သူတစ်ပါး၏ရင်ခွင်ထက်ဝယ်၊ အချစ်ငွေ
ကျွန်ုပ်အား အမေ့ကြီးမေ့ခဲ့သော်လည်း၊ ကျွန်ုပ်ကား သင့်ကို အ

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြင်ပါမည်' ဟူသောသီချင်းကို မောင်မောင်ကြီးမှာ စိတ်ထဲတွင် ဖိတ်သောမနသကျခဲ့သော်လည်း ယခုအခါ သတိရတိုင်း အသည်း ခိုမြိုက်သလို ပရိဒေဝသောကမီး တောက်လောင်နေတော့၏။ မောင် မောင်ကြီးမှာ ကမ်းမမြင်လမ်းမမြင် ဒိုရသီဆွဲငင်လိုက်မှား၍ နောက် ဆုံး အသူတရာနက်သောချောက်ထဲကျခဲ့ပြီ။ တံလျှပ်ရေထင်လိုက် သောကဲ့သို့ ယခုအခါ ကိုးကွယ်ရာမရှိပြီတကား။

သူငယ်ချင်း မောင်ခင်သော် ဆိုသူမှာ ကပြားမကလေးနှင့် အကြောင်းပါနေသည်ကို တွေ့ရပြန်သောအခါ၊ သူမျာ သီးတူ ဖြားချင်လှ၍ ဒိုရသီကိုသာ တ,သလွမ်းဆွတ်မိတော့၏။ မောင်မောင် ကြီးမှာ ကိုယ့်အတွက်နေရာမကျ၊ နေရာကျသူတွေကိုသာကြည့်၍ အသည်းနာနေရှာတော့၏။

နေ့,လစား၊ လ,နှစ်စား အချိန်တို့ကား ကုန်မှန်းမသိကုန်ခဲ့ပြီ။ ဘောကတံထွာမမှတာအတိုင်း ပျော်ချည် တစ်ခါ၊ ညစ်ချည် တစ်လှည့် နှင့် တစ်နှစ်က နှစ်နှစ် လွန်မြောက်ခဲ့လေပြီ။ မောင်ခင်မောင်နှင့် ခင်ကြီး၊ မောင်သန်းဖေနှင့် ခင်ခင်စောတို့မှာလည်း ဖူးစာဆုံကြ ပြီးနောက်၊ မကြာမီပင် မောင်မောင်ကြီး၊ မောင်ကိုကြီးလေး၊ စုစု တို့ပါ တစ်စုကြီးစုမိကြလေလျှင် ရှေးအဖြစ်များကို တစိမ့်စိမ့်တွေး ၍ပြောကာ ရယ်မောကြလေ၏။

"ခင်မကြီး– ဟိုတုန်းက ဖူးစာရှင်ရှာတာကို မှတ်မိသေးလား၊ လပြည့်နေ့လေ"

"အစစ်ပေါ့၊ ဒါတွေ ကိုကိုမောင်တို့မသိသေးဘူးပြောရဦးမယ်၊ လပြည့်နေ့မှာ ငါးပါးသီလလုံအောင်ထိန်းသိမ်းပြီး ညအိပ်ရာဝင်တဲ့ အခါမှာ ကိုယ်လက်သန့်စင်အောင်လုပ်၊ အိပ်ရာအခင်းအသစ် ဖြူ ဖြူကြိုင်ကြိုင်လဲ၊ လ,ကိုရှိခိုးအိပ်ရင် ဖူးစာရှင်ကို အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတာယ်ဆိုတာကိုး"

"ဒီတော့ ခင်တို့က အဲဒီနည်းအတိုင်း လုပ်ကြရောလား"

"နေပါဦးပြောပါမယ်၊ အဲဒီလိုလုပ်တဲ့အခါမှာ ကိုယ်လိုချင်
လူလည်း စိတ်မတမ်းရဘူးတဲ့။ ဒီတော့ ခင်တို့လူစုက ကျောင်း
ဆင်း၊ ထမင်းစားသောက်ပြီး စာကျက်၊ ညအိပ်ခါနီးမှ ရေချိုး
သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်း၊ အိပ်ရာခင်းတွေလဲ၊ ပေါင်ဒါရေမွှေး
တွေပက်ပေါ့လေ၊ စာဆိုအတိုင်းဆိုပါတော့"

"ဒီတော့ မက်ရောလား၊ ပြောစမ်းပါဟဲ့၊ ငါလည်းလုပ်ကြည့်
ချင်လို့"

"အဲဒါတွေလုပ်ရတာ လူ့ကိုမောလို့၊ ဆယ်နာရီထိုးကတော
၁၂–နာရီလောက်မှပြီးတယ်။ ပြီးတော့ လ,ကိုရှိခိုးပြီးအိပ်တာပေါ့
ဘာပြောကောင်းမလည်း––"

"မောင့်ကို အိပ်မက်ထဲမှာ တွေ့တာပဲဟုတ်လား"

"ဘာဟုတ်မလဲ၊ လုပ်ရကိုင်ရမော၊ ရေချိုး သနပ်ခါးတွေ
လိမ်းပြီး သန်းခေါင်မှအိပ်ရတာ၊ ဘဝင်ကျပြီး အိပ်ပျော်လိုက်တာ
အိပ်မက်ကို လုံးလုံးမမက်ဘူး"

အားလုံးပင် ဝါးကနဲရယ်ကြလေ၏။

"ငါ့မှာဖြင့် ဟုတ်တိပတ်တိ နားထောင်နေလိုက်တာ၊ အပြီးသတ်
တော့ ရှုပ်ရန်ဟယ်"

"ပြီးတော့ ရှိသေးတယ်၊ ကောလိပ်တုန်းက နောက်တာတွေ
ခင်မကြီးကျောင်းတက်နေတုန်း အခန်းထဲ မတော်တရော်လုပ်တာလေ"

"အစစ်ပေါ့၊ အဲဒါကမှ သာရယ်စရာကောင်းသေးတယ်။ ဒါ
ကတော့ စုစုတို့ ဖရက်ရှာတွေနောက်တာ။ ခင်မကြီးက ကျော
တက်နေတုန်း အခန်းတံခါး အသာပိတ်ထားတာပေါ့။ ကျောင်းက

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာ၊ တံခါးလည်းဖွင့်လိုက်ရော၊ ခုတင်ပေါ်မှာ သူ့လုံချည်အင်္ကျီတွေ ခေါင်းအုံးကိုဝတ်ပေး၊ ဆံစုနဲ့ဆံပင်တပ်၊ ခေါင်းရင်းက ရေ အကောင်းကို ညောင်ရေအိုးလုပ်ပြီးထားလို့ ကျကျနနအလောင်းစင် ပြင်ထားပြီး အနားကစုစုတို့က ဖွဲ့နွဲ့ငိုနေကြတာပေါ့"

"နမိတ်မရှိ၊ နမာမရှိ၊ အ မင်္ဂလာတွေ လုပ်ကြရန်ဟယ်၊ သူတို့ပဲ ကြံကြံဖန်ဖန် ဆော့တတ်တယ်"

"ကြံဖန်ဆော့တာတော့မပြောနဲ့၊ တစ်ခါလဲ ခင်အိပ်ရာက အထ နေမြင့်တာနဲ့ ခြင်ထောင်ကို အပြင်ကနေပြီး ချိတ်တွေနဲ့ ချုပ်ရာမှာတွယ်ထားကြတယ်၊ ထွက်လို့မဖြစ်၊ ဒုက္ခရောက်လိုက်တာ သေလုရော"

"နင် ဒီလိုအနှောက်ခံရတာ မြွေပွေးပိုးထိပေါ့လေ။ နင်ကလည်း သူများတော့ အလွန်နှောက်တာပဲ"

"ခင်မကြီးတော့ ပြောမဖြစ်တာ၊ တစ်ခါကျောင်းပြေးပြီး အခန်း ထဲတံခါးပိတ်နေ၊ ဒုတိယအဆောင်းမှူးကရိပ်မိလို့ အပြင်ဘက်ကနေ တံခါးခေါက်တာ 'နိမ်းဆွိပါ'လို့ အိပ်ချင်သံနဲ့ငေါက်လွှတ်လိုက်သေး တာပဲ"

"ခင်ကတော့ ဒါမျိုးလုပ်မယ်၊ ဒါငရဲကြီးမှာသိလား"

"ပြီးတော့ရှိသေး၊ ညဉ့်နက်အောင် တခိခိနဲ့ရယ်နေလို့ တစ် ဆောင်ခန်းက စီနီယာတွေက ရှုးရှီးနဲ့အော်တာကို အင်းလျားဟောလ် ဘယ်ကသားသယ်မအေရောက်နေပါလိမ့်၊ ခဏခဏ ကလေးသေးထ ဘယ်နေတာလို့ မကြားတကြားပြောတာရှိသေးတယ်ကော"

"ခင့်ကို တော်တော်နာမည်ဖျက်ကြပါ။ ဟိုတုန်းက မအောင်ဖြူ နောက်ခေါ်တာ မှတ်မိသေးလား။ ဖျာလိပ်ကို ထဘီအင်္ကျီဝတ်၊ သနပ် ခါးလိမ်း၊ ဆံစုတပ်၊ ပန်းပန်၊ ရှေ့မှာကျောက်ပျဉ်ရယ်၊ မှန်ရယ်

www.burmeseclassic.com



ထားပြီးခါတာ"

"ရှုပ်လည်းရှုပ်ပါ့ဟာ၊ အဲဒီနတ်က မှန်ရောမှန်ရဲ့လား"

"ဘယ်သိမလဲ၊ မ,ထားတဲ့လူတွေက ခေတ်သိဗေဒင်ဟော နေမှာပေါ့၊ ယုံရမှာ အခက်သား"

"ဒီဟာနဲ့ သတင်းကြားပြီးကြပြီလား၊ ခင်ခင်သီနဲ့ ပါစီမောင် မောင်တို့ လက်ထပ်ပြီး ကျိုက္ကမိ ဟန်နီးမွန်းထွက်သွားကြပြီဆိုပဲ"

"နေရာကျလိုက်လေဟာယ်၊ ငါ့မှာတော့ဖြင့် ဘယ်ဘက်ကမှ နေရာမကျ--"

"ဒါဖြင့် လူ့တိုင်းပြည်နေဖို့မကောင်း၊ ရွှေရင်ကြားစားနှင့်မွေ၊ သေဖို့သာ ကောင်းတော့တာပေါ့"

"လာပဲလာချေသေး၊ ဟုတ်ပါရဲ့၊ ဆရာလည်း ဒီလိုနဲ့ လူပျိုကြီး ဖြစ်နေတော့မှာလား၊ တော်သင့်ရာ ရှာပါဦး"

"ခင်တို့ ကိုကိုမောင်ကတော့ အရှာအဖွေမညံ့လှပါဘူး"

ထိုအခါ မောင်သန်းဖေနှင့် ခင်စောတို့မှာ

"အရှာအဖွေမညံ့ပေမယ့် အသိမ်းအဆည်းညံ့တာနဲ့တူတယ်"

ဟု သံပြိုင်ပြောမိကြလေ၏။

ထိုနောက် ခင်မကြီးက ပိယာနိုတီး၊ ခင်ခင်စောကသီချင်းဆို၊ မောင်ကိုကြီးလေးက,က၊ အခြားသူများက စီးဝါးလိုက်နှင့်ပျော်ရွှင်စွာ လောကစည်းစိမ်ကို ခံစားနေကြလေ၏။ မောင်မောင်ကြီးမှာကား ရက်စက်လေခြင်း ဒိုရသီရယ်ဟု စိတ်ထဲက တအောက်မေ့မေ့နှင့်သာ အများပျော်သည်ကို စပ်ကြားကလွှမ်းနေရတော့၏။

(ပြီးပါပြီ။)

ခင်မျိုးချစ်

❑

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ် အမှတ်(၂၅)

# ဉာဏ်ကြီးသူက အောင်နိုင်ခြင်း
# နှင့်
## ပညာဆိုင်ရာဆောင်းပါးများ

ဒဂုန်တာရာ၊ တက်တိုး၊ မြသန်းတင့်၊ ထက်အောင်၊

အောင်သင်း၊ လူထုစိန်ဝင်း၊ မောင်သာနိုး၊

မြင့်၊ နေဝင်းမောင်၊ ဦးမြင့်ဟန်(ပညာရေးသုတေသန)၊

မောင်သစ်ဆင်း၊ လွင်အောင်၊ ဦးတင်ဦး(ကျူရှင်)၊

ကိုတာ၊ ချစ်ဦးညို၊ အောင်ဝေး

□

ထွက်ပြီ

www.burmeseclassic.com